
# ဗုဒ္ဓဂေါတမ၏
# စွပ်စွဲလာသူများအပေါ်၌
# ပြဿနာဖြေရှင်းနည်းများ
## အပိုင်း (၁)




မဟာသဒ္ဓမ္မဇောတိကဓဇ

**တက္ကသိုလ်သျှင်သီရိ**

(ဓမ္မာစရိယ၊ ဘီအေ)

**ပြတ်ပန်းရုံစာပေ**

အမှတ် ၁၉၄၊ ၂၉ လမ်း(အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉၅၁၃၉၄၅၀၊ ၀၉၅၁၅၅၇၄၃

## ပုံနှိပ်မှတ်တမ်း

**စာမူခွင့်ပြုချက်အမှတ်** - ၆၀၀၂၉၅၀၅၁၁

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** - ၆၀၀၃၄၃၀၆၁၁

**အုပ်ရေ** - ၅၀၀ အုပ်

**တန်ဖိုး** - ၅၀၀ ကျပ်

**ထုတ်ဝေသည့်ခုနှစ်** - ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ

**အဖုံးဒီဇိုင်း** - သန့်ဇော်သစ်

**အတွင်းဖလင်** - A-7 Group (Asia Plaza)

**ထုတ်ဝေသူ** - ဦးကျော်ဆန်း (ရဲအောင်စာပေ)
အမှတ် -၂၊ ချွန်း ၁လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်** - ဒေါ်အေးအေးခိုင် (မြဲ-၀၃၈၈၅)
(စိန်ကြယ်ပုံနှိပ်တိုက်)
အမှတ် -၇၂၊ လမ်း၃၀
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

**စာအုပ်ချုပ်** - ပန်းဝေဝေ

---

၂၉၄.၃

သျှင်သီရိ၊ တက္ကသိုလ်
ဗုဒ္ဓဂေါတမ၏ပွင့်စွဲလာသူများ အပေါ်သို့ပြဿနာဖြေရှင်းနည်းများ/
တက္ကသိုလ်သျှင်သီရိ။ ရန်ကုန်။ ရဲအောင်စာပေ၊ ၂၀၁၁။
၂၃၂-စာ၊ ၁၀.၅ × ၁၆.၅စင်တီ။
(၁) ဗုဒ္ဓဂေါတမ၏ပွင့်စွဲလာသူများ အပေါ်သို့ပြဿနာဖြေရှင်းနည်းများ

# ဗုဒ္ဓဂေါတမဓါ်ခွပိခွဲလာသူများ
# အပေါ် ညှိပြုသယနာဖြေရှင်းနည်းများ

---

## တက္ကသိုလ်သျှင်သီရိ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အမှာစာ. . . . . . | က |
| ၁။ | မိမိအားကဲ့ရဲ့လာသူ-ချီးမွမ်းသူအပေါ် ဖြေရှင်းနည်း | ၁ |
| ၂။ | လောက၌အသိဉာဏ်နှင့် အကျင့်သီလသာ အမြတ်ဆုံးပါ | ၂၀ |
| ၃။ | မြီးခြံ၍ပြင်းထန်သောအကျင့်ပူကို ကဲ့ရဲ့သလော | ၅၂ |
| ၄။ | ကဲ့ရဲ့ခုနှစ်ရက်ပါ | ၆၆ |
| ၅။ | ဂေါတမဗုဒ္ဓ၏တန်ခိုးပြာဋိဟာပြမှု | ၈၄ |
| ၆။ | ရဟန်းဂေါတမနှင့် ငါ-တန်ခိုးပြိုင်ရဲသည် | ၉၄ |
| ၇။ | ဂေါတမသည် လူတောမတိုးပုံသူပါ | ၁၀၃ |
| ၈။ | လောက၏အစ၊ လောက၏သဘာဝကို ဖန်တီးသူ | ၁၁၇ |
| ၉။ | ရာဂ, ဒေါသ,ဖြစ်ပေါ်မှုတို့၏မှီရာ | ၁၂၆ |

| ခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀။ | စွပ်စွဲလာသူမကျည်းပင်သနွှေသူ | ၁၃၉ |
| ၁၁။ | ဗုဒ္ဓကိုစွပ်စွဲဝံ့သည့် အလှသုန္ဒရီ | ၁၅၃ |
| ၁၂။ | ကျွန်ုပ်ဝေရဉ္စာ အမြင်မှန်ရခဲ့ပါပြီ | ၁၇၄ |
| ၁၃။ | ဂေါတမသည် သတ်သူ-ဖြတ်သူ၊ ပုပ်ပန်စေသူ | ၁၈၉ |
| ၁၄။ | ဗုဒ္ဓဂေါတမနှင့် သီဟာစစ်သူကြီးဆွမ်းကျွေး အသားစားမှု | ၂၀၂ |
| ၁၅။ | ဂေါတမဗုဒ္ဓနှင့်သီဟာသေနာပတိ | ၂၀၄ |
| ၁၆။ | ဗုဒ္ဓဂေါတမနှင့်လိစ္ဆဝီသီဟာစစ်သူကြီး | ၂၀၇ |
| ၁၇။ | ရဟန်းတို့ရည်ညွှန်းသောအသားစား-မစား | ၂၁၀ |

# အမှာစာ

"ရဟန်းတို့ . . . ငါဘုရား၏ဂုဏ်ကျေးဇူးကိုဖြစ်စေ၊ တရားတော်၏ဂုဏ်ကျေးဇူးကိုဖြစ်စေ၊ သံဃာတော်၏ဂုဏ်ကျေးဇူးကိုဖြစ်စေ၊ သူတစ်ပါးတို့က စွပ်စွဲကဲ့ရဲ့ပြောဆိုလာကြလျှင် သင်တို့သည် ထိုပြောဆိုစွပ်စွဲကဲ့ရဲ့သူများအပေါ်၌ စိတ်ဆိုးခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ မနှစ်သက်ခြင်း၊ မကျေနပ်ခြင်း မဖြစ်ကြစေနှင့်၊ ထိုပြောဆိုစွပ်စွဲကဲ့ရဲ့သူအပေါ်၌ သင်တို့စိတ်ဆိုးနေကြလျှင် မကျေမနပ်ဖြစ်နေကြလျှင် သင်တို့သာ ဈာန်မဂ်ဖိုလ်အန္တရာယ်ဖြစ်ဖွယ်ရှိသည်၊ ထို့ပြင် သူတစ်ပါးတို့ပြောဆိုအပ်သော စကားကိုလည်း သင်တို့သည် အကောင်းအဆိုးခွဲခြား၍ သိနိုင်တော့မည်မဟုတ်ပေ။ ထို့ကြောင့် မိမိကိုသူတစ်ပါးတို့က ကဲ့ရဲ့စွပ်စွဲပြောဆိုလာလျှင် မဟုတ်မမှန်သောအချက်ကို မဟုတ်မမှန်ပါဟု ဖြေရှင်းခြင်းကိုသာ ပြုရပေမည်။ စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်းကို မဖြစ်ကြစေလင့်။

ဤအယူအဆ, အတွေးအခေါ်စကားကို ဗုဒ္ဓဂေါတမ သည် သူ၏တပည့်သား သံဃာတော်များအား လမ်းညွှန်ဟော ကြားခဲ့ပါသည်။

လောကသဘာဝအရ လူတို့မည်သည် မိမိနှင့်အဆင် မပြေသူ၊ ဆန့်ကျင်ဘက်ဖြစ်သူများအပေါ်၌ စွပ်စွဲပြစ်တင်ရှုတ်ချ ပြီး ကဲ့ရဲ့ပြောဆိုတတ်ကြသော သဘာဝရှိသည်။ ချီးမွမ်းခြင်းကို ပြုနိုင်ခဲပြီး ကဲ့ရဲ့ခြင်းကိုပြုလွယ်ကတတ်ကြသည်။

လောကလူ့သဘာဝ ကောင်းတာလုပ်သည်ဖြစ်စေ၊ ဆိုး တာလုပ်သည်ဖြစ်စေ၊ စိတ်အကြိုက်တွေ့မှု၊ မတွေ့မှုအပေါ်မူတည် ပြီး ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်း၊ စွပ်စွဲခြင်းတို့သဘာဝက တွေ့ကြမည် သာ ဖြစ်သည်။

များသောအားဖြင့် အဖွဲ့အစည်းနှင့်လုပ်ရသော လုပ်ငန်း များ၊ အပြိုင်အဆိုင်လုပ်ရသောလုပ်ငန်းများ၌ လောဘ, ဒေါသ, မောဟ, မာနတရားများ လွှမ်းမိုးတတ်ကြ၍ ယင်းကဲ့ရဲ့ခြင်း၊ စွပ်စွဲ ခြင်းများပို၍ တွေ့ကြုံကတတ်ရသည်။

တစ်ခါတစ်ရံ မိမိကစိတ်စေတနာသန့်သန့်ဖြင့် လုပ်ပေး သော စေတနာဝန်ထမ်းလုပ်ငန်း၌ပင် ကဲ့ရဲ့မှု၊ စွပ်စွဲမှုက မလွတ် တတ်ကြပါပေ။

ယင်းကဲ့ရဲ့မှုနှင့်ပတ်သက်၍ ရှေးကပုံပြင်တစ်ခုရှိခဲ့သည်။

သားအဖနှစ်ဦး ခရီးသွားရင်း ပိုင်ရှင်မဲ့မြည်းကလေးတစ်ကောင်ကို ဖမ်းမိလာခဲ့သည်။ ထိုမြည်းကလေး၏ ကျောပေါ်တွင်ဖခင်က သားကိုတက်စီးစေသည်။ ဖခင်ကခြေလျင်လိုက်သည်။ တစ်နေရာအရောက် လူတစ်စုက သူတို့သားအဖကို တွေ့မြင်ပြီး-

"သားလုပ်သူသည် မသိတတ်လေစွ၊ အသက်ကြီးသော ဖခင်ကိုလမ်းလျှောက်ခိုင်းပြီး အသက်ငယ်သောသားက မြည်းစီးလာသည်မှာ မသင့်တော်လေစွ"

ဟု ကဲ့ရဲ့စကားဆိုကြသည်။

ထိုသို့ကဲ့ရဲ့ခံရ၍ သားကတစ်ဖန်ဆင်း၍ ဖခင်ကတက်စီးပြီး ဆက်လက်လာခဲ့ကြပြန်သည်။ ရှေ့နားသို့အရောက် လူတစ်စုက မြင်တွေ့ကြပြန်သော်-

"ဖခင်ဖြစ်သူသည် သားငယ်ကိုခြေလျင်လျှောက်စေပြီး ဖခင်ဖြစ်သူက မြည်းစီးသည်မှာ သားကိုမသနားရာ ကိုယ်ချင်းစာ မထားရာကျပေသည်"

ဟု ကဲ့ရဲ့ပြစ်တင်ကြပြန်သည်။

ထိုအခါ သားအဖနှစ်ယောက်သည် မြည်းကလေးပေါ် နှစ်ယောက်အတူတူ တက်စီးကြပြန်သည်။ ရှေ့တွင်တွေ့သူများက တစ်ဖန်-

"ဤသားအဖသည် မြည်းငယ်ကလေးအပေါ် နှစ်ယောက် အတူတူစီးကြသည်မှာ မကြင်နာရာ၊ ရက်စက်ရာကျပေသည်"

ဟု ကဲ့ရဲ့ပြစ်တင်စကားပြောဆိုကြပြန်သည်။

ထိုအခါ သားအဖနှစ်ယောက်သည် မြည်းကလေးကို မစီးတော့ဘဲ နှစ်ယောက်စလုံး မြည်းကိုဆွဲပြီး လမ်းလျှောက်လာခဲ့ကြသည်။

လူတို့သည် ထိုအခြင်းအရာကို မြင်ကြသောအခါ-

"စီးစရာမြည်းတစ်ကောင်လုံးပါ, ပါလျက် မစီးဘဲလမ်းလျှောက်လာကြသည်မှာ အလွန်အသိဉာဏ်နည်း မိုက်မဲသူများသာဖြစ်ပေသည်ဟု ကဲ့ရဲ့ပြစ်တင်ဆိုကြပြန်သည်။

ထိုအခါ သားအဖနှစ်ယောက်သည် မည်သို့ပြုရမည်ကို မသိဖြစ်ကာ မြည်းကလေးကိုစွန့်လွှတ်ထားခဲ့ကြတော့သည်။ ထိုအခါကျမှ လူတို့သည် သူတို့သားအဖကို ရူးမိုက်သောသားအဖဟုဆိုကာ ပိုမိုကဲ့ရဲ့ပြစ်တင်ကြပြန်လေသည်။

ထိုသားအဖနှစ်ယောက်သည် မည်သို့ပင်ပြုပြု အကဲ့ရဲ့ခံခြင်းမှမလွတ် ရှိလေသည်။

ဤသည်မှာ လူ့လောက၊ လူ့သဘာဝ မည်သို့ပင် ပြုလုပ်ပြုလုပ် အကဲ့ရဲ့ခံရမှုမှ လွတ်ကြမည်မဟုတ်ပေ။ လုပ်သင့်လုပ်

ထိုက်သည်ကို လုပ်ရမည်။ အကဲ့ရဲ့ခံရမည်ကို ကြောက်သော ကြောင့် မိမိအလုပ်ကို မလုပ်ဘဲမနေရ-ဟု ဥပမာပြ၍ ဆုံးမထား သော ပုံပြင်ကလေးတစ်ခုဖြစ်ပါသည်။

ထိုသည်ကို ရွှေဟင်္သာဆရာတော်ဘုရားကြီးက-

"- အများအကျိုး ရွက်သည်ပိုးက

- ခနိုးခနဲ့၊ ဆိုကဲ့ရဲ့လည်း

- မရွံ့မစောင်း ကိုယ့်လမ်းကြောင်းကို

- စိတ်ကောင်းနှင့်ယှဉ် ရှေးရှုနှင်လော။"

ဟူ၍ ဆုံးမစကား သတိပေးထားခဲ့သည်ကို တွေ့ရပါသည်။

ထို့ကြောင့် လုပ်သင့်လုပ်ထိုက်သည်ကိုသာ စဉ်းစားပြီး ရဲရဲဝံ့ဝံ့လုပ်ကြရမည်။ အကဲ့ရဲ့ခံရမှုကို ကြောက်ရွံ့နေ၍ မရပါ။

ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းကို လေ့လာကြည့်သောအခါ မိမိကို ကဲ့ရဲ့ခွပ်စွဲပြောဆိုသောသူသည် မိမိနှင့်အဆင်မပြေသူ (သို့မဟုတ်) မိမိနှင့်ပြိုင်ဘက်ဖြစ်နေသူများဖြစ်ကြ၍ ထိုသူတို့၌ မနာလိုမှု၊ ဝန်တိုမှုများ, များနေ၍ဖြစ်ပါသည်။

ကဲ့ရဲ့ပြစ်တင်ပြောဆိုသူသည် မိမိ၏ အတွင်း စိတ်ကို သူ တစ်ပါးတို့အား သိအောင်ဖော်ပြသကဲ့သို့ ဖြစ်သော ကြောင့် သူတစ်ပါးတို့အား ကဲ့ရဲ့ပြစ်တင်စွပ်စွဲတော့ မည် ဆိုလျှင် သတိပြုသင့်ကြသည်။

အချို့ပုဂ္ဂိုလ်များသည် ချီးမွမ်းသယောင်နှင့် ကဲ့ရဲ့ရှုတ်ချ တတ်သည်လည်းရှိပေသည်။ သူ၏စကားသံနှင့် အမူအရာကို ကြည့်က သိသာနိုင်ပါသည်။ အမှန်တကယ်ချီးမွမ်းပြောဆိုသူနှင့် ချီးမွမ်းချင်ယောင်ဆောင်သောသူတို့သည် သူတို့၏အတွင်းစိတ် ထားကို ဖုံးကွယ်ထား၍ မရနိုင်ပါပေ။

ဗုဒ္ဓဂေါတမသည် ဤလူ့လောက၊ လူ့သဘာဝ၊ ချီးမွမ်းမှု နှင့် ကဲ့ရဲ့မှုသဘာဝရှိသည်ကို လက်ခံသဘောပေါက်ပြီး မိမိ၏ တပည့်သားများကို အထက်ပါအတိုင်း လမ်းညွှန်ပြခဲ့ပြီး ကိုယ်တိုင် ကြုံတွေ့လာသော ကဲ့ရဲ့မှု၊ ချီးမွမ်းမှုတို့ကို စိတ်ဆိုးမှု၊ မနှစ်သက်မှု မပြဘဲ တည်ငြိမ်အေးဆေးစွာဖြင့် ပြဿနာကိုဖြေရှင်း၍ အမှန် တရားကိုအလင်းရစေခဲ့ပါသည်။

ဤဗုဒ္ဓဂေါတမ၏ စွပ်စွဲလာသူများအပေါ် ပြဿနာဖြေ ရှင်းနည်းများသည် ယနေ့လူ့လောကဝယ် အများဆုံးတွေ့နေရ သော လူ့လောက၊ လူ့ပြဿနာ ဖြစ်နေပါသည်။ ထိုပြဿနာများ ကို ဗုဒ္ဓဂေါတမဖြေရှင်းသလို ဖြေရှင်းကြပါက နှစ်ဦးနှစ်ဘက် ကောင်းကျိုးတရားများရမည်ဟု ယုံကြည်မိပါသည်။

သို့အတွက် စာရေးသူသည် ပိဋကတ်လာ ဗုဒ္ဓအားစွပ်စွဲ သူများ၊ ယိုစွပ်စွဲသူများအပေါ်၌ ဗုဒ္ဓကဖြေရှင်းပုံ၊ ဖြေရှင်းနည်းများ အတုယူမှတ်သား နည်းယူနိုင်စေရန် ဤမည်သော ဂေါတမဗုဒ္ဓ၏

စွပ်စွဲလာသူများအပေါ် ပြဿနာဖြေရှင်းနည်းများ စာအုပ်ကို စုဆောင်းရေးသား ထုတ်ဝေလိုက်ရပါသည်။

ဤစာကိုဖတ်ပြီးသောသူတိုင်းသည် မိမိတို့ကြုံတွေ့လာသော ကဲ့ရဲ့မှုပြဿနာကို ဖြေရှင်းနိုင်သလို ဗုဒ္ဓကိုလည်း အလွန်ကြည်ညိုကြပြီး မိမိတို့သာဝငြိမ်းချမ်းမှု သာယာမှုများကို ရကြပါမည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ရေးသားနိုင်ရန်တိုက်တွန်းကြသော ဓမ္မမိတ်ဆွေများ၊ ဤစာမူရေးသားနိုင်ရေးအတွက် အစစအရာရာ စိတ်ပင်ပန်းမှုမရှိအောင် ကူညီစောင့်ရှောက်ပေးသော ဇနီးဒေါ်တင်အေးနှင့် လိုအပ်သည်တို့ကို ကူညီပေးပါသော သမီးလတ် မခင်သူဇာ (B.A) Business Management နှင့် ထုတ်ဝေသူစာပေတိုက်တို့အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။

ပဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ ဘီ.အေ)

ဦးကိုကိုမြိုင်
အမှတ်( ၅၅ )၊ သုနန္ဒာ (၃)လမ်း
ဝ-ရပ်ကွက်၊ မ/ဥက္ကလာပ
ဖုန်း- ၆၉၀၃၂၄

ပြစ်တင်ဖွဲ့ခြင်း ကဲ့ရဲ့ခြင်းမှ
လွတ်ကင်းသသူ၊ မရှိဟူရှင့်
လူတို့အကြိုက်၊ နတ်မလိုက်နိုင်
စရိုက်ရှိတိုင်း၊ လျှာမတိုင်းဘဲ
မရိုင်းနှုတ်ကာ ပြောတတ်ကြ၏။

တရားမကြိုက်၊ လျှာစရိုက်နှင့်
လူမိုက်တစ်သောင်း၊ ချီးမွမ်းရှောင်လည်း
သူကောင်းတစ်ယောက် ပြစ်တင်ကြောက်လော့။

ဓမ္မပဒ (၄.၂.၂၀၀၉)
မဃဒေဝလင်္ကာ

# အပိုင်း ( ၇ )

# ဗုဒ္ဓဂေါတမနှင့်ပြဿနာများ

## ၁။ မိမိအားကဲ့ရဲ့လာသူ-ချီးမွမ်းလာသူအပေါ်ဖြေရှင်းနည်း

ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးချိန်ဖြစ်သည်။ တစ်နေ့ရာဇဂြိုဟ်မှ နာဠန္ဒသို့ ကြွအံ့သောအကြောင်းပေါ်လာ၍ ရဟန်းများနှင့်အတူ နံနက်စောစော ကိုယ်လက်သုတ်သင် ဆွမ်းခံဝင်သည်။ မိမိနှင့်ရဟန်းများ ဆွမ်းကိစ္စပြီးလတ်သော် ရာဇဂြိုဟ်မှနေ၍ နာဠန္ဒသို့သံဃာငါးရာနှင့်အတူ ခရီးထွက်ခဲ့သည်။

ထိုအချိန်တွင် ရေဖျန်းပြီးမှ ၌နေသော သိဥည်းဆရာကြီး၏ တပည့်အဝတ်ဝတ်သော သုပ္ပိယအမည်ရှိသော ပရိဗိုဇ်သည် တပည့်ဖြစ်သော ဗြဟ္မဒတ္တလုလင်အပါအဝင် ပရိဗိုဇ်တပည့်များနှင့်အတူ နာဋ္ဌနှုသို့သွားအံ့ဟုဆိုကာ ဘုရားရှင်နှင့်ရဟန်းများကြွသည်ကို မသိဘဲနောက်မှ လိုက်မိလျက်သား ဖြစ်နေလေသည်။

သုပ္ပိယပရိဗိုဇ်သည် လည်ပင်းကိုမြှောက်၍ ကြည့်သည်ရှိသော် နီမြန်းသောကဗ္ဗယာဖြင့် လွှမ်းခြုံထားအပ်သကဲ့သို့ တရွေ့ရွေ့ကျက်သရေတင့်တယ်စွာဖြင့် ကြွနေသောဗုဒ္ဓနှင့် သံဃာပရိသတ်ကို တွေ့မြင်မိလေသည်။

ဗုဒ္ဓသည် ရဟန်းတို့၏ရှေ့၌ နီးမြန်းသောကဗ္ဗလာတိုင်းဖြင့် ခြုံရုံအပ်သော ရွှေသားတိုင်ကြီးကဲ့သို့လည်းကောင်း၊ ပဒုမ္မာကြာနီတော၌ ရောက်နေသောရွှေလှေကဲ့သို့လည်းကောင်း၊ သန္တာန်ပွတ်တိုင်တို့ဖြင့် ဝိုင်းရံထားအပ်သော မီးဖိုကြီးကဲ့သို့လည်းကောင်း၊ ကြယ်တာရာအပေါင်းတို့ဖြင့် ခြံရံအပ်သော လပြည့်ဝန်းကဲ့သို့လည်းကောင်း၊ အရွက်တို့ဖြင့်ခြံရံအပ်သော ဝတ်ဆံကဲ့သို့လည်းကောင်း၊ ဝတ်ဆံတို့ဖြင့်ခြံရံအပ်သော ကြာချပ်ကဲ့သို့လည်းကောင်း ရှစ်သောင်းသောအဆင်းတို့ဖြင့် ခြံရံအပ်သော ဆဒ္ဒန်ဆင်မင်းတို့ကဲ့သို့လည်းကောင်း၊ ကိုးသောင်းသောဟသ်ာတို့ဖြင့် ခြံရံအပ်သော ဓတရဋ္ဌဟသ်ာမင်းတို့ကဲ့သို့လည်းကောင်း၊ စစ်အင်္ဂါလေးပါးဖြင့် ခြံရံအပ်သော စကြာဝတ်မင်းကဲ့သို့လည်းကောင်း၊ နတ်အပေါင်းတို့

ဖြင့်ခြံရံအပ်သော သိကြားနတ်မင်းကဲ့သို့လည်းကောင်း၊ ပြဟ္မာ အပေါင်းတို့ဖြင့် ခြံရံအပ်သောဟာရိတဗြဟ္မာကြီးကဲ့သို့လည်း ကောင်း၊ မနှိုင်းယှဉ်အပ်သောကာလပတ်လုံး ဆည်းပူးခဲ့သော ကောင်းမှုပါရမီစွမ်းအားကြောင့် ဖြစ်ပေါ်လာသော မကြံစည်နိုင် သော၊ နှိုင်းယှဉ်စရာဥပမာမရှိသော ဗုဒ္ဓ၏တင့်တယ်ခြင်းဖြင့် လ ဗိမာန်သည်ကောင်းကင်ပြင်၌ သွားသကဲ့သို့ ရာဇဂြိုဟ်မြို့မှ နာဠန္ဒ မြို့သို့ကြွသွားသည်ကို မြင်ရသည်။

တစ်ဖန် ထိုဗုဒ္ဓ၏နောက်၌ ပါလာသော ရှစ်ကျိပ်သော မဟာထေရ်တို့သည် မိုးတိမ်ညိုအဆင်းရှိသော ပုံသကူသင်္ကန်းကို ပုခုံးတစ်ဘက်၌တင်လျက် ချပ်ဝတ်တန်ဆာကိုကောင်းစွာ ဆင်ထားသော ဂန္ဓဆင်ကဲ့သို့ ကင်းသောရာဂ, ဒေါသကင်းသူ၊ အလိုနည်းသူ ရောင့်ရဲလွယ်သူ၊ ကိလေသာတို့မှကင်းဆိတ်သူ၊ လူတို့နှင့်ရောရောယှက်ယှက်မနေသူ၊ အပြစ်ရှိလျှင် ခေါ်ကြော တတ်သူ၊ မကောင်းမှုကို ကဲ့ရဲ့လေ့ရှိသူ၊ သူတစ်ပါးတို့အား ဆိုဆုံးမ တတ်သူ၊ မိမိအား ဆုံးမလျှင်လည်း ခံနိုင်ရည်ရှိသူ၊ သီလ၊ သမာဓိ၊ ပညာနှင့်ပြည့်စုံ၊ အရဟတ္တဖိုလ်ဝိမုတ္တိနှင့် ပြည့်စုံသူ၊ ဝိမုတ္တိကို ဆင်ခြင်တတ်သော ဉာဏ်အမြင်နှင့်ပြည့်စုံကြသော ရဟန္တာတို့ ခြံရံလျက် ကြွနေသဖြင့် ဗုဒ္ဓ၏တင့်တယ်မှုသည် အနှိုင်းမရှိဖြစ်နေ သည်။

ဗုဒ္ဓ၏ထိုကဲ့သို့တင့်တယ်စွာ ကြွသွားနေသည်ကို တွေ့မြင်ရသော သုပ္ပိယပရိဗိုဇ်သည် ဗုဒ္ဓ၏ဂုဏ်ကျေးဇူးတို့ကို ပြောဆိုသင့်သော်လည်း မပြောဆိုမိ၊ ဝန်တိုစိတ်သာဖြစ်နေမိသည်။

ထိုသို့ဖြစ်နေသည်မှာ ယခင်ကမိမိတို့ သိဥ္စည်းဆရာကြီးနှင့် မိမိတို့ပရိသတ်သည် လာဘ်လာဘပေါများခဲ့သည်။ ယခုဗုဒ္ဓဂေါတမပွင့်တော်မူလာသောအခါ ပိုးစုန်းကြူးကျက်သရေမဲ့သကဲ့သို့ ဖြစ်သွားကြ၍ ဗုဒ္ဓဂေါတမအပေါ် အကောင်းအဆိုးမဝေဖန်မခွဲခြားနိုင်ကြဘဲ အမြဲတမ်းဗုဒ္ဓဂေါတမအပေါ် ငြူစူနေကြလေ့ရှိသည်။

ဗုဒ္ဓနှင့်သံဃာတော်များသည် ခရီးစဉ်ဆက် ဆက်လက်ထွက်လာခဲ့ရာ အမ္ဗလဋ္ဌိကဥယျာဉ်တံခါးသို့ရောက်လျှင် နေကိုမော့ကြည့်ရာ-

"ယခုခရီးဆက်သွားရန်မသင့်ပြီ နေဝင်လုနီးပြီ"

ဟု ဆင်ခြင်တော်မူ၍ အမ္ဗလဋ္ဌိကဥယျာဉ်သို့ဝင်ကာ ဥယျာဉ်အတွင်းရှိ ဘုရင်မင်းတရားတို့ ပျော်ပါးစွာနေနိုင်စေရန် စိတ်ကူးယဉ်ပန်းချီတို့ဖြင့် ဆန်းကြယ်စွာဆောက်လုပ်ထားသော မင်းကွန်း (ရာဇာဂါရက)၌ တစ်ညတာနားနေရန် ဆုံးဖြတ်တော်မူသည်။

ထိုဥယျာဉ်တံခါးဝအနီး၌ သရက်ပင်တစ်ပင်ရှိနေ၍ အမ္ဗလဋ္ဌိကဥယျာဉ်ဟု ခေါ်ဆိုခြင်းဖြစ်သည်။ ထိုဥယျာဉ်သည် အရိပ်၊ ရေနှင့် ပြည့်စုံသည်။ တံတိုင်းလေးဘက် လုံခြုံစွာကာရံထားသည်။

သုပ္ပိယပရိဗိုဇ်သည်လည်း ထိုအရပ်၌ နေကိုကြည့်ပြီး-

"ယခုခရီးဆက်သွားရန် အချိန်မဟုတ်တော့၊ ပရိဗိုဇ်ငယ်နှင့် ပရိဗိုဇ်အိုတွေ များစွာပါနေ၏။ ဤခရီးကလည်း ခိုးသူ၊ သရဲဘီလူးတို့ဖြင့် များသောဘေးရန်ရှိ၏။ ဤရဟန်းဂေါတမသည် ဥယျာဉ်ထဲသို့ဝင်လေသည်။ ရဟန်းဂေါတမ နေရာအရပ်၌ နတ်တို့သည် အစဉ်အစောင့်အရှောက်ကို ရယူကုန်၏။ ယခုငါလည်း ပဲ့တစ်ညတာတည်းခိုခြင်းပြုပြီး နက်ဖြန်ကျမှ ခရီးဆက်မည်ဟု ကြံစည်ဆုံးဖြတ်ပြီး ထိုဥယျာဉ်သို့ဝင်ကာ ဥယျာဉ်၏ဘေးတစ်ဘက်၌ ပရိက္ခရာများကိုချထားပြီး မိမိပရိသတ်နှင့်အတူ တည်းခိုနားနေရန် မင်းကွန်းဇရပ်တစ်ဘက်သို့ ကပ်ရောက်သည်။

ဗုဒ္ဓ၏တပည့်သား ရဟန်းသံဃာအပေါင်းသည် ဗုဒ္ဓအား ဝတ်ကြီးဝတ်ငယ်ပြုပြီး မိမိတို့၏နေရာအရပ်ကို သတ်မှတ်ကာ ငြိမ်သက်သောဣန္ဒြေဖြင့် မိမိတို့၏မဂ်ဖိုလ်တရားကို ဝင်စားကာ ဗုဒ္ဓဘက်သို့မျက်နှာမူလျက် သီတင်းသုံးနေကြသည်။

သုပ္ပိယပရိဗိုဇ်သည် ညဉ့်အဖို့ဝယ် ဗုဒ္ဓနှင့်သံဃပရိသတ်ကို လှမ်း၍ကြည့်မိသည်။

ထိုအချိန်ဝယ် ဗုဒ္ဓကိုယ်တော်မှ ထွက်သောရောင်ခြည်တော်ခြောက်သွယ်သည် ထက်ဝန်းကျင်အတောင်(၈၀)ပမာရှိသောအရပ်သို့ ရွှေရှုပြေးသွားနေသည်။ ထိုမှဤမှလှည့်လည်ပြေးသွားနေသည်။ တောအုပ်အကြားသည် ရတနာဦးဆောက်ပန်း

ရတနာပန်းကုံး၊ ရတနာမှုန်များ ဖြန့်ကြဲထားသကဲ့သို့လည်းကောင်း နီမြန်းသောရွှေရည်တို့ဖြင့် သွန်းလောင်းထားသကဲ့သို့လည်းကောင်း ရာပေါင်းများစွာသော ဥက္ကာကြယ်တို့ကျရောက်ထွေးယှက်နေသကဲ့သို့လည်းကောင်း၊ အကြားမရှိအောင်ထက်ဝန်းကျင်ရောပြွန်းနေသည့် မဟာလှေကားပန်းများကဲ့သို့လည်းကောင်း၊ လေအဟုန်တိုက်ခတ်အပ်သော မုန့်မှုန့်ကဲ့သို့လည်းကောင်း၊ သက်တန့်ရောင်အပေါင်း၊ လျှပ်စီးနွယ်အပေါင်း၊ ကြယ်တာရာအပေါင်းတို့၏ အရောင်များဖြင့် အထူးထူးအပြားပြား ပွံ့နှံ့လျက်အထူးထူးအပြားပြား တောက်ပသကဲ့သို့လည်းကောင်း ဖြစ်နေသည်။

ထိုမျှမကသေး (၈၀)သော လက္ခဏာတော်ကြီးငယ်တို့ဖြင့် ပြည့်စုံသော ဗုဒ္ဓ၏ကိုယ်တော်သည် ပွင့်သောကြာဖြူ ကြာညိုပွင့်များရှိသော ရေအိုင်ကိုလက္ခဏာတော်ငယ်တို့၏ ကျက်သရေဖြင့် ပျက်ရယ်ပြုနေသကဲ့သို့လည်းကောင်း၊ ပင်လုံးကျွတ်ပွင့်နေသော ပင်လယ်ကသစ်ပင်ကိုလည်းကောင်း၊ ကြယ်တာရာအရောင်များဖြင့် ပွင့်လန်းနေသော ကောင်းကင်ပြင်ကိုလည်းကောင်း၊ ပြက်ရယ်ပြုနေသကဲ့သို့ တည်နေသည်။

ထို့ပြင် ဗုဒ္ဓ၏တစ်လံမျှသော ကိုယ်တော်ရောင်အဝန်းဖြင့် တင့်တယ်ခြင်းရှိသော (၃၂)ပါးသော လက္ခဏာတော်မြတ် အစဉ်သည် သီကုံး၍ချထားသော (၃၂)စင်းသော လအစဉ်၏လည်းကောင်း၊ အစဉ်အတိုင်းချထားအပ်သော (၃၂)ယောက်သော သိ

ကြား၊ နတ်မင်း၊ (၃၂)ယောက်သော ပြဟ္မာမင်းတို့၏ ကျက်သရေကို လက္ခဏာတော်ကြီးတို့၏ အသရေဖြင့်လွှမ်းမိုးဘိသကဲ့သို့လည်းကောင်း၊ ဖြစ်နေသည်ကိုလည်းကောင်း၊ မြင်မိသည်။

ဗုဒ္ဓပရိတ်သတ်သံဃာကို ကြည့်ရှုသော်ချထားသော မျက်စိငြိမ်သက်သောဣန္ဒြေရှိကုန်လျက် ကောင်းကင်ပြင်၌တည်သော လပြည့်ဝန်းနှင့်တူတော်မူသော ဗုဒ္ဓကိုသာလျှင်ရှိခိုး၍နေသော ရဟန်းတော်များကို မြင်လေသည်။

ထိုအခါ သုပ္ပိယပရိဗိုဇ်သည် မိမိ၏ပရိသတ်ကို စောင်း၍ ကြည့်မိသည်။

သူ၏ပရိသတ်ကား ထမ်းပိုးတုတ်တွဲလျားမြဲလျက် စွဲကပ်ပရမ်းဗတာ- ပျက်စီးနေသော အင်ပျဉ်ငယ်၊ သုံးချောင်းထောက်ဥဒေါင်းမြီးစည်း မြေသပိတ်၊ အိပ်ငယ်၊ ရေကရားစသော ပရိက္ခရာအမျိုးမျိုးတို့ဖြင့်ပြန့်လျက်ရှိသည်။

"ဤမည်သောသူ၏ လက်တို့သည် တင့်တယ်ကုန်၏။ ဤမည်သောသူ၏ ခြေရိုးတို့သည် တင့်တယ်ကုန်၏။"

စသည်ဖြင့် အချည်းနှီးသောစကားကို ပြောဆိုနေကြသည်။ အသံကျယ်ကြမ်းတမ်းသော နှုတ်ရှိနေကြ၏။ ဖရိုဖရဲပြန့်ကျဲသောစကားရှိနေကြ၏။ မြင်မကောင်း၊ ရှုမကောင်းဖြစ်နေသည်။

ထိုပရိသတ်ကို မြင်ရသည်ဖြစ်၍ သုပ္ပိယအားစိတ်နှလုံးမသာမယာခြင်း ဖြစ်ပေါ်ခံစားမိလေသည်။

သုပ္ပိယပရိဗိုဇ်သည် ဗုဒ္ဓပရိသတ်နှင့် မိမိ၏ပရိသတ်ခြားနားမှုကို မြင်တွေ့ရသော်လည်း မိမိတို့တိတ္ထိယတို့၌ လောဘသက္ကာရဆုတ်ယုတ်ခြင်း၊ အသင်းအပင်းဆုတ်ယုတ်ခြင်းတို့ကြောင့် နာကြည်းချက်၊ ခံစားချက်ရှိနေ၍ ဗုဒ္ဓကိုကျေးဇူးမဲ့စကားကိုသာပြောဆိုနေမိလေသည်။

"လောကဝယ် အသက်အားဖြင့်ကြီးသူတို့အပေါ်ဝယ် ပြုလုပ်အပ်သည့် ရှိခိုးခြင်းစသော အကြင်အရိုအသေပြုခြင်းကို ညီညွတ်မှု၏အရသာဟု ဆိုအပ်၏။ ထိုညီညွတ်မှုအရသာသည် ရဟန်းဂေါတမ၌မရှိ။ ထို့ကြောင့် ရဟန်းဂေါတမသည် သာမဂ္ဂီရသကင်းသူဖြစ်၏။ သာမဂ္ဂီရသကို မခံစားတတ်သူဖြစ်၏။ အကိရိယာဝါဒရှိသူဖြစ်၏။ ဥစ္ဆေဒဝါဒရှိသူဖြစ်၏။ လောကဝက်ကိုဖျက်ဆီးသူဖြစ်၏။ ကြီးမြတ်သူတို့အား ပူလောင်စေသူဖြစ်၏။ လောကဝတ်ကို ဖျက်ဆီးသူဖြစ်၏။ နတ်ပြည်နှင့်ဝေးသူဖြစ်၏။ ရဟန်းဂေါတမသည် ကြံစည်ခြင်းဖြင့် ပွတ်တိုက်အပ်သော ဆင်ခြင်မှုဖြင့် အဖန်ဖန်သုံးသပ်အပ်သော အလိုအလျောက်ထင်မြင်လာသော တရားကိုဟောကြား၏။ ရဟန်းဂေါတမသည် အလုံးစုံကိုသိသူမဟုတ်၊ လောကကိုမြင်သူမဟုတ်၊ အတုမဲ့ပုဂ္ဂိုလ်မဟုတ်၊ မြတ်သောအလျှုခံထိုက်သူမဟုတ်"

ဟူ၍ ဗုဒ္ဓအားမဟုတ်မမှန်သော ထိုအကြောင်းများဖြင့် ကျေးဇူးမဲ့အပြစ်မဲ့ကဲ့ရဲ့စကားများကို ပြောဆိုလေသည်။

“ရဟန်းဂေါတမ၏တရားသည် မကောင်းသဖြင့် ဟော ကြားအပ်သော တရားဖြစ်၏။ မကောင်းသဖြင့် သိစေအပ်သော တရားဖြစ်၏။ ဒုက္ခမှလွတ်မြောက်စေနိုင်သော တရားမဟုတ်၊ ငြိမ်းအေးခြင်းသို့ဖြစ်စေနိုင်သော တရားမဟုတ်”

“ရဟန်းဂေါတမ၏တပည့်များသည် ဖောက်ပြန်စွာကျင့် ၏။ ကောက်ကွေ့စွာကျင့်၏၊ အကျင့်မြတ်နှင့် ဆန့်ကျင်သော အကျင့်ကိုကျင့်၏။ သူတော်ကောင်းနှင့် မလျော်သောအကျင့်ကို ကျင့်၏။ လောကုတ္တရာတရားနှင့် မလျော်သောအကျင့်ကိုကျင့်၏” ဟူ၍ သံဃာတော်များ၏ ကျေးဇူးမဲ့စကားကိုလည်း ထိုထိုအခြင်း အရာအားဖြင့် ကဲ့ရဲ့ပြောဆိုလေသည်။

သုပ္ပိယပရိဗိုဇ်တပည့် ဗြဟ္မဒတ္တလုလင်ကမူ ဆရာ၏ ဘုရား၊ တရား၊ သံဃာအပေါ်၌ ကဲ့ရဲ့စကားသံကို ကြားရသော အခါ ဤသို့စဉ်းစားမိလေသည်။

“ငါတို့ဆရာသည် မသုံးသပ်သင့်သည်ကို သုံးသပ်၏။ မနင်းသင့်သည်ကိုနင်း၏။ ငါတို့ဆရာသည် မီးကိုမျိုသကဲ့သို့လည်း ကောင်း၊ လက်ဖြင့်သန်လျက်သွားကို သုံးသပ်သကဲ့သို့လည်းကောင်း၊ လက်သီးဖြင့်မြင့်မိုရ်တောင်ကို ဖောက်ခွဲလိုသကဲ့သို့လည်းကောင်း၊ လွှသွားတန်းပေါ်၌ ကစားသကဲ့သို့လည်းကောင်း၊ မုန်ယိုနေသော ဆင်ကြမ်းကြီးကိုလက်ဖြင့် ကိုင်သကဲ့သို့လည်းကောင်း၊ ချီးမွမ်း တိုက်သည်သာဖြစ်သော ရတနာသုံးပါး၏ဂုဏ်ကျေးဇူးမဲ့ကို ပြော ဆိုလျက် အကျိုးမဲ့ပျက်စီးခြင်းကို ရောက်ရှာရပေတော့မည်။

"ဆရာက မစင်ကိုဖြစ်စေ၊ အူးကိုဖြစ်စေ၊ မြွေဟောက်ကို ဖြစ်စေ နင်းသော်လည်းကောင်း၊ ဆူးကြောင့်ခလုတ်ကို တင်နင်းမိသော်လည်းကောင်း၊ လောလောလတ်လတ် သေစေနိုင်သော အဆိပ်ကိုစားမိသော်လည်းကောင်း၊ ဆားခါးရေပေါ် ၌ချော်လဲသော်လည်းကောင်း၊ တပည့်သည်ဆရာ၏အပြုအမူကို အတုလိုက်၍ မပြုသင့်။

သတ္တဝါတို့သည် ကံသာလျှင်ကိုယ်ပိုင်ဥစ္စာရှိ၏။ မိမိတို့၏ ကံအားလျော်စွာသာလျှင် ရောက်သင့်ရာဘဝသို့ ရောက်ကြရကုန်၏။ အဖသည် သား၏ကံဖြင့်ရောက်သည်မဟုတ်၊ နှမသည်မောင်၏ကံဖြင့်ရောက်သည်မဟုတ်၊ နှမသည် မောင်၏ကံဖြင့် ရောက်သည်မဟုတ်၊ မောင်သည်နှမ၏ကံဖြင့်ရောက်သည်မဟုတ်။ ဆရာသည်တပည့်၏ကံဖြင့် ရောက်သည်မဟုတ်၊ တပည့်သည်ဆရာ၏ကံဖြင့်ရောက်သည်မဟုတ်၊ ငါ၏ဆရာသည် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးမဲ့ကို ပြောဆိုနေ၏။ အရိယာပုဂ္ဂိုလ်တို့အား ကဲ့ရဲ့စွပ်စွဲခြင်းကား အပြစ်ကြီးလှ၏။

ဗြဟ္မဒတ္တလုလင်သည် ဤသို့သင့်သောအကြောင်းအားဖြင့် စဉ်းစားဆင်ခြင်ပြီး ဆရာ၏ဝါဒကို နင်းချေလျက်မှန်ကန်သော အကြောင်းကိုသာလျှင် အကြောင်းပြလျက်အမျိုးမျိုးသော အကြောင်းတို့ဖြင့် ရတနာသုံးပါး၏ဂုဏ်ကျေးဇူးကိုအားထုတ်၍ ပြောကြားလေသည်။

သုပ္ပိယပရိဗိုဇ်သည် ရတနာသုံးပါး၏ဂုဏ်ကျေးဇူးအမှန်ကိုသိ၍ ပြောဆိုသင့်သည်မှန်သော်လည်း ငြူစူခြင်းက္ကသာတရားက လွှမ်းမိုးခံထားရ၍ ကျေးဇူးမဲ့ကိုသာ ပြောဆိုရန်အားထုတ်လေသည်။

ဆရာတပည့်(၂)ဦးသည် တည်းခိုရာဇရပ်ဝယ် ဆရာကရတနာသုံးပါး၏ဂုဏ်ကျေးဇူးမဲ့ကို ကဲ့ရဲ့အပြစ်တင်ပြောဆိုနေသည်။ တပည့်ကရတနာသုံးပါး၏ ဂုဏ်ကျေးဇူး၏အကျိုးကို ချီးမွမ်းပြောဆိုနေကြ၊ ငြင်းခုံနေကြသည်ကို ရဟန်းတော်များကကြားသိနေကြရသည်။

နံနက်လင်းသော်ရဟန်းတော်များသည် တန်ဆောင်းဝိုင်း၌ စုဝေးမိသည်။

“ငါ့ရှင်တို့. . . အံ့ဩဖွယ်ရှိပေစွ။ ငါ့ရှင်တို့မဖြစ်ဖူးမြဲထူးကဲစွာ ဖြစ်ခဲ့ပါပေသည်။ အလုံးစုံသောတရားအပေါင်းတို့ကို သိမြင်သော မြတ်စွာဘုရားသည် သတ္တဝါတို့၏ဤကဲ့သို့ အထူးထူးအပြားပြားနှလုံးသွင်း သဘောထားရှိပုံကို အလွန်လျှင်ထိုးထွင်း၍ သိမြင်တော်မူနိုင်ပါပေသည်။ ဤသုပ္ပိယပရိဗိုဇ်သည် ရတနာသုံးပါး၏ ကျေးဇူးမဲ့ကဲ့ရဲ့စကားကို ပြောဆို၏။ တပည့်ဖြစ်သူ ဗြဟ္မဒတ်လုလင်ကား ရတနာသုံးပါး၏ဂုဏ်ကျေးဇူးကို ချီးကျူးပြောဆို၏။ ဤသို့အချင်းချင်း ဖြောင့်ဖြောင့်ဆန့်ကျင်ဘက် ပြောဆိုလျက်ရှိကြသော သုပ္ပိယတို့ဆရာတပည့်နှစ်ယောက်သည် မြတ်စွာဘုရား

နှင့် ရဟန်းတော်များအပေါင်း၏ နောက်မှနောက်မှ လိုက်ပါလျက် ရှိကြပေသည်။"

ဟု ပြောဆိုကြကုန်သည်။

ဗုဒ္ဓသည် သတ္တဝါတို့၏အထူးထူးအပြားပြား နှလုံးသွင်း ရှိပုံမှာ-

"သတ္တဝါဟူသမျှတို့သည် အတိတ်, အနာဂါတ်၊ ပစ္စုပ္ပန် ကာလတို့၌ ဓာတ်သဘောအားဖြင့် ရောနှောကုန်၏။ ညီညွတ်ကုန်၏။ ယုတ်သောနှလုံးသွင်းရှိသူတို့သည် ယုတ်သောနှလုံးသွင်း ရှိသူတို့နှင့် အတူတကွရောနှောကုန်၏။ ညီညွတ်ကုန်၏။"

ဤသို့လျှင် ဗုဒ္ဓသည် သတ္တဝါတို့၏နှလုံးသွင်းရှိလာပုံ၊ အယူအမျိုးမျိုးရှိပုံ၊ နှစ်သက်မှုအမျိုးမျိုးရှိပုံ၊ အကြိုက်အမျိုးမျိုးရှိပုံ တို့ကို ခြင်းတောင်းဖြင့် ခြင်သကဲ့သို့လည်းကောင်း၊ ချိန်ခွင်ဖြင့် ချိန်စက်သကဲ့သို့လည်းကောင်း၊ နှလုံးသွင်းအမျိုးမျိုးရှိပုံကို သဗ္ဗညုတညာဏ်တော်ဖြင့် အလွန်ထိုးထွင်းသိတော်မူပါသည်။

ထိုအခါ ဗုဒ္ဓသည်ရဟန်းတော်များ၏ ပြောဆိုဆွေးနွေး နေသောအသံကိုကြားသိတော်မူ၍ ထိုပြဿနာကိုဖြေရှင်းပြရန် တန်ဆောင်းဝိုင်းသို့ကြွကာ အသင့်ခင်းထားပြီးသော နေရာ၌ ထိုင်တော်မူပြီး-

"ရဟန်းတို့. . . ဤနေရာ၌ ယခုအခါ အဘယ်စကားကို ပြောဆိုနေကြပါသနည်း၊ အသင်တို့၏မပြီးသေးသော စကားကား အဘယ်စကားပါနည်း"

ဟု မေးတော်မူရာ ရဟန်းတို့က သုပ္ပိယပရိဗိုဇ်နှင့်တပည့် ဗြဟ္မဒတ္တ လုလင်တို့၏ ရတနာသုံးပါးဂုဏ်ကျေးဇူးမဲ့ ပြောဆိုမှုနှင့် ချီးမွမ်း ပြောဆိုမှုအကြောင်းစုံကို လျှောက်ထားပြကြလေသည်။

"ရဟန်းတို့. . . ငါဘုရားအားဖြစ်စေ၊ တရားတော်အား ဖြစ်စေ၊ သံဃာတော်အားဖြစ်စေ၊ သူတစ်ပါးတို့ကဲ့ရဲ့စကားပြော ကြားကြလျှင် ထိုကဲ့ရဲ့မှု၌သင်တို့သည် ရန်ငြိုးဖွဲ့ခြင်း၊ မနှစ်သက် ခြင်း၊ စိတ်မကောင်းခြင်းမျိုးကို မပြုကြကုန်လင့်၊ ရန်ငြိုးဖွဲ့ခြင်း စသည်တို့ကို ပြုခဲ့ကြပါလျှင် သင်တို့သာပြုခြင်းဖြင့် သင်တို့အား သာ အန္တရာယ်ဖြစ်ရာသည်။ ထိုကဲ့ရဲ့မှု၌ ရန်ငြိုးဖွဲ့ခြင်း၊ အမျက် ထွက်ခြင်း၊ စိတ်မချမ်းသာခြင်း၊ ဖြစ်ပေါ်လာခဲ့ပါလျှင် သင်တို့သည် သူတစ်ပါးတို့၏စကားကောင်း၊ စကားဆိုးကိုခွဲခြား၍ သိနိုင်ပါမည် လော"

"အရှင်ဘုရား. . . သိနိုင်ကြမည်မဟုတ်ပါ"

"ရဟန်းတို့. . . ငါဘုရားနှင့် တရားသံဃာတို့အား ကဲ့ရဲ့ စကားပြောဆိုခဲ့ကြကုန်လျှင် ဤအကြောင်းကြောင့် ဤစကား သည် ငါ၀ို့၌မရှိကုန်"

ဟု မမှန်သောစကားကို မမှန်သောအားဖြင့် ဖြေရှင်းကြရမည်။

"ရဟန်းတို့. . ငါဘုရားနှင့်တရား၊ သံဃာတို့အား ချီးမွမ်း ပြောဆိုခဲ့ကြပါလျှင်လည်း ထိုသို့ချီးမွမ်းရာ၌ နှစ်သက်ခြင်း၊ ဝမ်း မြောက်ခြင်း၊ စိတ်ဘက်ကြွခြင်းတို့ မပြုကြကုန်လင့်၊ ထိုသို့ဖြစ်ခြင်း

သည် သင်တို့အားသာ အန္တရာယ်ဖြစ်ရာသည်။ ငါဘုရားနှင့် တရားသံဃာတို့အား ချီးမွမ်းပြောဆိုကြပါလျှင် ဤအကြောင်းကြောင့် ဤစကားသည် မှန်၏။ ဤအကြောင်းကြောင့် ဤသဘောတရားသည် ငါတို့၌ရှိပေ၏ဟု ဟုတ်မှန်သောစကားကို ဟုတ်မှန်သောအားဖြင့် မှန်သည်ဟုဝန်ခံကြရမည်။"

ဟူ၍ ဗုဒ္ဓကကဲ့ရဲ့လာသူ ချီးမွမ်းလာသူတို့နှင့် ပတ်သက်၍ စိတ်နေသဘောထား ထားရမည့်သဘာဝကို ရှင်းပြမိန့်ကြားပြလေသည်။

ရဟန်းငါးရာတို့အား ရန်ငြိုးဖွဲ့ခြင်း၊ အာဃာတမရှိကြားသော်လည်း နောင်အခါ၌အမျိုးကောင်းသားတို့အား ဤသို့သဘောရှိသော ရတနာသုံးပါးနှင့်စပ်သော အရာတို့၌ပင် အကိုသိုလ်ဖြစ်မှုကို တားဆီးတော်မူလိုသည်ဖြစ်၍ ဗုဒ္ဓကဤဥပဒေကို မိန့်ကြားခြင်းဖြစ်ပါသည်။

စိတ်ကိုညှင်းဆဲတုတ်မှုကို အာဃာတဟုခေါ်သည်။ အကြင်တရားဖြင့် သတ္တဝါများသည် ပီတိ, သုခကင်းသူ၊ မနှစ်သက်သူ၊ ဝမ်းမြောက်ခြင်းမရှိသူများ ဖြစ်ကြသည်။ ဤသည်ကား စိတ်နှလုံး မကြည်သာမှု၊ ဒေါမနဿဖြစ်သည်။ ဒေါမနဿသည် မိမိ၏အစီးအပွားကိုလည်းကောင်း၊ သူတစ်ပါး၏အစီးအပွားကိုလည်းကောင်း၊ မပြီးစေတတ်ကြောင်းကို ဗုဒ္ဓက-

"စိတ်ဆိုးသောသူသည် အနက်အဓိပ္ပာယ်ကိုမသိ၊ ပါဠိကိုမသိ၊ အမျက်ဒေါသ လွှမ်းမိုးသောအခါ ထိုသူအားအမိုက်တိုက်အထိဖြစ်လေသည်။

အမျက်ဒေါသသည် အကျိုးမဲ့ကိုဖြစ်စေတတ်၏။ စိတ်ကို ပျက်စီးစေတတ်၏။ အတွင်းစိတ်မှဘေးသည် ဖြစ်ပေါ်လာတတ်၏။ လူအပေါင်းကား ထိုအကြောင်းကို မသိကြချေ" ဟူ၍ ဟောကြားပြသလမ်းညွှန်ခဲ့ပါသည်။

"သင်တို့၏ဆရာသည် အလုံးစုံကိုသိမြင်သူ၊ သဗ္ဗညူ မဟုတ်၊ တရားသည်မကောင်းသဖြင့် ဟောအပ်သောစကားကို ကြားလျှင် ဆိတ်ဆိတ်မနေရ"

"ဤသို့သောအကြောင်းကြောင့်လည်း ထိုစကားသည် မဟုတ်မှန်ပါ။ အကြင်စကားကို သင်တို့ပြောဆိုအပ်၏။ ထိုစကားသည် ဤအကြောင်းကြောင့် မဟုတ်ပါ။ မမှန်ပါ။ ဤအပြစ်သည် ငါတို့၌မရှိပါ။ ဤအပြစ်သည် ငါတို့၌မရှိသည်သာဖြစ်ပါ၏။ ငါတို့၏ဆရာသည် အလုံးစုံသိသူ သဗ္ဗညူသာဖြစ်ပါ၏။ တရားတော်သည်ကောင်းစွာဟောကြားအပ်သော တရားတော်သာဖြစ်သည်။ သံဃာတော်သည် ကောင်းစွာကျင့်အပ်သောသံဃာသာဖြစ်ပါသည်။ ထိုသို့ဖြစ်ရာ၌ ဤမည် ဤမည်သောအကြောင်းသည်ရှိ၏" ဟု ဖြေရှင်းရမည်။

ဤသို့ဖြေရှင်းခြင်းကိုလည်း အပြစ်ပြောရာ၌သာ ပြုအပ်သည်။ နေရာတိုင်း၌ မပြုအပ်ပါ။

"သင်သည် ဒုဿီလဖြစ်သည်။ သင်၏ဆရာသည် ဒုဿီလဖြစ်၏။ သင်သည်ဤမည်သော အမှုကိုပြုခဲ့၏။ သင်ဆရာသည် ဤမည် ဤမည်သောအမှုကို ပြုခဲ့၏။"

ဟု ပြောဆိုရာ၌ ဆိတ်ဆိတ်ငြိမ်၍ သည်းခံနေခဲ့လျှင် ယုံမှားထိုက်သူ ဖြစ်သွားပေလိမ့်မည်။ ထို့ကြောင့် စိတ်ပြစ်မှားခြင်းကို မပြုဘဲအပြစ်ကို ဖြေရှင်းအပ်၏။

သို့သော် ကုလားအုပ်ကြီးပဲ၊ နွားကြီးပဲ၊ စသည်ဖြင့် ဆဲယ်ပါးသော ဆဲရေးကြောင်းဝတ္ထုတို့ဖြင့် ဆဲရေးသောပုဂ္ဂိုလ်ကိုမူ လျစ်လျူရှုထားပြီး သူ၏အပေါ်၌ အဓိဝါသနခန္တီမျိုးဖြင့် မျိုသိပ်သည်းခံခြင်းကိုသာလျှင် ပြုအပ်၏။

တစ်ဖန်. . . နှစ်သက်ခြင်းသည် ပီတိဖြစ်၏။ ကောင်းသော စိတ်ရှိသူ၏အဖြစ်သည် သောမနဿဖြစ်၏။ ယင်းသည် စိတ်၌ဖြစ်သော ချမ်းသာခြင်းဖြစ်သည်။ ဗူးတောင်အဆွင်ပေါ်လွင်သော စိတ်ရှိသူဖြစ်သည်။

ဗုဒ္ဓက ဤဗူးတောင်အသွင်ပေါ်လွင်သော စိတ်ရှိမှုကို တားမြစ်တော်မူသည်။

သို့သော် ဗုဒ္ဓက

"ဘုရား, တရား, သံဃာဟု မြွက်ဆိုသောသူ၏ ကိုယ်၌ဖြစ်သော ပီတိသည် ဇမ္ဗူဒိပ်တစ်ကျွန်းလုံးထက်ပင် သာလွန်၏။

ရဟန်းတို့. . . ဘုရား၌ယုံကြည်သူတို့သည် အမြတ်ဆုံးကြည်ညိုသူများ ဖြစ်ကြ၏။"

ဟူ၍ ဗုဒ္ဓသည် ရတနာသုံးပါး၌ နှစ်သက်ဝမ်းမြောက်ခြင်းကို နေရာနေရာများစွာ၌ ချီးမွမ်းခဲ့သည်။ ဤချီးမွမ်းမှုသည်ကား ကာမဂုဏ်မှ

လွတ်မြောက်ရေး၌ မှီသောနှစ်သက်ဝမ်းမြောက်မှုကိုသာ ရည်ညွှန်းပါသည်။

ငါတို့ဘုရားဖြစ်၏။ ငါတို့တရားဖြစ်၏ဟုစသော နည်းဖြင့် နှစ်သက်ဝမ်းမြောက်မှုကား အိမ်နေလူတို့၏ အကာဖြစ်သောကာမဂုဏ်၌မှီသော နှစ်သက်ဝမ်းမြောက်မှုဖြစ်သည်။ ဤကာမဂုဏ်မှီသော နှစ်သက်ဝမ်းမြောက်မှုကား ဈာန်၊ မဂ် စသည်ရခြင်း၏ အန္တရာယ်ကိုပြုတတ်သည်။ ထိုအန္တရာယ်ပြုနိုင်သော နှစ်သက်ဝမ်းမြောက်မှုကို ဗုဒ္ဓကရည်ရွယ်၍ နှစ်သက်ဝမ်းမြောက်မှုမဖြစ်လင့် ဟုဟောကြားရှင်းပြခြင်း ဖြစ်ပါသည်။

နှစ်သက်သူသည် လောဘနှင့်တကွ ဖြစ်၏။လောဘဟူသည် အမျက်ဒေါသနှင့် အလားတူပါ၏။ ဗုဒ္ဓက-

"လိုချင်မက်မောသူသည် အနက်အဓိပ္ပာယ်ကိုမသိ၊ ပါဠိကိုမသိ၊ လာဘလွှမ်းမိုးခြင်းခံရသူသည် မှောင်မိုက်အတိဖြစ်သွားတတ်၏။

လိုချင်ခြင်းသဘောသည် အကျိုးမဲ့ကိုဖြစ်စေတတ်၏။ စိတ်ကိုပျက်စီးစေတတ်၏။ မိမိ၏အတွင်းစိတ်မှ ဘေးသည်ဖြစ်ပေါ်လာတတ်၏။ လူအပေါင်းကား ထိုအကြောင်းကို မသိရှာကြချေ။ "

ဟူ၍ ဟောတော်မူထားခဲ့ပါသည်။

"သင်တို့ဆရာသည် အလုံးစုံသိသူဖြစ်သည်။ ပူဇော်အထူးကိုခံထိုက်သူဖြစ်သည်။ တရားအားလုံးကို မဖောက်မပြန် မှန်ကန်

စွာ ကိုယ်တိုင်သိမြင်သူဖြစ်သည်။ တရားသည်ကောင်းစွာ ဟော ကြားအပ်သော တရားဖြစ်သည်။ သံဃာသည်ကောင်းစွာကျင့် သော သံဃာဖြစ်သည်။

ဤသို့ချီးမွမ်းစကားပြောကြားလျှင် ဆိတ်ဆိတ်မနေရ။

"သင်တို့ပြောဆိုသောစကားသည် ဤမည်သောအကြောင်း ကြောင့် မှန်ပေ၏။ ဘုရားတွင် အရဟံ အစ၊ ဘဂဝါအဆုံးရှိသော ဂုဏ်နှင့် ပြည့်စုံပါ၏။ တရားသည် သံဒိဋ္ဌိကောစသောဂုဏ်တော် (၆)ပါးနှင့် ပြည့်စုံပါပေ၏။ သံဃာတော်သည် သုပ္ပဋိပန္နစသော ဂုဏ်(၉)ပါးနှင့် ပြည့်စုံပါ၏။"

ဤသို့ ဖသည်ဖြင့် ဝန်ခံပြောရ၏။

"သင်သည် သီလရှိသူ ဖြစ်ပါသလော"

ဟု အမေးခံရသူသည်လည်း သီလရှိသူဖြစ်လျှင်

"ငါသည် သီလရှိသူဖြစ်၏"

ဟု ဝန်ခံအပ်၏။

"သင်သည် ပထမဈာန်ရသူဖြစ်သလော ရဟန္တာကြီးဖြစ် ပြီးလော"

ဟု မေးမြန်းခြင်းခံရပါက သဘောတူသော ရဟန်းတို့အားသာ လျှင်ဝန်ခံအပ်၏။ ဤသို့ဝန်ခံသည်ရှိသော် အလိုဆိုးရှိခြင်းကို ရှောင်ရှားရာရောက်၏။ သာသနာ၏အချည်းအနှီးမဟုတ်သည်၏ အဖြစ်ကိုလည်း ပြရာရောက်သည်ဟူ၍ ဗုဒ္ဓ၏ရှင်းပြခဲ့သည်။

ဤသည်တို့မှာ လောကသဘာဝအရ ကဲ့ရဲ့ရှုတ်ချသူ၊ အပြစ်တင်သူ၊ ချီးမွမ်းသူ၊ မေးမြန်းသူများ ဖြစ်ပေါ်လာလျှင် ဗုဒ္ဓက မည်သို့ဖြေရှင်းအဖြေပေးရမည့် နည်းလမ်းကိုညွှန်ပြဟောတော်မူခြင်းဖြစ်သည်။

လောကသဘာဝ ကဲ့ရဲ့ခံရခံရမှု၊ ချီးမွမ်းခံရမှု ရှိစမြဲ သဘာဝဖြစ်သည်။ ဤသဘာဝကို ဗုဒ္ဓနည်းဖြင့် ဖြေရှင်းပါက ကမ္ဘာလောကတစ်ခုလုံး ငြိမ်းချမ်းသာယာသလို သတ္တဝါအားလုံးလည်း ငြိမ်းချမ်းသာယာချမ်းမြေ့ကြမည် ဖြစ်ပါသည်။

ကျမ်းကိုးသီလက္ခန္ဓဝဂ်-ဗြဟ္မဇာလသုတ်
( အနော်မာမဂ္ဂဇင်း၊ အမှတ်-၇၃ )

## ၂။ လောက၌အသိဉာဏ်နှင့်အကျင့်သီလသာအမြတ်ဆုံးပါ

ပေါက္ခရသာတိပုဏ္ဏားသည် ဗေဒင်သုံးပုံကို တစ်ဘက်ကမ်းတတ်မြောက်ခဲ့သော ပုဏ္ဏားပညာရှိကြီးတစ်ဦး ဖြစ်သလို တပည့်များစွာကိုလည်း ပညာသင်ပေးနေသော ဆရာကြီးတစ်ဆူ ဖြစ်ပါသည်။

ပုဏ္ဏားကြီး၏ အတတ်ပညာကျော်ကြားမှုကြောင့် ကောသလမင်းကြီးက ဆုလာဘ်အဖြစ် ဆန်ရေစပါးပေါများသော ဥက္ကဋ္ဌမြို့စားအဖြစ် ခန့်အပ်တာဝန်ပေးထားခဲ့ရသည်။

တစ်နေ့တွင် ဗုဒ္ဓသည် ရဟန်းငါးရာနှင့်အတူ ကောသလတိုင်းသို့ ဒေသစာရီစဉ်လှည့်လည်စဉ် ဥက္ကဋ္ဌမြို့အပိုင် ဣစ္ဆာနင်္ဂလမည်သော ပုဏ္ဏားရွာအနီး ဣစ္ဆာနင်္ဂလတောအုပ်၌ သီတင်းသုံးနေချိန်ဖြစ်သည်။

ပေါက္ခရသာတိပုဏ္ဏားကြီးသည် ဗုဒ္ဓနှင့်ရဟန်းတော်များ ဣစ္ဆာနင်္ဂလတောအုပ်၌ သီတင်းသုံးနေကြောင်းနှင့် ထိုဗုဒ္ဓသည် အရဟံအစ ဘဂဝါအဆုံးရှိသော ဂုဏ်တော်(၉)ပါး ပြည့်စုံပြီး ထင်ရှားကျော်ကြားနေသော ပုဂ္ဂိုလ်တစ်ပါးဖြစ်ကြောင်း ကြားသိထားသည်။

ဗုဒ္ဓ၏ထင်ရှားကျော်ကြားမှုနှင့် ဘုရားဟုတ်-မဟုတ် မှန်ကန်မှုရှိ-မရှိသိသာရန် မိမိ၏လက်ရုံးတပည့်အမ္ဗဋ္ဌကိုခေါ်ကာ

"ချစ်သား အမ္ဗဋ္ဌ. . . သာကီဝင်မင်းမျိုးမှ ရဟန်းပြုသည့် ရဟန်းဂေါတမသည် ဣစ္ဆာနင်္ဂလတောအုပ်၌ သီတင်းသုံးနေကြောင်း ကြားသိရသည်။ ထိုရဟန်းဂေါတမသည် အရဟံအစ ဘဂဝါအဆုံးရှိသော ဂုဏ်တော်ကိုးပါးနှင့် ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်တစ်ပါးဖြစ်နေပါသည်။ သူ၏ထင်ရှားမှု မှန်ကန်မှု ရှိ-မရှိသိရလေအောင် သင်သွားရောက်၍ စုံစမ်းပါချေ။" ဟု စေခိုင်းသည်။

"ဆရာ. . . ရဟန်းဂေါတမ ဘုရားဟုတ်-မဟုတ်၊ မှန်မမှန်ကို ဘယ်ပုံ ဘယ်ပုံ ဘယ်သို့ စုံစမ်းရပါမည်နည်း။"

"ချစ်သား အမ္ဗဋ္ဌ. . . ငါတို့ရဲ့ ဗေဒင်ကျမ်းများ၌ ယောကျ်ားမြတ်တို့၏ လက္ခဏာ(၃၂)ပါး ရှိတယ်မဟုတ်လား၊ ထိုလက္ခဏာနှင့်ပြည့်စုံပြီး မပြည့်စုံစစ်ဆေးကြည့်က သိနိုင်ပါလိမ့်မယ်။ သင်တတ်ယူပြီးတဲ့ ဗေဒင်လက္ခဏာပညာဖြင့် တိုက်ဆိုင်စုံစမ်းကြည့်ပါလေ"

"ဆရာ. . . ကောင်းပါပြီ"

အမ္ဗဋ္ဌသည် မြည်းက,သောရထားကိုစီးကာ များစွာသော လုလင်တို့နှင့်အတူ ဣစ္ဆာနင်္ဂလတောအုပ်ရှိ ဗုဒ္ဓရှိရာအရပ်သို့ ထွက်လာခဲ့သည်။ တောအုပ်အနီးရောက်သော် ရထားမှဆင်း သက်၍ လွင်ပြင်၌စင်္ကြံလျှောက်နေကြသော ရဟန်းတို့အနီးသို့ ချဉ်းကပ်ပြီးလျှင်-

"အရှင်. . . ရဟန်းဂေါတမ အဘယ်မှာ သီတင်းသုံးနေပါသလဲ"

ဟုမေးသည်။ ရဟန်းတို့က လက်ညှိုးညွှန်၍-

"အချင်းလုလင်. . . ဤကျောင်းသို့ တိတ်ဆိတ်စွာချဉ်းကပ်ပြီးနောက် မုခ်ဦးသို့ဖြည်းညှင်းစွာဝင်၍ ချောင်းဟန့်ပြီးလျှင် တံခါးကိုခေါက်ပါလေ။ ဘုရားရှင်သည် သင့်အားတံခါးဖွင့်ပေးပါလိမ့်မည်"

ဟု ဖြေကြားလေသည်။

အမ္ဗဋ္ဌလုလင်သည် ရဟန်းတို့ပြောကြားလမ်းညွှန်သည့်အတိုင်းသွား၍ တံခါးကိုခေါက်ရာ ဘုရားရှင်က တံခါးကိုဖွင့်ပေးတော်မူသည်။

ထိုအခါ အမ္ဗဋ္ဌလုလင်နှင့် နောက်လိုက်လုလင်တို့သည် ကျောင်းတွင်းသို့ဝင်၍ မြတ်စွာဘုရားနှင့် ဝမ်းမြောက်ဝမ်းသာနှုတ်ဆက်စကားပြောဆိုကြသည်။ သင့်ရာနေရာ၌ နေရာယူထိုင်ကြသည်။

အမ္ဗဋ္ဌမူကား မထိုင်၊ ဘုရားရှင်၏ရှေ့တွင် မတ်တတ်လျှောက်လျက်ပင် နှုတ်ဆက်စကားမျှ ပြောဆိုသည်။ ရပ်လျက်လည်း ထိုင်နေသောမြတ်စွာဘုရားနှင့် စကားအနည်းငယ်စီ၊ အနည်းငယ်စီမေး၍ ပြောဆိုနှုတ်ဆက်သည်။

ထိုအခါ ဘုရားရှင်က-

"အမ္ဗဋ္ဌ. . . သင်သည်ထိုင်နေသော ငါဘုရားနှင့်လမ်းလျှောက်၍လည်းကောင်း၊ မတ်တတ်ရပ်၍လည်းကောင်း၊ အနည်းငယ်စီပြောဆိုနှုတ်ဆက်သကဲ့သို့ပင် အသက်ကြီးဂုဏ်ကြီးရင့်သော ပုဏ္ဏားဆရာတို့နှင့် ဤသို့ပင် စကားပြောဆိုလေ့ရှိပါသလော"

ဟုမေးလိုက်သည်။

"အရှင်ဂေါတမ. . . ဤသို့ပြောဆိုလေ့မရှိပါ။ သွားနေသောပုဏ္ဏားသည် သွားနေသောပုဏ္ဏားနှင့်၊ ရပ်နေသောပုဏ္ဏားသည် ရပ်နေသောပုဏ္ဏားနှင့် လျောင်းနေသောပုဏ္ဏားသည် လျောင်းနေသောပုဏ္ဏားနှင့်သာ စကားပြောဆိုလိုက်ပါသည်။

ဗြဟ္မာ၏ခြေဖမိုးမှ ပေါက်ဖွားလာသည့် ဇာတ်နိမ့်၍ မည်းညစ်သောဦးပြည်းကတုံးတို့နှင့် စကားပြောဆိုရာ၌ ယခု အရှင်ဂေါတမနှင့် ပြောဆိုသကဲ့သို့ပင် ပြောဆိုပါသည်။

"အမ္ဗဋ္ဌ. . . သင်သည်ကိစ္စရှိ၍သာ ဤနေရာသို့ လာခြင်းဖြစ်သည်။ သင်လာရင်းကိစ္စကိုသာ ကောင်းစွာနှလုံးသွင်းစဉ်းစားပါလေ"

"အချင်းတို့. . . ဤအမ္ဗဋ္ဌလုလင်သည် ဆရာကောင်းထံ၌ မနေဖူးပါဘဲလျက် နေထိုင်ဖူးသူဟု ထင်မှတ်နေပါ၏။ ဤသို့ ရိုင်းပြစွာပြုမူမှု၌ ဆရာကောင်းထံ၌ မနေဖူးဟူသောစကားမှတစ်ပါး အခြားအကြောင်းမရှိပါချေ။"

ဗုဒ္ဓက ဆရာကောင်းထံ၌ မနေဖူးဘူးဟူသော စကားကို မိန့်ကြားလိုက်သော အမ္ဗဋ္ဌသည်အမျက်ဒေါသထွက်၍ ဗုဒ္ဓအား ထိပါးပုတ်ခတ်စွပ်စွဲလိုသောကြောင့်-

"ငါသည် ရဟန်းဂေါတမကို ယုတ်ညံ့သွားစေရမည်" ဟူသော စိတ်အကြံဖြင့်-

"အရှင်ဂေါတမ. . . သာကီဝင်မင်းမျိုးများသည် ခက်ထန်ကြမ်းကြုတ်ကြ၏။ စိတ်နှလုံးထားပေါ့ဆ၍ မလေးနက်ကြ၊ စကားများသူများ ဖြစ်ကြ၏။ ဇာတ်နိမ့်သောသူကြွယ်မျိုးမျှသာ ဖြစ်ပါလျက် ပုဏ္ဏားတို့ကို ကောင်းစွာမပြုမူကြကုန်၊ မလေးစားကြကုန် မမြတ်နိုးမပူဇော်၊ မရိုသေကြကုန်၊ ဤအပြုအမူများသည် မသင့်လျော်လှပါ။"

ဤသို့လျှင် အမ္ဗဋ္ဌသည် သာကီဝင်တို့၌ သူကြွယ်ဟူသော စကားလုံးဖြင့် ပထမအကြိမ်နှိမ့်ချသည်။

"အမ္ဗဋ္ဌ. . . သင့်အား သာကီဝင်တို့သည် အဘယ်သို့ ပြစ်မှားခဲ့ဖူးပါသနည်း"

"အရှင်ဂေါတမ. . . ကျွန်ုပ်သည် အခါတစ်ပါး၌ ဆရာပေါက္ခရသာတိပုဏ္ဏား၏ကိစ္စနှင့် ကပိလဝတ္ထုပြည်သို့ သွားခဲ့ပါသည်။ သာကီဝင်မင်းတို့၏ အစည်းအဝေးဆောင်သို့ ရောက်သောအခါ သာကီဝင်မင်းတို့သည် မြင့်သောနေရာထိုင်နေကြလျက် အချင်းချင်းကလိထိုးကာ ခွက်ထိုးခွက်လန်ရယ်မောနေကြ

ပါသည်။ အမှန်စင်စစ်အားဖြင့် ကျွန်ုပ်ကိုပင် ပြောင်လှောင်ရယ်မောကြသည်ဟု ထင်ပါသည်။

ကျွန်ုပ်ကို တစ်စုံတစ်ယောက်ကမျှ နေရာဖြင့်ပင့်ဖိတ်ခြင်း မရှိပါ။ သာကီဝင်တို့သည် သူကြွယ်မျှသာဖြစ်ကြကုန်လျက် ဤကဲ့သို့ ပုဏ္ဏားတို့အား မရိုမသေ၊ မလေးစားခြင်းမှာ မသင့်လျော် မလျောက်ပတ်ပါ။

အမ္ဗဋ္ဌသည် သာကီဝင်တို့ကို သူကြွယ်ဟူသော စကားလုံးဖြင့် ဒုတိယအကြိမ်ပုတ်ခတ်နှိမ့်ချပြန်သည်။

"အမ္ဗဋ္ဌ. . . ငှက်လုံးငှက်မကလေးပင်လျှင် သူ၏အသိုက်၌ အလိုရှိတိုင်းအော်မြည်တတ်ပေ၏။ ဤကပိလဝတ်မြို့ကား သာကီဝင်တို့၏ စိုးပိုင်ရာအရပ်ဖြစ်သည်။ အမောင်အမ္ဗဋ္ဌ. . . သင်သည် ဤအသေးအဖွဲ့မျှဖြင့် အခဲမကြေမဖြစ်ထိုင်ပါ။"

"အရှင်ဂေါတမ. . . မင်း, ပုဏ္ဏား, ကုန်သည်, ဆင်းရဲသားဟူ၍ အမျိုးလေးပါးရှိရာ၌ ကျန်သောအမျိုးသုံးပါးတို့သည် ပုဏ္ဏားတို့၏ အလုပ်အကျွေးမျှသာ ဖြစ်ကြပါသည်။ သာကီဝင်တို့သည် သူကြွယ်များသာဖြစ်ကြကုန်လျက် ပုဏ္ဏားတို့အား မရိုမသေမလေးစားပြုသည်မှာ မသင့်လျော်သောအချက်ပင် ဖြစ်ပါသည်။

အမ္ဗဋ္ဌက သာကီဝင်တို့အား သူကြွယ်ဟူသောစကားဖြင့် တတိယအကြိမ် စွပ်စွဲနှိမ့်ချပြန်သည်။ အမ္ဗဋ္ဌက ဤသို့သုံးကြိမ်တိတိရှုတ်ချပြောဆိုသောအခါ ဗုဒ္ဓက-

"ဤအမွှေကား သာကီဝင်တို့၌ သူကြွယ်ဟူသော စွပ်စွဲချက်ဖြင့် အလွန်လျှောင်ရှုတ်ချဘိ၏။ သူ၏အမျိုးအနွယ်ကို မေးမှသင့်ပေမည်"

ဟု အကြံဖြစ်လေသည်။

"အမွှေ. . . သင်၏အမျိုးအနွယ်ကား အဘယ်ပါနည်း"

"အရှင်ဂေါတမ. . . ကျွန်ုပ်၏အနွယ်ကား ကဏှာယနအနွယ်ဖြစ်ပါသည်။"

"အမွှေ. . . သင်၏မိဘမှလာသော ရှေးအမည်အမျိုးကို ဆင်ခြင်လိုက်သော် သာကီဝင်မင်းတို့သည် သင်၏အရှင်သားများဖြစ်ကြ၍ သင်သည်သာကီဝင်တို့၏ ကျွန်မသားအနွယ် ဖြစ်နေပါသည်။

"အမွှေ. . . သာကီဝင်တို့သည် ဥက္ကာကမင်းကြီးကို ဘိုးတော်အရာ၌ထားကြကုန်၏။ ရှေးကဖြစ်ဘူးသည်မှာ ဥက္ကာကမင်းကြီးသည် ချစ်မြတ်နိုးတော်မူသော မိဖုရား၏သားတော်ငယ်အား မင်းစည်းစိမ်ကို ဆောင်နှင်းပေးအပ်လိုသဖြင့် ဥက္ကမုခ, ကရဏ္ဍု ဟတ္ထိနိက၊ သိနိုသူရဟူသော သားတော်ကြီးလေးယောက်တို့ကို တိုင်းပြည်မှနှင်ထုတ်ခဲ့၏။ ပြည်နှင်ဒဏ်ခံရသော ထိုမင်းသားတို့သည် ဟိမဝန္တာ၏ နံဘေးရေကန်တစ်ကန်၏ကမ်း၌ ကျွန်းတောကြီးတစ်ခုရှိရာ ထိုကျွန်းတောကြီး၌ နေထိုင်ကြကုန်၏။

ထိုမင်းသားတို့သည် အမျိုးဇာတ်ပျက်စီးမည်ကို ကြောက်ခြင်းကြောင့် မိမိတို့နှင့်အတူပါလာသော နှမတော်အရင်းများနှင့် လက်ထပ်ထိမ်းမြားနေထိုင်ကြသည်။

ထို့နောက် ဥက္ကာကမင်းကြီးက-

"အချင်းတို့. . . ယခုမင်းသားတို့ အဘယ်မှာနေထိုင်ကြသနည်း"

ဟု မေးသော် မှူးမတ်ပရိသတ်တို့က-

'အရှင်မင်းကြီး. . . မင်းသားတို့သည် ဟိမဝန္တာတောရှိ ရေကန်နဖူးရှိ ကျွန်းတောသို့ယခုနေထိုင်ကြပါသည်။ မင်းသားတို့သည် အမျိုးဇာတ်ပျက်စီးမည်မှ ကြောက်ခြင်းကြောင့် မိမိတို့၏နှမအရင်းများနှင့် လက်ထပ်ထိမ်းမြား၍ နေကြပါသည်။"

ဟု လျှောက်တင်ကြသော် ဥက္ကာကမင်းကြီးက

"အချင်းတို့. . . မင်းသားတို့သည် အမျိုးကိုစောင့်ရှောက်နိုင်စွမ်းရှိကြလေကုန်စွတကား (သကျဝတ ကုမာရ) "

ဟု ဥဒါန်းကျူးရင့်တော်မူသည်။

အမွှေ. . . ထိုအချိန်မှ အစပြု၍ သကျဝတဟူသော စကားကိုအစပြု၍ သကျ(သာကီဝင်)မျိုးတို့ စတင်ဖြစ်ပေါ်ထင်ရှားလာခဲ့ကြသည်။ ထိုဥက္ကာကမင်းကြီးသည် သာကီဝင်မင်းတို့၏ အစဦးဖြစ်သော ယောက်ျားဖြစ်ပါသည်။

အမွှေ့., . ဥက္ကာကမင်းအား ဒိသာအမည်ရှိသော ကျွန်မ တစ်ယောက်ရှိသည်။ ထိုကျွန်မသည် ကဏှအမည်ရှိသော သူငယ်ကိုဖွားမြင်ခဲ့သည်။ ဖွားမြင်ဝကဏှသည်-

"အို-မိခင်. . . ဆေးကြောကြပါ၊ ရေချိုးကြပါ၊ ဤအညစ်အကြေးမှလွတ်အောင် ပြုကြပါ၊ ကျွန်ုပ်သည် မိခင်အကျိုးအတွက် ဖြစ်ပါလိမ့်မည်"

ဟု ပြောဆိုသည်။

"အမွှေ့. . . ယခုအခါလူတို့သည် အသားစားမြေဖုတ်ဘီလူးကိုမြင်လျှင် အသားစားဘီလူး(ပိသာစ)ဟု သိကြကုန်သကဲ့သို့ ထိုအခါ၌လည်း လူတို့သည်အသားစားမြေဖုတ်ဘီလူးကို ကဏှ-ဟုခေါ်ဝေါ် သိမှတ်ကြကုန်၏။ ထိုခေတ်လူတို့သည် ထိုသူငယ်က မွေးစကပင် စကားပြောဆို၏။ မြေဖုတ်ဘီလူးကိုမွေး၏ ဟု ပြောဆိုကြသည်။

ထိုအခါမှစ၍ ထိုကဏှ ဟူသောစကားကို အစွဲပြု၍ ကဏှယနမျိုးများဟု ထင်ရှားခဲ့ကြကုန်၏။ ထိုကဏှသည် ထိုကဏှာယနမျိုး၏ အစဦးယောက်ျားပင် ဖြစ်ပေသည်။

"အမွှေ့. . . ဤသို့လျှင်သင်၏ အမျိုးအနွယ်ကို အစဉ်လျှောက်၍ဆင်ခြင်လိုက်သော် သာကီဝင်တို့သည် သင်အရှင်၏ သားတို့ဖြစ်ကုန်၏။ သင်သည်သာကီဝင်တို့၏ ကျွန်မသားဖြစ်၍ နေပါ၏။"

ဟူ၍ ဗုဒ္ဓကအမွဋ္ဌမျိုးနွယ်အစကို ဖော်ထုတ်ပြလိုက်သောအခါ အမွဋ္ဌနောက်ပါလုလင်တို့က

"အရှင်ဂေါတမ. . . အမွဋ္ဌလုလင်ကို ကျွန်မသားဟူသောစကားဖြင့် အလွန်ပြင်းပြင်းထန်ထန် မရှုတ်ချပါလင့်။ အမွဋ္ဌလုလင်သည် ကောင်းစွာမွေးဖွားလာသူ ဇာတ်မြင့်သူဖြစ်ပါသည်။ အမျိုးကောင်းသားလည်း ဖြစ်ပါသည်။ ပညာ၊ ဗဟုသုတပြည့်စုံ၍ အပြောအဆိုလည်းကောင်းပါသည်။ အရှင်ဂေါတမနှင့် အပြန်အလှန်ပြောဆိုရန် ပညာပြည့်စုံသူ ဖြစ်ပါသည်။"

ဟု အမွဋ္ဌကို ကာကွယ်ပြီးလျှောက်ထားကြသည်။

"လုလင်တို့. . . အမွဋ္ဌသည် ညံ့ဖျင်းသူဖြစ်သည်ဟု အထင်ရှိကြလျှင် အမွဋ္ဌသည် အသာနေပါစေ၊ သင့်တို့ပင် ငါဘုရားနှင့် အပြန်အလှန်ဆွေးနွေးပြောဆိုကြပါကုန်လော၊ အမွဋ္ဌသည် အရည်အချင်း လုံလောက်မည်ဟု အထင်ရှိကြလျှင်လည်း သင်တို့တိတ်ဆိတ်စွာနေကြပါ။ ငါနှင့်အမွဋ္ဌ အပြန်အလှန်ဆွေးနွေးပြောဆိုပါမည်။"

"အရှင်ဂေါတမ. . . အမွဋ္ဌသည် အရည်အချင်းရှိပါသည်။ ကျွန်ုပ်တို့ဆိတ်ဆိတ်နေပါမည်။ ပြောဆိုဆွေးနွေးကြပါလော"

"အမွဋ္ဌ. . . အကြောင်းခိုင်လုံသော မေးခွန်းတစ်ရပ်ကို ဖြေဆိုရန် သင့်အပေါ်မှာ တာဝန်ကျရောက်လာပေပြီ၊ ထိုမေးခွန်းကိုမဖြေဘဲ ရှောင်လွဲနေပါက သင်၏ဦးခေါင်းသည် ခုနစ်စိတ်ကွဲလိမ့်မည်။

ဆရာ့ဆရာဖြစ်သော ပုဏ္ဏားတို့ထံမှ သင်မည်သို့ပြောဖူးပါသနည်း။ ကဏ္ဍာယနအနွယ်ဝင်တို့သည် အဘယ်မှစ၍ ဖြစ်ပေါ်လာပါသနည်း။ ကဏ္ဍာယနနွယ်ဝင်တို့သည် လက်ဦးပုဂ္ဂိုလ်သည် မည်သူနည်း"

ထိုအခါ အမ္ဗဋ္ဌလုလင်သည် ဆိတ်ဆိတ်နေပြီး လုံးဝအဖြေမပေးပါချေ။ ဗုဒ္ဓကဒုတိယအကြိမ်ထပ်မေးသော်လည်း လုံးဝမဖြေပေ။

"အမ္ဗဋ္ဌ. . . ယခုသင်သည် ငါဘုရား၏သုံးကြိမ်မြောက်အမေးကိုဖြေဆိုပါ။ ဆိတ်ဆိတ်နေရန် အချိန်မဟုတ်ပါ။ ငါဘုရားကတရားသဖြင့်မေးအပ်သော သုံးကြိမ်မြောက်အမေးကိုကောင်းစွာမဖြေပါက သင်၏ဦးခေါင်းသည် ခုနှစ်စိပ်ကွဲလိမ့်မည်။"

ထိုခဏမှာပင် ဝရဇိန်လက်နက်ပိုင်ရှင် သိကြားမင်းသည် အလျှံတပြောင်ပြောင် တောက်လောင်သောသံတူကြီးကို ကိုင်လျက် ဘီလူးကြီးအသွင်အမ္ဗဋ္ဌအထက်၌ ပေါ်လာသည်။ ထိုဘီလူးကို ဘုရားရှင်နှင့် အမ္ဗဋ္ဌသာမြင်ရသည်။ အခြားလုလင်များ မမြင်ရပေ။

အမ္ဗဋ္ဌသည် ထိုကြောက်ဖွယ်ဘီလူးကြီးကို အခြားလုလင်များမြင်-မမြင် ဘေးနောက်ကြည့်မိသည်။ အခြားသူများ၌ တည်ငြိမ်အေးဆေးစွာနေသည်ကိုတွေ့၍ -

"ဤအန္တရာယ်သည် ငါတစ်ဦးတည်းအတွက် သာ ရောက်လာသောအန္တရာယ်ဖြစ်မည်"
ဟု စဉ်းစားမိကာ အလွန်ပင်ထိန်လန့်တုန်လှုပ်ကြောက်ရွံ့သွားမိသည်။

"ဤအန္တရာယ်ဘေးသည် ရဟန်းဂေါတမမှတစ်ပါး ငါ့အတွက် အားကိုးစရာ၊ မှီခိုစရာမရှိတော့ပါချေ။"
ဟု နှလုံးသွင်းဆင်ခြင်မိပြီးလျှင် ဘုရားရှင်အနားသို့ ကပ်သွားပြီး

"အရှင်ဂေါတမ. . . အဘယ်သို့မေးပါသနည်း။ ပြန်လည်ပြောပြပေးပါ။"
ဟု ထပ်မံ၍ မေးသည်။

"အမ္ဗဋ္ဌ. . . ကဏှာယနမျိုးသည် အဘယ်မှစခဲ့သနည်း၊ ကဏှာယနမျိုးနွယ်၏ အစဦးယောကျ်ားက မည်သူနည်း။ ဤကဏှာမျိုးနွယ် အဘယ်ကစခဲ့သနည်း ဆိုသောစကားကို ဆရာ့ဆရာ ပုဏ္ဏားကြီးတို့ထံမှ အဘယ်သို့သင်ကြားခဲ့ရပါသနည်း"

"အရှင်ဂေါတမ. . . အရှင်ပြောသည့်အတိုင်းပင် ကြားဖူးပါသည်။ ကဏှာယနမျိုးနွယ်သည် ထိုအခါမှစ၍ ဖြစ်ပေါ်လာခဲ့ပါသည်။ ကဏှာယနမျိုးနွယ်၏ အစဦးယောကျ်ားသည် ထိုကဏှာပင် ဖြစ်ပါသည်။"

အမ္ဗဋ္ဌတို့၏ အဖြေကိုကြားကြသောလုလင်တို့သည် ပွဲတင်ထပ်မျှ ဆူညံသောအသံဖြင့်-

"အချင်းတို့ . . အမ္ဗဋ္ဌလုလင်သည် ဇာတ်မကောင်းလေစွတကား။ အမျိုးကောင်းမဟုတ်လေစွတကား၊ သာကီဝင်မင်းတို့၏ကျွန်မသားသာ ဖြစ်သတတ်၊ ငါတို့သည် တရားသဖြင့်ပြောဆိုသော အရှင်ဂေါတမကို တားမြစ်ကန့်ကွက်မိကြကုန်၏။ မျက်နှာပျက်အောင်ပြုမိကြကုန်၏။

ဟု ကျယ်လောင်စွာ သူသက်ငါအလုအယက်ပြောဆိုဝေဖန်ကြသည်။

ထိုအချိန်ဝယ် အမ္ဗဋ္ဌသည် မျက်နှာမဖော်ရဲ၊ ခေါင်းငိုက်စိုက်ကျသွားရရှာတော့သည်။

"အို . . လုလင်တို့ သင်တို့သည် အမ္ဗဋ္ဌကို ကျွန်မသားဟူသောစကားဖြင့် ပြင်းထန်စွာမရှုတ်ချကုန်လင့်။ ကဏှသည် မြတ်သောရသေ့တစ်ပါး ဖြစ်ခဲ့သည်။ ထိုကဏှသည် ဂင်္ဂါမြစ်တောင်ဘက်အရပ် ဇနပုဒ်သို့သွား၍ မြတ်သောမန္တာန်ကို သင်ယူပြီးလျှင် ဥက္ကာကထံသို့ ချဉ်းကပ်၍ အလှမာန်ယစ်သော မဒ္ဒရူပီသမီးတော်ကို တောင်းခံလာသည်။

ထိုအခါ ဥက္ကာကမင်းကြီးက အမျက်ဒေါသထွက်ပြီး-

"အချင်းတို့ . . ငါ၏သမီးတော်ကို တောင်းခံလာသူသည် အဘယ်ကောင်နည်း၊ ဤရသေ့သည် ငါ၏ကျွန်မသားပင် ဖြစ်ပါလျက် ငါ၏သမီးတော် မဒ္ဒရူပီကိုတောင်းဘိ၏ဟု ပြောဆိုကာလေး၌မြားကိုတင်၍ ချိန်သည်။ ဥက္ကာကမင်းကြီး၏ ရသေ့တန်ခိုးကြောင့် မြားကိုပစ်လည်းမပစ်နိုင်၊ ချလည်းမချနိုင် ဖြစ်ခဲ့ရလေသည်။

လုလင်တို့သည် ထိုအခါမှုးမတ်ပရိသတ်တို့က ကဏှာရသေ့သို့ ချဉ်းကပ်၍-

"အရှင်ဘုရား. . . မင်းကြီးအား ချမ်းသာမှုကိုပေးပါလော့၊ ဒိုအရှင်မင်းကြီးအား ချမ်းသာပေးစေလော့"

ဟု ဝိုင်းဝန်းတောင်းပန်ဆိုကြကုန်သည်။ ထိုအခါ ကဏှာရသေ့က

"မင်းကြီးသည် ချမ်းသာပါလိမ့်မည်၊ စင်စစ်မင်းကြီးသည် မြားကိုအထက်သို့ ပစ်လွှတ်လိုက်လျှင် ဤနိုင်ငံတော်ပိုင်ဆိုင်သမျှ အထက်၌ခုနစ်နှစ်မိုးမရွာဘဲ နေလိမ့်မည်"

"အရှင်ရသေ့. . . မင်းကြီးချမ်းသာပါစေလော့၊ နိုင်ငံတော်လည်းချမ်းသာပါလိမ့်မည်။ စင်စစ်မင်းကြီးသည် သားတော်ကြီး၌ မြားကိုတည်စေလော၊ မင်းသားသည် ကြက်သီးမျှမထဘဲ ချမ်းသာခွင့်ရှိလိမ့်မည်"

လုလင်တို့. . . ထိုအခါ မှူးမတ်ပရိသတ်တို့သည် ကဏှာရသေ့ပြောဆိုသည့်အတိုင်းပင် ဥက္ကာကမင်းကြီးအား ပြုလုပ်စေရာ သားတော်ကြီးသည် ကြက်သီးမျှမထဘဲ ချမ်းသာစွာရှိနေလေသည်။

ထို့နောက် ဥက္ကာကမင်းကြီးသည် ကြောက်ရွံ့ထိတ်လန့်ကြက်သီးထ,လျက် မြတ်သောပြဟ္မဒဏ်ဖြင့် ခြိမ်းခြောက်ခံရခြင်းကြောင့် ထိုကဏှာရသေ့အား မဒ္ဒရူပီသမီးတော်ကို ပေးတော်မူခဲ့သည်။

လုလင်တို့. . . အမွှေကို ကျွန်မသားဟူသောစကားဖြင့် အပြင်းအထန်မရှုတ်ချကုန်လင့်၊ ကဏှာသည် မြတ်သောရသေ့ ဖြစ်ပေသည်။

"အမွှေ. . . ဆိုလတ့်သောစကားကို အဘယ်သို့ထင်မြင်သနည်း။ ဤလောက၌ မင်းသားနှင့်ပုဏ္ဏားကညာတို့ ပေါင်းသင်း၍ ရသော သတို့သားသည် ပုဏ္ဏားတို့နေရာ၌ ထိုင်ခင်းကိုဖြစ်စေ၊ ရေကိုဖြစ်စေ ရနိုင်ပါမည်လော"

"အရှင်ဂေါတမ. . . ရနိုင်ပါလိမ့်မည်"

"ပုဏ္ဏားပုံသည် ထိုသတို့သားကို အသုဘ, မင်္ဂလာပွဲ, ယာဇ်ပွဲ, ဧည့်ခံပွဲတို့၌ ကျွေးမွေးကြပါမည်လော"

"ကျွေးမွေးကြပါလိမ့်မည်"

"ဗေဒင်ကို သင်ကြားပို့ချပါမည်လော"

"ပို့ချပါလိမ့်မည်"

"မိန်းမမှုတို့၌ ပေါင်းသင်းဆက်ဆံမှုကို တားမြစ်ကြမည်လော၊ မတားမြစ်ဘဲ နေကြမည်လော"

"တားမြစ်ကန့်ကွက်ကြမည် မဟုတ်ပါ"

"မင်းမျိုးတို့တွင် ထိုသတို့သားကို မင်းမြှောက်၍ အဘိသိက်သွန်းကြပါမည်လော"

"တားမြစ်ကန့်ကွက်ကြမည် မဟုတ်ပါ။"

"မင်းမျိုးတို့တွင် ထိုသတို့သားကို မင်းမြှောက်၍အဘိသိက် သွန်းကြပါမည်လော"

"မင်းမျိုးတို့ကမူ မင်းမြှောက်၍ အဘိသိက်သွန်းကြမည် မဟုတ်ပါ။ အကြောင်းမှာ အမိဘက်မှအမျိုးမပြည့်စုံပါ။"

"အမွှေ့ . . . ဤလောက၌ ပုဏ္ဏားနှင့်မင်းသမီးတို့ ပေါင်းသင်းဆက်ဆံမှုကို ရနိုင်ပါမည်လော"

"ရနိုင်ပါလိမ့်မည်"

"ထိုသတို့သားကို မင်းမျိုးတို့သည် မင်းမြှောက်၍ အဘိသိက်သွန်းကြပါမည်လော"

"မင်းမျိုးတို့ကမူ အဘိသိက်သွန်းကြမည်မဟုတ်ပါ။ အကြောင်းမှာ အဖက်ဘက်က အမျိုးမပြည့်စုံပါ။"

"အမွှေ့ . . . ဤသို့လျှင် ယောကျ်ားအချင်းချင်း မိန်းမအချင်းချင်းနှိုင်းယှဉ်သော် မင်းမျိုးတို့သာ မြတ်ကြကုန်၏။ ပုဏ္ဏားမျိုးတို့သည် ယုတ်နိမ့်ကြကုန်၏။"

"အမွှေ့ . . . ဤဆိုလတ့်သောစကားကို မည်သို့ထင်မြင်ပါသနည်း။ ဤလောက၌ ပုဏ္ဏားတို့သည် အကြောင်းတစ်ခုခုကြောင့် ပုဏ္ဏားတစ်ယောက်သည် သင်တုန်းဖြင့်ခေါင်းရိတ်၍ ပြာဖြူးပြီးလျှင် တိုင်းပြည်မှဖြစ်စေ၊ မြို့ရွာမှဖြစ်စေ၊ နှင်ထုတ်လိုက်ကြကုန်ရာ၏။ ထိုနှင်ထုတ်ခံရသော ပုဏ္ဏားသည်ရှေးနည်းတူ ပေါင်းသင်းဆက်ဆံရနိုင်ပါဦးမည်လော"

"အရှင်ဂေါတမ. . . ရနိုင်လိမ့်မည်မဟုတ်ပါ"

"မင်းမျိုးသည် မင်းမျိုးတစ်ယောက်ကို အကြောင်းတစ်ခုခုကြောင့် သင်တုန်းဖြင့်ခေါင်းရိတ်၍ ပြာဖြူးပြီးလျှင် တိုင်းပြည်မှဖြစ်စေ၊ မြို့ရွာမှဖြစ်စေ၊ နှင်ထုတ်ကြကုန်ရာ၏။ ထိုနှင်ထုတ်ခံရသော မင်းမျိုးတို့သည် ပုဏ္ဏားတို့၌ ရေးနည်းတူပေါင်းသင်းဆက်ဆံမှုမျိုးကို ရနိုင်ပါမည်လော"

"ရနိုင်ပါလိမ့်မည်"

"အမ္ဗဋ္ဌ. . . ထိုသို့ဆိုက မင်းမျိုးတို့ကအပြစ်ကြောင့်နှင်ထုတ်လိုက်သူပင် ပုဏ္ဏားမျိုးတို့ယံ၌ တန်းတူရည်တူဆက်ဆံခွင့်ရခဲ့သော် မင်းမျိုးသည်သာ စင်စစ်အားဖြင့်မြတ်၏။ ပုဏ္ဏားမျိုးသည် ယုတ်နိမ့်၏။"

"အမ္ဗဋ္ဌ. . . သနင်္ကုမာရ ဗြဟ္မာကဤအကြောင်းကိုဂါထာဖြင့် လူအပေါင်းတို့၌ အကြွင်းသူတို့သည် အမျိုးအနွယ်ကိုအားကိုးလေ့ရှိကုန်၏။

ထိုသူတို့တွင် မင်းမျိုးသည်မြတ်၏။ နတ်,လူ အပေါင်းတို့၌အကြွင်းသူသည် အသိဉာဏ်(ဝိဇ္ဇာ)အကျင့်(စရဏ) နှင့် ပြည့်စုံ၏။ ထိုသူသည် မြတ်၏" ဟု ဆိုခဲ့၏။ ထိုအဆိုကို ငါဘုရားထောက်ခံပါ၏။

"အရှင်ဂေါတမ . . . အသိဉာဏ်နှင့် အကျင့်ဟူသည် အဘယ်နည်း၊"

"အမ္ဗဋ္ဌ. . . အတုမရှိသော အသိဉာဏ်အကျင့်(ဝိဇ္ဇာစရဏ) နှင့် ပြည့်စုံမှု၌ သင်သည်ငါနှင့်တန်၏။ သင်သည်ငါနှင့်မတန် စသည်ဖြင့် ဇာတ်ကိုစွဲ၍ဖြစ်သောစကား၊ အနွယ်ကိုစွဲ၍ ဖြစ်သော စကား၊ မာန်ကိုစွဲ၍ဖြစ်သောစကားကိုမဆိုသင့်၊

ထိုစကားများကို သမီးပေးခြင်း၊ သားယူခြင်းစသော လူမှုကိစ္စများ၌သာ ဆိုသင့်၏။ ဇာတ်, အနွယ်စသည်တို့၌ စွဲလမ်းသူတို့သည် အတုမရှိသော အသိဉာဏ်၊ အကျင့်(ဝိဇ္ဇာစရဏ)မှ ဝေးကုန်၏။ ထိုအစွဲအလမ်းများကို ပယ်နိုင်သူသည်သာလျှင် အတုမရှိသော အသိဉာဏ်အကျင့်နှင့်ပြည့်စုံမှုကို မျက်မှောက်ပြုနိုင်ပါ၏။

အမ္ဗဋ္ဌ. . . ဤလောက၌ မြတ်စွာဘုရား၏တရား၌ သက်ဝင်ယုံကြည်၍ ရဟန်းဘောင်သို့ဝင်ပြီးလျှင် အကျင့်သီလနှင့် ပြည့်စုံအောင်ကျင့်သုံးနေထိုင်၍ ဣန္ဒြေတို့ကိုလုံခြုံအောင် ထိန်းသိမ်းသော အမျိုးကောင်းသားသည် ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်၍ ကမ္မဋ္ဌာန်းသို့ရှေးရှုသတိကိုဖြစ်စေသဖြင့် ကိလေသာကာမဂုဏ်တို့မှ ဆိတ်သုဉ်းသော ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်တို့ကို တစ်ဆင့်ပြီးတစ်ဆင့် ဝင်စား၍နေ၏။

ဤသို့အဆင့်ဆင့်ဈာန်တို့ကို ဝင်စား၍နေခြင်းသည် အကျင့်၊ စရဏနှင့် ပြည့်စုံမှုပင်ဖြစ်ပါသည်။

အမွှန္ဒ. . . တစ်ဖန်ထိုရဟန်းသည် မိမိ၏တည်ကြည်သော စိတ်ကိုဝိပဿနာဉာဏ် အမြင်အလို့ငှာ စိတ်ကိုရှေ့ရှုဆောင်၏။ ညွတ်စေ၏။ ဤဝိပဿနာဉာဏ်အစဉ်သည်လည်း ဝိဇ္ဇာတရား အပေါင်းတွင် တစ်ပါးအပါအဝင်ဖြစ်ပေသည်။ ဤမနောမယဉာဏ် ကဒ္ဓိဝိဓဉာဏ်, ဒိဗ္ဗသောတဉာဏ်, စေတောပရိယဉာဏ်, ပုဗ္ဗေနိဝါသဉာဏ်, စုတုပပါတဉာဏ်, ယထာကမ္မူပဂဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်နှင့် အာသဝက္ခယဉာဏ်သည်လည်း ဝိဇ္ဇာအပေါင်းတွင် တစ်ပါးအပါအဝင် ဖြစ်ပေသည်။

ဤဉာဏ်(၁၀)ပါးတို့သည်လည်း ဝိဇ္ဇာတရားတို့ပင် ဖြစ်ပါသည်။

အမ္ဗဋ္ဌ. . . ဤမျှာန်, အဘိဉာဏ်, ဝိပဿနာဉာဏ် မင်္ဂဖိုလ်နှင့် ပြည့်စုံသော ဤကဲ့သို့သော ရဟန်းမျိုးကို ဝိဇ္ဇာနှင့်ပြည့်စုံသောသူ၊ စရဏနှင့်ပြည့်စုံသောသူ၊ ဝိဇ္ဇာစရဏနှင့်ပြည့်စုံသူဟူ၍ ဆိုအပ်၏။ ဤဝိဇ္ဇာစရဏနှင့် ပြည့်စုံခြင်းထက် သာလွန်နှစ်သက်အပ်၊ မွန်မြတ်သော တစ်ပါးသောဝိဇ္ဇာစရဏနှင့် ပြည့်စုံခြင်းဟူ၍ မရှိပြီ။

အမ္ဗဋ္ဌ. . . ဤအတုမဲ့ ဝိဇ္ဇာစရဏနှင့် ပြည့်စုံခြင်း၌ ပျက်စီးကြောင်းလေးပါးတို့သည် ရှိကြလေ၏။

အမ္ဗဋ္ဌ. . . ဤလောက၌ အချို့သောရဟန်း၊ ပုဏ္ဏားတို့သည် ဤအတုမဲ့ဝိဇ္ဇာစရဏ၏ ပြည့်စုံခြင်းကို မမှီနိုင်သည်ဖြစ်၍

အထူးထူးသော ရသေ့ပရိက္ခရာတို့ဖြင့် ပြည့်သောထမ်းပိုးကို ထမ်း၍ အလိုလိုကြွေကျသောသစ်သီးကို စားသုံးနေထိုင်မည်ဟု တော ကြီးထဲသို့ဝင်၏။

ဤသူသည် စင်စစ်အားဖြင့် ဝိဇ္ဇာစရဏနှင့် ပြည့်စုံသူ၏ အလုပ်အကျွေးမျှသာ ဖြစ်ပါသည်။ ဤသစ်သီးစားရသေ့ပြုလုပ် ခြင်းသည် ပထမပျက်စီးကြောင်းပင် ဖြစ်ပါ၏။

အမ္ဗဋ္ဌ. . . ထိုမှတစ်ပါး အချို့သောရဟန်းပုဏ္ဏားတို့သည် တောသို့ဝင်ပြီး ပေါက်တူးခြင်းတောင်းတို့ကိုယူကာ သစ်ဥ၊ သစ်ဖု သစ်သီးတို့ကိုသာ ရှာဖွေစားသောက်နေ၏။

ဤသို့ပြုလုပ်စားသောက်တတ်သောရသေ့သည်လည်း အတုမဲ့ဝိဇ္ဇာစရဏ ပြည့်စုံခြင်း၏ ဒုတိယပျက်စီးကြောင်းပင် ဖြစ်ပါ၏။

အမ္ဗဋ္ဌ. . . အချို့သောရဟန်းပုဏ္ဏားတို့သည် ရွာ၊ နိဂုံး အနီး၌ မီးတင်းကုတ်ဆောက်လုပ်ပြီးလျှင် မီးကိုလုပ်ကျွေး၍နေ ထိုင်၏။

ထိုပြုလုပ်ခြင်းသည်လည်း အတုမဲ့ဝိဇ္ဇာစရဏနှင့် ပြည့်စုံ ခြင်း၏ တတိယပျက်စီးကြောင်းပင် ဖြစ်ပါ၏။

အမ္ဗဋ္ဌ. . . အချို့သောရဟန်း၊ ပုဏ္ဏားတို့သည် အရပ် လေးမျက်နှာတို့မှလာသော ရဟန်းပုဏ္ဏားတို့ကို ငါသည်စွမ်းအား ရှိသလောက်ပူဇော်အံ့ဆိုပြီး လမ်းလေးခွအဆုံ၌ အပေါက်(၄)ခု ရှိသော အိမ်ကိုဆောက်လျက်နေ၏။

ဤသို့ ပြုလုပ်ခြင်းသည်လည်း အတုမဲ့ဝိဇ္ဇာစရဏနှင့် ပြည့်စုံမှု၏စတုတ္ထပျက်စီးကြောင်းပင် ဖြစ်ပါ၏။

"အမ္ဗဋ္ဌ. . . သင်တို့ဆရာတပည့်သည် ဤအတုမဲ့ဝိဇ္ဇာစရဏနှင့် ပြည့်စုံခြင်းမျိုး၌ တည်နေကြသည်ဟု တွေ့မြင်ရပါ၏လော။"

"အရှင်ဂေါတမ. . . မတွေ့မြင်ရသေးပါ။ အတုမဲ့ဝိဇ္ဇာစရဏနှင့် ပြည့်စုံခြင်းမျိုးမှ အလှမ်းဝေးကြပါသေးသည်။"

ပဿေနဒီကောသလမင်းသည် ဤသို့ဤပုံပြောဆိုသည်ဟု တိုင်ပင်ဆွေးနွေးခြင်းမျိုးကို တိုင်ပင်ဆွေးနွေးရာ၏။

အမ္ဗဋ္ဌ. . . ဤသို့အတုလိုက်၍ ပြုကာမျှဖြင့် ထိုဆင်းရဲသား၊ သူ၏ကျေးကျွန်သည် မင်းတို့၏စကားကိုပြောဆိုသူ၊ မင်းတို့အတိုင်အပင်ကို တိုင်ပင်သူဖြစ်နိုင်ပါမည်လော၊ ဤမျှဖြင့်ထိုသူသည် မင်းသော်လည်းကောင်း၊ မင်းအမတ်သော်လည်းကောင်း ဖြစ်နိုင်ပါမည်လော"

"အရှင်ဂေါတမ. . . ဤသို့ မဖြစ်နိုင်ပါ။"

"အမ္ဗဋ္ဌ. . . ဤဥပမာအတိုင်းပင် ပုဏ္ဏားတို့၏ ရှေ့သွားဖြစ်ကြကုန်သော အဋ္ဌကရသေ့၊ ဝါမကရသေ့၊ ဝါမဒေဝရသေ့၊ဝေဿာမိတ္တရသေ့၊ယမဒဂ္ဂိရသေ့၊ အင်္ဂီရသရသေ့၊ ဘာရဒွါဇရသေ့၊ ဝါသေဋ္ဌရသေ့၊ ကဿပရသေ့၊ ဘဂုရသေ့တို့ ရှိကြသည်၊

ယခုခါ ပုဏ္ဏားတို့ ထိုရသေ့ပြုစုကြကုန်သော ဗေဒင် ကျမ်းရင်းတို့ကို အတုလိုက်၍ နည်းမှီပြု၍ သင်အံပို့ချကြကုန်၏။

"ငါကား ဆရာနှင့်တကွ ထိုဗေဒင်ကို သင်ကာမျှဖြင့် ဗေဒင်ပြုရသေ့(သို့မဟုတ်) ဗေဒင်ပြုရသေ့ဖြစ်ရန်အတွက် ကျင့် ကြံနေသူဖြစ်နိုင်စရာ အကြောင်းမရှိပါပေ။

အမ္ဗဋ္ဌ. . . သင်သည် အသက်ဂုဏ်ကြီးရင့်သော သင်တို့ ၏ဆရာ ပုဏ္ဏားကြီးတို့ထံမှ အဘယ်သို့ကြားဖူးပါသနည်း။ ဗေဒင် တို့ကို တီထွင်ခဲ့ကြသော ရသေ့ဆယ်ယောက်တို့သည် ယခုသင် တို့ဆရာတပည့်ကဲ့သို့ပင် ကောင်းစွာရေချိုး၊ နံ့သာလိမ်း၊ ဆံမုတ် ဆိတ်ရိတ်ဖြတ်ပြုပြင်၊ ပတ္တမြားလက်စွပ်တန်ဆာဆင်ယင်၍ အဝတ်ဖြူကိုဝတ်ရုံကြပြီးလျှင် ရသေ့တို့ကာမဂုဏ်အာရုံငါးပါးကို ခံစားသည်ဟု ကြားဖူးပါသလား"

"အရှင်ဂေါတမ. . . မကြားဖူးပါ"

"အမ္ဗဋ္ဌ. . . ယခုအခါ သင်တို့ဆရာတပည့်သည် ဆန်း မပုပ်(ဆန်ကျိုး)ကို ကောင်းစွာရွေးချယ်၍ စင်ကြယ်သော သလေး(ကောက်ကြီးဆန်) သားပွဲမ်းထမင်းကို ဟင်းလျာများနှင့် စားကြသကဲ့သို့ ရသေ့စားကြသည်ဟု ကြားဖူးပါသလော"

"အရှင်ဂေါတမ. . . မကြားဖူးပါ"

"အမ္ဗဋ္ဌ. . . ယခုအခါ သင်တို့၏ဆရာတပည့်သည် ကိုင်း ညွတ်အောင်တန်ဆာဆင်ထားအပ်သော မိန်းမတို့ကို လုပ်ကျွေး

စေကြ၊ အပြုစုခံကြသကဲ့သို့ ရသေ့တို့မိန်းမတို့အလုပ်အကျွေးကို ခံယူကြသည်ဟု ကြားဖူးပါသလော"

"အရှင်ဂေါတမ. . . မကြားဖူးပါ"

"အမ္ဗဋ္ဌ. . . ယခုအခါ သင်တို့ဆရာ တပည့်သည် အမြီးကို ပြုပြင်စီရင်အပ်ပြီးသော မြည်းမကျသော ရထားတို့ဖြင့် နှင်တံရှည်ကြီးများဖြင့် မောင်းနှင်ကာသွားလာလှည့်ပတ်ကြသကဲ့သို့ ရသေ့တို့လှည့်ပတ်သွားသည်ဟု ကြားဖူးပါသလား"

"အရှင်ဂေါတမ. . . မကြားဖူးပါ"

"အမ္ဗဋ္ဌ. . . ဤအတုမဲ့ ဝိဇ္ဇာစရဏနှင့် ပြည့်စုံခြင်းကို မမှီနိုင်ခဲ့သော် ဝိဇ္ဇာစရဏ ဖျက်ဆီးကြောင်းဖြစ်သော သစ်သီးသစ်ဥ၊ သစ်ဖုစားရသေ့၊ မီးလုပ်ကျွေးသောရသေ့၊ လမ်းဘေးနေရသေ့၊ လာသမျှလူကိုပူဇော်သောရသေ့၊ ဤလေးမျိုးတွင် သင်နှင့်ဆရာတို့သည် တစ်မျိုးမျိုး ကျင့်ကြံနေကြပါသလော"

"အရှင်ဂေါတမ. . . မနေထိုင်မကျင့်ကြံပါ"

"အမ္ဗဋ္ဌ. . . ဤသို့ဆိုလျှက် သင်သည်ဆရာနှင့်တကွ အတုမဲ့ဝိဇ္ဇာစရဏကျင့်စဉ်မှာ ပြည့်စုံမှုမှလည်းယုတ်လျော့၏။ သင်တို့၌ တစ်မျိုးမျိုးမှ မရှိကြသေးပါကလား"

"အမ္ဗဋ္ဌ. . . သင်၏ဆရာဖြစ်သော ပေါက္ခရသာတိပုဏ္ဏားသည် သူကြွယ်သာဖြစ်ကြကုန်သော မည်းနက်သောကဏှာဇာတ်ရှိကြကုန်သော ဗြဟ္မာ၏ခြေဖမိုးမှ ဖြစ်ပွားလာကြကုန်သော ဦးပြည်းကတုံးယုတ်တို့သည် အဘယ်သူတို့တဲ့နည်း"

အမွှ . . . ဝိဇ္ဇာသုံးပါးခေါ် ဗေဒင်သုံးပုံတတ်ပုဏ္ဏားတို့၏ ဆွေးနွေးခြင်းသည် တစ်ခြားစီပင်ဟူသော စကားကိုပြောဆိုခဲ့ဘူး၏။ မိမိမူကား ဝိဇ္ဇာစရဏနှင့် ပြည့်စုံမှု၏ပျက်စီးကြောင်း ရသေးအကျင့်မျိုးကိုပင် မဖြည့်ကျင့်နိုင်ပါဘဲလျက် ဤသို့ပြောဆိုသော သင်၏ဆရာပေါက္ခရသာတိ၏ အမှားကိုလည်း ကြည့်ရှုဆန်းစစ်ပါဦးလော၊

အမွှ . . . ပေါက္ခရသာတိပုဏ္ဏားသည် ပသေနဒီကောသလမင်းကြီး၏ ဆုတော်လာဒ်တော်များကို စားသုံးရသူဖြစ်၏။ သို့ရာတွင် ထိုပသေနဒီကောသလမင်းသည် ပေါက္ခရသာတိပုဏ္ဏားအား မျက်နှာချင်းဆိုင်ခွင့် မပေးချေ။

ပေါက္ခရသာတိပုဏ္ဏားနှင့် တိုင်ပင်သောအခါ၌လည်း အဝတ်ကန့်လန့်ကာခြား၍သာ တိုင်ပင်ပါ၏။ တရားသဖြင့်ဖြစ်သော ဆုလာဘ်တော်တို့ကို ခံယူသူဖြစ်ခဲ့ပါလျှင် သူ့အားပသေနဒီကောသလမင်းသည် မျက်နှာချင်းဆိုင်ခွင့်ကို အဘယ်ကြောင့် မပေးဘဲရှိပါအံ့နည်း။

အမွှ . . . သင်ဆရာ၏ ဤဒုတိယအမှားကိုလည်း လေ့လာဆန်းစစ်ကြည့်ပါဦးလော။

အမွှ . . . ယခုငါပြောမည့်စကားကို သင်အဘယ်သို့ ထင်မြင်မည်နည်း။ ဤကောသလတိုင်း၌ ပသေနဒီကောသလမင်းကြီးသည် ဆင်၏လည်ပင်း၌ဖြစ်စေ၊ မြင်း၏ကျောက်ကုန်း၌

ဖြစ်စေ၊ နေထိုင်လျက် တင်ရှားကျော်စောကြကုန်သော လက်အောက်ခံမင်း၊ မင်းအမတ်ကြီးတို့နှင့် ကိစ္စတစ်စုံတစ်ရာကို တိုင်ပင် ဆွေးနွေးကြပြီးလျှင် ထိုနေရာမှထွက်ခွါ၍ သင့်ရာဤနေရာ၏။

ထို့နောက် ဆင်းရဲသားတစ်ယောက် သူ၏ကျွန်တစ်ယောက်သည် ထိုနေရာ၌ပင် ရပ်တည်၍-

"အမ္ဗဋ္ဌ. . . ယခုခါသင်တို့ဆရာတပည့်သည် ကျီးကိုနက်အောင်တူး၍ တံခါးကြီးများကို စိုက်ထူထားပြီးလျှင် သန်လျက်ရှည်(ဓားရှည်) ကိုင်ယောက်ျားတို့ကို အစောင့်ထားကုန်သကဲ့သို့ ရသေ့တို့ကျုံးတူးပြီး အစောင့်ထားကြသည်ဟု ကြားဖူးပါသလော"

"အရှင်ဂေါတမ. . . မကြားဖူးပါ"

"အမ္ဗဋ္ဌ. . . သင်တို့ဆရာတပည့်သည် ဤသို့ဆိုလျှင် ဝေဒင်ပြုရသေ့မျိုးလည်း မဟုတ်ကြ။ ရသေ့ဖြစ်အောင် ပြုကျင့်နေကြသူများလည်း မဟုတ်ကြပါပေ။"

"အမ္ဗဋ္ဌ. . . ငါဘုရားအပေါ်၌ ယုံမှားသံသယရှိသောသူသည် ငါဘုရားကိုပြဿနာ မေးလျှောက်နိုင်သည်။ ထိုသူအားငါဘုရားသည် ဖြေကြားရှင်းလင်းပေးပါမည်။"

ဗုဒ္ဓက ထိုသို့မိန့်ကြားပြီး ကျောင်းတော်အတွင်းမှ ထွက်၍ စင်္ကြံကြွတော်မူသည်။

အမ္ဗဋ္ဌလုလင်သည် ဗုဒ္ဓစင်္ကြံကြွရာသို့ လိုက်၍နောက်တော်မှ အတူစင်္ကြံသွားလျက် ဗုဒ္ဓ၏မဟာပုရိသ (ယောက်ျားမြတ်)

၏ လက္ခဏာကို မိမိတတ်ထားသောလက္ခဏာပညာဖြင့် ရှာဖွေစူးစမ်းကြည့်သည်။

အမ္ဗဋ္ဌလုလင်သည် အအိမ်ဖြင့်ဖုံးလွှမ်းအပ်သော အင်္ဂါဇာတ်နှင့် ကြီး, ပြန့်သော လျှာတော်လက္ခဏာ(၂)ပါးကို ချန်ထား၍ ကျန်သောမဟာပုရိသလက္ခဏာ (၃၀)တို့ကို တွေ့မြင်ရလေသည်။ ထိုလက္ခဏာ(၂)ပါး၌ ယုံမှားသံသယဖြစ်လျက်ရှိသည်။

ဗုဒ္ဓသည် ထိုအကြောင်းကိုသိတော်မူ၍ ထိုလက္ခဏာ(၂)ပါးကို အမ္ဗဋ္ဌတွေ့မြင်နိုင်အောင် တန်ခိုးဖန်ဆင်း၍ ပြတော်မူသည်၊ လျှာတော်ကိုထုတ်၍ နားပေါက်နှစ်ဘက်တို့ကိုလည်း အပြန်ပြန်အလှန်လှန်သုံးသပ်ပြသည်။ နှာခေါင်းပေါက်နှစ်ခုတို့ကိုလည်း အပြန်ပြန်အလှန်လှန်သုံးသပ်ပြ၏။ နဖူးပြင်တစ်ခုလုံးကိုလည်း လျှာတော်ဖြင့် ဖုံးအုပ်၍ပြတော်မူသည်။

ထိုအခါ အမ္ဗဋ္ဌသည် ရဟန်းဂေါတမသည်ကား ယောကျ်ားမြတ်လက္ခဏာ(၃၂)ပါးတို့နှင့် ပြည့်စုံပေသည်ဟု သိမြင်လေသည်။

"အရှင်ဂေါတမ. . . ကျွန်ုပ်တို့ကို ပြန်ခွင့်ပြုစေလိုပါသည်။ ကျွန်ုပ်တို့မှာ ကိစ္စတာဝန်များလှသူများ ဖြစ်ကြပါသည်။

ထိုအခါ အမ္ဗဋ္ဌနှင့် တပည့်လုလင်တို့သည် ဗုဒ္ဓထံမှ ပြန်လည်ထွက်ခွာလာခဲ့သည်။

ပေါက္ခရသာတိပုဏ္ဏားကလည်း ဥက္ကဋ္ဌမြို့မှထွက်၍ မိမိ၏ ဥယျာဉ်များ၌ များလှစွာသော ပုဏ္ဏားတို့နှင့်အတူ အမ္ဗဋ္ဌပြန်အလာကို စောင့်မျှော်နေမိကြသည်။

အမ္ဗဋ္ဌလုလင်နှင့် လုလင်(၅၀၀)တို့သည် ဥက္ကဋ္ဌာခြဲသို့ ပြန်ရောက်ကြပြီးလျှင် ဆရာပေါက္ခရသာတိပုဏ္ဏားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် သင့်ရာနေရာ၌ထိုင်ကြသည်။

"အမောင်အမ္ဗဋ္ဌ. . . ရဟန်းဂေါတမကို တွေ့ခဲ့ပါ၏လော"

"တွေ့ခဲ့ရပါသည် အရှင်"

"အမောင်အမ္ဗဋ္ဌ. . . အသို့နည်း။ ထိုအရှင်ဂေါတမ၏ ဂုဏ်သတင်းမှာ ထိုဂုဏ်မျိုးထင်ရှားရှိ၍ အမှန်အတိုင်းကျော်စောခြင်းသာ ဖြစ်ပါသလော။ သို့မဟုတ် ထင်ရှားမရှိဘဲ ကျော်စောခြင်းပင် ဖြစ်ပါသလော။ ကျော်စောသည့်အတိုင်း ဟုတ်မှန်ပါသလော၊ တစ်ခြားစီလော"

"အရှင်ဆရာ. . . ထိုအရှင်ဂေါတမ၏ ဂုဏ်သတင်းမှာ ထိုဂုဏ်မျိုးထင်ရှားရှိ၍ အမှန်အတိုင်းထင်ရှားကျော်စောခြင်းသာ ဖြစ်ပါသည်။ ထင်ရှားမရှိဘဲ ကျော်စောခြင်းမဟုတ်ပါ။ ကျော်စောသည့်အတိုင်းလည်း ဟုတ်မှန်ပါသည်။ လက္ခဏာတော်(၃၂)ပါး အလုံးစုံပြည့်စုံသောပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါ၏။"

"အမ္ဗဋ္ဌ. . . ဤသို့ဆိုလျှင် ရဟန်းဂေါတမနှင့်ကော စကားပြောဆိုခဲ့ရပါသေးသလော"

"အရှင်. . . ပြောဆိုခဲ့ရပါသည်။"

"အဘယ်စကားတို့ဖြင့် ပြောဆိုခဲ့ရပါသနည်း"

ထိုအခါ အမ္ဗဋ္ဌလုလင်သည် ဗုဒ္ဓနှင့် မိမိတို့စကားပြောခဲ့ရပုံ အကြောင်းစုံကို အစုံအလင်အစီရင်ခံ ပြောပြသည်။

“အချင်းတို့. . . ကျွန်ုပ်တို့၏ပညာရှိခြင်း၊ အကြားအမြင်များခြင်း၊ ဝိဇ္ဇာသုံးပါးခေါ် ဗေဒင်သုံးပုံကတတ်ကျွမ်းခြင်းတို့သည် စိတ်ပျက်ဖွယ်ကောင်းလေစွ”

အမွှေ. . . သင်ကဲ့သို့ပင် အရှင်ဂေါတမကို ထိပါးပုတ်ခတ်၍ ပြောဆိုပြုမူသော ယောက်ျားသည် အကုသိုလ်များသူတို့ ပျက်စီး၍ကျရာအပါယ်ငရဲသို့ လားရောက်ပေရသည်။ စင်စစ်အားဖြင့် အရှင်ဂေါတမသည် ကျွန်ုပ်တို့ကိုပင် ဥပမာဆောင်၍ ပြောဆိုခဲ့ရတော့သည်။

အို. . . အချင်းတို့ ကျွန်ုပ်တို့၏ ပညာရှိခြင်း၊ အကြားအမြင်များခြင်း၊ ဝိဇ္ဇာသုံးပါးခေါ် ဗေဒင်သုံးပုံတတ်ကျွမ်းခြင်းတို့သည် စိတ်ပျက်ဖွယ်ကောင်းလေစွ။

ပေါက္ခရသာတိပုဏ္ဏားသည် ဤသို့ပြောဆိုမြည်တမ်း၍ အမျက်ဒေါသထွက်ကာ စိတ်နှလုံးမသာမယာဖြစ်ပြီး အမွှေလုလင်ကို ခြေဖြင့်သာ ကန်ကျောက်လဲကျစေသည်။

ပေါက္ခရသာတိပုဏ္ဏားသည် ဗုဒ္ဓထံသို့ချက်ချင်းသွား၍ ဖူးမြင်လိုသောဆန္ဒ ဖြစ်ပေါ်နေသည်။

“အရှင်. . . ယနေ့ကား အချိန်မရှိတော့ပြီ၊ နက်ဖြန်၌ အရှင်သည် ရဟန်းဂေါတမကို ဖူးမြင်ရပါလိမ့်မည်။”

အတူတူပါလာကြသော ပုဏ္ဏားတို့က ပြောဆိုတောင်းပန်ကြသဖြင့် ချက်ချင်းမသွားသေးဘဲ မိမိအိမ်၌ ခဲဘွယ်၊ ဘောဇဉ်

များကို အသင့်စီမံထားသည်။ နံနက်စောစော မီးတိုင်များကို ထွန်းညှိကိုင်ဆောင်စေပြီး ယဉ်စီးကာဗုဒ္ဓထံသို့ လာခဲ့လေသည်။

ဗုဒ္ဓထံသို့ရောက်သော် ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကားပြောဆိုပြီး သင့်ရာနေရာ၌ ထိုင်သည်။

"အရှင်ဂေါတမ. . . ကျွန်ုပ်၏ဝါပည့်အမ္ဗဋ္ဌ ဤအရပ်သို့ ရောက်ရှိလာခဲ့ပါသလော"

"ပုဏ္ဏား. . . ရောက်ရှိလာပါ၏"

"အရှင်ဂေါတမ. . . အမ္ဗဋ္ဌနှင့် စကားပြောဆိုတော်မူရပါသေးသလော"

"ပုဏ္ဏား. . . ပြောဆိုရပေ၏"

"အဘယ်သို့ပြောဆိုတော်မူရပါသနည်း"

ဗုဒ္ဓက အမ္ဗဋ္ဌစကားပြောဆိုပုံ အကြောင်းစုံကို ပြန်လည်မိန့်ကြားတော်မူသည်။

"အရှင်ဂေါတမ. . . အမ္ဗဋ္ဌလုလင်သည် မိုက်မဲလှပါသည်။ အမ္ဗဋ္ဌလုလင်အား သည်းခံပေးတော်မူပါ"

"ပုဏ္ဏား. . . အမ္ဗဋ္ဌလုလင်သည် ချမ်းသာနှင့် ပြည့်စုံစေ"

ထို့နောက် ပေါက္ခရသာတိပုဏ္ဏားကြီးသည် မိမိကိုယ်တိုင် ဗုဒ္ဓ၌မဟာပုရိသလက္ခဏာကို ရှာဖွေစုံစမ်းပြန်ရာ ဗုဒ္ဓကအမ္ဗဋ္ဌကို ပြသည့်နည်းတူ မမြင်နိုင်သော လက္ခဏာနှစ်ပါးကို တန်ခိုးဖြင့် ပြတော်မူလေသည်။

ပေါက္ခရသာတိပုဏ္ဏားသည် ဗုဒ္ဓ၌မဟာပုရိသလက္ခဏာ (၃၂)ပါးပြည့်စုံသည်ကို တွေ့မြင်ရသော် ဘုရားအမျိုးရှိသော သံဃာတော်များကို မိမိ၏အိမ်သို့ ယနေ့အတွက်ဆွမ်းကို အလှူခံပေးပါရန် လျှောက်ထားသည်။ ဗုဒ္ဓက ဆိတ်ဆိတ်နေ၍ သည်းခံခွင့်ပြုတော်မူသည်။

ထိုနေ့နံနက်တွင် ဗုဒ္ဓသည်သံဃာအပေါင်းနှင့်အတူ ပေါက္ခရသာတိပုဏ္ဏားအိမ်သို့ ကြွရောက်၍ဆွမ်းဘုဉ်းပေးတော်မူသည်။

ပေါက္ခရသာတိပုဏ္ဏားကြီးသည် ဗုဒ္ဓကိုကိုယ်တော်တိုင် ဆွမ်းလုပ်ကျွေးပြုစုသည်။

ဗုဒ္ဓဆွမ်းစားပြီးသောအခါ ပေါက္ခရသာတိပုဏ္ဏားကြီးသည် ဘုရားရှင်အနီး သင့်ရာနေရာ၌ ထိုင်လေသည်။

ထိုအခါ ဗုဒ္ဓကပေါက္ခရသာတိပုဏ္ဏားကြီးအား ဒါနတရား သီလတရား နတ်ပြည်တရား ကာမဂုဏ်၏အပြစ်၊ ကာမဂုဏ်မှ ထွက်မြောက်မှု၏အကျိုးများကို အစဉ်အတိုင်းဟောပြတော်မူသည်။

ထို့နောက် နိဝရဏကင်း၍ တက်ကြွကြည်လင်လျက် မင်-ဖိုလ်နှင့် လျော်သောစိတ်မျိုး နူးညံ့သောစိတ်မျိုးဖြစ်ပေါ်လာပြီဟု သိရသောအခါ ဗုဒ္ဓကမိမိ၏ မိမိကိုယ်တိုင်သိရှိထားသော အမှန်အားဖြင့် ဆင်းရဲသောတရား (ဒုက္ခသစ္စာ)၊ အမှန်အားဖြင့် ဆင်းရဲကြောင်းဖြစ်သောတရား(သမုဒယသစ္စာ)၊ အမှန်အားဖြင့် ဘဏ္ဍာချုပ်ကြောင်းတရား(နိရောဓသစ္စာ)၊ အမှန်အားဖြင့် နိဗ္ဗာန်

ရောက်ကြောင်းအကျင့်လမ်းစဉ် (မဂ္ဂသစ္စာ) ဟူသောသစ္စာလေးပါးတို့ကို ဟောကြားတော်မူလေသည်။

ထိုအခါ ပေါက္ခရသာတိပုဏ္ဏားကြီးအား ဥပမာအားဖြင့် အမည်းအစွန်းမရှိသော သန့်ရှင်းသောအဝတ်သည် ဆိုးသောအရောင်ကိုကောင်းစွာခံယူသကဲ့သို့ ပေါက္ခရသာတိပုဏ္ဏားကြီးသည် ထိုနေရာမှာပင် ဖြစ်ခြင်းသဘောရှိသောတရားသည် ပျက်ခြင်း၊ ချုပ်ခြင်းသဘောရှိကြသည်ဟု မြူအညစ်အကြေးကင်းသော သောတပတ္တိမဂ်မျက်စိ ဖြစ်ပေါ်လာတော့သည်။

ထိုအခါ ပေါက္ခရသာတိပုဏ္ဏားကြီးသည် တရားအမှန်ကို မြင်ပြီး ရရှိပြီး၊ သိပြီး၊ သက်ဝင်ပြီးဖြစ်၍ ယုံမှားတွေးတောခြင်းများ လွန်မြောက်ပြီးဖြစ်၍ သာသနာတော်၌ ရဲရင့်ယုံကြည်ပြီးဖြစ်၍ ဗုဒ္ဓမှတစ်ပါးမည်သည့်ဆရာကိုမျှ မယုံကြည်နိုင်သည်ဖြစ်၍ ဗုဒ္ဓကို-

"အရှင်ဂေါတမ. . . အလွန်နှစ်သက်ဖွယ်ရှိပါ၏။ ဥပမာအားဖြင့် မှောက်၍ထားအပ်သောအရာကို လှန်ပြသကဲ့သို့ ဖုံးကွယ်၍ထားအပ်သောအရာကိုဖွင့်၍ ပြသကဲ့သို့ မျက်စိလည်လမ်းမှားသူအား ခရီးလမ်းမှန်ကိုညွှန်ကြားသကဲ့သို့ မျက်စိအမြင်ရှိနေသူသည် ရူပါရုံတို့ကို မြင်ရလိမ့်မည်ဟူသောသဘောဖြင့် အမိုက်မှောင်ထဲ၌ ဆီမီးကိုညှိထွန်း၍ ထားသကဲ့သို့ ဤအတူသာလျှင် အရှင်ဂေါတမသည် များစွာသောအကြောင်းဖြင့် ကျွန်ုပ်အားတရားဓမ္မကို ပြသပေးတော်မူပါ၏။"

ကျွန်ုပ်သည် သားသမီး၊ ဇနီး၊ မျှမတ်ပရိသတ်နှင့်တကွ ဗုဒ္ဓနှင့်ဓမ္မ၊ သံဃာကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ အရှင်ဂေါတမသည် ယနေ့မှအစပြု၍ ကျွန်ုပ်ကိုရာသက်ပန် သရဏဂုံဆောက်တည်သော ဥပါသကာဟူ၍ သိမှတ်တော်မူပါ။

အရှင်ဂေါတမသည် ဥက္ကဋ္ဌမြို့၌ အခြားဥပါသကာအိမ်များသို့ ချဉ်းကပ်တော်မူသကဲ့သို့ ပေါက္ခရသာတိအိမ်သို့လည်း ချဉ်းကပ်တော်မူပါဘုရား။

ထိုသို့ချဉ်းကပ်ကြွရောက်တော်မူရာ၌ သူငယ်၊ သူငယ်မတို့သည် ရှိခိုးကြပါလိမ့်မည်။ ခရီးဦးကြို ပြုကြပါလိမ့်မည်။ နေရာထိုင်ခင်း၊ ခြေဆေးရေ၊ သောက်ရေတို့ကို ပေးလှူကြပါလိမ့်မည်။ စိတ်ကိုသော်လည်း ကြည်လင်စေကြပါလိမ့်မည်။ ထိုအမှုအရာတို့သည် ထိုသူငယ်၊ သူငယ်မတို့အတွက် အရှည်အကြာစီးပွားချမ်းသာရဖို့ ဖြစ်ကြပါလိမ့်မည် ဘုရား။

“ပုဏ္ဏား . . . သင်သည်စကားကောင်းကို ပြောဆိုခြင်းပင် ဖြစ်ပေတော့သည်။”

ဤသို့လျှင် ပေါက္ခရသာတိပုဏ္ဏားကြီးနှင့်အတူရှိပုဏ္ဏားတို့သည် တရားအစစ်၊ ဓမ္မအနှစ်ကို သိရှိခံစားကြရတော့သည်။

**ကျမ်းကိုး- ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ္ဂ၊ အမ္ဗဋ္ဌသုတ်**

**( အနော်မာမဂ္ဂဇင်း အမှတ်-၇၅ )**

## ၃။ ခြိုးခြံ၍ပြင်းထန်သောအကျင့်ပူကို ကဲ့ရဲ့သလော

ဗုဒ္ဓသည် ဥရုညာပြည်၊ ဥရုညာမြို့ ကဏ္ဏကတ္ထလဘေးမဲ့ပေးရာကုန်း၌ သီတင်းသုံးနေစဉ် ဖြစ်သည်။

ထိုအခါ အဝတ်မဝတ်သော ကဿပတက္ကတွန်းသည် ဗုဒ္ဓထံသို့ရောက်လာပြီး-

“အရှင်ဂေါတမ. . . အရှင်ဂေါတမသည် အသက်မွေးမှု ခေါင်းပါးစွာကျင့်နေကြသော အကျင့်ကိုပြင်းထန်စွာ ကျင့်နေကြသူများမှန်သမျှကို ကဲ့ရဲ့၏။ ထိုပုဂ္ဂိုလ်များကို စွပ်စွဲ၏ဟု ကျွန်ုပ်ကြားရပါသည်။ ထိုပုဂ္ဂိုလ်များ၏ပြောကြားချက်သည် အမှန်ပါလော၊ သို့မဟုတ် အရှင်ဂေါတမကို မမှန်သောစကားဖြင့် စွပ်စွဲကြသူများလော၊ တရားအမှန်ကို ပြောကြားသူများဖြစ်ကြပါသလော၊ ထိုစကားကို တဆင့်ပြောကြားသောသူများသည် မမှန်သည်ကို ပြောကြားသည်ဟု အကဲ့ရဲ့ခံရမည့်အားသို့ မရောက်ဘဲရှိပါမည်လော၊ ကျွန်ုပ်တို့ကား အရှင်ဂေါတမကို မကဲ့ရဲ့မစွပ်စွဲလိုကြပါကုန်”

ဟု ဗုဒ္ဓကိုပြဿနာတင်၍ မေးလေသည်။

“ကဿပ. . . ထိုစကားမျိုးကို ပြောဆိုသောသူတို့သည် ငါဗုဒ္ဓပြောဆိုလိုရင်းစကားကို ပြောကြားသူများမဟုတ်ကြကုန်၊ ငါဗုဒ္ဓကိုမဟုတ်မမှန် ထင်ရှားမရှိသောစကားဖြင့် စွပ်စွဲပြောကြားသူများသာ ဖြစ်ကြပါသည်။

"ကဿပ. . . ငါဘုရားသည် ဤလောက၌ ခေါင်းပါးသော အသက်မွေးမှုရှိလျက် အပူတပြင်းကျင့်ကြ၍ သေလွန်သောအခါ အပါယ်လေးပါးရောက်ရသူ၊ နတ်ရွာသုဂတိသို့ လားရောက်ရသူများကို ဒိဗ္ဗစက္ခုဉာဏ်ဖြင့် သိမြင်တော်မူသည်။

ဤသို့လျှင် ဤအပူတပြင်း ကျင့်သူတို့၏ လားရာစုတေရာ ပဋိသန္ဓေတစ်ဖန်နေရာတို့ကို သိမြင်တော်မူပါလျက် ငါဘုရားသည် အကျင့်ပူ-အကျင့်ပြင်းမှန်သမျှကို အဘယ်ကြောင့်ကဲ့ရဲ့တော်မူပါမည်နည်း။ ခေါင်းပါးသော အသက်မွေးမှုရှိ၍ အပူတပြင်းကျင့်သုံးသူအားလုံးကို အဘယ်ဟုလျှင် စွပ်စွဲဆဲရေးတော်မူပါမည်နည်း"

"ကဿပ. . .သူတစ်ပါးတို့၏ အယူဝါဒတို့ကို မိမိ၏ ပညာအစွမ်းဖြင့် ဖျက်ဆီးသကဲ့သို့ လှည့်လည်သွားလာကြကုန်သော ဝါလဝေမိလေးသမားပမာ သူတစ်ပါးတို့အား ဝါဒတင်တတ်ကုန်သော သိမ်မွေ့နက်နဲသည့်ပညာရှိ အချို့တို့ရှိကြ၏။

ထိုပညာရှိတို့နှင့် အချို့သောဆရာတို့၌ ငါဘုရားသည် အယူဝါဒညီညွတ်တော်မူ၏။ အချို့ဆရာတို့၌ကား ညီညွတ်ခြင်းမရှိပေ ထိုပညာရှိတို့သည် အချို့ကိုငါးပါးသီလကောင်းမြတ်သည်ဟု ဆိုကြကုန်၏။ ငါဘုရားသည်လည်း ထိုငါးပါးသီလကို ကောင်းမြတ်သည်ဟုပင် မိန့်ဆိုပါ၏။

အချို့ကို အကုသိုလ်ရန်ငါးပါးကို မကောင်းမြတ်ဟု ဆိုကြကုန်၏။ ထိုအရာအချို့ကို ငါဘုရားကလည်းမကောင်းဟူ၍

မိန့်ဆိုပါ၏။ အချို့သောအရာကို ငါဗုဒ္ဓကကောင်းမြတ်သည်ဟု မိန့်ဆိုပါ၏။

ငါဗုဒ္ဓသည် ထိုပညာရှိများကိုချဉ်းကပ်၍ အချင်းတို့မညီမညွတ်သောအရာကို ထားလိုက်ပါဦး၊ ညီညွတ်သောအရာတို့၌သာ ဆရာအချင်းချင်း တပည့်အချင်းချင်း နှိုင်းယှဉ်၍ ဤအကုသိုလ်တရားတို့ကို အဘယ်ပုဂ္ဂိုလ်သည် အကြွင်းမဲ့ပယ်စွန့်၍ ကျင့်ကြပါသနည်းဟု ပညာရှိတို့စစ်ဆေးကြည့်ရှုကြစေလိုပါသည်။

"ကဿပ. . . ဖြစ်နိုင်စရာ အကြောင်းရှိသည်မှာ အကုသိုလ်မကောင်းမှုဟု သဘောတူကြသော တရားများရှိရာ ငါဗုဒ္ဓသည်ပင် ထိုအကုသိုလ်တရားအားလုံးကို အကြွင်းမရှိအောင် ပယ်ရှား၍ကျင့်သလော၊ အခြားဂိုဏ်းဆရာတို့ပင် အကုသိုလ်တရားအားလုံးကို အကြွင်းမရှိအောင်ပယ်ရှား၍ ကျင့်သလော စိစစ်ဝေဖန်လျှင် အများအားဖြင့် ငါဗုဒ္ဓကိုသာ ချီးမွမ်းကြပါလိမ့်မည်။

ကုသိုလ်ကောင်းမှုဟု သဘောတူညီကြသောတရားများလည်းရှိရာ ထိုကုသိုလ်တရားအားလုံးကို အကြွင်းအကျန်မရှိအောင် ဆောက်တည်၍ငါဗုဒ္ဓသည်ပင် ကျင့်သလော၊ အခြားဂိုဏ်းဆရာတို့သည်ပင် ကျင့်သုံးကြသလောဟု စိစစ်ဝေဖန်လျှင် အများအားဖြင့် ငါဗုဒ္ဓကိုသာ ချီးမွမ်းကြပါလိမ့်မည်။

ထိုအတူပင် အကြိုက်ညီသတ်မှတ်ကြသော အကုသိုလ်တရားများကို အကြွင်းအကျန်မရှိအောင် ပယ်ရှား၍ငါဗုဒ္ဓ၏

တပည့်သားသာဝကသည်ပင် ကျင့်သုံးသလော၊ အခြားဂိုဏ်းဆရာတို့၏ တပည့်သာဝကသည်ပင် ကျင့်သုံးသလောဟု စိစစ်ဝေဖန်လျှင် တပည့်ကိုအကြောင်းပြု၍ အများအားဖြင့် ငါဗုဒ္ဓကိုပင် ချီးမွမ်းကြလိမ့်မည်။

အကြိုက်ညီသတ်မှတ်ထားသော ကုသိုလ်ကောင်းမှုတရားများကို အကြွင်းအကျန်မရှိအောင် ဆောက်တည်၍ ငါဗုဒ္ဓ၏ တပည့်သာဝကသည်ပင် ကျင့်သုံးသလော၊ အခြားဂိုဏ်းဆရာတို့၏ တပည့်သာဝကများပင် ကျင့်သုံးသလော စိစစ်ဝေဖန်လျှင် တပည့်ကိုအကြောင်းပြု၍ အများအားဖြင့် ငါဘုရားကိုသာချီးမွမ်းကြလိမ့်မည်။

"ကဿပ . . . အကျင့်လမ်းစဉ်တစ်ခု ရှိပေသည်။ ထိုအကျင့်လမ်းစဉ်အတိုင်း ကျင့်ကြံအားထုတ်သောသူသည် ရဟန်းဂေါတမကား ခေတ်ကာလနှင့်ကိုက်ညီသော ဝါဒရှိသူ၊ မှန်ကန်တိကျသောဝါဒရှိသူ၊ တရားလမ်းမှန်ကျသောဝါဒရှိသူ၊ ကိုယ်, နှုတ်, စိတ်ကိုဆုံးမသောဝါဒရှိသူ ဖြစ်သည်ဟု ကိုယ်ကိုပင်လျှင် သိမြင်လာလိမ့်မည်။

ကဿပ. . . ထိုအကျင့်လမ်းစဉ်မှာ အမြင့်မှန်၊ အကြံမှန် စကားမှန်၊ အလုပ်မှန်၊ အသက်မွေးမှန်၊ လုံ့လမှန်၊ သတိမှန်၊ တည်ကြည်မှုမှန်ဟူသော မြတ်သောမဂ္ဂင်ရှစ်ပါးအကျင့်များ ဖြစ်ကြသည်။

"အရှင်ဂေါတမ. . . အဝတ်မဝတ်ဘဲ ရပ်လျက်ကျင်ကြီးကျင်ငယ်စွန့်ခြင်း၊ လက်ဖြင့်ကျင်ကြီးကိုသုတ်ခြင်း၊ အရှင်ကြွပါဆိုသော်မကြွခြင်း၊ အရှင်. . . ရပ်ပါဦးဆိုသော် မရပ်ခြင်း၊ လက်ဦးစွာစောင့်ယူလှူဒါန်းသည်ကို မခံယူခြင်း၊ ရည်ညွှန်းလှူဒါန်းသည်ကို မခံယူခြင်း၊ ပင့်ဖိတ်ခြင်းကိုလက်မခံခြင်း၊ အိုးမှခူးယူ၍လှူသည်ကို မခံယူခြင်း၊ ဆွမ်းတောင်းမှ အကော်အခူးပြု၍ လှူသည်ကို မခံယူခြင်း၊ တံခါး၊ ခုံ၊ တုတ်၊ ကျည်ပွေ့တို့ကို ကျော်လျက်လှူလျှင် အကျော်ခံရရာ၍ အလှူမခံခြင်း၊ နှစ်ယောက်ထမင်းစားရာမှ တစ်ယောက်ယောက်ထ၍ လှူလျှင်ထမင်းလုပ်အန္တရာယ်ဖြစ်၍ အလှူမခံခြင်း၊ ကိုယ်ဝန်ဆောင်မိန်းမထ,၍လှူလျှင် ဝမ်းတွင်းရှိ ကလေးဆင်းရဲ၍ အလှူမခံခြင်း၊ နို့စို့ကလေးရှိသောမိန်းမထ၍လှူလျှင် နို့စို့ကလေး နို့စို့အန္တရာယ်ဖြစ်၍ အလှူမခံခြင်း ယောက်ျားနှင့် မေ့လျော်ဆဲမိန်းမထ,၍လှူလျှင့် မေ့လျော်ခြင်းအန္တရာယ်ဖြစ်၍ အလှူမခံခြင်း၊ အံမျှားစုပေါင်း၍လှူလျှင် အလှူမခံခြင်း၊ ခွေးမျှော်နေရာ၌ ခွေးကိုမကျွေးဘဲလှူလျှင် အလှူမခံခြင်း၊ ယင်အုံနေသောဆွမ်းကို အလှူမခံခြင်း၊ ငါး၊ အမဲ သေအရက်စိမ်ရည်တို့ကို မသောက်၍အလှူမခံခြင်း။

တစ်အိမ်သာ ဆွမ်းခံ၍တစ်လုပ်သာစားခြင်း နှစ်အိမ်၊ သုံးအိမ်၊ လေးအိမ်၊ ငါးအိမ်၊ ခြောက်အိမ်၊ ခုနစ်အိမ် စသည်ဖြင့် ဆွမ်းခံသော အိမ်အရေအတွက်အလိုက် ဆွမ်းလုပ်ကိုစားခြင်း၊

ခွက်ငယ်တစ်ခွက်စာမျှသာ ဆွမ်းဖြင့်မျှတခြင်း၊ ရောင့်ရဲခြင်း၊ တစ်ရက်ခြားတစ်ကြိမ်စားခြင်း၊ တစ်ပတ်ခြားတစ်ကြိမ်စားခြင်း၊ တစ်ဆယ့်ငါးရက်ခြား တစ်ကြိမ်စားခြင်း၊

ဟင်းရွက်စိမ်းကိုစားခြင်း၊ ဆန်စိမ်း၊ ကျိတ်ခပ်ခေါ်မြက်သီးစိမ်းစားခြင်း၊ သားရေနယ်သမားတို့ပစ်ထားသော သားရေဖတ်ကိုစားခြင်း၊ ရေမှော်ကိုသာစားခြင်း၊ ဆန်ကွဲကိုသာစားခြင်း၊ စွန့်ပစ်သောထမင်းချိုးကိုသာစားခြင်း၊ နှမ်းဖတ်ကိုစားခြင်း၊ နှမ်းကိုစားခြင်း၊ သစ်သီးကိုစားခြင်း၊ နွားချေးကိုစားခြင်း၊ တောသစ်မြစ်၊ သစ်သီးကိုစားခြင်းတို့ဖြင့် အစားအစာ၌ ခေါင်းပါးစွာကျင့်ခြင်း။

ဝတ်ဆင်ရာ၌ ပိုက်ဆံချည်အဝတ်ကိုဝတ်ခြင်း၊ ချည်အမျိုးမျိုးရောသောအဝတ်ကိုဝတ်ခြင်း၊ လူသေလွှမ်းသောအဝတ်တို့ကိုဝတ်ခြင်း၊ မြေ၌ပစ်ထားသောပံ့သကူအဝတ်ကိုဝတ်ခြင်း၊ လျှော်တေအဝတ်ကိုဝတ်ခြင်း၊ သစ်နက်ရေ (သမင်ရေ)ကိုဝတ်ခြင်း၊ မျဉ်ချပ်အဝတ်ကိုဝတ်ခြင်း၊ လူဆံပင်ဖြင့်ရက်သောအဝတ်ကိုဝတ်ခြင်း၊ မြင်းမြီးကမ္ဗလာကိုဝတ်ခြင်း၊ ဇီးကွက်ငှက်တောင်အဝတ်ကိုဝတ်ခြင်း၊ ခေါင်းပါးသောအဝတ်ကို ဝတ်ဆင်သည်။

ဆံပင်၊ မုတ်ဆိတ်ကိုမရိပ်ဘဲ နှုတ်ပစ်ခြင်း၊ ဖနောင့်ဖြင့်သာရပ်၍နေခြင်း၊ ဆောင့်ကြောင့်ထိုင်၍သာသွားလာနေထိုင်ခြင်း၊ ဆူးပေါ်၌သားရေနှယ်ခင်း၍ သွားလာနေထိုင်ခြင်း၊ မျဉ်ချပ်၌အိပ်ခြင်း၊ နံပါးတစ်ဘက်ဖြင့်သာအိပ်ခြင်း၊ မြူမှုန့် ဖုန်အညစ်

အငှကြေးကိုဆောင်ခြင်း၊ အမိုးအကာမရှိသော လဟာပြင်၌နေခြင်း၊ ဒကာတို့လှူစဉ်ကခင်းခဲ့သောအတိုင်းသာ မရွေ့မပြောင်းဘဲ အခင်းပေါ် ၌နေထိုင်ခြင်း၊ ကျင်ကြီး(မစင်)ကိုစားခြင်း၊ ရေအေးကိုမသောက်ခြင်း၊ တစ်နေ့သုံးကြိမ်ရေသို့ဆင်း၍ မကောင်းမှုမျှောခြင်း၊ ဤအကျင့်များသည် ရဟန်း၊ ပုဏ္ဏားတို့၏ ရဟန်းကျင့် ပုဏ္ဏားကျင့်တို့ ဖြစ်ပါသည်။

"ကဿပ. . . ဤအကျင့်များကိုကျင့်ကာမျှဖြင့် သီလ၏ပြည့်စုံမှု၊ တည်ငြိမ်သောသမာဓိ၏ပြည့်စုံမှု၊ ဝိပဿနာမဂ်-ဖိုလ်ပညာတို့၏ပြည့်စုံမှုများကို ပွားများအားထုတ်ခြင်း မဖြစ်နိုင်ပါ။ ထိုသီလ၊ စိတ်၊ ပညာတို့ကို မျက်မှောက်မပြုနိုင်ပါ။ အမှန်စင်စစ်ရဟန်းတရားမှ အလွန်ဝေးကွာလှပါသေးသည်။

ကဿပ. . . တစ်ပါးသောရဟန်းသည် အမျက်ထွက်ခြင်း၊ စိတ်မချမ်းသာခြင်းတို့မရှိသော မေတ္တာစိတ်ကိုပွားများ၏။ အာသဝေါတရားတို့ကုန်ခမ်းခြင်းကြောင့် အာသဝေါတရားမရှိသော စိတ်၏ကိလေသာတို့မှလွတ်ရာ၊ ပညာဖြင့်ကိလေသာတို့မှလွတ်ရာ၊ အရဟတ္တဖိုလ်ကိုမျက်မှောက်ပြု၍နေထိုင်၏။ ထိုရဟန်းမျိုးကိုသာ ရဟန်းစစ်၊ ဗြဟ္မဏစစ်ဟု ခေါ်ဆိုအပ်ပါသည်။

"အရှင်ဂေါတမ. . . သမဏ(ရဟန်း)တရား၊ ဗြဟ္မဏ (ပုဏ္ဏား)တရားတို့မှာ ခဲယဉ်းလှပါတကား"

"ကဿပ. . . လောက၌ သမဏ၊ ဗြဟ္မဏတရားမှာ ပင်ကိုယ်သဘောအားဖြင့် ခဲယဉ်းခြင်းဖြစ်ပေသည်။ အဝတ်မဝတ်ခြင်းစသော အကျင့်ပူများကို ပြုကျင့်အားထုတ်မှုမျှဖြင့် ခဲယဉ်းခြင်းဖြစ်ခဲ့ပါမူ သမဏတရား၊ ဗြဟ္မဏတရားမှာ ခဲယဉ်းသည်ဟု မဆိုထိုက်ပါ။ အကြောင်းမှာ သူကြွယ်ဖြစ်စေ၊ သူကြွယ်၏သား ဖြစ်စေ၊ အယုတ်ဆုံးအိုးထိန်းသည်တို့၏ ကျွန်မပင်ဖြစ်စေ

"ငါသည် ယခုပင် အဝတ်မဝတ်ဘဲနေတော့မည် စသည် ဖြင့် ထိုအကျင့်မျိုးကို ပြုကျင့်နိုင်ရာသည်"

"ကဿပ. . . သမဏ၊ ဗြဟ္မဏတရားအကျင့်မှာ ဤ အဝတ်ကိုမဝတ်ခြင်းစသောအကျင့်ပူများကို ပြုကျင့်အားထုတ်မှု နှင့် တစ်ခြားစီသာဖြစ်၍ ခဲယဉ်းခြင်းဖြစ်ပေသည်။

ထို့ကြောင့်ပင် သမဏ၊ ဗြဟ္မဏတရားတို့မှာ အလွန်ခဲ ယဉ်းသည်ဟု ဆိုထိုက်ခြင်းဖြစ်ပါသည်။

"အရှင်ဂေါတမ. . . သမဏ၊ ဗြဟ္မဏအစစ်မှာ အသိခက် လှပါတကား၊"

"ကဿပ. . . လောက၌ သမဏ၊ ဗြဟ္မဏအစစ်မှာ ပင်ကိုယ်သဘောအားဖြင့် အသိခက်ခြင်းဖြစ်ပေသည်။ အဝတ် မဝတ်ခြင်းစသော အကျင့်ပူများကို ပြုကျင့်အားထုတ်မှုဖြင့် အသိ ခက်ခြင်းဖြစ်ခဲ့ပါမူ သမဏ၊ ဗြဟ္မဏမှာ အသိခက်သည်ဟု မဆို ထိုက်ပါချေ။

အကြောင်းမူကား သူကြွယ်ဖြစ်စေ၊ သူကြွယ်သားဖြစ်စေ အယုတ်ဆုံးအိုးထိန်းသည်တို့၏ ကျွန်မဖြစ်စေ၊ ဤသူသည်အဝတ် မဝတ်ဘဲနေသည်ဟု အလွယ်တကူသိနိုင်ပါသည်။

"ကဿပ. . . သမဏ၊ ဗြာဟ္မဏဖြစ်မှုမှာ ဤအဝတ်၊ မဝတ်ခြင်းစသော အကျင့်ပူများကို ပြုကျင့်အားထုတ်မှုဖြင့် တစ်ခြားစီသာဖြစ်၍ အသိခက်ခြင်းဖြစ်ပါသည်။ သို့အတွက် ဤသမဏ ဗြာဟ္မဏမှာ အမှန်အသိခက်သည်ဟု ဆိုထိုက်ပါ၏။

"အရှင်ဂေါတမ. . . သီလနှင့်ပြည့်စုံခြင်း၊ တည်ကြည်မှု စိတ်နှင့်ပြည့်စုံခြင်း၊ ပညာနှင့်ပြည့်စုံခြင်းတို့မှာ အဘယ်အရာတို့ ဖြစ်ကြပါသနည်း။"

"ကဿပ. . . အခြေခံသီလသုံးပါးဖြစ်သော ကာယကံ၊ ဝစီကံ၊ မနောကံ၊ သီလသုံးပါး၊ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်ဟူသော ဣန္ဒြေခြောက်ပါး၌ လုံခြုံသောတံခါးရှိခြင်း၊ မှတ်ခြင်း၊ သိခြင်း၊ ရောင့်ရဲလွယ်ခြင်းသည် သီလနှင့်ပြည့်စုံခြင်း ဖြစ်ပေသည်။

ကဿပ. . . ဤသို့သီလနှင့်ပြည့်စုံ၍ သမထတရားဟူသော ကမ္မဋ္ဌာန်းတရားတို့ကိုအားထုတ်ရာ ပဌမဈာန်၊ ဒုတိယဈာန်၊ စတုတ္ထဈာန်တို့ကို ရရှိပြည့်စုံစေခြင်းသည် တည်ကြည်မှု (သမာဓိ) ပြည့်စုံခြင်းဖြစ်ပါသည်။

ကဿပ. . . ဤသို့ဈာန်သမာပတ်ကို ရရှိပြီးနောက် ဝိပဿနာဉာဏ်အမြင်စသော ဉာဏ်(၁၀)ပါးတို့နှင့် ပြည့်စုံခြင်းသည် ပညာနှင့်ပြည့်စုံခြင်းဖြစ်သည်။

ဤသီလ, သမာဓိ, ပညာတို့ထက် သာလွန်မွန်မြတ်သော တရားမည်သည် ဤလောက၌မရှိပြီ။"

"ကဿပ. . . သီလဝါဒရှိကြကုန်သော ရဟန်း၊ ပုဏ္ဏား အချို့တို့သည် သီလ၏ဂုဏ်ကျေးဇူးကိုများစွာသော အကြောင်းတို့ဖြင့် ပြောဆိုချီးမွမ်းကြကုန်၏။ သီလအပေါင်းတွင် မြျစင်မြင့်မြတ်ဆုံးဖြစ်သော (လောကုတ္တရာ)သီလအရာ၌ ငါဗုဒ္ဓနှင့်တူသောသူကို မြင်တော်မမူ သာလွန်သောသူကား အဘယ်မှာရှိနိုင်ပါအံ့နည်း"

"ကဿပ. . . ကိလေသာဖြစ်ပွားမှုကို စက်ဆုပ်သဖြင့် အဝတ်မဝတ်ခြင်းစသောအကျင့်ကို ပြင်းထန်စွာကျင့်ကြကုန်သော ရဟန်း၊ ပုဏ္ဏားအချို့သည် ကိလေသာကိုအပူတိုက်၍ စက်ဆုပ်သောအကျင့်၏ဂုဏ်ကျေးဇူးကိုများစွာသော အကြောင်းတို့ဖြင့် ပြောဆိုချီးမွမ်းကြကုန်၏။ ကိလေသာကိုအပူတိုက်၍ စက်ဆုပ်သောထိုအကျင့်တရားအပေါင်းတွင် မြျစင်မြင့်မြတ်ဆုံးဖြစ်သော မဂ်-ဖိုလ်နှင့်ယှဉ်သောအကျင့်အရာ၌ ငါဗုဒ္ဓနှင့်တူသော သူကို မြင်တော်မမူ၊ သာလွန်သောသူကား အဘယ်မှာရှိပါအံ့နည်း၊

"ကဿပ. . . ပညာဝါဒရှိကြကုန်သော ရဟန်း၊ပုဏ္ဏား အချို့တို့သည် ကမ္မဿကတပညာ၊ ဝိပဿနာပညာဟူသော ပညာ၏ဂုဏ်ကျေးဇူးကို များစွာသောအကြောင်းဖြင့် ပြောဆိုချီးမွမ်းကြကုန်၏။ ထိုပညာမြျစင်မြင့်မြတ်ဆုံးဖြစ်သော မဂ်-ဖိုလ်နှင့် ယှဉ်သောပညာအရာ၌ ငါဗုဒ္ဓနှင့်တူသောသူကို မြင်တော်မမူ၊ သာလွန်သောသူကား အဘယ်မှာရှိပါအံ့နည်း"

"ကဿပ. . . ဝိမုတ္တိဝါဒရှိကြကုန်သောရဟန်း၊ ပုဏ္ဏားအချို့တို့သည် ကိလေသာတို့မှ လွတ်မြောက်ခြင်း၏ ဂုဏ်ကျေးဇူးတို့ကို များစွာသောအကြောင်းတို့ဖြင့် ပြောဆိုချီးမွမ်းကြကုန်၏။ ကိလေသာမှလွတ်မြောက်ခြင်းတို့တွင် ဖြူစင်မွန်မြတ်ဆုံးဖြစ်သော ကိလေသာမှအမြစ်ပြတ်လွတ်မြောက်မှု၊ ကိလေသာအပူမှငြိမ်းအေးမှု၊ လုံးဝထွက်မြောက်မှုဟူသော မဂ်-ဖိုလ်ဖြင့် ကိလေသာမှလွတ်မြောက်ရာ၌ ငါဘုရားနှင့်တူသောသူကို မမြင်ပါချေ။ သာလွန်သောသူကား အဘယ်မှာရှိပါအံ့နည်း။

"ကဿပ. . . ဖြစ်နိုင်စရာအကြောင်းရှိသည်မှာ တစ်ပါးသောတိတ္ထိပရိဗိုဇ်တို့သည်-

"ရဟန်းဂေါတမကား ခြင်္သေ့ဟောက်သံ၊ ကြုံးဝါးသံကိုမူ ပြောဆို၏။သို့ရာတွင် ထိုကြုံးဝါးသံကို ဆိတ်ငြိမ်ရာအရပ်၌သာ ကြုံးဝါး၏။ ပရိသတ်အလယ်၌ ကြုံးဝါးသည်မဟုတ်ဟု ပြောဆိုကြမည့်အကြောင်းရှိပေသည်။

ထိုပြင်ပရိတ်သတ်၌ ကြုံးဝါးသော်လည်း ရဲရဲရင့်ရင့်ကြုံးဝါးသည်မဟုတ်၊ ပရိသတ်၌ရဲရဲရင့်ရင့်ကြုံးဝါးသော်လည်း ထိုရဟန်းဂေါတမကို မည်သူမျှပြဿနာမမေးလာကြ။ ပြဿနာမေးလာကြသော်လည်း မဖြေဆိုနိုင်၊ ဖြေဆိုနိုင်သော်လည်း နှစ်သက်ကျေနပ်မှုမရှိကြ။ ကျေနပ်မှုရှိသော်လည်း နောက်ထပ်နာထောင်လိုမှုစိတ်မရှိကြ။ နာထောင်လိုစိတ်ရှိကြသော်လည်း နား

ထောင်ပြီးမကြည်ညိုကြ၊ ကြည်ညိုကြသော်လည်း ကြည်ညိုသော အခြင်းအရာ၊ အပြုအမူကိုမပြုကြ။ ပြုကြသော်လည်း ဟောသည့် တရားအတိုင်း မကျင့်ကြ။ ကျင့်ကြသော်လည်း ကျင့်၍တရားထူး မရကြကုန်ဟု ပြောဆိုစရာအကြောင်းရှိပေသည်။

"ကဿပ. . . ထိုတိတ္ထိပရိဗိုဇ်တို့သည် ဤသို့ပြောဆိုရာ သည်။ ရဟန်းဂေါတမသည် ခြသေ့်ဟောက်ကြုံးဝါးသံကို မြွက်ဆို ကြုံးဝါး၏။ ပရိသတ်အလယ်၌ မြွက်ဆိုမြွက်ဆို ကြုံးဝါး၏။ ရဲရဲ ရင့်ရင့်ကြုံးဝါး၏။ ပြဿနာလည်း မေးလာကြသည်။ မေးလာသူ တို့ကိုလည်း ဖြေကြားနိုင်၏။ ဖြေကြားခြင်းဖြင့်နှစ်သက်စေသည်။ နာယူလိုစိတ်ရှိကြသည်။ တရားနာယူရန်လည်း ကြည်ညိုကြသည်၊ ကြည်ညိုသောအပြုအမူကိုလည်းပြုကြသည်။ ဟောသည့်အတိုင်း အမှန်ကိုသိရန်တရားကို ကျင့်ကြသည့်အတိုင်းလည်း ကျင့်သော သူတို့ တရားရကြသည်။ ကျေနပ်မှုရှိကြသည်ဟု ပြောဆိုရာ၏။

"ကဿပ. . . ငါဗုဒ္ဓသည် ရာဇဂြိုဟ်ပြည်အနီး ဂိဇ္ဈကုဋ် တောင်၌ နေစဉ်ကိလေသာမဖြစ်အောင် ကျင့်လေ့ရှိသောနိဂြော ပရိဗိုဇ်သည် ကိလေသာကိုစက်ဆုပ်၍ အပြင်းအထန်ကျင့်သော အကျင့်မျိုး၌ ပြဿနာကိုမေးဖူး၏။ သူ၏အမေးပြဿနာကို ဖြေ ဆိုသောအခါ သူသည်အတိုင်းထက်အလွန် နှစ်သက်ဝမ်းမြောက် ခဲ့ပါ၏။

အရှင်၏တရားကို မှောက်ထားသောအရာကို လှန်ပြဘိသကဲ့သို့၊ ဖုံးလွှမ်းသောအရာကို ဖွင့်လှစ်ပြသကဲ့သို့၊ မျက်စိလည်လမ်းမှားသူကို လမ်းမှန်ကိုညွှန်ပြသကဲ့သို့၊ မျက်စိအမြင်ရှိသူအားအဆင်းကိုမြင်လိမ့်မည်ဟူသောသဘောဖြင့် အမိုက်မှောင်ထု၌ဆီမီးတန်ဆောင်ကို ညှိထွန်းပြကဲ့သို့ များစွာသောအကြောင်းဖြင့်ဟောပြသဖြင့် အလွန်နှစ်သက်လှပါ၏။

ကျွန်ုပ်သည် ရတနာသုံးပါးကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ တပည့်တော်အား အရှင်ဘုရားအထံမှာ ရဟန်းပြုခွင့်ပြုတော်မူပါဘုရား။"

"ကဿပ. . . သာသနာတော်မှအပ တိတ္ထိဖြစ်ဘူးသောသူသည် ရှင်ရဟန်းပြုလိုလျှင် လေးလ၊ ကျင့်ဝတ်ရှစ်ပါးကို စောင့်ထိန်းပြီး နေရပါသေးသည်။ လေးလလွန်၍ ရဟန်းတို့စိတ်ကျေနပ်ခြင်းရှိလျှင် ရှင်ရဟန်းပြုပေးကြပါသည်။ သို့သော်လေးလနေသင့် မနေသင့်သောသူကို ငါဗုဒ္ဓသိတော်မူပါသည်။

"အရှင်ဘုရား. . . မိန့်ကြားသည့်အတိုင်းဖြစ်ပါလျှင်တပည့်တော်လေးလမက လေးနှစ်နေဆိုကနေပါမည်။ လေးနှစ်လွန်မှသာ ရှင်ပြုပေးတော်မူပါ။"

ဤသို့ကဿပတက္ကတွန်းက လျှောက်ထားသောအခါအလွန်တက်သန်သော အာသာဆန္ဒရှိသည်ကို သိမြင်တော်မူသ

ဖြင့် လေးလမနေခဲ့စဘဲ ချက်ချင်းပင်ဗုဒ္ဓက ရဟန်းပြုခွင့်ပေးလိုက်ပါသည်။

ရဟန်းပြုပြီးသောအခါ ကဿပရဟန်းသည် တစ်ပါးတည်းဆိတ်ငြိမ်ရာ၌နေလျက် ဘာဝနာကိုအားထုတ်ရာ မကြာခင်ရဟန္တာအဖြစ်သို့ရောက်ရှိသွားလေသည်။

ဗုဒ္ဓသည် ဤသို့ဖြင့်မိမိအား ပြဿနာများ စွဲခွဲလာသူများအား ပြဿနာကိုကောင်းစွာ ဖြေရှင်းပေးပြီး စွပ်စွဲမှုကိုဖြေဖျောက်စေပြီး ထိုသူအတွက် ကောင်းကျိုးချမ်းသာတရားရစေရန်ကိုပင် ချီးမြှောက်ထောက်ပံ့ပေးခဲ့ပါတော့သည်။

ကျမ်းကိုး-ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ္ဂ၊ မဟာသီဟနာဒသုတ်
( အင်္ဂုတ္တရနိကာယ်ဂ အမှတ်-၇၉ )

## ၄။ ကဲ့ရဲ့ ခုနစ်ရက်ပါ

ကောသမ္ဗီပြည်ဝယ် ဥတေနမင်းကြီး အုပ်ချုပ်မင်းလုပ်နေချိန်ဖြစ်သည်။ ထိုမင်းသည် ဃောသကသူဌေး ကုက္ကုဋသူဌေး ပါဝါရိယသူဌေးကြီး (၃)ဦးတို့သည် ထင်ရှားရှိကြသည်။

ထိုအချိန်ဝယ် ဗုဒ္ဓဂေါတမနှင့်သာသနာသည် ထိုကောသမ္ဗီပြည်သို့ မရောက်သေးပေ။ ထိုကောသမ္ဗီပတ်ဝန်းကျင်ဝယ် ရသေ့တို့သာ ရှိကြသည်။

သူဌေးကြီးတို့သည် နောင်တွင် ရသေ့ငါးရာတို့နှင့် ဆရာဒကာဖြစ်ကြပြီး လေးလတို့ပတ်လုံးမိမိတို့ထံ၌ နေစေပြီး ဆွမ်းလုပ်ကျွေးသည်။ ရသေ့တို့သည် (၈)လ၊ ဟိမဝန္တာမှာနေ၍ (၄)လ သူဌေးကြီးတို့အထံ၌ နေကြသည်။

တစ်နေ့ဟိမဝန္တာမှအပြန် တောအုပ်ရှိညောင်ပင်ကြီးအရင်း၌ ရပ်နားစဉ် ရသေ့အကြီးအကဲက ညောင်ပင်၌ စောင့်ရှောက်ထိမ်းသိမ်းသော နတ်ကောင်းနတ်မြတ်ရှိနိုင်ရာသည် ဟု ကြံဆပြီး သောက်ရေ၊ ချိုးရေ၊ ဘောဇဉ်တို့ကို တမ်းတရာ ညောင်ပင်စောင့်က အကုန်လှူပေးခဲ့သည်။

ထိုအခါ ရသေ့ကြီးက နတ်မင်းအားမြင်တွေ့လိုကြောင်း တမ်းတရာနတ်မင်းက မိမိကိုယ်ကိုပြသည်။ ရသေ့တို့က အဘယ်ကုသိုလ်ကြောင့် ဤနတ်စည်းစိမ်ကို ခံစားရပါသလဲဟု မေးသော

အခါ နတ်မင်းက မိမိကုသိုလ်ကံက နည်းလှ၍ပြောရမှာ ရှက်သောကြောင့် မပြောပေ၊ ရသေ့ကြီးက အတန်တန်တောင်းပန်ပြီး ပြောကြားရန်မေတ္တာရပ်ခံမှ မိမိသည်အတိတ်ဘဝက အနာထပိဏ်သူဌေး၏ အလုပ်သမားတစ်ဦးဖြစ်ကြောင်း၊ အလုပ်မှအပြန် အခြားသူများဥပုသ်စောင့်သည်ကိုသိ၍ မိမိလည်းနေ့ဝက်ဥပုသ်တစ်ဝက်စောင့်ခဲ့ကြောင်း၊ အစာဆာလောင်ပြီး လေရောဂါဖြင့် ကွယ်လွန်ခဲ့ရာ တစ်ဝက်သောဥပုသ်စောင့်မှုဖြင့် ဤညောင်ပင်၌ ရုက္ခစိုးနတ်ဖြစ်ရကြောင်းပြောပြပြီး အနာထပိဏ်သူဌေးကြီးသည် ဘုရား၊ တရား၊ သံဃာ၌ အလွန်မြတ်နိုးပုံတို့ကိုပါ ပြောပြသည်။

ရသေ့တို့သည် ဘုရားဟူသောစကားကို ကြားကြသော် နတ်မင်းကိုလက်အုပ်ချီပြီး ဘုရားလို့ဆိုပါသလားဟု မေးကြသည်။ ထိုဘုရားဆိုသောအသံသည် ကြားရခဲပုံလည်း ပြောပြကြသည်။

ထိုအခါ နောက်ပါရသေ့တို့က ဘုရားထံသွားကြရန် ပြောပြကြသည်။ ရသေ့ကြီးက ကျေးဇူးရှင်ဆွမ်းဒကာသူဌေးကြီးများကိုနှုတ်ဆက်ပြီးမှသွားရန် ပြောကြားသဖြင့် အားလုံးသဘောတူကာ ကောသမ္ဗီပြည်ရှိ မိမိတို့ဒကာ၊ သူဌေးများအိမ်သို့ ကြွကြသည်။

သူဌေးများကလည်း ယခင်ကဲ့သို့ ဆွမ်းတို့ကိုဆက်လက်လှူဒါန်းကြသည်။ ဆွမ်းကပ်ပြီးသောအခါ ရသေ့တို့က ခရီးဆက်လက်ထွက်ခွာမည်ဟု ပြောကြားသောအခါ သူဌေးတို့က အဘယ်

အရပ်သို့ သွားမည်နည်းဟု မေးသောအခါ-

"သူဌေးကြီးတို့ လောကလူ့ရွာ၌ ဘုရားပွင့်တော်မူသတတ်၊ တရားဖြစ်တော်မူသတတ်၊ သံဃာဖြစ်တော်မူသတတ်၊ သို့တွက် ငါတို့သည် ဘုရားထံသွားကြမည်"

ဟု ပြောကြားသောအခါ သူဌေးကြီး(၃)ဦးသည်လည်း ယိုဘုရားဟူသောစကားကိုကြားရပြီး ဝမ်းမြောက်ဝမ်းသာဖြစ်ကာ မိမိတို့ပါ လိုက်ပါမည်၊ ခဏစောင့်ပါဟု ပြောကြားကြသည်။

"အသင်တို့သည် အမှုကြီးငယ်ရှင်အစီအရင်ကို ပြုလုပ်ကုန်သည်ရှိသော် ငါတို့အားကြာမြင့်ခြင်း ဖြစ်လိမ့်မည်။ ငါတို့ရှေ့ကသွားနှင့်မည်။ သင်တို့နောက်ကလိုက်ခဲ့ပါ"

ဟု ပြောပြီးဆက်လက်ထွက်ခွာခဲ့ကြသည်။

ရသေ့တို့သည် ဘုရားရှင်နှင့်တွေ့ကြသောအခါ ဘုရားထံမှ တရားနာရပြီး ငါးရာလုံးပင် အရဟတ္တဖိုလ်ဆိုက်ကာ ရဟန္တာဖြစ်ကြသည်။

သူဌေးကြီး(၃) ဦးသည် ငါးရာငါးရာကုန်သော လှည်းတို့ဖြင့် စားနပ်ရိက္ခာနှင့် လှူဒါန်းဖွယ်ရာတို့ကို ယူဆောင်ပြီးသာဝတ္ထိပြည်သို့ ခရီးထွက်ခဲ့ကြသည်။

ကောသမ္ဗီသို့ ပြန်ရောက်ကြသောအခါ သူဌေးကြီးသုံးဦးသည် မိမိတို့ဘာသာ မိမိတို့အမည်ဖြင့်သည် ဃောသိတအာရာမ်၊ ကုက္ကုဋအာရာမ်၊ ပါဝါရိကအာရာမ်၊ အမည်များဖြင့်ကျောင်းဆောက်

လုပ်ကြသည်။ ထိုဘုရားဟူသောအသံကို ကြားခဲ့ရပုံများကိုလည်း ပြောပြကြသည်။

ထိုအခါ နောက်ပါရသေ့တို့က ဘုရားထံသွားကြရန် ပြောကြသည်။ ရသေ့ကြီးက ကျေးဇူးရှင်ဆွမ်းဒကာ သူဌေးကြီးမ်များကို နှုတ်ဆက်လှမ်းပြီးမှသွားရန် ပြောကြားသဖြင့် အားလုံးသဘောတူကာ ကောသမ္ဗီပြည်ရှိ မိမိတို့ဒကာသူဌေးများအိမ်သို့ ကြွကြပါသည်။

သူဌေးများကလည်း ယခင်ကဲ့သို့ ဆွမ်းတို့ကိုဆက်ကပ်လှူဒါန်းကြသည်။ ဆွမ်းကပ်ပြီးသောအခါ ရသေ့တို့က ခရီးဆက်လက်ထွက်ခွါမည်ဟု ပြောကြားသောအခါ သူဌေးတို့က အဘယ်အရပ်သို့ သွားမည်နည်းဟု မေးသောအခါ-

"သူဌေးကြီးတို့ လောကလူ့ရွာ၌ ဘုရားပွင့်တော်မူသတတ်၊ တရားဖြစ်တော်မူသတတ်၊ သံဃာဖြစ်နော်မူသတတ်၊ သို့အတွက် ငါတို့သည် ဘုရားထံသွားကြမည်။"

ဟု ပြောကြားသောအခါ သူဌေးကြီး(၃)ဦးသည်လည်း ထိုဘုရားဟူသောစကားကို ကြားရပြီးဝမ်းမြောက်ဝမ်းသာဖြစ်ကာ မိမိတို့ပါလိုက်မည်။ ခဏစောင့်ပါဟု ပြောကြားကြသည်။

"အသင်တို့က အမှုကြီးငယ်အစီအရင်ကို ပြုကုန်သည်ရှိသော် ငါတို့အားကြာမြင့်ခြင်းဖြစ်လိမ့်မည်။ ငါတို့ရှေ့ကသွားနှင့်မည်။ သင်တို့နောက်ကလိုက်ခဲ့ပါ"

ဟု ပြောပြီး ဆက်လက်ထွက်ခွာခဲ့ကြသည်။

ရသေ့တို့သည် ဘုရားရှင်နှင့်တွေ့ကြသောအခါ ဘုရားထံမှ တရားနာရပြီး ငါးရာလုံးပင်အရဟတ္တဖိုလ်ဆိုက်ကာ ရဟန္တာဖြစ်ကြသည်။

သူဌေးကြီးသုံးဦးသည် ငါးရာကုန်သောလှည်းတို့ဖြင့် စားနပ်ရိက္ခာနှင့် လှူဒါန်းဖွယ်ရာတို့ကို ယူဆောင်ပြီးသာဝတ္ထိပြည်သို့ ခရီးထွက်ခဲ့ကြသည်။

သာဝတ္ထိရောက်၍ ဗုဒ္ဓထံသွားရောက်ဖူးမြော်ပြီးတရားနာကြရာ အားလုံးသောတာပတ္တိဖိုလ်၌ တည်ကြလေသည်။

ထို့နောက်သူဌေးကြီးတို့သည် ဗုဒ္ဓအား ကောသမ္ဗီပြည်သို့ကြွပါရန် တောင်းပန်လျှောက်ထားခဲ့ကြပြီး ကောသမ္ဗီသို့ ပြန်လာခဲ့ကြသည်။

ကောသမ္ဗီသို့ ပြန်ရောက်ကြသောအခါ သူဌေးကြီးသုံးဦးသည် မိမိတို့ဘာသာမိမိတို့သီးသန့် ဃောသိတအာရာမ်၊ ကုက္ကုဋအာရာမ်၊ ပါဝါရိကအာရာမ်အမည်များဖြင့် ကျောင်းဆောက်လုပ်ကြသည်။ ကျောင်းဆောက်ပြီးသောအခါ ဗုဒ္ဓထံသို့ကျောင်းဆောက်ပြီး၍ ကောသမ္ဗီသို့ ကြွရောက်ချီးမြှင့်ရန် တမန်စေလွှတ်၍ လျှောက်ထားလေသည်။

ဗုဒ္ဓသည် ထိုသူဌေးကြီးတို့စေလွှတ်သော တမန်သတင်းစကားကိုကြားသိပြီးနောက် ကောသမ္ဗီပြည်သို့သံဃာအပေါင်း ခြံရံလျက် ကြွတော်မူသည်။

သူဌေးကြီးများသည် မြတ်စွာဘုရားနှင့် သံဃာတော်များကို ကြီးကျယ်စွာကြိုဆိုကြပြီး မိမိတို့အာရာမ်ကျောင်း၌ အလှည့်ကျသီတင်းသုံးစေကာ ဆွမ်းလုပ်ကျွေးကြသည်။

တစ်နေ့တွင် ထိုသူဌေးကြီးသုံးဦးတို့၏ အလုပ်အကျွေးဖြစ်သော သုမနအမည်ရှိသောပန်းသည် သည် မိမိအားတစ်ရက်မျှဘုရားအမှူးရှိသော သံဃာများကိုပြုစုလုပ်ကျွေးခွင့်တောင်းခံသည်။

သူဌေးကြီးများကလည်း သုမနပန်းသည်အား ဝမ်းမြောက်ဝမ်းသာတစ်ရက်တာ ဆွမ်းအလှူကိုလှူဒါန်းခွင့်ပေးလေသည်။ သုမနသည် အခွင့်ရသောအခါ ဆွမ်းလုပ်ကျွေးရန် စီမံသည်။

ထိုအချိန်ဝယ် ဥတေနမင်းကြီး၌ မိဖုရားကြီး(၃)ပါးဖြစ်သော သာမာဝတီ၊ ဝါသုလဒတ္တာ၊ မာဂဏ္ဍီတို့ရှိရာ ဥတေနမင်းကြီးသည် သာမာဝတီမိဖုရားအတွက် တစ်နေ့ပန်းဖိုးအသပြာ(၈)ကျပ်ဖိုးပေးသည်။ ထိုပန်းကိုသာမာဝတီ၏အစေခံ ကျွန်မဖြစ်သော ခုဇ္ဇုတ္တရာက နေ့စဉ်ဝယ်ပေးရသည်။

ထိုနေ့တွင် ခုဇ္ဇုတ္တရာသည် ဝယ်နေကျပန်းဖောက်သည် သုမနထံပန်းသွားဝယ်ရာ သုမနပန်းသည်က ဘုရားအမှူးရှိသော သံဃာတော်များကို ဆွမ်းကပ်ပန်းလှူဦးမည်ဖြစ်၍ ခဏစောင့်ရန်ပြောရာ ခုဇ္ဇုတ္တရာသည် ခဏစောင့်ရင်း ဆွမ်းကိစ္စပြီး၍ ဘုရားရှင်က တရားဟောသောအခါ တရားဝင်နာရာ ခုဇ္ဇုတ္တရာသည် သောတာပတ္တိဖိုလ်၌ တည်လေသည်။

ခုဇ္ဇုတ္တရာသည် ယခင်ကပန်းကို (၄)ကျပ်ဖိုးသာဝယ်ပြီး ကျပ်(၄)ကျပ်ကိုမိမိအတွက် ချန်ထားလေ့ရှိသည်။ ယခုသောတာ ပန်ဖြစ်သွား၍ အသပြာ(၈)ကျပ်ဖိုး အပြည့်ဝယ်သွားကာ ထိုနေ့ ပန်းတွေများလာ၍သာ သာမာဝတီကစုံစမ်းမေးရာ ခုဇ္ဇုတ္တရာက အမှန်အတိုင်းဝန်ခံပြောဆိုသည်။

သာမာဝတီသည် ခုဇ္ဇုတ္တရာနေ့စဉ်ခိုးယူခဲ့သော အသပြာ ကိစ္စကိုအပြစ်မပြောဆိုဘဲ ခုဇ္ဇုတ္တရာကို မိခင်သောက်စို့ခဲ့ရသော တရားအရသာကို ကျွန်မတို့ကိုလည်း သောက်စို့ခွင့်ပေးပါဟု တောင်းဆိုခဲ့သည်။

ခုဇ္ဇုတ္တရာသည် ရေမိုးချိုးပြီးသန့်ရှင်းသောအဝတ်ကို ဝတ်ဆင်ကာမြင့်သောနေရာမှနေပြီး ဗုဒ္ဓ၏တရားကိုဟောပြောပြ ရာ သာမာဝတီနှင့် မောင်းမငါးရာတို့သည် သောတာပတ္တိဖိုလ်၌ တည်ကြလေသည်။

ထိုအချိန်မှစ၍ သာမာဝတီကို ကျွန်မအရာ၌မထားဘဲ မိခင်အရာ၌ထားပြီး နေ့စဉ်ဘုရားထံသို့ တရားသွားနာစေပြီး ထိုနာလာသောတရားကို ပြန်လည်ဟောပြောပြစေသည်။

သာမာဝတီနှင့် မောင်းမငါးရာတို့က ဘုရားရှင်ကို ဖူးတွေ့ လိုကြောင်း ခုဇ္ဇုတ္တရာကိုတောင်းပန်ကြသည်။ ခုဇ္ဇုတ္တရာက မင်း မျိုးမည်သည်ကား အသွားအလာ မလွယ်ကူကြောင်း ထွက်ပါက အပြစ်ပေးခံ ရမည်ဖြစ်ကြောင်းပြောပြပြီး ဘုရားရှင်ကိုဖူးတွေ့လိုက နံရံ၌အပေါက်

ကလေးများကိုဖောက်၍ အပေါက်မှဖူးတွေ့ရနိုင်ကြောင်း အကြံပြုသည်။

ထိုအကြံပြုချက်ကို သာမာဝတီတို့က သဘောကျလက်ခံပြီး နံရံအပေါက်များဖောက်ကာ သူဌေးကြီးသုံးဦး၏အိမ်သို့ ဘုရားရှင်နှင့်သံဃာတော်များတို့ ကြွရောက်သောအခါ ထိုအပေါက်မှ ကြည့်ရှုပူဇော်ကြလေသည်။

မာဂဏ္ဍီမိဖုရားသည် တစ်နေ့တွင်မိမိပြသာဒ်အပြင်မှ ထွက်၍ စကြံနိသွားလျှင် သာမာဝတီတို့၏အဆောင်၌ အပေါက်များကိုမြင်လျှင်-

"ဤအပေါက်များက အဘယ်ကြောင့် ဖောက်ထားပါသနည်း"

ဟု မေးသောအခါ သာမာဝတီတို့က-မာဂဏ္ဍီမိဖုရားက ဗုဒ္ဓအပေါ်ရန်ငြိုးဖွဲ့ထားသည်ကိုမသိ၍ ဤပြူတင်းပေါက်များမှနေပြီး ဘုရားရှင်နှင့် သံဃာတော်များကို ဖူးမျှော်ကြောင်းပြောပြကြသည်။

"ရဟန်းဂေါတမသည် ဤမြို့သို့လာရောက်ပေပြီ ယခုအခါ၌ ရဟန်းဂေါတမအား ပြုအပ်သည်တို့ကို သိစေအံ့။ ဤသာမာဝတီအမှူးရှိသော မိန်းမသည်လည်း ထိုရဟန်းဂေါတမ၏ အလုပ်အကျွေးဖြစ်ကုန်သည်။ ဤမိန်းမတို့ ပြုအပ်သောအမှုကို သိစေအံ့"

ဟု ကြံပြီးမင်းကြီးထံသို့ သွားရောက်ကာမင်းကြီးကို သာမာဝတီ

တို့က သေကြောင်းကြံသည်အထိ ဆောင်ရွက်နေကြောင်း သွားရောက်ဂုန်းချောစကား ပြောကြားသည်။

မင်းကြီးကမယုံ၊ ခဏခဏပြောသောအခါ မင်းကြီးကသာမာဝတီတို့အခန်းကို ကိုယ်တိုင်လိုက်ကြည့်ပြီး ကိုယ်တိုင်စုံစမ်းသည်။ ဗုဒ္ဓနှင့်သံဃာတော်များကို ဤနံရံအပေါက်မှ ဖူးမျှော်ကြောင်းသိသောအခါ မင်းကြီးကအမျက်မထွက်ဘဲ ထိုအပေါက်များကိုပိတ်စေပြီးတိုက်ခန်းတို့၏ အထက်မြင့်ရာ၌ လေသာတံခါးတို့ကိုဖောက်လုပ်စေသည်။

(ထိုအခါမှစ၍ နန်းတွင်းအဆက်ဆက် မိဖုရားဆောင်တို့၌ လေသာတံခါးဖောက်ထားသော ဓလေ့ဖြစ်ပေါ်လာသည်ဟု ဆိုပါသည်။)

မာဂဏ္ဍီမိဖုရားသည် မိမိ၏ဂုံးချောစကား မအောင်မြင်သောအခါ ရဟန်းဂေါတမအားသာ ပြုအပ်သောအမှုကို သိစေအံ့ဟု ကြံစည်ပြန်သည်။

မာဂဏ္ဍီက ဗုဒ္ဓအပေါ်၌ ရန်ငြိုးဖြစ်ပေါ်ခဲ့သည်မှာ မာဂဏ္ဍီ၏မိဘတို့သည် ကုရုတိုင်း၌နေသော ဗေဒင်ပညာတစ်ဘက်ကမ်းခတ်တတ်မြောက်ကြသောသူတို့ ဖြစ်ကြသည်။

သူတို့တွင် အလွန်တရာချောမောလှပသော သမီးလေးမာဂဏ္ဍီရှိရာ သမီးကိုသာမန်သူဌေး၊ သူကြွယ်၊ ပုဏ္ဏား၊ မင်းစိုးရာဇာနှင့် မပေးစားလို၊ မြင့်မြတ်ပြီးချောမောလှပသော အမျိုးအနွယ်ကောင်းသောသူနှင့်သာ ပေးစားမည်ဟုစိတ်ထဲမှတ်ထားကြသည်၊

တစ်နေ့တွင် ဗုဒ္ဓသည် မာဂဏ္ဍီပုဏ္ဏား၊ လင်မယား အနာဂါမ်တည်မည်ကိုသိ၍ ကုရုတိုင်းသို့ တစ်ပါးတည်းကြွသွားပြီး ပုဏ္ဏားကြီးရွာပြင်ရှိ မီးပူဇော်ရာအရပ်သို့ ကြွသွားလေသည်။

ပုဏ္ဏားကြီးသည် ဗုဒ္ဓကိုမြင်လျှင် ဘုရားဟူ၍မသိဘဲ

"လောကလူ့ရွာ၌ ဤယောက်ျားနှင့်တူသော တစ်ပါးသော ယောက်ျားသည်မရှိ ဤယောက်ျားသည် ငါ၏သမီးနှင့်လက်ထပ်ပေးစားရန်သင့်လျော်၏။ ဤယောက်ျားအားလုပ်ကျွေးမွေးမြူစိမ့်သောငှါ ငါ့သမီးကိုပေးအံ့"

ဟု ကြံစည်မိလေသည်။

"အို. . . ရဟန်း ငါမှာသမီးတစ်ယောက်ရှိပါ၏။ ငါသည် ဤအချိန်အထိ ငါ၏သမီးနှင့်လျောက်ပတ်သော ယောက်ျားကို မတွေ့မမြင်သေးပါ။ သင်သည်ငါသမီးနှင့် သင့်လျော်သည်။ သင်သည် ငါ့သမီးကိုရခြင်းငှါ အပ်၏။ ငါ့သမီးကို သင်အားပေးအံ့၊ ယခုငါပြန်လာသည်အထိ ခဏစောင့်ပါ"

ဟု ပြောသည်။ ဗုဒ္ဓက မည်သို့မျှပြန်၍ အဖြေမပေးချေ။

ပုဏ္ဏားကြီးသည် အိမ်သို့အမြန်ပြန်သွားပြီး ပုဏ္ဏေးမကြီးကို

"ငါ့သမီးနှင့်သင့်လျော်သော ယောက်ျားကိုတွေ့ခဲ့ပြီ။ သမီးကိုတန်ဆာဆင်ပေးလော"

ဟု ပြောဆိုကာ ပုဏ္ဏေးမနှင့်သမီးတို့ကိုခေါ်ကာ ဗုဒ္ဓထံသို့ပြန်လာခဲ့လေသည်။ မြို့သူမြို့သားတို့သည်လည်း ပုဏ္ဏားကြီးလင်မယား

တို့၏ ထူးခြားသောအပြုအမူတို့ကို မြင်တွေ့၍ ဘယ်လိုလဲဟု သိလိုကြ၍ နောက်ကလိုက်ကြည့်ကြလေသည်။

ဗုဒ္ဓသည် ပုဏ္ဏားကြီးမှာထားခဲ့သောနေရာ၌ ခြေတော်ရာကိုချပြထားပြီး အရပ်တစ်ပါး၌ တည်နေလေသည်။

(ဗုဒ္ဓ၏ ခြေတော်ရာသည် သာမန်၌မထင်၊ အဓိဋ္ဌာန်ချထားမှ ထင်သည်မှာ သဘာဝနိယာမတရားဖြစ်သည်)

ဘုရားကို မတွေ့၍ ပုဏ္ဏေးမက-

"အသင်ပြောသော ယောက်ျားအဘယ်မှာနည်း"

ဟုမေးလေသည်။

"ငါဒီနေရာမှာ ခဏရပ်စောင့်ခိုင်းထားသည်။ ယခုဘယ်ရောက်သွားပါလိမ့်"

ဟု ပတ်ဝန်းကျင်ကိုကြည့်သည်ရှိသော် ခြေတော်ရာကိုတွေ့မြင်၍

"ဒါဟာ တို့ယောက်ျားရဲ့ ခြေရာပေပဲရှင်မ"

ဟုပြောသောအခါ ပုဏ္ဏေးမသည် ထိုခြေရာကိုသေချာစွာကြည့်လိုက်မိသည်။ မိမိတတ်ထားသော ဗေဒင်ပညာဖြင့် စူးစမ်းဆင်ခြင်ကြည့်လိုက်မိသည်။

"အရှင်ပုဏ္ဏား. . . လောဘရမ္မက်အလိုသွက်ရာ တပ်နှစ်သက်သောသူ၏ ခြေသည်ကား ဆောင့်ကြောင့်ထိုင်သောသူ၏ ခြေရာကဲ့သို့ရှိလေသည်။ ဒေါသအမျက်ပြင်းစွာထွက်၍ ရက်စက်ကြမ်းကြုတ်ယုတ်မာပြစ်မှားတတ်သူ၏ ခြေရာသည် လျင်စွာမခြေ

ဆောင့်ဖနောင့်ရာသည် ညီစွာမသွယ်စဉ့်ငယ်သိမ်ပေသည်။ မောဟလွန်ကဲ မိုက်မဲတွေဝေမလိမ္မာသူ၏ ခြေရာသည် ဆွဲငင်၍ သွားဘိသကဲ့သို့ အလားမဖြောင့်ရှိချေတတ်သည်။ ကိလေသာ ဝင်ရှုစသည် မညွှတ်ဘဲဝင့်ကြွင်းပြတ်သူ၏ ခြေရာသည်ကား ယခု ဤခြေရာမျိုးပင် ဖြစ်ချေသည်။"

ဟု ပုဏ္ဏားမကြီးက ပြောပြသည်။

"ရှင်မ. . . သင်သည် ရေခွက်၌မိကျောင်းကိုမြင်သကဲ့သို့ လည်းကောင်း၊ အိမ်၏အလယ်၌နေသောသူခိုးကို မြင်သကဲ့သို့ လည်းကောင်း၊ လက္ခဏာဖတ်ဆိုသောကျမ်း၌ အနည်းငယ်မျှကို သာ မြင်ဖူးလေ့ရှိသူဖြစ်ပါသည်။ ရှင်မ. . . ဆိတ်ဆိတ်နေပါဦး"

"အရှင်ပုဏ္ဏား. . . . အရှင်သည် အသင်လိုလားသော အမှုကို ငါ့အားပြောပြပါ၊ ဤခြေရာသည်ကား ကာမဂုဏ်အာရုံ ငါးပါးလိုက်စားသူ၏ခြေရာမဟုတ်ကြောင်း ကျွန်ုပ်ရဲဝံ့စွာ ဆိုပါ၏"

ဟု ပြောနေဆဲပင် ဘုရားရှင်သည်ကြွလာသဖြင့် ဘုရားရှင်ကို မြင်ကြသောအခါ ပုဏ္ဏားကြီးသည် ဘုရားထံသို့သွားကာ-

"ရှင်ရဟန်း. . . ငါ့သမီးကို သင့်အားကျွေးမွေးသုတ်သင် ပြုစုစိမ့်သောငှာ ပေးပါ၏"

ဗုဒ္ဓသည် ပုဏ္ဏားကြီး၏သမီးပေးမှုကို လက်ခံသည်၊ မခံ သည်မမိန့်ကြားဘဲ မိမိတော်တွက်၍တရားကျင့်သည်မှအစ တောမိပလ္လင်၌ သဗ္ဗညုတဉာဏ်ရပုံ မာရ်နတ်က လာရောက်တိုက်

ခိုက်ပုံ၊ ထိုသို့တိုက်ခိုက်မအောင်မြင်သောအခါ မာရ်နတ်က သမီး သုံးယောက်စေလွှတ်ပြီး ဖြားယောင်းသွေးဆောင်ပုံအကြောင်းစုံ ကို ပြောပြပြီးနောက်-

"တဏှာ၊ အာရတီ၊ ရာဂမည်သော မာရ်နတ်၏သမီးသုံး ယောက်တို့မြင်၍ ငါ့အား မေထုန်အမှု၌ ဆန္ဒစိုးစဉ်းမျှမဖြစ်၊ ကျင်ကြီးကျင်ငယ်ဖြင့်ပြည့်နေသော သင်၏သမီးမာဂဏ္ဍီကို ငါ ဘုရားအားအဘယ်နှစ်မြို့အလိုရှိပါမလဲ၊ သင်၏သမီးမာဂဏ္ဍီကို ခြေဖြင့်တို့ထိခြင်းကိုမျှပင် အလိုမရှိပါ"

ဟု မိန့်ကြားလိုက်သောအခါ ပုဏ္ဏားကြီးလင်မယားသည် အနာဂါမ် ဖိုလ်၌တည်ကြလေသည်။

"ဤရဟန်းသည် ငါ့အား အကယ်၍ အလိုမရှိသည်ဖြစ် အံ့၊ အလိုမရှိသောအဖြစ်ကိုသာလျှင် ပြောဆိုရပါမည်၊ ယခုမူ ငါ့ကို ကျင်ကြီးကျင်ငယ်တို့ဖြင့်ပြည့်သည်ကိုပြုပြောကြား၏၊ ခြေတို့ ဖြင့်မျှ မတို့မထိရန် အလိုမရှိဟု ပြောဆိုဘိ၏၊ ရှိစေဦး၊ ငါသည် မိမိဇာတ်၊ အမျိုးအရပ်၊ စည်းစိမ်ချမ်းသာအရွယ်၏ပြည့်စုံခြင်းကို စွဲ၍ ထိုသို့သဘောရှိသော လင်ကိုရသည်ရှိသော် ဤရဟန်း ဂေါတမကို သိစေအံ့"

ဟု စိတ်ထဲမှာ ရန်ငြိုးဖွဲ့ကာ ရင်ဝယ်ပိုက်ထားမိခဲ့လေသည်။

မာဂဏ္ဍီ၏မိဘတို့သည် သမီးကို ဘထွေးဖြစ်သော စူဠမာဂဏ္ဍီထံအပ်နှံကာ ရဟန်းပြုသွားကြရာ မကြာခင် အရဟတ္တ ဖိုလ်ဆိုက်ရောက်ကြလေသည်။

ထို့နောက် ဘထွေးက မာဂဏ္ဍီကိုပြင်ဆင်ပြီး ဘုရင်ဥတေနထံ ဆက်သရာ ဘုရင်ဥတေနက သဘောကျပြီး အဘိသိက်သွန်းကာ မိဖုရားမြှောက်လေသည်။

မာဂဏ္ဍီ၏ဗုဒ္ဓအပေါ် ရန်ငြိုးသည် ထိုအချိန်မှစခဲ့ရာ ယခုဗုဒ္ဓကို တွေ့မြင်သောအခါ ထိုရန်ငြိုးကိုဂလဲ့စားချေရန် အကြံဖြစ်ပေါ်လာ လေသည်။

သူမသည် မြို့သူ-မြို့သားတို့အား တံစိုးလက်ဆောင်ပေး၍ မြို့တွင်းသူဌေးကြီးအိမ်များသို့ ဆွမ်းအလို့ငှါ ကြွရောက်ဝင်လာသော ဗုဒ္ဓနှင့်သံဃာများကို ဤမြို့မှထွက်ပြေးစေရန် ဆဲရေးခိုင်းလေသည်။

ရတနာသုံးပါးတို့၌ မကြည်ညိုကြသေးကုန်သော မိစ္ဆာဒိဋ္ဌိတို့အယူရှိကြသောသူတို့သည် တံစိုးလက်ဆောင်ကိုယူ၍ ဗုဒ္ဓနောက်သို့အစဉ်လိုက်ပြီး-

"အသင်ဦးပြည်းကတုံးများသည် ခိုးသူတို့တည်း။ မိုက်မဲသောသူတို့တည်း။ တွေဝေသောသူတို့တည်း။ ကုလားအုပ်၊ နွား၊ မြည်း၊ ငရဲသူ-သတ္တဝါတိရစ္ဆာန်များ ဖြစ်ကြသည်။ အသင်အား ကောင်းသောအလားရှိသော လူကောင်း-နတ်ကောင်းအဖြစ်သည် မရှိ။ အသင်အားမကောင်းသောဘုံလားရာရှိသူဖြစ်၏။

ဟူ၍ ဆဲခြင်းအမျိုးမျိုးတို့ဖြင့် ဆဲရေးရေရွတ်ကြကုန်သည်။

ရှင်အာနန္ဒာသည် ထိုဆဲရေးရေရွတ်သံကို ကြားရပြီး-

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ဤကောသမ္ဗီပြည်သားတို့သည် တပည့်တော်တို့ကို အလွန်တရာဆဲရေးရေရွတ်ကုန်

ပါ၏။ ဤမြို့မှအခြားမြို့သို့ ပြောင်းရွှေ့ကြပါကုန်အံ့"
ဟု လျှောက်ထားသည်။

"ချစ်သားအာနန္ဒာ. . . အဘယ်မြို့သို့သွားမည်နည်း"

"မြတ်စွာဘုရား. . . အခြားတစ်မြို့သို့ သွားပါမည်"

"ချစ်သားအာနန္ဒာ. . . ထိုသွားလာသောမြို့က လူတွေက ယခုကဲ့သို့ဆဲရေးပြန်သော် မည်ကဲ့သို့ပြုလုပ်ပါမည်နည်း"

"မြတ်စွာဘုရား. . . ထိုမြို့ကဆဲပြန်သော် တစ်ခြားမြို့သို့ သွားပါမည်"

"ချစ်သားအာနန္ဒာ. . . ထိုအရပ်ကဆဲပြန်သော် အဘယ် အရပ်သို့သွားမည်နည်း"

"မြတ်စွာဘုရား. . . တစ်ပါးသောမြို့သို့ ထပ်မံသွားပါမည်"

"အာနန္ဒာ. . . ဤသို့ပြုခြင်းငှာ မသင့်တင့်မလျှောက် ပတ်ပါ"

အကြင်အရပ်မြို့ရွာ၌ အဓိကရုဏ်းကို ငြိမ်းစေပြီးသော် တစ်ပါးသောအရပ်သို့ သွားခြင်းငှါသင့်လျော် လျှောက်ပတ်ကောင်း မြတ်ပါ၏။

"ချစ်သားအာနန္ဒာ. . . သင်တို့အားအဘယ်သူတို့က ဆဲရေးရေရွတ်ပါသနည်း"

"မြတ်စွာဘုရား. . . ကျွန်ုပ်အမှုလုပ်တို့ကို အစပြု၍ အလုံးစုံကုန်သောသူတို့သည် ဆဲရေးရေရွတ်ကြပါသည်။"

"ချစ်သားအာနန္ဒာ. . . ငါဘုရားသည် စစ်မြေပြင်သို့ စစ်ပွဲဝင်သော ဆင်ပြောင်ကြီးနှင့်တူပါ၏။ စစ်မြေပြင်၌စစ်ပွဲဝင်နေသော ဆင်ပြောင်ကြီးကို အရပ်လေးမျက်နှာမှ ပစ်လွှတ်သောမြားတို့ကိုသည်းခံခြင်းငှါ ဝင့်ဖြစ်ဘိသကဲ့သို့ ထို့အတူသာလျှင် များစွာကုန်သော သီလမရှိ ဒုဿီလတို့ပြောဆိုသောစကားကို သည်းခံခြင်းငှါသည်ကား ငါဘုရား၌ဝင့်ပေကည်း"

"ညစ်ညူးဆိုးသွမ်းသီလမရှိသော များစွာသောလူအပေါင်းတို့သည် ချုပ်ချယ်၍ဆိုကတ်ကုန်၏။"

များစွာသောလူအပေါင်း၏ အလယ်သို့သွားကုန်သောသူတို့သည် ယဉ်ကျေးသောမြင်းကိုဆောင်ကုန်၏။ မင်းသည် ယဉ်ကျေးသောဆင်မြင်းကို စီးသွားလေ့ရှိ၏။

"အကြင်သူသည် လွန်ကျူးပြစ်မှားရမ်းကားမိုက်မဲ ဆဲရေးရေရွတ်၍ဆိုသောစကားကို သည်းခံသောသဘောရှိသော အမျက်ဒေါသကင်းမဲ့သူကို ဆုံးမအပ်သည်ဖြစ်၍ ယဉ်ကျေးသောလူတို့ထက် အထူးသင့်လျော် မြတ်သော ဟု ချီးမွမ်းအပ်၏။

"ကောင်းစွာဆုံးမအပ်သည်ဖြစ်၍ ယဉ်ကျေးကုန်သော မြင်းမှုမျိုးသော သိန္ဓုမြင်းတို့သည်မြတ်၏။ ကောင်းစွာဆုံးမအပ်သည်ဖြစ်၍ ယဉ်ကျေးသောအကြောင်းအကျိုးဟုတ်သည် မဟုတ်သည်ကို သိကုန်သော သိန္ဓောမြင်းတို့သည်လည်းကောင်း၊ ကုဉ္ဇရမည်သော ဆင်ပြောင်ကြီးတို့သည်လည်းကောင်း မြတ်ကုန်၏။"

"မင်္ဂလာ့ဘက်မြင်သိ မိမိကိုယ်ကိုကောင်းစွာ ဆုံးမပြီးသည် ဖြစ်၍ ယဉ်ကျေးသောသူသည် ထိုဆိုအပ်ခဲ့ပြီးသော အလုံးစုံမြတ်သောသူတို့ထက် ပို၍မြတ်လှပေ၏။"
ဟူ၍ ဗုဒ္ဓကဟောပြသည်။

ထို့နောက်ဗုဒ္ဓက-

"ချစ်သားအာနန္ဒာ. . . သင်သည်မကြံအောက်မေ့လင့်၊ ဤသူတို့သည် ခုနှစ်ရပ်မျှသာ ဆဲရေးရေရွတ်ကုန်လတ့်၊ ရှစ်ရက်မြောက်သောနေ့၌ တိတ်ဆိတ်သည်ဖြစ်ကုန်လတ့်"
မိန့်တော်မူသည်။

ဘုရားရှင်တို့၌ဖြစ်သော အဓိကရုဏ်းမည်သည် ခုနှစ်ရက်မလွန်ပေ။ ခုနှစ်ရက်အတွင်းငြိမ်းရသည်သာ။

မာဂဏ္ဍီမိဖုရား၏ ဗုဒ္ဓအပေါ် ဆဲရေးသော ပြဿနာအဓိကရုဏ်းသည်လည်း ခုနှစ်ရက်အတွင်း ငြိမ်းသွားခဲ့သည်။ မာဂဏ္ဍီသည် ဘုရားရှင်ကိုရန်ပြုလုပ်၍မရသောအခါ သာမာဝတီတို့ကိုရန်အမျိုးမျိုးရှာပြီး သာမာဝတီတို့ကို နန်းဆောင်ပိတ်ပြီး မီးရှို့သတ်ခဲ့သဖြင့် ဘုရင်ဥတေနက အမှုမှန်ပေါ်သောအခါ မာဂဏ္ဍီဦးလေးတော်သူအပါအဝင် မာဂဏ္ဍီအမျိုးတို့ကို နန်းယင်ပြင်၌မြေတစ်ဝက်မြှုပ်၊ မီးရှို့ကာသံထွန်ခြစ်ဖြင့် တိုက်စေသည်။ မာဂဏ္ဍီ၏ အသားကိုလှီးဖြတ်ပြီး သူမကိုယ်တိုင်သူအသားကို စားစေသည်။

ထိုကိစ္စနှင့်ပတ်သက်၍ နောက်ဆုံးတွင် ဗုဒ္ဓကရဟန်းများကို

"ချစ်သားရဟန်းတို့. . . အမှတ်မထင် အကြင်အလုံးစုံကုန်သော သတ္တဝါတို့သည် မေ့လျော့ကုန်၏။ ထိုမေ့လျော့သူတို့သည် အနှစ်တစ်ရာပင် အသက်ရှင်လေငြားသော်လည်း သေသည်မည်ကုန်လျှင်သာဟည်း။ အကြင်သူတို့သည် မမေ့မလျော့ကုန် ထိုသူတို့သည် သေသော်လည်းအသက်ရှည်သည် မည်ကုန်၏။

ထို့ကြောင့် မာဂဏ္ဍီသည် အသက်ရှည်၍ပင်နေငြားသော်လည်း သေသည်မည်၏။ သာမာဝတီတို့သည် သေလွန်ကုန်သော်လည်း အသက်ရှည်သည်မည်ကုန်၏။"

ဟူ၍ ဟောတော်မူသည်။

ဤသို့လျှင် ဗုဒ္ဓသည် မိမိအားမကြည်ညိုသေးကုန်သောရန်လိုကုန်သော လူသားများ၏လောကသဘာဝပြဿနာကို မြတ်သောသည်းခံမှုဖြင့် ဖြေရှင်းခဲ့လေတော့သည်။

(ဓမ္မပဒ-သာမာဝတီဝတ္ထု)

( အနော်ဟာပဂ္ဂငင်း အမှတ်-၇၇ )

## ၇။ ဂေါတမဗုဒ္ဓ၏တန်ခိုးပြာဋိဟာပြမှု

ဂေါတမဗုဒ္ဓသည် မလ္လတိုင်းအနူပိယနိဂုံး၌ သီတင်းသုံးနေချိန်ဖြစ်သည်။

သုနက္ခတ္တ လိစ္ဆဝီမင်းသားသည် ဗုဒ္ဓထံ၌ရဟန်းပြုပြီး ဗုဒ္ဓကို အထင်အမြင်လွဲကာ ဗုဒ္ဓအားအမျိုးမျိုးစွပ်စွဲပုတ်ခတ်လျက် နောက်ဆုံးရဟန်းဘဝက မိမိအားသာမိမိပြောင်းလဲလိုသည်ကိုပင် ဘုရားရှင်ကိုလာရောက် အပြစ်တင်ကာ-

"မြတ်စွာဘုရား . . . ယခုကျွန်ုပ်သည် မြတ်စွာဘုရားကို စွန့်ပါတော့မည်။ ယခုကျွန်ုပ်သည် မြတ်စွာဘုရားကို ဆရာဟု ရည်ညွှန်းခြင်းပြုတော့မည် မဟုတ်ပါ။"
ဟု လာရောက်လျှောက်ထားသည်။

သုနက္ခတ္တ . . သင့်လာပါ။ ငါကိုဆရာဟု ရည်ညွှန်းနေလော့ဟု သင့်ကိုငါဆိုဘူးပါသလော"

"မဆိုဘူးပါ၊ အရှင်ဘုရား'

"အချည်းနှီးယောကျာ်း၊ ဤသို့ဖြစ်လျှင် သင်သည်ဘယ်သူဖြစ်၍ ဘယ်သူကိုစွန့်ပစ်ဘိသနည်း။ သင်ကျူးလွန်သော အပြစ်ကို ရှုဘိလော့။ "

"မြတ်စွာဘုရား . . . အရှင်ဘုရားသည် ကျွန်ုပ်အား လူတို့ တရားထက်သာလွန်သော တန်ခိုးပြာဋိဟာကိုမပြ၍ မကျေနပ်ပါ"

"သုနက္ခတ္တ. . . ငါသည်သင့်အား တန်ခိုးပြာဋိဟာကို ပြမည်။ သင်တို့သည် ငါကိုဆရာအဖြစ် ရည်ညွှန်း၍ နေလော့ဟု ဆိုဘူးပါသလော"

"အရှင်ဘုရား. . . မဆိုဘူးပါ"

"မြတ်စွာဘုရား. . . အရှင်ဘုရားသည် ကျွန်ုပ်အားတန် ခိုးပြာဋိဟာပြတော်မူပါ၊ ကျွန်ုပ်သည် မြတ်စွာဘုရားကို ဆရာအ ဖြစ်ရည်ညွှန်း၍ နေပါမည်ဟူ၍ သင်ကရောငါ့ကိုဆိုဘူး ပါသလော"

"မဆိုဘူးပါဘုရား"

"အချည်းနှီးသောယောကျ်ား. . ဤသို့ဖြစ်လျှင်သင်သည် ဘယ်သူဖြစ်၍ ဘယ်သူ့ကိုစွန့်ပယ်သနည်း။ သင်ကျူးလွန်သော အပြစ်ကိုရှုလော့"

"မြတ်စွာဘုရား. . . အရှင်ဘုရားသည် တပည့်အားကို လောကဏ်အစတည့် သိအပ်သောတရားကို ဟောကြားတော်မမူ၍ မကျေနပ်ပါ"

"သုနက္ခတ္တ. . . ငါသည်သင့်ကို လောက၏အစကို ဟောကြားမည်။ သင်သည်ငါ့ကို ဆရာအဖြစ်၊ ရည်ညွှန်း၍နေ လော့ဟူ၍ သင်အားငါဆိုဘူးပါသလော"

"မဆိုဘူးပါဘုရား"

"မြတ်စွာဘုရားသည် ကျွန်ုပ်အားလောက၏အစကို ဟောကြားတော်မူပါ။ ကျွန်ုပ်သည် မြတ်စွာဘုရားကို ဆရာအဖြစ် ရည်ညွှန်း၍ နေပါမည်ဖြစ်၍ဟူ၍ သင်ကလည်းငါကိုပြောဆိုဘူး ပါသလော"

"မပြောဆိုဘူးပါဘုရား"

"အချည်းနှီးသောယောကျ်ား. . . ဤသို့ဖြစ်လျှင် သင်သည် ဘယ်သူဖြစ်၍ ဘယ်သူ့ကိုစွန့်ပစ်ဘိသနည်း"

သုနက္ခတ္တ လောက၏အစကို ဟောသည်ဖြစ်စေ၊ မဟောသည်ဖြစ်စေ၊ ဆင်းရဲကုန်ခြင်းအလို့ငှါဟောအပ်သောတရားသည် ဟောသည့်အတိုင်း ကျင့်သူအားဆင်းရဲကုန်ခြင်းအလို့ငှါ ဖြစ်သည် မဟုတ်လော။

"ဖြစ်ပါသည်ဘုရား"

"သုနက္ခတ္တ. . . ဤသို့ဖြစ်သော် လောက၏အစကို ဟောခြင်းဖြင့်အဘယ်အကျိုးရှိပါအံ့နည်း"

သုနက္ခတ္တ. . . သင်၏အကြောင်းအမျိုးမျိုးတို့ဖြင့် ငါဘုရား၏ဂုဏ်ကိုလည်းကောင်း၊ တရားနှင့်သံဃာဂုဏ်ကိုလည်း ကောင်း၊ သင်အမျိုးဝဇ္ဇီမင်းတို့၏မြို့ရွာ၌ ပြောဆိုစွပ်စွဲခဲ့ဘူး၏။ အကယ်၍ငါဘုရားထံမှ သင်ထွက်ခွာသွားသော်-

-သုနက္ခတ္တ. . . ရဟန်းဂေါတမထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးနိုင်ရန်မစွမ်းနိုင်၍ လူထွက်သွားလေ၏ဟု ပြောဆိုကဲ့ရဲ့ကြပေလိမ့်မည်။

ဂေါတမဗုဒ္ဓက ဤသို့ပေါကြားပြောပြသော်လည်း သုနက္ခတ္တလိစ္ဆဝီမင်းသားရဟန်းသည် ဘုရားထံမှ ထွက်ခွာသွားခဲ့လေသည်။

သုနက္ခတ္တ လိစ္ဆဝီမင်းသားရဟန်းသည် ဤကဲ့သို့နောက်ဆုံးစွပ်စွဲပြီး လူထွက်သွားသည်မဟုတ်။ ရဟန်းဘဝ၌ရှိစဉ်ကလည်း ဘုရားနောက်လိုက် (ပစ္ဆာသာမဏ) ပြုလုပ်ပြီး မထင်လျှင်မထင်သလို စိတ်ကူးပေါက်လျှင်ပေါက်သလို အသိဉာဏ်ကင်းမဲ့စွာ စွပ်စွဲပြောဆိုတတ်သော အလေ့အထရှိနေခဲ့သည်။

အခါတစ်ပါးတွင် ဘုရားရှင်သည် ဥတ္တရကာမည်သော နိဂုံးသို့သုနက္ခတ္တနှင့်အတူ ဆွမ်းခံကြွစဉ် ခွေးကဲ့သို့ လေးဘက်ထောက်သွား၍ မြေ၌ချထားသောအစာကို ပါးစပ်ဖြင့်ဟပ်၍စားနေသော ကောရခတ္တိယတက္ကတွန်းကို သုနက္ခတ္တရဟန်းသည်မြင်မိလေသည်။

"ဤတက္ကတွန်းကား ချီးမြင့်အံ့ဩဖွယ် ကောင်းလေစွ" ဟု အကြံဖြစ်ပေါ်လာလေသည်။

ထိုအကြံကိုဘုရားရှင်ကသိ၍-

"အချည်းနှီးသောယောကျ်ား သင်ကားရဟန်းဟူ၍ ဝန်ခံနေဘိသည်"

ဟု မိန့်ကြားသည်။

"မြတ်စွာဘုရား. . . အရှင်ဘုရားသည် အရဟတ္တဖိုလ် ကျင့်သူကို အဘယ်ကြောင့် ဝန်တိုဘိသနည်း"

"အချည်းနှီးသောယောကျာ်း. . . ငါသည်အရဟတ္တဖိုလ် ကို ဝန်တိုသည်မဟုတ်။ သင့်အားသာလျှင် ထိုယုတ်မာသောအယူ သည် ဖြစ်ပေါ်နေ၏။"

သုနက္ခတ္တ. . . ဤကောရခတ္တိယတက္ကတွန်းသည် ခုနစ် ရက်မြောက်သောနေ့၌ စားပိုးနစ်သောရောဂါဖြင့်သေ၍ အသုရာ ဘုံ၌ ကာလကဉ္စိကမည်သော အသုရာဖြစ်လိမ့်မည်။ သူ၏ အလောင်းကိုလည်း ဗြိန်းမြက်တောသင်္ချိုင်း၌ စွန့်ပစ်ကြလိမ့်မည်၊

ဗုဒ္ဓက ဤသို့မိန့်ကြားသော် သုနက္ခတ္တသည် တစ်ချိန်တွင် ကောရခတ္တိယတက္ကတွန်းထံသို့သွားရန် ဘုရားရှင်၏ထိုစကားကို သွားရောက်ပြောကြားပြီး ဘုရားရှင်၏စကားလွဲမှားစေရန် အစား အစာကိုချင့်ချိန်ပြီး လျော့စားရန်ကောရခတ္တိယကို သတိပေးထား ခဲ့သည်။

ထို့နောက် သုနက္ခတ္တသည် ဗုဒ္ဓစကားကို မယုံသဖြင့် နေ့ရက်များကို လက်ချိုးရေတွက်နေသည်။

ကောရခတ္တိယကား ဗုဒ္ဓမိန့်ကြားသည့်အတိုင်းပင် ခုနစ် ရက်မြောက်သောနေ့၌ စားပိုးနင့်သောရောဂါဖြင့် သေ၍အသုရာ ဘုံ၌ ကာလကဉ္စိကာမည်သော အသုရာဖြစ်လေသည်။

သူ၏အလောင်းကိုလည်း ပြန်းမြက်တောသင်းချိုင်း၌စွန့်ပစ်ကြလေသည်။

ထိုအခါ သုနက္ခတ္တသည် သင်းချိုင်းသို့သွား၍ ကောရခတ္တိယ၏အလောင်းကိုလက်ဖြင့် သုံးကြိမ်ပုတ်ပြီး-

"ကောရခတ္တိယ. . . သင်သည် မိမိ၏လားရာကို သိပါ၏လော" ဟုမေးသည်။

ကောရခတ္တိယ၏အလောင်းသည် လက်ဖြင့်ကျောကို ပွတ်လျက်ထ,လာပြီး-

"အရှင်သုနက္ခတ္တ. . . ငါကားအသုရာဘုံ၌ ကာလကဉ္စကမည်သောအသုရာဖြစ်နေရပါ၏"

ဟု ပြောပြီးတိုနေရာ၌ပင် ပြန်လဲကျသွားလေသည်။

ထိုအခြင်းအရာကို လက်တွေ့တွေ့မြင်ပြီးသော် သုနက္ခတ္တသည် ဗုဒ္ဓထံသို့သွားရောက်ရာ ဗုဒ္ဓကဆီး၍-

"သုနက္ခတ္တ. . . ကောရခတ္တိယတက္ကတွန်းနှင့် ပတ်သက်၍ ငါမိန့်ကြားခဲ့သော စကားသည်မှန်ပါ၏လော"

ဟုမေးလေသည်။

"မှန်ပါသည်ဘုရား"

"သုနက္ခတ္တ. . . ဤသို့ဖြစ်လျှင် လူတို့၏ဝရေးသက်သာလွန်သော တန်ခိုးပြာဋိဟာကို ပြသသည်မည်သလော၊ မမည်ပါသလော"

"တန်ခိုးပြာဋိဟာကို ပြသသည်မည်ပါသည်ဘုရား"

"အချည်းနှီးသောယောက်ျား. . . ဤသို့ဖြစ်ပါလျက် မြတ်စွာဘုရားသည် ဤနုပ်ကိုတန်ခိုးပြာဋိဟာကို မပြဟု သင်ဆိုဘိ၏။ သင်၏အပြစ်ကို ရှုဘိလော"

* * * * *

အခါတစ်ပါး၌ ဗုဒ္ဓသည် ဝေသာလီပြည် ကူဋာဂါရကျောင်းတိုက်၌ သီတင်းသုံးနေစဉ်အချိန်ဖြစ်သည်။

ကဋာရမဋ္ဌကကမည်သော တက္ကတွန်းသည်

- အသက်ထက်ဆုံးအဝတ်မဝတ်ခြင်း
- မေထုန်အကျင့်ကိုမမှီဝဲခြင်း
- ထမင်း၊ မုန့်တို့ကိုမစားဘဲ သေရည်နှင့်အသားတို့ကို မျှတခြင်း၊
- ဝေသာလီပြည်၏ အရပ်လေးမျက်နှာရှိ နတ်ကွန်းလေးခုတို့ကို ကျော်လွန်၍မသွားခြင်း၊

ဟူသော ကျင့်ဝတ်ခုနှစ်ပါးကို ကျင့်သုံးဆောက်တည်သဖြင့် ဝေသာလီပြည်၌ လာဘ်လာဘအခြံအရံပေါ်များ၏။ အထွတ်အထိပ်သို့ရောက်လျက်ရှိသည်။

သုနက္ခတ္တသည် ထိုကဋာရမဋ္ဌကတက္ကတွန်းထံချဉ်းကပ်ပြီး ပြဿနာတစ်ခုကို မေးလေသည်။

ကဋ္ဌာရသည် မိမိမဖြေဆိုနိုင်သော ပြဿနာမေးခွန်းကို မေးသည့်အတွက် သုနက္ခတ္တအပေါ် မကျေနပ်သော အမူအရာကို ပြသလေသည်။

ထိုအခါ သုနက္ခတ္တသည်-

"ငါသည် ရဟန္တာကိုထိပါးစော်ကားမိလေပြီ"

ဟု စိတ်မချမ်းမသာဖြစ်သွားလေသည်။

ထို့နောက်သုနက္ခတ္တသည် ဗုဒ္ဓထံသို့သွားရောက်လေရာ ဗုဒ္ဓသည်ထိုအကြောင်းကို ကြိုသိထားပြီးဖြစ်၍-

"သုနက္ခတ္တ. . . သင်ကဲ့သို့သောသူသည် ကဋ္ဌာရကို ရဟန်းဟူ၍ ဝန်ခံနေဘိ၏"

ဟု မိန့်ဆိုတော်မူသည်။

"မြတ်စွာဘုရား. . . အရှင်ဘုရားသည် အဘယ်ကြောင့် အရဟတ္တဖိုလ်ကို ဝန်တိုဘိပါသနည်း"

ဟုသုနက္ခတ္တကဗုဒ္ဓကစွပ်စွဲချက်တင်သည်။

"အချည်းနှီးသောယောကျ်ား. . . ငါသည် အရဟတ္တဖိုလ်ကို ဝန်တိုသည်မဟုတ်။ သင့်အားသာလျှင် ဤယုတ်မာသောမိစ္ဆာအယူသည် ဖြစ်ပေါ်နေ၏။ သင်သည် ဤအယူကို စွန့်လေတော့" သုနက္ခတ္တ ရဟန္တာဟူ၍ သင်အထင်ကြီးနေသော ကဋ္ဌာရမင္ဂက တက္ကတွန်းသည် မကြာမီပင် လူဝတ်ကိုဝတ်လျက် ခင်ပွန်းမနှင့် အတူတူလှည့်လည်လိမ့်မည်။ ထမင်း၊ မုန့်တို့ကိုစားပြီးလျှင် ဝေသာ

လီပြည်၏ အရပ်လေးမျက်နှာရှိ နတ်ကွန်းစေတီတို့ကိုလွှန်၍ အခြံ အရံဆုတ်ယုတ်ပျက်ပြားကာ သေဆုံးလိမ့်မည်။

ဤသို့ ဗုဒ္ဓကမိန့်ကြား၍ မကြာမီပင် ကဠာရမဋ္ဌကတတ္တ တွန်းသည် လူ့ဝတ်ကိုဝတ်၍ခင်ပွန်းမနှင့်အတူ လှည့်လည်လေ သည်။ ထမင်း၊ မုန့်တို့ကိုစားပြီးလျှင် ဝေသာလီပြည်၏အရပ်လေး မျက်နှာရှိ နတ်ကွန်းစေတီတို့ကိုလွှန်၍ အခြံအရံဆုတ်ယုတ်လျက် သေဆုံးလေသည်။

ထိုသတင်းကိုကြားရသော သုနက္ခတ္တသည် ဗုဒ္ဓထံသို့သွား ပြန်ရာ ဗုဒ္ဓက-

"သုနက္ခတ္တ. . . ကဠာရမဋ္ဌကတတ္တတွန်းနှင့် ပတ်သက်၍ ငါမိန့်ကြားသောစကားသည် မှန်ပါ၏လော"

"မှန်ပါသည်ဘုရား"

"သုနက္ခတ္တ. . . ထိုသို့ဖြစ်လျှင် ကုသိုလ်ကမ္မတရားထက် သာလွန်သောတန်ခိုးပြဋ္ဌိဟာကို ပြသသည်မည်သလော၊ မပြသ သည် မည်သလော"

"တန်ခိုးပြာဋိဟာကို ပြသသည်မည်ပါသည်ဘုရား"

"အချည်းနှီးသောယောကျ်ား. . . ဤသို့ဖြစ်ပါလျှက် မြတ်စွာဘုရားသည် ကျွန်ုပ်အားတန်ခိုးပြာဋိဟာမပြဟု သင်ဆိုဘိ ၏။ သင်၏အပြစ်ကိုရှုဘိလော"

ဤသို့လျှင် သုနက္ခတ္တသည် ဘုရားရှင်ကိုဤကဲ့သို့စွပ်စွဲ ထိုကဲ့သို့စွပ်စွဲပြီးလျှင် ဘုရားရှင်၏ဓမ္မအနှစ်သာရကို မခံယူဘဲ သာသနာဘောင်ကနေထွက်သွားပြီ၊ ထိုသို့ထွက်သွားပြီးနောက် သူနှင့်မိတ်ဆွေဖြစ်သော အနုပိယနိဂုံးနေ ဘဂ္ဂဝပရိဗိုဇ်ထံ သွားရောက်ပြီးမိမိသည် ရဟန်းဂေါတမကို စွန့်လွှတ်ခဲ့ကြောင်း ပြောပြသည်။

တစ်နေ့မြတ်စွာဘုရားရှင်သည် နံနက်အချိန်ဆွမ်းခံဝင်ရာ၌ အချိန်စောနေသေး၍ ထိုဘဂ္ဂဝပရိဗိုဇ်၏ကျောင်းသို့ ခေတ္တဝင်စဉ် ဘဂ္ဂဝပရိဗိုဇ်က သုနက္ခတ္တလိစ္ဆဝီမင်းသားသူထံရောက်ပုံ ဘုရားရှင်ကို သူကစွန့်လွှတ်ခဲ့ပုံအကြောင်းစုံကို ပြောပြပြီးလျှောက်ထားမေးမြန်းရာမှ ဗုဒ္ဓကမိမိအပေါ် သုနက္ခတ္တစွပ်စွဲသော ပြဿနာအရပ်ရပ်တို့ကို ဘဂ္ဂဝပရိဗိုဇ်အား ရှင်းလင်းပြောပြခဲ့သည်။

ဗုဒ္ဓဂေါတမသည် မိမိအားစွပ်စွဲလာသူများကို ဒေါသ, အာဃာတထားစသော ကြမ်းတမ်းသောကာယကံအပြုအမူ၊ ဝစီကံအပြုအမူ၊ မနောကံအပြုအမူမပြဘဲ မေတ္တာ၊ ကရုဏာတော်တို့ဖြင့်သာ ပြဿနာ၏အဖြေကို ထုတ်ဖော်ရှင်းလင်းပြီး အမြင်ကို ကြည်လင်စေသည်။ အမြင်မှန်ကို ရစေပါသည်။

( အနော်မာမဂ္ဂဇင်း အမှတ်-၇၉ )

## ၆။ ရဟန်းဂေါတမနှင့် ငါ တန်ခိုးပြိုင်ရဲသည်

ဝေသာလီပြည်တွင် ခေါင်းပါးသောအကျင့်ကိုကျင့်၍လူအများ၏ကြည်ညိုလေးစားမှုကို ခံရပြီးလာဘ်လာဘ၊ အခြံအရံများလျက် ကျော်စောသောပါထိကပုတ္တအမည်ရှိသော တက္ကတွန်းတစ်ပါးရှိသည်။

ပါထိကပုတ္တသည် ဂေါတမဘုရားရှင် ဝေသာလီပြည်ကြွလာ၍ ဝေသာလီ၏ဒုဗ္ဘိက္ခန္တရဘေးကြီးကို ကယ်တင်ပေးခဲ့သဖြင့် ဝေသာလီပြည်သူ၊ ပြည်သားတို့အား ဗုဒ္ဓဂေါတမအားလေးစားမှုကြည်ညိုမှုများလာ၍ မခံမရပ်နိုင်ဖြစ်လာပြီး တစ်နေ့တွင် ပရိတ်သတ်အလယ်၌-

“ရဟန်းဂေါတမသည် သဗ္ဗညုတဉာဏ်ကို ဝန်ခံသလို ငါသည်လည်းသဗ္ဗညုတဉာဏ်ကိုဝန်ခံပါ၏၊ သဗ္ဗညုတဉာဏ်ကို ဝန်ခံသောပုဂ္ဂိုလ်တစ်ဦးသည် သဗ္ဗညုတဉာဏ်ကို ဝန်ခံသော အခြားပုဂ္ဂိုလ်တစ်ဦးနှင့်ပြိုင်၍ တန်ခိုးပြရန်ထိုက်ပါသည်။ ရဟန်းဂေါတမသည် ခရီးတစ်ဝက်သို့လာလျှင် ငါသည်လည်းခရီးတစ်ဝက်သို့ သွားပါမည်။ ထိုနေရာ၌ ငါတို့တန်ခိုးပြိုင်ကြပါအံ့၊ ရဟန်းဂေါတမက တန်ခိုးပြာဋိဟာတစ်မျိုးပြလျှင် ငါကနှစ်မျိုးပြပါမည်” ဟု ကြုံးဝါးပြောဆိုလေသည်။

ထိုပါထိကပုတ္တတက္ကတွန်း၏ ကြုံးဝါးပြောဆိုချက်ကို သုနက္ခတ္တလိစ္ဆဝီသည် ကြားသိရလျှင် ဗုဒ္ဓထံသွား၍ ထိုအကြောင်းကိုလျှောက်ထားပြသည်။

"သုနက္ခတ္တ. . . ပါထိကတက္ကတွန်းသည် ထိုစကားကို မရုပ်သိမ်းဘဲ ထိုအယူကိုမစွန့်ဘဲ ငါ၏မျက်မှောက်သို့လာရန် မထိုက်ပေ။ အကယ်၍လာရန်ကြံစည်လျှင်လည်း သူ၏ဦးခေါင်းသည် ပြတ်ကျဖွယ်ရာရှိပေ၏။"

ဟု ဗုဒ္ဓမိန့်ကြားသည်။

"မြတ်စွာဘုရား. . . ဤစကားကို စောင့်စည်းတော်မူပါ ပါထိကပုတ္တတက္ကတွန်းသည် ပြောင်းလွဲသောရုပ်ဖြင့် ဘုရားရှေ့မှောက်သို့ရောက်လာခဲ့သော် ထိုစကားသည် လွဲမှားမှုဖြစ်စေနိုင်ပါသည်။"

သုနတက္ခတ္တသည် ဘုရားရှင်ကို အထင်သေး၊ အမြင်သေး ဖြင့် စဉ်းစားကာသာမန်လူတို့လောက်ဘဲ အသိဉာဏ်ရှိနေသူဟု ထင်မှတ်နေ၍ ဤသို့ပြောဆိုခြင်းဖြစ်သည်။ ဘုရားရှင်ကရဲ့ံစွာပင်

"သုနက္ခတ္တ. . . ဘုရားရှင်တို့မည်သည်မ် နှစ်ခွန်းသော စကားကို မဆိုကြပေ။"

ဟု မိန့်ကြားသည်။

"မြတ်စွာဘုရား. . . ပါထိကတက္ကတွန်းသည် ထိုစကားကို မရုပ်သိမ်းဘဲ ထိုအယူကိုမစွန့်ဘဲ မြတ်စွာဘုရားရှေ့မှောက်

သို့ လာရောက်ရှိနေမည့် ထိုက်ဟူသောအကြောင်းကို စိတ်ဖြင့်ပိုင်းခြား၍ သိတော်မူပါသလော။ သို့တည်းမဟုတ် နတ်တို့ကပင် လာရောက်၍ လျှောက်ကြားပါသလော"

" သုနက္ခတ္တ. . . ထိုအကြောင်းကို ငါဘုရားသည် စိတ်ဖြင့်လည်း ပိုင်းခြား၍သိ၏။ လူ့ပြည်မှသေလွန်၍ တာဝတိံသာ နတ်ပြည်၌ဖြစ်နေသော အဇိတမည်သော လိစ္ဆဝီစစ်သူကြီးကလည်း ထိုအကြောင်းကို ငါ့အားလာ၍ လျှောက်ထား၏။

သုနက္ခတ္တ. . . ငါသည် ဝေသာလီပြည်၌ ဆွမ်းခံလှည့်လည်၍ ဆွမ်းစားပြီးသော် ပါထိကတက္ကတွန်း၏ ကျောင်းသခ်န်းသို့ သွားပါမည်။ ဤအကြောင်းကို သင်ပြောကြားလိုသူတို့အား သွားရောက်ပြောကြားပါလေ။"

ထိုအခါ သုနက္ခတ္တသည် ဂုံးချောစကားနှင့် သူတစ်ထူး၏ ပြဿနာကို ကြားကမ္ဘော့နှောက်လိုသူ၊ စွပ်စွဲလိုသူ၊ အပြစ်ပြောလိုသော ဝါသနာပါသူပီပီ၊ ဝေသာလီပြည်တွင်းသို့ ဝင်ပြီးလျှင် ထင်ရှားသော လိစ္ဆဝီမင်းသားများနှင့် သူဌေးသူကြွယ်တို့အားလည်းကောင်း၊ အယူဝါဒအမျိုးမျိုးရှိနေကြသော ရဟန်း၊ ပုဏ္ဏားတို့အားလည်းကောင်း၊ ပါထိကတက္ကတွန်းကျောင်းသို့ ဂေါတမဘုရားကြွရောက်မည့်အကြောင်းကို ပြောကြားသည်။

"အချင်းတို့. . . သွားကြကုန်လော။ အံ့ဩချီးမွမ်းဖွယ်ကောင်းသောရဟန်းနှစ်ပါးတို့၏ တန်ခိုးပြာဋိဟာပြခြင်းသည် ဖြစ်လိမ့်မည်"

ဟူ၍ တိုက်တွန်းဆော်ဩခြင်းပါ ပြုလေသည်။

သုနက္ခတ္တ၏တိုက်တွန်းမှုကြောင့် ထိုထင်ရှားသော မင်းသားများ၊ သူဌေးသူကြွယ်များ၊ ဒါယကာဝါဒအမျိုးမျိုးရှိကြသော ရဟန်း၊ ပုဏ္ဏားများ၊ ဝေသာလီပြည်သူပြည်သားတို့သည် ပါထိကတက္ကတွန်း၏ကျောင်းသို့ စုရုံးသွားကြလေသည်။ ပါထိကတက္ကတွန်း၏ကျောင်းသည် ရာထောင်မကသော ပရိတ်သတ်ဖြင့် ပြည့်လျှံသွားလေသည်။

ထိုအခါ ပါထိကတက္ကတွန်းသည် ထိတ်လန့်ကြောက်ရွံ့သဖြင့် မိမိ၏ကျောင်းသခ်န်းမှ တိတ်တဆိတ်ထွက်ခွါပြီး တိန္ဒုကခါဏုမည်သောပရိဗိုဇ်၏ ကျောင်းသခ်န်း၌ တိမ်းရှောင်နေလေသည်။

ထိုအချိန်ဝယ် ဘုရားရှင်သည် ဝေသာလီပြည်၌ ဆွမ်းခံလှည့်လည်၍ ဆွမ်းစားပြီးသော် ပါထိကတက္ကတွန်းကျောင်းသို့ ကြွရောက်တော်မူလေသည်။

ဘုရားရှင်ကြွလာသောအခါကျမှ ပါထိကတက္ကတွန်းတိမ်းရှောင်ထွက်သွားသည်ကို ပရိတ်သတ်ကသိကြပြီးလျှင် ကိုယ်စားလှယ်တစ်ယောက်ရွေးချယ်စေလွှတ်ပြီး ပါထိကတက္ကတွန်းကို ပြန်လာရန်အကြောင်းကြားစေသည်။

ထိုတမန်သည် ပါထိကထံသို့သွား၍-

"အချင်းပါထိက. . . အရှင်သည် ရဟန်းဂေါတမထက် နှစ်ဆပို၍ တန်ခိုးပြာဋိဟာပြဖြည်ဟု ပရိတ်သတ်အလယ်၌ ပြော ထားဘူးပါသည်။ ယခုရဟန်းဂေါတမသည် အရှင်၏ကျောင်းသခ်န်း ၌ ဆိုက်ရောက်နေပါသည်။ အရှင်သည်တန်ခိုးပြရန် လိုက်ခဲ့ပါ လော"

ဟု ဖိတ်ခေါ်သည်။

"အေး. . . ငါလိုက်ခဲ့မည်။ ငါလိုက်ခဲ့မည်။"

ဟု နှုတ်ကသာဆိုပြီး ခန္ဓာကိုယ်ကမူ ထိုနေရာ၌ပင် လူးလွန့်၍ နေသည်။ နေရာမှထနိုင်ရန် မစွမ်းနိုင်ချေ။

"အရှင်ပါထိက. . . သင်၏တင်ပါးသည် ထိုင်ခုံ၌ကပ်ငြိ နေပါသလော"

ဟု မေးမြန်းသည်။ ပါထိကသည် မည်သို့မျှပြန်ပြောနိုင်ရန်မစွမ်း ဖြစ်နေလေသည်။

လာရောက်ဖိတ်ခေါ်သော ကိုယ်စားလှယ်သည် ပါထိက တက္ကတွန်းနေရာမှ မထနိုင်ဘဲဖြစ်နေသည်ကို တွေ့ရသောအခါ လူထုပရိတ်သတ်ရှိရာသို့ ပြန်လာပြီးထိုအကြောင်းစုံကို ပြောပြ လေသည်။

ထိုအခါ ဗုဒ္ဓက ပရိတ်သတ်ကို-

"ပါထိကတက္ကတွန်းသည် ထိုစကားကိုမရုပ်သိမ်းဘဲ ထိုအယူကိုမစွန့်ဘဲ ငါဘုရား၏ထံမှောက်သို့ လာရောက်ရန် မထိုက်တန်ပါ။" ဟု မိန့်ကြားသည်။

ဘုရားရှင်၏ ထိုစကားကိုကြားသော် လူထုပရိတ်သတ်ထဲမှ လိစ္ဆဝီအမတ်တစ်ဦးက-

"ကျွန်ုပ်သည် ပါထိကတက္ကတွန်းသို့သွားခေါ်ကြည့်ပါဦး ခေတ္တစောင့်ဆိုင်းကြပါ။"

ဟု ပြောဆိုပြီး ပါထိကတက္ကတွန်းထံထွက်သွားပြီး ပါထိကတက္ကတွန်းကို အကျိုးအကြောင်းပြောပြပြီး ခေါ်သည်။

ထိုအခါလည်း ပါထိကတက္ကတွန်းသည် လာပါမည်ဟုသာပြောပြီး နေရာကမထနိုင်ဘဲ လူးလိမ့်နေသည်ကိုသာ တွေ့နေရသည်။

အမတ်ကြီးသည်လည်း လက်လျှော့၍ပြန်လာပြီး ပရိတ်သတ်အား မိမိပင့်ခေါ်၍လည်းမရကြောင်း၊ ပြန်လည်ပြောပြလေသည်။

ထိုအခါ ဒါရုပတ္တိကပရိဗိုဇ်၏ တပည့်တစ်ဦးဖြစ်သော ဇာလိယဆိုသူက တစ်ဖန်သွား၍ ပါထိကကိုဖိတ်ခေါ်ပြန်သည်။ ပါထိကလည်း ရှေးနည်းတူ ငါလိုက်ခဲ့မည်။ ငါလိုက်ခဲ့မည်ဆိုပြီး နေရာမှမထနိုင်ဘဲ ရှိလေသည်။

ထိုအခါ ဇာလိယက ပါထိကတက္ကတွန်းကို

"ငါ့ရှင်ပါထိက. . . သင်သည်ရှေးက သားတို့၏မင်းဖြစ်သော ခြင်္သေ့သံသုံးကြိမ်ဟောက်၍ နူးညံ့သောသားသမင်တို့၏ အသားကိုစားသုံးနေထိုင်နေ၏။ ခွေးအိုတစ်ကောင်သည် ခြင်္သေ့၏

စားကြွင်းစားကျန်တို့ကို အမှိုပြုစားသောက်လျက် ဆူဖြိုးနေသည် အားခွန်နှင့်ပြည့်စုံနေသည်။ ထိုမြေခွေးအိုသည် မာန်ပင်ကာ မိမိ၏ မဟာဇာကိုမသိဘဲ ခြင်္သေ့လိုဟောက်နိုင်သောအသံရှိသည်ဟု ဆိုပြီးခြင်္သေ့လိုဟောက်သံပြုသည်။ ခွေးသည် ခွေးသံထွက်လာသည်။

ပါထိက. . . သင်သည်လည်း ကောင်းသောလာခြင်းရှိသော မြတ်သောအလှူကို ခံထိုက်သောဘုရားရှင်ကို သင်ချုပ်ချယ်လိုဘိ၏၊ ပြိုင်ဆိုင်လိုဘိ၏၊ မတူရာမတန်ရာကို တုပယှဉ်ပြိုင်လိုဘိ၏ ဟု ရှုတ်ချပြောဆိုကာ ပရိတ်သတ်ထံသို့ ပြန်လာခဲ့ပြီး ခေါ်မရကြောင်း အကြောင်းအကျိုးပြောပြသည်။

ထိုအခါ ဘုရားရှင်က ပါထိကတက္ကတွန်းသည် ထိုစကားကို မရုပ်သိမ်းသမျှ ထိုအယူကိုမစွန့်သမျှ မိမိရှေ့မှောက်သို့ လာရောက်ရန် မထိုက်ကြောင်းထပ်မံ မိန့်ကြားသည်။

ထို့နောက် ဗုဒ္ဓက ပရိတ်သတ်ကြီးအား သင့်တင့်လျောက်ပတ်သော တရားစကားကို ဟောကြားဆုံးမတော်မူပြီးနောက် တေဇောကသိုဏ်းကိုဝင်စားကာ ကောင်းကင်သို့ထန်းခုနှစ်ဆင့်တိုင်အောင်တက်၍ နောက်ထပ်ထန်းခုနှစ်ဆင့်တိုင်အောင် မီးခိုးမီးလျှံများကို ဖြစ်ပေါ်စေပြီး ကူဋာဂါရကျောင်းတိုက်သို့ ပြန်ကြွတော်မူသည်။

သုနက္ခတ္တသည် လိစ္ဆဝီမင်းသားသည် ဘုရားရှင်ထံသို့ လိုက်လာသည်။ ဘုရားရှင်ထံသို့ရောက်သော် ဘုရားရှင်ကဆီးကြို၍

"သုနက္ခတ္တ. . . ပါထိကတက္ကတွန်းကို အကြောင်းပြု၍ ငါမိန့်ကြားထားသော စကားသည်မှန်ပါ၏လော"

"မှန်ပါသည် အရှင်ဘုရား"

"သုနက္ခတ္တ. . . ဤသို့ဖြစ်လျှင် လူတို့၏တရားထက်သာလွန်သော တန်ခိုးပြာဋိဟာကို ပြသသည်မည်သလော၊ ပြသသည် မမည်သလော"

"တန်ခိုးပြာဋိဟာ ပြသသည်မည်ပါသည်ဘုရား"

"အချည်းနှီးသောယောကျ်ား. . . ဤသို့ဖြစ်လျက် မြတ်စွာဘုရားသည် တန်ခိုးပြာဋိဟာပြတော်မမူဟု သင်ဆိုဘိ၏။ သင်၏အပြစ်ကို ရှုဘိလော"

သုနက္ခတ္တ လိစ္ဆဝီမင်းသားသည် ဘုရားရှင်၏သာသနာ ထဲဝင်ပြီး ဘုရားရှင်ကိုစွန့်ခွာ၍လိုက်၊ ပုတ်ခတ်လိုက်လုပ်သလို လူဘောင် သို့ရောက်သောအခါ၌လည်း ယိုကဲ့သို့ အတိုအထောင်သတင်းကို နားထောင်ပြီးလိုက်လံ၍ အတိုအထောင်ပြဿနာကို ပြုလေသည်။

ဗုဒ္ဓဂေါတမသည် မည်သူကမည်သို့ပင် ပြဿနာရှာအတိုအထောင်ပြုလုပ်ကြစေကာမူ လောကသဘာဝအတွင်းရှိပြဿနာကို ပြဿနာအစစ်ကို ဖော်ထုတ်ရှင်းလင်းပြီး အဖြေပေးလေ့ရှိပါသည်။

ဗုဒ္ဓဂေါတမသည် ဝါဒတစ်ခုကိုတည်ထောင်သူမဟုတ် လောကတွင်အမှန်ရှိနေသော သဘာဝကိုသာမန်လူသားတို့ မဆင်ခြင်မစဉ်းစားနိုင်၊ မိမိတို့ဆင်ခြင်၍သိသမျှကို အဟုတ်အမှန် ထင်နေကြသည်။ ထိုအထဲတွင် သမဏ၊ ဗြာဟ္မဏပရိဗိုဇ်၊ တက္ကတွန်း တို့သည် လူတို့ထက်ပို၍ ခေါင်းပါးစွာကျင့်ကြံသူများဖြစ်၍ လူတို့ က အထင်ကြီးကြသည်။ ကြည်ညိုကြသည်။ လေးစားကြသည်၊ သူတို့ဟောသမျှ၊ ပြောသမျှတို့ကို အမှန်ဟုထင်မြင်ယူဆ လက်ခံ လာခဲ့ကြသည်။

ဗုဒ္ဓဂေါတမသည် ထိုသူတို့၏အတွေးအခေါ်အယူနှင့် ပတ်သက်၍လောကသဘာဝနှင့် ဆန့်ကျင်နေလျှင် ဆန့်ကျင်နေ ကြောင်း သဘာဝကျကျ ဖော်ထုတ်ဝန်ခံသလိုသဘာဝကျကျလည်း အများကနေအမှန်မြင်အောင် ရှင်းလင်းဟောကြားပြသတော်မူ ပါသည်။

(ကျမ်းကိုး-ဒီဃနိကာယ်၊ သုတ်ပါထေယျ၊ ပါထိကသုတ်)

(အနော်မာမဂ္ဂဇင်း၊ အမှတ်-၆၈ )

# ၇။ ဂေါတမသည် လူတောမတိုးဝံ့သူပါ

အခါတစ်ပါး၌ ဂေါတမဗုဒ္ဓသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုတ် တောင်၌ သီတင်းသုံးနေချိန်ဖြစ်သည်။

ထိုအခါ သန္ဓာနသူကြွယ်သည် ဗုဒ္ဓအားဖူးတွေ့ရန် နေ့မွန်း တည့်အချိန်တွင် ရာဇဂြိုဟ်ပြည်မှ ထွက်လာခဲ့သည်။

ထိုအချိန်တွင် ဗုဒ္ဓသည် ဈာန်ဝင်စားချိန်ဖြစ်၍ ဖူးမြော်ရန် မသင့်သေးကြောင်း စဉ်းစားမိ၍ နိဂြောဓပရိဗိုဇ်နေထိုင်ရာ ဥဒုမ္ဗရိကာ မည်သော ကျောင်းသို့သွားလေသည်။ ထိုအခိုန်က နိဂြောဓပရိဗိုဇ် သည် အရံ(၃၀၀၀)ဖြင့် ခြံရံနေထိုင်သူဖြစ်သည်။

သန္ဓာနသူကြွယ်ဝင်လာသောအချိန်တွင် နိဂြောဓပရိဗိုဇ် သည် မိမိ၏တပည့်များနှင့်အတူ တိုင်းရေး၊ ပြည်ရေး၊ မြို့ရေး၊ ရွာရေးစသည် ပရိဗိုဇ်ရသေ့တို့နှင့် မသင့်လျော်သောစကားများ ကို ကျယ်လောင်စွာပြောဆိုနေကြသည်။

ထိုပရိဗိုဇ်တို့သည် သန္ဓာနသူကြွယ်ဝင်လာသည်ကို မြင် ကြသော် နိဂြောဓပရိဗိုဇ်က မိမိ၏တပည့်များကို တိတ်တိတ်ဆိတ် ဆိတ်နေကြရန် ပြောဆိုသတိပေးသဖြင့် ပရိဗိုဇ်ပရိတ်သတ်ကြီး သည် အသံတိတ်ဆိတ်သွားလေသည်။

ထိုအခါ သန္ဓာနသူကြွယ်သည် နိဂြောဓပရိဗိုဇ်ထံချဉ်းကပ်

"အရှင်နိဂြောဓ. . . ဤပရိဗိုဇ်အချင်းချင်းပေါင်းဆုံ စည်းဝေး၍ ရသေ့ရဟန်းတို့နှင့် မသင့်လျော်သောစကားများကို ကျယ်လောင်စွာ ပြောဆိုနေကြပါသည်။ ဂေါတမမြတ်စွာဘုရား သည်ကား အသံတိတ်ဆိတ်၍ လူတို့၏အနံ့ အသက်မှကင်းဝေး သော တောကျောင်းများ၌သာ မှီဝဲနေထိုင်တော်မူပါသည်။" ဟု ပြောကြားသည်။

"အချင်းသန္ဓာန. . . ရဟန်းဂေါတမသည် ပရိတ်သတ် ထဲသို့ ဝင်ဆံ့သူမဟုတ်စကားပြောခြင်း၌ စွမ်းနိုင်သူလည်းမဟုတ်၊ ထို့ကြောင့်သာ သူသည်တောထဲ၌ လူနှင့်ဝေးသော တောကျောင်း များ၌သာ မှီဝဲနေထိုင်ခြင်းဖြစ်ပါ၏။ အကယ်၍ ဤပရိတ်သတ် ထဲသို့သာ ရဟန်းဂေါတမရောက်လာပါက ပြဿနာတစ်ချက်မေး ရုံမျှဖြင့် ချောက်ခြားသွားမည်ဖြစ်ပါသည်။

ထိုအခါ ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးနေသော မြတ်စွာ ဘုရားသည် နိဂြောဓပရိဗိုဇ်နှင့် သန္ဓာနသူကြွယ်တို့ ပြောဆိုနေ ကြသော စကားများကို ဒိဗ္ဗသောတ အဘိညာဉ်ဖြင့် ကြားသိတော် မူ၍ ဂိဇ္ဈကုဋ်တောင်မှသက်ဆင်း၍ နိဂြောဓပရိဗိုဇ်၏ ကျောင်း သက်နှင့်အနီးရှိ သုမာဂဓာ အမည်ရှိသောရေကန်ဘေး၌ စင်္ကြံ လျှောက်၍နေလေသည်။

စင်္ကြံလျှောက်နေသော ဗုဒ္ဓကိုနိဂြောဓပရိဗိုဇ်ကလှမ်း၍ မြင်သဖြင့်မိမိ၏ပရိသတ်အား ငြိမ်ဝပ်သေသပ်စွာ နေကြရန် ထပ်မံ၍ သတိပေးစကားပြောကြားလေသည်။

ထို့နောက်ဗုဒ္ဓသည် နိဂြောဓပရိဗိုဇ်ထံသို့ ရှေ့ရှုကြွလာပြီး နိဂြောဓပရိဗိုဇ်က ခရီးဦးကြိုဆို၍ အသင့်ခင်းပေးထားသော နေရာ၌ ထိုင်တော်မူသည်။

နိဂြောဓပရိဗိုဇ်သည် ဗုဒ္ဓထိုင်ပြီးသောအခါ ဗုဒ္ဓအား-

"မြတ်စွာဘုရား. . . အရှင်သည် အကြင်တရားကို ဟောကြားဆုံးမသဖြင့် တပည့်တို့သည် နှစ်သိမ့်ကျေနပ်ကာ ဤသည်ကား မြတ်သောမှီရာဖြစ်သော ရှေးရိုးအရိယာလမ်းစဉ်ပေတည်း၊ ဟု ဝန်ခံကြကုန်၏။ ထိုတရားသည်ကား အဘယ်ပါနည်းဟု မေးလျှောက်သည်။

"နိဂြောဓ. . . အယူဝါဒကွဲပြားသော သင်သည်တပည့်တို့အား ငါဟောကြားဆုံးမသော တရားကိုသိရန်မလွယ်။ သင်သည် မိမိဆရာ၏ဝါဒဖြစ်သော အဓိဇေဂုစ္ဆဝါဒ၌သာ ငါ့အား ပြဿနာကို မေးပါလော"

ဤသို့ဗုဒ္ဓက မိန့်ကြားသောအခါ ပရိဗိုဇ်တို့သည်

"အချင်းတို့. . . ရဟန်းဂေါတမ၏တန်ခိုးကား အံ့ဩဖွယ်ကောင်းပေစွ။ မိမိ၏ဝါဒကိုထား၍ သူတစ်ပါးတို့၏ဝါဒဖြင့် ပင့်ဖိတ်ခေါ်ဝံ့ပေသည်။"

ဟူ၍ ကျယ်လောင်စွာ အော်ဟစ်ကြွေးကြော်လေသည်။

နိဂြောဓသည် မိမိ၏ပရိသတ်ကို ဆိတ်ဆိတ်နေရန် ပြောကြားပြီးနောက်-

"မြတ်စွာဘုရား. . . ကျွန်ုပ်တို့သည် ခြိုးခြံသောအကျင့်ဖြင့် မကောင်းမှုကို စွန့်ပယ်ခြင်း၊ တပေါဇိဂုစ္ဆဝါဒကိုနှုတ်ဖြင့် လည်း ပြောဆိုလေ့ရှိကြပါသည်။ စိတ်ဖြင့်လည်း အနှစ်သာရဟူ၍ မှတ်ယူလေ့ရှိကြပါသည်။ ကိုယ်ဖြင့်လည်း စွဲမြဲစွာကျင့်သုံးလေ့ရှိကြပါသည်။

မြတ်စွာဘုရား. . . ထိုတပေါဇိဂုစ္ဆဝါဒသည် အဘယ်သို့လျှင် စင်ကြယ်ခြင်းဖြစ်ပါသနည်း။ အဘယ်သို့လျှင် မစင်ကြယ်ခြင်း ဖြစ်ပါသနည်း"

ဟု လျှောက်လေသည်။

"နိဂြောဓ. . . ဤလောက၌ ခြိုးခြံသောအကျင့်ရှိသောပုဂ္ဂိုလ်သည် အဝတ်မဝတ်ခြင်း၊ ရပ်လျက်ကျင်ကြီးကျင်ငယ်စွန့်ခြင်း၊ လက်ဖြင့်မစင်ကိုသုတ်ခြင်း၊ လာပါလော့၊ ရပ်ပါလော့ဟု ဆိုသူ၏ဆွမ်းကိုမခံခြင်း၊ အမဲသားငါးမစားခြင်း၊ တစ်အိမ်ထဲ၌သာ ဆွမ်းကိုခံခြင်း၊ တစ်လုပ်သာစားခြင်း၊ ရက်ခြား၍အစာစားခြင်း၊ စသောအကျင့်များကို ကျင့်၏။

ဟင်းရွက်စိမ်း၊ ပြောင်းဆန်၊ ကျိတ်သီးဆန်၊ သားရေဖတ်၊ မှော်သစ်မြစ်၊ သစ်သီးစသည်တို့ဖြင့်သော်လည်း မျှတ၍နေ၏။

ပိုက်ဆံလျှော်အဝတ်၊ သူသေကောင်မှရသောအဝတ်၊ ပံ့သကူအဝတ်၊ သစ်ခေါက်အဝတ် စသည်တို့ကိုသာ ဝတ်ဆင်၏။ ပျဉ်ပြားပေါ်၌အိပ်ခြင်း၊ ဆူးအခင်းပေါ်၌အိပ်ခြင်း၊ နံပါးတစ်ဘက်

ဖြင့်သာအိပ်ခြင်း၊ မစင်ကိုသာစားခြင်း၊ ရေမသောက်ဘဲနေခြင်း၊ တစ်နေ့သုံးကြိမ်ရေသို့ သက်ဆင်းခြင်းစသော အကျင့်များကို ကျင့်၏။

နိဂြောဓ. . . အသို့နည်း၊ ယင်းသို့ကျင့်သော် တပေါဇိဂုစ္ဆာဝါဒသည် စင်ကြယ်သလော၊ မစင်ကြယ်သလော"

"မြတ်စွာဘုရား. . . ယင်းသို့ကျင့်သည်ရှိသော် တပေါဇိဂုစ္ဆာဝါဒသည် ကောန်ပင်စင်ကြယ်ပါ၏။"

"နိဂြောဓ. . . ဤသို့စင်ကြယ်သော တပေါဇိဂုစ္ဆာဝါဒ၌လည်း ညစ်ညူးခြင်းအမျိုးမျိုးတို့ကို ငါဟောကြား၏"

"မြတ်စွာဘုရား. . . ဤသို့စင်ကြယ်သော တပေါဇိဂုစ္ဆာဝါဒ၌လည်း ညစ်ညူးခြင်းအမျိုးမျိုးတို့ကို အဘယ်သို့ဟောကြားပါသနည်း"

"နိဂြောဓ. . . ဤလောက၌ ခြိုးခြံသောအကျင့်သည်ရှိသော ပုဂ္ဂိုလ်သည်ခြိုးခြံသောအကျင့်ကို ဆောက်တည်၍ကျင့်၏။ ထိုသူသည် ထိုအကျင့်ဖြင့် ဝမ်းမြောက်လေ၏။ ပြည့်စုံပြီဟုထင်၏။ ဤသို့ဝမ်းမြောက်ခြင်း ပြည့်စုံပြီဟုထင်ခြင်းသည် ထိုပုဂ္ဂိုလ်၏ ညစ်ညူးခြင်းဖြစ်၏။

ထို့အတူ ထိုအကျင့်ဖြင့် မိမိကိုယ်ကို မြှင့်တင်၍သူတစ်ပါးကို ရှုတ်ချခြင်း၊ မာန်ယစ်ခြင်း၊ တွေဝေခြင်း၊ မေ့လျော့ခြင်း၊ ထိုအကျင့်ဖြင့် လာဘ်ရမှု၊ အရိုအသေပြုမှု၊ ကျော်ကြားမှုကို ဖြစ်

စေခြင်း၊ မနှစ်သက်သောအစာကို တပ်မက်ခြင်းရှိသည်ဖြစ်၍ စွန့်ပစ်ပြီးနှစ်သက်သောအစာကို မက်မောစွာသုံးဆောင်ခြင်း၊

- မင်းမှူးမတ်၊ သူဌေး၊ သူကြွယ်စသူတို့၏ ရိုသေလေးစားမှုကိုမြော်ကိုး၍ ထိုအကျင့်များကိုကျင့်ခြင်း။

- တစ်ခြားသောရဟန်း၊ ပုဏ္ဏားတို့ကို ကဲ့ရဲ့ရှုတ်ချခြင်း မနာလိုဝန်တိုဖြစ်ခြင်း၊ ဟန်ဆောင်ခြင်း၊ သိလျက်နှင့်မဟုတ်မမှန်ပြောခြင်း၊ ဝန်ခံသင့်သောအကြောင်းကို ဝန်မခံခြင်း၊ အမျက်ထွက်ခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ သူတစ်ပါးဂုဏ်ကိုချေဖျက်ခြင်း၊ ဂုဏ်ပြိုင်ခြင်း၊ မှားသောအယူကိုယူခြင်းတို့သည် ခြိုးခြံသောအကျင့်ရှိသောပုဂ္ဂိုလ်၏ ညစ်ညူးခြင်းများဖြစ်၏။

"နိဂြောဓ. . . အသို့နည်း။ ဤသို့ဖြစ်သော် တပေါဇိဂုစ္ဆာဝါဒသည် ညစ်ညူးသလော၊ မညစ်ညူးပါသလော"

"မြတ်စွာဘုရား. . . ဤသို့ဖြစ်သော် တပေါဇိဂုစ္ဆာဝါဒသည် ကေန်ပင်ညစ်ညူးပါ၏။"

"နိဂြောဓ. . . ဤလောက၌ ခြိုးခြံသောအကျင့်ရှိသောပုဂ္ဂိုလ်သည် ခြိုးခြံသောအကျင့်ကို ဆောက်တည်၍ကျင့်၏။ သူသည် ထိုအကျင့်ဖြင့်ဝမ်းမမြောက် ပြည့်စုံပြီဟုမထင်"

ဤသို့ ထိုအကျင့်ဖြင့် ဝမ်းမမြောက်ခြင်း၊ ပြည့်စုံပြီဟုမထင်ခြင်းသည် ထိုသူ၏ထိုအဆင့်၌ စင်ကြယ်ခြင်းပင် ဖြစ်ပါ၏။

ထို့အတူပင် ထိုအကျင့်ဖြင့် မိမိကိုယ်ကိုလည်း မမြှင့်တင်၊ သူတစ်ပါးကိုလည်း မရှုတ်ချခြင်း၊ မာန်ယစ်တွေဝေမေ့လျော့မှု မရှိခြင်း၊ လာဘ်ရမှု၊ အရိုအသေပြုမှု၊ ကျော်ကြားမှုတို့ကို မဖြစ်စေခြင်း၊ မနှစ်သက်သောအစာကိုတပ်မက်ခြင်းမရှိသည်ဖြစ်၍ စွန့်ပယ်ပြီး နှစ်သက်သောအစာကိုလည်း မက်မောခြင်းမရှိသည်ဖြစ်၍ သုံးဆောင်ခြင်း၊

မင်း, မှူးမတ်, သူဌေး, သူကြွယ်စသူတို့အား ကဲ့ရဲ့ရှုတ်ချမှုကို မျှော်ကိုး၍မကျင့်ခြင်း၊ အခြားသောရဟန်းပုဏ္ဏားတို့အား ကဲ့ရဲ့ရှုတ်ချမှု၊ မနာလိုဝန်တိုမှုမပြုခြင်းစသည်တို့သည် ထိုသူ၏ ထိုအဆင့်အသီးသီး၌ စင်ကြယ်ခြင်းများ ဖြစ်ကုန်၏။

"နိဂြောဓ. . . အသို့နည်း၊ ဤသို့ဖြစ်သော် တပေါဇိဂုစ္ဆာဝါဒသည် စင်ကြယ်သလော၊ မစင်ကြယ်သလော"

"အရှင်ဘုရား. . . ဤသို့ဖြစ်သော် တပေါဇိဂုစ္ဆာဝါဒသည် ကောင်းစင်ကြယ်ပါ၏။ အထွတ်အထိပ်သို့လည်း ရောက်ပါ၏။ အနှစ်သာရသို့လည်း ရောက်ပါ၏။"

"နိဂြောဓ. . . တပေါဇိဂုစ္ဆာဝါဒသည် ဤမျှဖြင့်အထွတ်အထိပ်သို့လည်းမရောက်သေး၊ အနှစ်သာရသို့လည်းမရောက်သေး၊ စင်စစ်အခွံဖွေးဖွေးသို့ရောက်ရှိရုံမျှသာ ရှိသေးသည်။"

"မြတ်စွာဘုရား. . . တပေါဇိဂုစ္ဆာဝါဒသည် အဘယ်မျှဖြင့် အထွတ်အထိပ်သို့ ရောက်ပါသနည်း။ အနှစ်သာရသို့ ရောက်ပါသနည်း"

"နိဗ္ဗာန. . . ဤလောက၌ ခြိုးခြံသောအကျင့်ရှိသော ပုဂ္ဂိုလ်သည် သူ့အသက်ကိုမသတ်၊ သူ့ဥစ္စာကိုမခိုး၊ မုသားမပြော၊ ကာမဂုဏ်ငါးပါးကို မခံစားခြင်းဟူသော စောင့်စည်းခြင်းလေးမျိုးဖြင့် စောင့်စည်း၏။

ဤသို့စောင့်စည်းသောပုဂ္ဂိုလ်သည် ဆိတ်ငြိမ်သောကျောင်း အိပ်ရာနေရာတို့ကို မှီဝဲ၏။ ဆွမ်းခံရာမှပြန်၍ ဆွမ်းကိစ္စပြီးသော အခါ ထက်ဝယ်ဖွဲ့ခွေ၍ ကိုယ်ကိုဖြောင့်မတ်စွာထားပြီးလျှင် ကမ္မဋ္ဌာန်းသို့ရှေ့ရှုသောသတိကိုဖြစ်စေလျက်ထိုင်ခြင်း။

ထိုသူသည် လောက၌ငြူစူခြင်း (အဘိဇ္ဈာ)ကိုပယ်၍ ငြူစူခြင်းကင်းသောစိတ်ဖြင့်နေ၏။ ငြူစူခြင်း (အဘိဇ္ဈာ)မှစိတ်ကို စင်ကြယ်စေ၏။ ပျက်စီးစေခြင်း (ဗျာပါဒ)ကိုပယ်ပြီး မပျက်စီးစေ လိုသောစိတ်ရှိသည်ဖြစ်၍ ခပ်သိမ်းသောသတ္တဝါတို့အား အစီး အပွား ကို လိုလားလျက်နေ၏။ ဗျာပါဒမှစိတ်ကို စင်ကြယ်စေ၏။

လေးလံထိုင်းမှိုင်းခြင်းထိန, မိဒ္ဓကိုပယ်၍ထိနမိဒ္ဓမှကင်း သည်ဖြစ်၍ သတိသမ္ပဇဉ်နှင့်ယှဉ်လျက် အလင်းရောင်ကိုအသိ အမှတ်ပြုကာနေ၏။ ထိန-မိဒ္ဓမှ စိတ်ကိုစင်ကြယ်စေ၏။

-ပျံ့လွင့်ခြင်း(ဥဒ္ဓစ္စ)၊ နောင်တဖန်ပူပန်ခြင်း (ကုက္ကုစ္စ)ကို ပယ်၍ မိမိသန္တာန်၌ ငြိမ်းအေးသောစိတ်ရှိသည်ဖြစ်၍ မပျံ့လွင့် သည်ဖြစ်၍ ဥဒ္ဓစ္စ-ကုက္ကုစ္စမှစိတ်ကို စင်ကြယ်စေ၏။

- ယုံမှားခြင်း (ဝိစိကိစ္ဆာ)ကိုပယ်ပြီး ဝိစိကိစ္ဆာကိုလွန်မြောက်သည်ဖြစ်၍ ကုသိုလ်တရားတို့၌ သို့လော-သို့လောမရှိသည်ဖြစ်၍ နေ၏။ ဝိစိကိစ္ဆာမှစိတ်ကို စင်ကြယ်စေ၏။

ထိုသူသည် စိတ်ညစ်ညူးကြောင်းဖြစ်၍ ပညာအားနည်းအောင် ပြုတတ်သော ဤအပိတ်အပင်နီဝရဏငါးမျိုးတို့ကို ပယ်ပြီးလျှင် မေတ္တာနှင့်ယှဉ်သောစိတ်ဖြင့် အရပ်မျက်နှာအားလုံးကို ပျံ့နှံ့စေ၍နေ၏။ အလုံးစုံသောအရပ်မျက်နှာ၌ရှိသော သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို ပြန့်ပြောသော၊ မြင့်မြတ်သော၊ အကန့်အသတ်မရှိသော၊ ရန်လိုခြင်း၊ ငြိုငြင်ခြင်းမရှိသော မေတ္တာနှင့်ယှဉ်သောစိတ်ဖြင့် ပျံ့နှံ့စေ၍နေ၏။

ထိုအတူ သနားခြင်း ကရုဏာ၊ ဝမ်းမြောက်ခြင်းမုဒိတာ လျစ်လျူရှုခြင်း ဥပေက္ခာနှင့်ယှဉ်သောစိတ်ဖြင့်လည်း ပျံ့နှံ့စေ၍ နေ၏။

"နိဗြောဓ. . . မည်သို့ထင်ပါသနည်း။ ဤသို့ဖြစ်အောင် တပေါဇိဂုစ္ဆာဝါဒသည် စင်ကြယ်ပါသလော၊ မစင်ကြယ်ပါသလော"

"မြတ်စွာဘုရား. . . ဤသို့ဖြစ်သော် တပေါဇိဂုစ္ဆာဝါဒသည် ကေန်ပင်စင်ကြယ်ပါ၏။ အထွတ်အထိပ်သို့လည်းရောက်ပါ၏။ အနှစ်သာရသို့လည်းရောက်ပါ၏။"

"နိဗြောဓ. . . ဤမျှဖြင့် တပေါဇိဂုစ္ဆာဝါဒသည် အထွတ်အထိပ်သို့မရောက်သေး၊ စင်စစ်အခေါက်ကိုသာ ရောက်ရုံရှိသေး၏။"

"မြတ်စွာဘုရား. . . တပေါဇဂုစ္ဆာဝါဒသည် အဘယ်မျှ ဖြင့် အထွတ်အထိပ်သို့ ရောက်ပါသနည်း။ အနှစ်သာရသို့ ရောက်ပါသနည်း"

"နိဂြောဓ. . . ဤလောက၌ မြိုးခြံသော အကျင့်ရှိသော ပုဂ္ဂိုလ်သည် စောင့်စည်းခြင်းလေးမျိုးဖြင့် စောင့်စည်းလျက်ဆိတ် ငြိမ်ရာသို့ ချဉ်းကပ်ပြီး ကမ္မဋ္ဌာန်းရှေ့ရှုသောသတိကို ဖြစ်စေကာ ထိုင်နေ၏။"

အဘိဇ္ဈာဗျာပါဒတို့မှ စိတ်ကိုစင်ကြယ်စေပြီး စိတ်ညစ်ညူး ကြောင်းဖြစ်၍ ပညာအားနည်းအောင် ပြုတတ်သောအပိတ်အပင်၊ အတားအဆီး နီဝရဏငါးမျိုးတို့ကိုလည်းပယ်၍ မေတ္တာ, ကရုဏာ မုဒိတာ, ဥပေက္ခာတို့နှင့်ယှဉ်သော စိတ်များဖြင့်အရပ်ဆယ်မျက်နှာ အားလုံးတို့သို့ ပျံ့နှံ့စေ၍နေ၏။

ထိုသူသည် အတိတ်ကမိမိဖြစ်ဘူးသော ဘဝတစ်ခုမှစ၍ ထောင်သောင်းမကများစွာသော ဘဝတို့ကိုအမည်, အမျိုးအနွယ် စသည်အားဖြင့် ပြန်ပြောင်းအောက်မေ့၏။

ထို့ပြင် နတ်တို့၏မျက်စိနှင့်တူသော ဒိဗ္ဗစက္ခုဉာဏ်ဖြင့် ကံအားလျော်စွာ ထိုထိုဘဝတို့၌ဖြစ်ပေါ်နေသော သတ္တဝါအမျိုး မျိုးကိုလည်း သိမြင်၏။

"နိဂြောဓ. . . အသို့နည်း။ ဤသို့ဖြစ်သော် တပေါဇိဂုစ္ဆာ ဝါဒသည် စင်ကြယ်သလော၊ မစင်ကြယ်သလော"

"မြတ်စွာဘုရား. . . ဤသို့ဖြစ်သော် တပေါဒိဂုဏ္ဍာဝါဒသည် ကေန်ပင်စင်ကြယ်ပါ၏။ အထွတ်အထိပ်သို့ရောက်ပါ၏။ အနှစ်သာရသို့လည်းရောက်ပါ၏။"

"နိဂြောဓ. . . တပေါဇိဂုစ္ဆာဝါဒသည် ဤမျှဖြင့်အထွတ်အထိပ်သို့ရောက်၏။ အနှစ်သာရသို့ရောက်၏။"

"နိဂြောဓ. . . ငါသည်တပည့်သံဃာတို့အား ဟောကြားသောတရားကား အထွတ်အထိပ်သို့ရောက်သော ထိုတပေါဇိဂုစ္ဆာဝါဒထက်ပင် လွန်လည်းလွန်ကဲ၏။ မွန်လည်းမွန်မြတ်၏။

ဗုဒ္ဓကဤသို့မိန့်ကြားသောအခါ နိဂြောဓ၏တပည့်တို့သည်

"ဆရာနှင့်တကွသော ငါတို့အားဤလွန်ကဲမွန်မြတ်သောတရား၌ ဆုံးရှုံးကြရကုန်ပြီ။ ငါတို့သည် ဤမွန်မြတ်သောတရားကို မသိကြရလေကုန်။"

ဟု ပြင်းပြကျယ်လောင်သောအသံဖြင့် အော်ဟစ်ကြွေးကြော်ကြလေသည်။

"အရှင်နိဂြောဓ. . . ရဟန်းဂေါတမသည် ပရိသတ်ထဲဝင်ဝံ့သူမဟုတ်၊ စကားပြောခြင်း၌ စွမ်းနိုင်သူမဟုတ်၊ ထို့ကြောင့်သာသူသည် လူနှင့်ဝေးသောတောကျောင်းများ၌ မှီဝဲနေထိုင်ခြင်းဖြစ်၏။ အကယ်၍သာ ဤပရိတ်သတ်ထဲသို့ ရဟန်းဂေါတမရောက်လာပါက ပြဿနာတစ်ချက်မေးရုံမျှဖြင့် ချောက်ချားသွားမည်ဖြစ်ပါသည်ဟု သင်ပြောခဲ့သည်မဟုတ်ပါလား။ ယခုမြတ်စွာ

ဘုရား ဤပရိတ်သတ်ထဲသို့ ရောက်လာပါပြီး ပြဿနာတစ်ချက်တည်းဖြင့် ချောက်ချားအောင်ပြုပါလေလော့”

ဟုပြောဆိုတိုက်တွန်းသောအခါ နိဂြောဓပရိဗိုဇ်သည် စကားတုံ့ပြန်၍ မပြောဆိုနိုင်ဘဲ ခေါင်းငိုက်စိုက်ချ၍နေလေသည်။

“နိဂြောဓ. . . ဤသို့သောစကားကို သင်ဆိုခဲ့ခြင်းသည် မှန်ပါသလော”

ဟု ဘုရားရှင်က မေးမြန်းသောအခါ နိဂြောဓပရိဗိုဇ်သည် မိုက်မဲမိသဖြင့် ဆိုခဲ့မိပါကြောင်း ဝန်ခံလေသည်။

“နိဂြောဓ. . . သင်သည် ဆရာသမားထံမှ မည်သို့ကြားဖူးပါသနည်း။ ရှေးရှေးကပွင့်တော်မူခဲ့ကြသော ဘုရားရှင်တို့သည် သင်တို့ကဲ့သို့ပင် အချည်းနှီးသောစကားများကို စုဝေးပြောဆိုနေခဲ့ကြပါကုန်သလော၊ သို့တည်းမဟုတ် ငါကဲ့သို့လူနှင့်ဝေး၍ တိတ်ဆိတ်သော တောကျောင်းများ၌သာ နေကြကုန်သလော”

ဟု ဗုဒ္ဓကမေးသည်။

“မြတ်စွာဘုရား. . . ရှေးကပွင့်တော်မူခဲ့ကြသော မြတ်စွာဘုရားတို့သည် ကျွန်ုပ်တို့ကဲ့သို့ အချည်းနှီးသောစကားများကို စုဝေးပြောဆိုနေကြသည်မဟုတ်၊ အရှင်ဘုရားကဲ့သို့လူနှင့်ဝေးပြီး တိတ်ဆိတ်သောတောကျောင်း၌သာ နေထိုင်ခဲ့ကြသည်။ ဤသို့ပင် ကျွန်ုပ်၏ဆရာများထံမှ ကြားဖူးခဲ့ပါသည်။

“နိဂြောဓ. . . သင်သည်အရွယ်ကြီးသူ ပညာရှိသူဖြစ်၏၊

သို့ပါလျက် ငါဘုရားသည် သစ္စာလေးပါးကို သိပြီးသူဖြစ်၍ အခြား သူတို့အား သစ္စာလေးပါးကို သိမြင်စေရန် ဟောကြားခြင်းဖြစ် ကြောင်း သင်မစဉ်းစားမိပါသလော"

"မြတ်စွာဘုရား. . . ကျွန်ုပ်သည် မိုက်မဲတွေဝေသည် အလျောက်အပြစ်ကိုကျူးလွန်ခဲ့မိပါသည်။ အပြစ်ကိုနောင်အခါ စောင့်စည်းနိုင်ရန်အတွက် ခွင့်လွှတ်တော်မူပါ။"

"နိဂြောဓ. . . အပြစ်ကိုအပြစ်ဟုသိမြင်၍ ကုစားခြင်းကို ငါသည်းခံ၏။ ဤသို့ကုစားခြင်းသည် အရိယာတို့၏ အဆုံးအမဥ္စ ကြီးပွားကြောင်းပင် ဖြစ်ပေ၏။"

"နိဂြောဓ. . . ငါသည် စင်စစ်ဤသို့မိန့်ဆိုပါ၏။ စဉ်းလဲ ခြင်းလှည့်စားခြင်းကင်း၍ ဖြောင့်မတ်သောသဘောရှိသော ပညာ ဉာဏ်နှင့်လည်းပြည့်စုံသောပုဂ္ဂိုလ်သည် လာခဲ့ပါ။ ငါဘုရားသွန် သင်ဆုံးမပါအံ့၊ သွန်သင်ဆုံးမသည့်အတိုင်း ကျင့်သောပုဂ္ဂိုလ် သည် ရဟန်းပြုသောအမျိုးကောင်းသားတို့ မျှော်မှန်းသောအကျိုး ကို ခုနစ်ရက်အတွင်းမှာပင် မျက်မှောက်ပြုပါလိမ့်မည်။

"နိဂြောဓ. . . ငါသည် သင်တို့ကိုတပည့်ခံစေလိုသဖြင့် လည်းကောင်း၊ သင်တို့၏ကျမ်းစာကိုရွှေ့လျားဖျက်ပြားစေလို၍ လည်းကောင်း၊ ဤစကားကို ငါဆိုသည်မဟုတ်၊ စင်စစ်သော်ကား ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ သေခြင်းကိုဖြစ်စေတတ်သော အကု သိုလ်တရားတို့ကို ပယ်စေခြင်းအလို့ငှါသာ ငါသည်တရားကိုဟော

ပါ၏။ ဟောသည့်အတိုင်း ကျင့်သည်ရှိသော် သင်တို့သည် မဂ်ပညာဖြင့်ပြည့်စုံခြင်း၊ ဖိုလ်ပညာဖြင့်ပြန့်ပြောခြင်းသို့ မျက်မှောက်ဘဝ၌ပင် မျက်မှောက်ပြုကြရပေလိမ့်မည်။

ဗုဒ္ဓက ဤသို့မိန့်ကြားသော်လည်း မာရ်နတ်ပူးဝင်ခြင်းခံနေရသော ပရိဗိုဇ်တို့သည် ခေါင်းငိုက်စိုက်ချကာ စကားမဆိုဘဲနေကြလေသည်။ သူတို့၏စိတ်ထဲ၌-

"ခုနှစ်ရက်အတွင်း အရဟတ္တဖိုလ်ရနိုင်-မရနိုင်စုံစမ်းသိရှိရန်အလို့ငှါ ငါတို့သည်ရဟန်းဂေါတမထံ၌ မြတ်သောအကျင့်ကိုကျင့်ကုန်အံ့"

ဟူသောအကြံမျှပင် မဖြစ်ပေါ်ချေ။

ထိုအကြောင်းကိုသိသော ဗုဒ္ဓသည် ဥဒုမ္ဗရိကကကျောင်းသခ်န်း၌ သူတစ်ပါး၏မိစ္ဆာဝါဒကို တိုက်ဖျက်၍မိမိ၏သမ္မာဒိဋ္ဌိဝါဒကိုထူထောင်လျက် တရားတော်ကိုရဲဝံ့စွာ ကျူးရင့်မိန့်ကြားတော်မူ၍ ကောင်းကင်သို့ပျံတက်တော်မူပြီးလျှင် ဂိဇ္ဈကုတ်တောင်သို့သာ ပြန်ကြွတော်မူလေသည်။

(ကျမ်းကိုး-ပါထိကဝဂ်-ဥဒုမ္ဗရိကသုတ်)

( အနော်ဟာမဂ္ဂဇင်း၊ အမှတ်-၈၀ )

## ၈။ လောက၏အစ လောက၏သဘာဝကိုဖန်တီးသူ

ဗုဒ္ဓသည် မလ္လတိုင်း၊ အနူပိယမည်သောမလ္လမင်းတို့၏ နိဂုံးရွာ၌ သီတင်းသုံးနေချိန်ဖြစ်သည်။

တစ်နေ့နံနက် ထိုနိဂုံးသို့ဆွမ်းခံဝင်ရန်ကြွစဉ် အချိန်စောသေး၍ ဘဂ္ဂဝအမည်ရှိသော ပရိဗိုဇ်သီတင်းသုံးရာ ကျောင်းသို့ ခေတ္တဝင်ရန် စိတ်ကြံပြီးဝင်တော်မူသည်။

ဘဂ္ဂဝပရိဗိုဇ်သည် ဗုဒ္ဓဂေါတမကို မြင်တွေ့သော်အားရဝမ်းသာကြိုဆို၍

"မြတ်စွာဘုရား. . . အရှင်ဘုရား၏ ကြွလာခြင်းသည် ကောင်းသောကြွလာခြင်း ဖြစ်ပါသည်။ အရှင်ဘုရားသည် ဤနေရာသို့ ကြွလာဖို့အလှည့်သည် အလွန်ကြာမှ ရောက်ရှိပါသည်။" ဟုပြောပြီး နေရာထိုင်ခင်းကို ခင်းပေးပြီးဘုရားရှင်ကို ထိုင်စေသည်။

ထို့နောက် ဘဂ္ဂဝပရိဗိုဇ်က သူထံသုနက္ခတ္တလိစ္ဆဝီမင်းသား ရောက်လာပြီး သူကဗုဒ္ဓဂေါတမကို စွန့်လွှတ်ခဲ့ပြီဖြစ်ကြောင်းပြောပြပုံကို လျှောက်ထားသည်။

ဗုဒ္ဓကလည်း မိမိနှင့်သုနက္ခတ္တတို့ ပြဿနာဖြစ်ပုံ၊ သုနက္ခတ္တကစွပ်စွဲမှုများကို ဖြေရှင်းပြပုံအကြောင်းစုံကို ရှင်းပြသည်။

ထို့နောက် ဘုရားရှင်က အချို့သောရဟန်းပုဏ္ဏားတို့က ရဟန်းဂေါတမသည် တင့်တယ်၏ဟု ဆိုအပ်သောဝိမောက္ခစျာန်

ကို ဝင်စားနေသောအခါ အလုံးစုံကိုမတင့်တယ်ဟု သိမှတ်၏
ဟူ၍ဟော၏ဟု မဟုတ်မမှန်သောစကားဖြင့် စွပ်စွဲကြကုန်၏။
ဟူသောစကားကို မိန့်ကြားပြီးလျှင် ဘုရားရှင်က မိမိ၏ခံယူချက်
အလုံးစုံကို ဘဂ္ဂဝပရိဗိုဇ်အားပြောပြသည်။

"ဘဂ္ဂဝ. . . ငါဘုရားသည် လောက၏အစဟု သိအပ်
သောတရားကိုလည်းသိ၏။ ထိုထက်မွန်မြတ်သောတရားကိုလည်း
သိ၏။ ထိုသို့သိသော်လည်း များသောအားဖြင့် မသုံးသပ်ခြင်း
ကြောင့် ငါသည်မိမိ၌ ကိလေသာတည်ငြိမ်ခြင်းကို ကိုယ်တိုင်
ကိုယ်ကျသိ၏။ ယင်းသို့သိသော ငါဘုရားသည် ဆင်းရဲခြင်းသို့
မရောက်တော့ပေ။

"ဘဂ္ဂဝ. . . လောက၏အစသည် ဖန်ဆင်းခြင်းပြုဟ္မာဖြစ်
၏ဟု ဟောကြားသောရဟန်း၊ ပုဏ္ဏားတို့သည် ရှိကုန်အံ့"

အခါတစ်ပါး၌ ငါသည်ထိုရဟန်း, ပုဏ္ဏားတို့ထံ ချဉ်း
ကပ်၍-

"ငါ့ရှင်တို့. . . သင်တို့သည် လောက၏အစသည် ဖန်
ဆင်းရှင်ပြဟ္မာဖြစ်၏ ဟူသောဝါဒကို မည်သို့သော အစဉ်အလာ
ဖြင့် ပြောဆိုပညတ်ပါသနည်း"
ဟု မေးမြန်းခဲ့ပါ၏။

"ရဟန်း-ပုဏ္ဏားတို့သည် ငါ၏အမေးကို မဖြေနိုင်ကြဘဲ၊
ငါ့ကိုပြန်မေးကြသည်။ ထို့ကြောင့် ငါကပင်ထိုရဟန်း၊ ပုဏ္ဏား
တို့အား ဖြေကြားပေးခဲ့ရပါ၏။"

"ငါရှင်တို့ . . . တစ်ရံသောအခါ ဤကမ္ဘာလောကကြီးသည် ရင့်ကျက်ပြီး၊ ပျက်စီးခဲ့လေသည်။ ဤကမ္ဘာမှသတ္တဝါတို့သည် များသောအားဖြင့် ကမ္ဘာပျက်ရာတွင်မပါဝင်သော အာဘဿရ ဗြဟ္မာဘုံ၌ ဖြစ်ကြကုန်၏။"

ထိုဗြဟ္မာတို့ကား ဈာန်စိတ်ဖြင့်ပြီးလျက် နှစ်သိမ့်ခြင်းပီတိလျှင် အစာရှိကြသည်။ မိမိတို့၏ကိုယ်ရောင်ဖြင့်လင်းလျက်ကောင်းကင်၌ကျက်စားနေကြ၏။ တင့်တယ်သောနေရာ၌ရှိ၍ ကာလကြာမြင့်စွာ တည်ကြကုန်၏။

ဤကမ္ဘာလောကကြီးသည် ပျက်စီးပြီး၍ ကာလကြာမြင့်သောအခါ တစ်ဖန်ပြန်၍ ကမ္ဘာပြန်လည်လတ်သော် အာဘဿရဘုံမှ သတ္တဝါတစ်ကောင်သည် သက်တမ်းကုန်၍ သတ္တဝါဆိတ်သုဉ်းနေသော ဤကမ္ဘာဗိမာန်၌ လာ၍ဖြစ်၏။

ထိုဗြဟ္မာသည်လည်း ဈာန်စိတ်ဖြင့်ပြီးလျက် နှစ်သိမ့်ခြင်း၊ ပီတိလျှင်စာရှိ၏။ မိမိကိုယ်ရောင်ဖြင့် လင်းလျက်ကောင်းကင်၌ ကျက်စား၏။ တင့်တယ်သောနေရာရှိ၍ ကာလကြာမြင့်စွာတည်၏။

ထိုဗြဟ္မာကြီးသည် ကာလကြာမြင့်စွာတစ်ယောက်တည်းနေရသောအခါငြီးငွေ့လာပြီး-

"အခြားသတ္တဝါတို့သည် ဤဘုံသို့လာရောက်ကြမူကောင်းလေစွ။"

ဟု တောင့်တ၏။

ယင်းသို့တောင့်တသည်နှင့် မရှေးမနှောင်းမှာပင် အခြားသောသတ္တဝါတို့သည်လည်း အကြောင်းအားလျော်စွာ သက်တမ်းကုန်ကြ၍ ထိုဘုံသို့ရောက်လာကြသည်။

ထိုအခါ ပထမဗြဟ္မာကြီးက-

"ဤသူတို့သည် ငါဖန်ဆင်း၍ ဖြစ်ပေါ်လာရကုန်၏"

ဟု အကြံဖြစ်ပေါ်လာရသလို နောက်မှဖြစ်ပေါ်လာသော သတ္တဝါတို့ကလည်း-

"ဤသူသည် ငါတို့၏ဖန်ဆင်းရှင်ဖြစ်၏"

ဟု ယုံကြည်သွားကြသည်။

အကြောင်းမှာ ပထမဗြဟ္မာကြီးမှာ သူတို့ထက်ပို၍ ရှည်သည့်ပြင် ရုပ်အဆင်း၊ တန်ခိုးအရှိန်အဝါအားဖြင့်လည်း သာလွန်သောကြောင့်ဖြစ်သည်။

တစ်ဖန် ထိုဗြဟ္မာဘုံသို့ နောက်မှရောက်လာသော သတ္တဝါတို့အနက်မှ တစ်ဦးသောသတ္တဝါသည် ဗြဟ္မာဘုံမှ လူ့ဘုံသို့ရောက်လာ၏။

ထိုသတ္တဝါသည် ရသေ့-ရဟန်းဝတ်၍ သမထစျာန်၌ တရားအားထုတ်ရာမှ စျာန်အဘိညာဉ်ကို ရရှိသဖြင့် ဗြဟ္မာဘုံ၌ မိမိဖြစ်ခဲ့ရပုံကို ပြန်ပြောင်း၍ဆင်ခြင်အောက်မေ့မိလေသည်။

ယင်းသို့ဆင်ခြင်အောက်မေ့သောအခါ မိမိတို့မရောက်မီက ရှိနေခဲ့သော ဗြဟ္မာကြီးမှာ ယခုထက်တိုင်ပင် ရှိနေသေးသည်ကို တွေ့မြင်ရသဖြင့်-

"ထိုဗြဟ္မာကြီးသည် မပျက်မစီးအမြဲတည်သူဖြစ်ပြီး မိမိမှာမူ အမြဲမတည်သူဖြစ်သည်။"
ဟု ယုံကြည်ယူဆလေသည်။

ဤသို့ဖြင့် လောက၏အစသည် ဖန်ဆင်းရှင်ဗြဟ္မာဖြစ်သည်ဟူသော ပြောဆိုပညတ်ခြင်းသည် ဖြစ်ပေါ်လာစေ၏။

ဘဂ္ဂဝ. . . ဤသို့ငါဘုရားက လောက၏အစသည် ဖန်ဆင်းရှင်ဗြဟ္မာဖြစ်သည်ဟူသော အယူဝါဒ၏ကြောင်းရင်းဇစ်မြစ်ကို ဖော်ထုတ်ဟောကြားသောအခါ ထိုရဟန်း၊ ပုဏ္ဏားတို့က မိမိတို့လည်း ဤအတိုင်းပင် ကြားဘူးကြောင်း ဝန်ခံပြောကြားကြသည်။

ဘဂ္ဂဝ. . . လောက၏အစသည် ခိဍ္ဍာပဒေါသိကနတ်များကို အကြောင်းပြု၍ ဖြစ်ပေါ်လာသည်ဟု ပြောဆိုပညတ်သောရဟန်း၊ ပုဏ္ဏားတို့သည်လည်း ရှိကြ၏။ ထိုရဟန်း၊ ပုဏ္ဏားတို့ထံချဉ်းကပ်၍ ထိုဝါဒ၏အကြောင်းရင်းဇစ်မြစ်ကို မေးမြန်းသည့်အခါတွင်လည်း အမေးခံရသူတို့ မဖြေဆိုနိုင်၍ ငါဘုရားကပင် ထိုသူတို့အား ဖြေကြားပေးခဲ့ရသည်။

ဘဂ္ဂဝ. . . ခိဍ္ဍာပဒေါသိကမည်သော နတ်တစ်မျိုးရှိ၏။ ထိုနတ်တို့သည် အလွန်ကြာမြင့်စွာ ကျီစယ်ပျော်ပါးနေကြသဖြင့် စားသောက်ရန်သတိမေ့နေကြသောကြောင့် ထိုနတ်ဘဝမှ စုတေကြကုန်၏။

ယင်းသို့စုတေသူများအနက်မှ တစ်ဦးသောသူသည် လူ့ဘုံသို့ရောက်လာပြီး ရသေ့ရဟန်းဝတ်ကာ သမထဈာန်တရားကို အားထုတ်သဖြင့် ဈာန်အဘိညာဉ်ရရှိကာ မိမိ၏ဘဝဟောင်းကို ပြန်ပြောင်း၍ဆင်ခြင်အောက်မေ့လေသည်။

ထိုအခါ မိမိမှာအလွန်ကြာမြင့်စွာ ကျိစယ်ပျော်ပါးပြီး အစာစားရန်မေ့လျော့နေခဲ့သောကြောင့်သာ နတ်ဘဝမှစုတေခဲ့ရခြင်းဖြစ်၍ အလွန်ကြာမြင့်စွာပျော်ပါးခြင်းမပြုသော နတ်များကား စုတေခြင်းမရှိဘဲ အမြဲတည်ကုန်၏ ဟူ၍သုံးကြည်ယူဆခြင်းပြုကြသည်။

ဤသို့လျှင် လောက၏အစသည် ခိဍ္ဍပဒေါသိကနတ်တို့ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသည်ဟူသော အယူဝါဒသည် ပေါ်ပေါက်ခဲ့ပါသည်။

ဘဂ္ဂဝ. . . လောက၏အစသည် မနောပဒေါသိကနတ်တို့ကိုအကြောင်းပြု၍ ဖြစ်ပေါ်လာသည်ဟူသော အယူဝါဒရှိသော ရဟန်း၊ ပုဏ္ဏားတို့လည်းရှိကြ၏။ ထိုရဟန်း၊ ပုဏ္ဏားတို့ထံချဉ်းကပ်၍ ထိုဝါဒ၏အကြောင်းရင်း ဇစ်မြစ်ကိုမေးမြန်းသည့်အခါတွင်လည်း အမေးခံရသူတို့က မဖြေကြားနိုင်သဖြင့် ငါဘုရားကပင် ဖြေကြားပေးခဲ့ရပါသည်။

ဘဂ္ဂဝ. . . . မနောပဒေါသိကနတ်တို့သည် တစ်ဦးနှင့်တစ်ဦး တစိမ့်စိမ့်ကြည့်ရှုသဖြင့် ဒေါသစိတ်ဖြစ်ပေါ်လာပြီး ကိုယ်ရောစိတ်ပါ ဆင်းရဲပင်ပန်းကာ ထိုဘဝမှစုတေကြကုန်သည်။

ယင်းသို့စုတေကြသူများအနက်မှ တစ်ဦးသောသူသည် လူ့ဘုံသို့ရောက်လာပြီး ရသေ့၊ ရဟန်းဝတ်ကာ သမထစျာန်တရားအားထုတ်သဖြင့် ဈာန်အဘိညာဉ်တို့ကို ရရှိလေသည်။

ထိုသူသည် ဈာန်အဘိညာဉ်၏အစွမ်းအားဖြင့် မိမိ၏ဘဝဟောင်းကိုပြန်ပြောင်း၍ ဆင်ခြင်အောက်မေ့ရာမှ မိမိသည်အခြားသောနတ်တို့အား တစိမ့်စိမ့်ကြည့်ရှုခဲ့ခြင်းကြောင့်သာ နတ်ဘဝမှ စုတေခဲ့ရခြင်းဖြစ်၏။ အခြားသောနတ်တို့အား တစိမ့်စိမ့်မကြည့်ရှုခဲ့သောကြောင့် နတ်တို့အားစုတေခြင်းမရှိဘဲ အမြဲတည်ကုန်၏။ ဟု ယုံကြည်ယူဆခြင်းပြုလေတော့သည်။

ဤသို့လျှင် လောက၏အစသည် မနောပဒေါသိကမည်သောနတ်တို့ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသည်ဟူသောအယူဝါဒသည် ပေါ်ပေါက်လာခဲ့ပေသည်။

ဘဂ္ဂဝ. . . လောက၏အစသည် အကြောင်းမဲ့ဖြစ်ပေါ်လာသည်ဟု ပြောဆိုယူဆသော ရဟန်း၊ ပုဏ္ဏားများလည်းရှိကြ၏။ ထိုရဟန်း၊ ပုဏ္ဏားတို့ယုံချည်းကပ်၍ ထိုဝါဒ၏အကြောင်းရင်းဇစ်မြစ်ကို မေးမြန်းသည့်အခါ အမေးခံရသူများ မဖြေကြားနိုင်သဖြင့် ငါဘုရားကပင် ဖြေကြားခဲ့ရပေသည်။

ဘဂ္ဂဝ. . . သိမှတ်မှုသညာကင်းမဲ့သဖြင့် အသညသတ္တမည်သော ဗြဟ္မာများရှိကြ၏။ ထိုဗြဟ္မာတို့သည် သညာဖြစ်ပေါ်လာ**သည်နှင့်**ပ[illegible]င်နက်ထဲ ထိုဗြဟ္မာဘုံမှ စုတေကြရ၏။

ယင်းသို့စုတေသော သတ္တဝါတစ်ဦးသည် လူ့ဘုံသို့ရောက်ရှိလာပြီး ရသေ့ရဟန်းဝတ်၍ သမထစျာန်တရားကိုအားထုတ်ရာ စျာန်အဘိညာဉ်ရရှိ၍ မိမိဘဝဖြစ်ပေါ်လာပုံကို ဆင်ခြင်အောက်မေ့လေသည်။

ထိုအခါ ထိုသူက အတ္တသည်လည်းကောင်း၊ လောကသည်လည်းကောင်း၊ အကြောင်းမဲ့ဖြစ်ပေါ်လာ၏၊ အဘယ်ကြောင့်ဆိုသော်-ငါသည်ရှေးကမရှိခဲ့ဘဲ ယခုမှထင်ရှားရှိလာသောကြောင့်ဖြစ်သည်ဟု ပြောဆိုလေသည်။

ဤသို့လျှင် လောကသည် အကြောင်းမဲ့ဖြစ်ပေါ်လာသည်ဟူသော အယူဝါဒသည် ပေါ်ပေါက်လာပါ၏။

ဘဂ္ဂဝ. . . ငါဘုရားသည် လောက၏အစဟု သိအပ်သောတရားကိုလည်းသိ၏။ ထိုထက်အလွန်မြတ်သောတရားကိုလည်းသိ၏။ ထိုသို့သိသော်လည်း မှားသောအားဖြင့် မသုံးသပ်သောကြောင့် ငါဘုရားသည် မိမိ၏သဏ္ဍာန်၌ ကိလေသာငြိမ်းခြင်းကိုသိ၏။ ယင်းသို့သိသော ငါဘုရားသည် ဆင်းရဲခြင်းသို့ မရောက်နိုင်တော့ပါ။

ဘဂ္ဂဝ. . . ဤသို့ပြောဆို ဟောပြောလေ့ရှိသော ငါဘုရားကို အချို့သောရဟန်းပုဏ္ဏားတို့က-

"ရဟန်းဂေါတမသည် တင့်တယ်၏ဟုဆိုအပ်သော ဝိမောက္ခစျာန်ကို ဝင်စားနေသောအခါ တင့်တယ်သည်ဟူ၍သာ ငါဘုရားသိမှတ်ပါ၏ ဟူ၍သာငါဘုရားဟောပါ၏"

ဗုဒ္ဓဂေါတမသည် ဤသို့လောက၏အစဖြစ်မှုနှင့် မိမိအပေါ် မဟုတ်မမှန် စွပ်စွဲမှုတို့နှင့် ပတ်သက်၍ ဤကဲ့သို့ရှင်းလင်းဟော ပြောရာ ဘဂ္ဂဝပရိဗိုဇ်သည် အလွန်နှစ်သက်သဘောကျသွားလေ သည်။

ဤသို့ဖြင့် ဗုဒ္ဓဂေါတမသည် မိမိအပေါ်၌ စွပ်စွဲလာသော သူတို့ကိုလည်းကောင်း၊ အခြားသူများကိုလည်းကောင်း၊ လောက ၏ သဘာဝကိုနိယာမအမှန်တရားကို ဟုတ်ဖော်ရှင်းပြခဲ့သဖြင့် လူသားတို့၏ အသိဉာဏ်နှုံနဲ့နေးပြီး ကျယ်ပျံ့စွာမသိရသေးသော လောကသဘာဝမှုတို့ကို ဗုဒ္ဓဂေါတမသည် မိမိရရှိထားသော သဗ္ဗညုတဉာဏ်လက်နက်ဖြင့် ခုတ်ထွင်းဖြေရှင်းပြခဲ့သည်။

(ကျမ်းကိုး-ပါထိကဝဂ်-ပါထိကသုတ်)

( အနော်မာမဂ္ဂဇင်း အမှတ်-၇၀ )

## ၉။ ရာဂ, ဒေါသဖြစ်ပေါ်မှုတို့၏မိုခိုရာ

ဗုဒ္ဓသည် (၁၄)ဝါမြောက်ဝါ၌ သာဝတ္ထိမြို့၌ ဝါဆိုနေချိန်ဖြစ်သည်။ ထိုအချိန်တွင် သာဝတ္ထိပြည်၊ မဟာဗောဓိနှင့် မနီးမဝေး၌ရှိသော ဂယာအမည်ရှိသောရွာ တစ်ရွာရှိ၏။

ထိုရွာ၏ တံခါးဝ၌ အမှိုက်ပုံသည် လူ, ဆင်, မြင်း, နွားတို့၏ အညစ်အကြေးတို့ဖြင့်လောင်းလျက် မကောင်းသောအနံ့အသက်လှိုင်နေသော အမှိုက်ပုံဖြစ်သည်။ ထိုအမှိုက်ပုံ၌ အပ်နှင့်တူသော အဖွေးရှိ၍ သုစိလောမဟူသော အမည်ရှိသောဘီလူးသည် ထိုအမှိုက်ပုံ၌ စိုးအုပ်ပိုင်စားရနေသည်။

သုစိလောမ၏ ချစ်ခင်နှစ်သက်အပ်သော သူငယ်ချင်း၊ ခရောင်းလိုမညီညာသော၊ ကြမ်းတမ်းခက်ထန်ပြီး ကိုယ်ရေပြားသည် ဖားပြုတ်လိုလို၊ ဖွတ်လိုလို၊ မီးကျောင်းလိုလို အရေအဆင်းရှိသော ခရလောမအမည်ရှိသော ဘီလူးသည် ထိုဂယာရွာ၏ မသန့်မသက်တံမြက်အမှိုက်များစွန့်ပစ်ရာဒေသ၌ မင်းမူအုပ်ချုပ်နေသည်။

သူတို့၏အတိတ်ဘဝများနှင့် ယခုဖြစ်ပေါ်ခံစားနေရသောဘဝတို့သည် ကံ-ကံ၏အကျိုးအရ ဆက်စပ်နေပါသည်။

သုစိလောမသည် ကဿပဘုရားရှင်လက်ထက်က ရဟန်းဝိနည်းသီလနှင့်အညီ နေထိုင်ခဲ့သော ရဟန်းတစ်ပါးဖြစ်ခဲ့

သည်။ သို့သော် ထိုရဟန်းသည် မာန်မာနအလွန်ထောင်လွှားသော ခလေ့ရှိသည်။

တစ်နေ့ ခရီးဝေးကပြန်လာပြီး ကိုယ်လက်မသန့်စင်ဘဲ ခြေးတရွှဲရွှဲနှင့် သံဃိကညောင်စောင်းပေါ်၌ တက်အိပ်မိသည်။ ခြေးများကြောင့် ညောင်စောင်းသည် ညစ်ပေရေကုန်သည်။ ထိုကဲ့သို့ သံဃိကပစ္စည်းပေါ်၌ မရိုသေမှု၊ မာန်မာနရှိနေမှုကြောင့် ယခုကဲ့သို့အပ်ဖျားကဲ့သို့ အမွေးရှိပြီးကြမ်းတမ်းသော ဘီလူးနှင့်အနံ့အသက်မခင်ကြွယ်သော မစင်ပုံစွန့်ရာ အမှိုက်ပုံ၌ စိုးမိုးရသော ဘီလူးလာဖြစ်နေရသည်။

အလားတူသူငယ်ချင်း ခရလောမသည်လည်း ကဿပ ဘုရားရှင်လက်ထက်၌ ဥပါသကာတစ်ဦးဖြစ်ခဲ့သည်။ သူသည် သံဃာများနှင့် ရင်းနှီးအောင်ပေါင်းပြီး သံဃာပစ္စည်းကို ငှါးရမ်းလှည့်ပတ်၍ ယူငင်စားသုံးသည်။ သံဃာတော်များ၏ အိပ်ရာ၊ နေရာတို့၌လည်း တက်ဟိုင်တက်အိပ်လေ့ရှိသည်။

တစ်နေ့တွင် သံဃာအား လှူထားသော ဆီဦးကိုဦးဦးဖျားဖျား ယူလိမ်းမိသည်။ ထိုသံဃိကပစ္စည်းကို အပြစ်မရှိဟုထင်ပြီး ယူငင်သုံးစွဲခဲ့သော အကုသိုလ်ကံကြောင့် ယခုကဲ့သို့ ကြမ်းတမ်းသော ဖားပြုတ်၊ ဖွတ်၊ မိကျောင်းကဲ့သို့သော အရေပြားနှင့်ဖြစ်ရပြီး ဝမ်းမြက်စွန့်ရာ အမှိုက်ပုံ၌ စိုးအုပ်နေရသော ဘီလူးလာဖြစ်ရသည်။

သူတို့ကို ဂယာရွာသူ၊ ရွာသားတို့က မမြင်တွေ့ရသော ပရလောကသားများဖြစ်ကြသည်။ သူတို့၏ဗိမာန်အတွင်းသို့ ကျူးကျော်ဝင်ရောက်လာသူတို့အား ခြောက်လှန့်ပြုစားသောအခါ၌သာ သူတို့ကမြင်ရသည်။

ထိုနေရာများကို ဂယာရွာသူ၊ ရွာသားတို့က မြေဆိုး၊ မြေကြမ်းဟူသောအမှတ်ဖြင့် အစဉ်အဆက်ပြောကြသလို ထိုနေရာကို ရှောင်ကွင်းကြသည်။

* * * * *

တစ်နေ့သောအချိန်တွင် ဗုဒ္ဓသည် ထိုသုစိလောမနှင့် ခရလောမဘီလူးတို့၏ ဘုံဗိမာန်သို့ကြွရောက်တော်မူသည်။

ဘုရားရှင်ကြွလာသည်ကို ခရလောမဘီလူးက အရင်မြင်သည်။ တိမ်မှိုလာအဆင်းရှိသော သက်န်းတော်နှင့်အလွန်အကျူး အထူးသပ္ပာယ်လှသော ဘုရားရှင်ကိုတွေ့မြင်ရသော ခရလောမသည် သုစိလောမကိုလက်တို့၍-

"အဆွေသုစိလောမ. . . . ဟိုမှာအလွန်လှပတဲ့ ရဟန်းတစ်ပါးသင့်ဗိမာန်ထဲ ဝင်ထိုင်နေတယ်။ သင်မမြင်ဘူးလား"

ခရလောမ၏သတိပေးစကားကြောင့် သုစိလောမသည် ထ,၍ ကြည့်သည်။ ဘုရားရှင်ကိုမြင်သည်။ ဘုရားဟူ၍ကားမသိကြပေ။ သာမန်ရဟန်းတစ်ပါးဟူ၍သာ ထင်ဖြင်သည်။

"သာမာန်ရဟန်းတစ်ပါးဖြစ်မှာပါ။ ကျွန်ုပ်တို့ရဲ့ တန်ခိုးအစွမ်းကိုမသိလို့ ဝင်လာတာဖြစ်မှာပါ။ ကျွန်ုပ်တို့တန်ခိုးအစွမ်းပြလိုက်ရင် ဒီရဟန်းနေစရာမရှိ ထွက်ပြေးသွားမှာပါ။ သင်ကြည့်နေ ကျွန်ုပ်အစွမ်းပြလိုက်မည်"

သုစိလောမသည် ထိုသို့ပြောဆိုပြီးလျှင် ဘုရားရှင်၏ရှေ့မှောက်၌ ဝင်ရပ်လိုက်သည်။ ဖန်သင်းခြင်းပညာ ကမ္မဇိသိဒ္ဓိတန်ခိုးအရာ၌ ကျွမ်းကျင်လိမ္မာသော သုစိလောမသည် သူ၏ခံတွင်းကိုကြောက်မက်ဖွယ်ဖြစ်အောင် ဖွင့်ထားလိုက်သည်။ ထန်းသီးရင့်ပမာဏရှိသောမျက်လုံး၊ အလွန်ရှည်သောလျှာတို့ကို ယင်း၏တစ်မိုက်မျှသော အပ်အမွှေးတို့ကို ထောင်နေစေခြင်းဖြင့် ကြောက်မက်ဖွယ်အဆင်းကို ပြုလုပ်ပြီးဘုရားရှင်ကို သရဲခြောက်သလိုပြုလုပ်ပြသည်။ ထို့နောက် ခြိမ်းခြောက်သောအမူအရာဖြင့် ဘုရားရှင်ထံပါးသို့ တိုးကပ်လာသည်။ ဘုရားရှင်က အနည်းငယ်တိမ်းစောင်း၍ ရှောင်ရှားပေးလိုက်သည်။

ထိုအဖြစ်ကိုကြည့်ပြီး သုစိလောမက ကြောက်မက်ဖွယ်သော ဝမ်းခေါင်းသံကြီးနှင့် ဟားတိုက်ရယ်မောလိုက်လေသည်။

"ဘယ့်နှယ်လဲ . . ရဟန်း၊ ငါ့ကိုကြောက်သွားပြီမဟုတ်လား" ဟု ပမာမခန့် မလေးမစားသဘောဖြင့် ခပ်လှောင်လှောင်အသံဖြင့် မေးလိုက်သည်။

"အချင်းသုစိလောမ . . . သင့်ကိုငါကြောက်၍မဟုတ်၊

သင်၏ခန္ဓာကိုယ်အတွေ့ဟာ ကြမ်းတမ်းယုတ်မာလှပေတယ်။ စက်ဆုပ်ဖွယ်သောမစင်စုလို ထက်စွာသောသံဆူးပုံလို ဖြစ်နေသည်အတွက် ငါ၏ကိုယ်တော်ဖြင့် ထိတွေ့ဖို့ရာ မသင့်တော်သောကြောင့် ငါကရှောင်ပေးခြင်းမျှသာ ဖြစ်ပေသည်။

ဗုဒ္ဓက ဤသို့မိန့်ကြားလိုက်သောအခါ သုစိလောမသည် ရှူးရှူးရှဲရှဲနှင့် ဒေါသအမျက်ချောင်းချောင်းထွက်သွားသည်။ ဗုဒ္ဓ၏ ယုတ်မာသောအတွေ့ဟူသောစကားကြောင့် ခက်ထန်ကြမ်းကြုတ်သော သန္တေဗီဇရှိသော သုစိလောမသည် ဆွေ့ဆွေ့ခုန်ဒေါသထွက်သွားမိသည်။

သို့အတွက် သုစိလောမသည် ပြင်းစွာကြုံဝါးလိုက်ပြီး လက်ရုံးကိုဆန့်တန်းလိုက်သည်။ သုစိလောမ၏အသွင်သဏ္ဌာန်သည် ဆွတ်ဆွတ်ဖြူသွေးမရှိသောမျက်နှာ၊ နက်ကြုတ်စွာသောကိုယ်၊ စိမ်းညိုသောခြေလက်၊ ပြူးထွက်နေသောမျက်လုံး၊ မီးကျီးတုံးကဲ့သို့သောသွား၊ ရှည်လျားသောလျှာတို့ဖြင့် ကြောက်မက်ဖွယ်ရာ ပိုကောင်းသောအသွင်သို့ပြောင်းပြီး ဘုရားရှင်ကိုစားတော့ဝါးတော့မတတ်၊ ခြိမ်းခြောက်လျက် ဟန်ရေးပြသည်။

"သင်. . . ပြုလုပ်လိုသမျှ ပြုပေမယ့် ငါဘုရားက မထိတ်လန့်ပါချေ"

ဘုရားရှင်ကအပြုံးမပျက် အမိန့်ရှိလိုက်သည်။ ထိုအခါ ခရလောမသည် ဘေးမှနေ၍ ဘုရားရှင်ကိုတစ်လှည့် သုစိလောမ

ကိုတစ်လှည့်ကြည့်ရင်း ပွဲကြည့်ပရိတ်သတ်တစ်ယောက်အနေဖြင့် ကြည့်နေသည်။

"အင်း. . . ယခင်ကဆိုသုစိလောမ ခြောက်လုန့်ခံရသော သူသည် ကြောက်လန့်တကြားအော်ဟစ်တတ်သည်။ ထိုသို့အော်ဟစ်စဉ် ထိုသူ၏ပါးစပ်ထဲသို့ လက်သွင်းပြီးနှလုံးသားကို ဆုပ်နယ် အူအသဲကိုဆွဲထုတ်ပြီး ပြုချင်တိုင်းပြုပြီး သုစိလောမပြုသမျှခံကြရသည်ချည်းသာ၊ ယခုပုဂ္ဂိုလ်ကတော့ ဤကဲ့သို့မဟုတ်။ အပြုံးပင် မပျက်ပါချေတကား"

ဟု ခရလောမဘီလူးက စဉ်းစားနေမိသည်။

သုစိလောမက အစွမ်းကုန်ခြောက်လှန့်ပြနေသော်လည်း ဘုရားရှင်က မတုန်လှုပ်၊ မကြောက်ရွံ့၊ အပြုံးမပျက်ရှိနေသည်။ သုစိလောမအကြံအိုက်သွားသည်။ သူပြုလုပ်သမျှ ဘုရားရှင်အတွက် ရယ်စရာဖြစ်နေတော့သည်။

ထိုသို့ခြိမ်းခြောက်၊ ခြောက်လှန့်ပြ၍ မရသောအခါ သုစိလောမသည် ဟိုက်စစ်ကိုပြောင်း၍ ဗုဒ္ဓနှင့်စကားစစ်ထိုးရန် စိတ်ဆုံးဖြတ်လိုက်သည်။

" သင်ရဟန်း. . . သင်သည် အလွန်တည်တံ့ပေသည်။ သင်မှာ သတိ, ပညာများစွာရှိမည်ဟု ကျွန်ုပ်ထင်မိသည်။ သင်ကို ကျွန်ုပ်ပြဿနာမေးလိုသည်"

ဟုပြော၍ ဗုဒ္ဓကိုအကဲခတ်သည့်အနေဖြင့် ဗုဒ္ဓ၏မျက်နှာတော်ကို

ကြည့်လိုက်မိသည်။ သူ၏ပြဿနာမေးမည်ဟု စိန်ခေါ်မှုအတွက် ဗုဒ္ဓ၏မျက်နှာအမူအရာ၊ အပြောင်းအလဲ မည်သို့ဖြစ်သွားသည်ကို သိလို၍စကားရပ်ကာ အကဲခတ်ကြည့်ခြင်းဖြစ်သည်။

သို့သော် ဗုဒ္ဓကားအပြုံးမပျက်ဘဲရှိနေသည်ကိုတွေ့ရ၍ ဒေါသထွက်ပြန်ကာ-

"ကျွန်ုပ်သင်ရဟန်းကို ပြဿနာမေးပါမည်။ ယင်းပြဿနာကို သင်မဖြေဆိုနိုင်လျှင် သင်၏စိတ်ကိုပျံ့လွင့်သွားအောင် ပြုလုပ်မည်။ နှလုံးသားကိုလည်း ခွဲပစ်မည်။ ခြေနှစ်ဖက်ကိုဆွဲပြီး သမုဒ္ဒရာတဲသို့ လွှင့်ပစ်မည်။"
ဟူ၍ ဗုဒ္ဓကိုခြိမ်းခြောက်စကားထပ်မံပြောကြားလိုက်သည်။

"အချင်းသုစိလောမ. . . သင်လိုဘီလူးကို မဆိုထားဘိ၊ ဤ(၃၁)ဘုံမှာ ငါဘုရားရှင်၏စိတ်ကို လွှင့်ပစ်နိုင်စွမ်းရှိသူ၊ ငါဘုရားရှင်၏နှလုံးသားကို ခွဲနိုင်စွမ်းရှိသူ၊ ငါဘုရား၏ခြေကိုကိုင်၍ သမုဒ္ဒရာသို့ ပစ်နိုင်သူဟူ၍ တစ်စုံတစ်ယောက်မျှရှိသည်ကို ငါဘုရား မမြင်ပါလေ။"

"အချင်းသုစိလောမ. . . သင်သိလိုသမျှသာမေးပါ။ ငါဘုရား အဖြေပေးပါမည်။"

မြတ်စွာဘုရားကို မည်သို့မျှခြိမ်းခြောက်၍ မရသောအခါ သုစိလောမဘီလူးမလည်း ဗုဒ္ဓကိုပြဿနာထုတ်မေးရန် စိတ်ဆုံးဖြတ်ပြီး-

"ရဟန်း. . . ကျွန်ုပ်တို့ရဲ့ ခန္ဓာအစဉ်မှာဖြစ်ကဲ့ တက်မက်ခြင်း (ရာဂ)၊ အလိုမကျခြင်း(ဒေါသ)တို့ဟာ အဘယ်အကြောင်းကြောင့် ဖြစ်လာရပါသလဲ"

မွေ့လျော်ခြင်း(ရတိ)၊ မမွေ့လျော်ခြင်း (အရတိ)၊ ကြက်သီးမွေးညှင်းထခြင်း (လောမဟံသန)တို့ဟာ အဘယ်အကြောင်းကြောင့် ဖြစ်ပေါ်လာရပါသနည်း။

ရွာသူသားငယ်တို့ဟာ ကျီးကိုဖမ်းပြီး ကြိုးချည်ရှည်နှင့် ချည်၍လွှတ်ထားသလို ဥပမာရှိတဲ့ မိစ္ဆာဝိတက်များသည် အဘယ်ကိုအကြောင်းခံ၍ ပေါ်ပေါက်လာရပြီး အကုသိုလ်စိတ်ကို စွန့်လွှတ်စေရပါသနည်း"

ဝေနေယျသတ္တဝါတို့၏ အလိုဆန္ဒ၌ ကျွမ်းကျင်ပြီးသော ဗုဒ္ဓသည် သုစိလောမ၏အမေးကို အကျဉ်းအားဖြင့်သာ မေးခွန်းစဉ်အလိုက် ဖြေကြားသင့်သည်ဟု ဆင်ခြင်မိသည်။

အကျယ်အားဖြင့် ဖြေကြားလိုက်ပါက ချက်ချင်းနားလည်မည်မဟုတ်သည်ကိုလည်း မြင်တော်မူသည်။

"အချင်းသုစိလောမ. . . သင်တို့ရဲ့ ခန္ဓာအစဉ်ကိုမှီ၍ ဖြစ်နေတဲ့ တပ်မက်ခြင်း၊ အလိုမကျခြင်းတို့သည် ဤအတ္တဘော(ကိုယ်)ဟူသော အကြောင်းကြောင့်သာလျှင် ဖြစ်ရပေတယ်။

မွေ့လျော်ခြင်း၊ မမွေ့လျော်ခြင်း၊ ကြက်သီးမွေးညှင်းထခြင်းတို့ဟာလည်း ဤအတ္တဘော(ကိုယ်)ဟူသောအကြောင်းကြောင့်သာလျှင် ဖြစ်ရပေတယ်။

ကလေးသူငယ်များဟာ ကျီးကိုဖမ်းပြီး ကြိုးရှည်ရှည်နှင့် ချည်၍လွှတ်ထားသကဲ့သို့ မိစ္ဆာဝိတက်များဟာ ဤအတ္တဘော (ကိုယ်)ဟူသောအကြောင်းခကြောင့်သာလျှင် ပေါ်ပေါက်လာရပြီး ကုသိုလ်စိတ်ကို စွန့်လွှတ်ရပေတယ်။

ဗုဒ္ဓ၏ဤအဖြေကို ကြားလိုက်ရသော သုစိလောမသည် အတန်ငယ်တွေဝေသွားမိသည်။ ဗုဒ္ဓ၏အဖြေသည်ကား မှားယွင်းမှုမရှိနိုင်ကြောင်း လက်ခံသလိုဖြေကြားချက်အပေါ်၌လည်း နှစ်သက်မြတ်နိုးမိခဲ့ပါ၏။ သို့သော် ဤအဖြေ၏နက်နဲသောသဘောတရားကိုမူ သုစိလောမသည် လက်ဆုပ်လက်ကိုင် မိမိရရသဘော မပေါက်ပါချေ။

"တပ်မက်ခြင်း၊ အလိုမကျခြင်း၊ မမွေ့လျော်ခြင်း၊ မွေ့လျော်ခြင်း၊ ကြက်သီးမွေးညင်းထခြင်း၊ ကုသိုလ်စိတ်ကိုစွန့်လွှတ်ခြင်းတို့ဟာ အတ္တဘော(ကိုယ်)ဟူသောအကြောင်းကြောင့်ဖြစ်တယ်လို့ ဆိုတယ်။ ဤသည်မှာ အဘယ်အရာကိုဆိုပါသနည်း။ ရာဂ, ဒေါသ, ရတိ, အရတိ, ဝိတက်တွေသည် အတ္တဘောရှိနေသမျှ ဖြစ်နေမှာဘဲဆိုတဲ့သဘောလား၊ အတ္တဘောမရှိရင် ထိုအရာတွေ ငြိမ်းမယ်ဆိုတဲ့သဘောလား"

သုစိလောမ အတွေးရခက်သွားပြီး ရှည်စွာသောသက်ပြင်းကိုမှုတ်ထုတ်ရင်း ခရလောမဘီလူးဘက်သို့ လှည့်ကြည့်လိုက်မိသည်။ ခရလောမသည်လည်း နားမလည်သောသဘောရှိကာ မျက်နှာမသာမယာနှင့် ခေါင်းကိုခါယမ်းပြလေသည်။

စင်စစ်သူတို့သည် ကဿပဘုရားရှင်လက်ထက် ရဟန်းဘဝ၌ ဓမ္မရေးရာနှင့်ပတ်သက်၍ များစွာနှံ့စပ်သိမြင်ခဲ့ဘူးကြသူများ ဖြစ်ကြသည်။ ထို့ကြောင့်လည်း ဤဓမ္မရေးရာကို ဆွေးနွေးနိုင်ကြခြင်း ဖြစ်ကြပေသည်။

ဗုဒ္ဓသည် သူတို့၏အတွင်းစိတ်အကြံကို သိတော်မူ၍ ဓမ္မအဖြေကိုအကျယ်ဟောပြောပြရန် ဆုံးဖြတ်တော်မူသည်။

"အချင်းသုစိလောမ. . . ရာဂ, ဒေါသ, ရတိ, အရတိ, လောမဟံသန, ဝိတက္ကစသည်တို့ဟာ ချစ်ခင်သာယာတတ်သောတပ်မက်မှု (တဏှာ)ကြောင့်ဖြစ်ရပေတယ်။ ယင်းတဏှာသည်လည်း ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမစသည် အတ္တဘောကိုစွဲ၍ဖြစ်လာရသည်။ ညောင်ပင်၏မြစ်ပျဉ်းဟာ ပင်စည်ကိုစွဲ၍ဖြစ်ဖြစ်ရသကဲ့သို့ တဏှာသည်လည်း ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမအတ္တဘောကိုစွဲ၍ ဖြစ်ရပေတယ်။ ထိုကဲ့သို့ ဖြစ်ပေါ်လာသော တဏှာသည် တောကြီးမြိုင်ယံမှာ ပေါက်ရောက်သော မာလောနွယ်ကဲ့သို့ ကိလေသာကာမဂုဏ်တို့အပေါ်၌ ယှက်နွယ်လွှမ်းမိုး၍ တည်နေပါတယ်။

ထိုသို့ အတ္တဘောကိုစွဲ၍ဖြစ်သော တဏှာသည်ကိလေသာကာမဂုဏ်တို့အပေါ် လွှမ်းမိုးယှက်နွယ်၍ တည်ခြင်းအားဖြင့်သာလျှင် ရာဂ, ဒေါသ, ရတိ, အရတိ, လောမဟံသန, ဝိတက္ကစသည်များဖြစ်ပေါ်ရပေတယ်။

"အချင်း သုစိလောမ. . . သေချာစွာမှတ်သားနာယူပါ၊

အကြွင်ပညာရှိသောသူများသည် အတ္တဘောကြောင့် ရာဂ, ဒေါသ ရတိ, အရတိ, ဝိတက္ကစသော ဆင်းရဲမှုအမှန်တရားများ(ဒုက္ခသစ္စာ) များဖြစ်ကြသည်ဟု သိကြပေတယ်။ ထိုသို့သိကြသောပညာရှိတို့ သည် ရာဂစသောဆင်းရဲဖြစ်မှုအမှန်တရားတို့၏ဖြစ်ကြောင်းဖြစ် သော တဏှာဟုဆိုအပ်သော (သမုဒယ)သစ္စာကို ပယ်သတ်ကြ ပေတယ်။ ထိုသို့သမုဒယဟုဆိုအပ်သော တဏှာကို ပယ်သတ် နိုင်သည်နှင့်ရာဂ, ဒေါသ, ရတိ, အရတိ, လောမဟံသန, ဝိတက္က ဟုဆိုအပ်သော ဒုက္ခသစ္စာသည်လည်း ချုပ်ငြိမ်းပျောက်ပြီး ဖြစ်ပေတယ်။

သမုဒယသစ္စာဟုဆိုအပ်သော တဏှာကိုပယ်ဖျောက်နိုင် သောသူတို့မှာ ကူးမြောက်ရန်ခဲယဉ်းလှသော ရှေးယခင်ကတစ် ကြိမ်တစ်ခါမျှ မကူးမြောက်ခဲ့ဘူးသေးသော ဩဃတည်းဟူသော ရေအလျဉ်းကို ကူးမြောက်နိုင်ပြီး ဖြစ်ပေတယ်။ ထိုသူတို့အား ဘဝသစ်၌တစ်ဖန်ဖြစ်တည်ခြင်းသည် မရှိတော့ပြီ။

ဗုဒ္ဓ၏ကျဲတရားတော်အဆုံးဝယ် သုစိလောမ၏စိတ်ကို ဖုံးလွှမ်းပိတ်ဆို့နေသော အယူများ(ဒိဋ္ဌိ)နှင့် ယုံမှားသံသယ(ဝိစိ ကိစ္ဆာ) တို့သည် တစ်မုဟုတ်ချင်းဝေးလွင့်ပျောက်ကွယ်သွားတော့ သည်။ သုစိလောမ၏ စိတ်အစဉ်ဝမ်းမြောက်ဖူးဘူးသော ကြည် လင်ခြင်းတို့ဖြင့် ကွန်မြူးနေဘိတော့သည်။

“မှန်ပေသားပဲ. . . ရာဂ, ဒေါသ, ရတိ, အရတိ,ဝိတက္က စသော ဒုက္ခသစ္စာများဟာ တဏှာလို့ခေါ်တဲ့ သမုဒယသစ္စာသာ

အကြောင်းရင်းရှိပေသည်။ တဏှာခေါ် ဆိုသော သမုဒယသစ္စာ သည်လည်း ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ အတ္တာဘောကို စွဲ၍ဖြစ်ပေတယ်။ အတ္တဘောရှိမှုကြောင့် ရာဂ, ဒေါသ, ရတိ, အရတိ, လောမဟံသန၊ ဝိတက္ကစသော အရာတွေဖြစ်နေတယ် ဆိုတာ ရှင်းနေပါတယ်။ အတ္တဘောမှာ ချစ်ခင်စွဲငြိနေတဲ့ တဏှာ, သမုဒယသစ္စာကို ငြိမ်းသတ်နိုင်လျှင်ပဲ ရာဂ, စသောအရာများ ငြိမ်းသတ်ပြီးဖြစ်တော့မှာပေါ့။ အို. . အရှင်ဂေါတမ အရှင်၏တရား သည် အလွန်ပင်တန်ခိုးကြီးပြီး ကြည်ညိုဖွယ်ကောင်းလှပါတယ်။

သုစိလောမသည် နှစ်သက်ရွှင်လန်းစွာဖြင့် ဗုဒ္ဓအားဖူး မြော်ရန် မျက်လုံးအစုံကိုဖွင့်လိုက်သည်။ ထိုစဉ်မှာပင် သုစိလောမ ၏ တစ်သက်တာတွင် မကြုံစဖူး ထူးကဲဖြစ်စဉ်တို့ကို ထူးခြားစွာ တွေ့မြင်လိုက်ရလေသည်။

သုစိလောမ တွေ့မြင်လိုက်ရသော ထူးဆန်းအံ့ဩဖွယ် တို့မှာ-

"ယခင်က သူ၏ယုတ်ညံ့နုံချာလှသော ဗိမာန်သည် မသန့်မသက်စက်ဆုပ်ဖွယ်ရာ အသွင်သဏ္ဌာန်များကွယ်ပျောက် လျက် ဘုမ္မစိုးနတ်မင်း၏ ဗိမာန်ကဲ့သို့ ထွန်းလင်းဝါရွှေမြတ်သော အသေရေကို ဆောင်နေသည်။

သုစိလောမ၏ တစ်ကိုယ်လုံးကို ဖုံးလွှမ်းယှက်စပ်နေသော အပ်ကဲ့သို့အမွေးများသည် ကွယ်ပျောက်သွားပြီးလျှင် နူးညံ့သိမ် မွေ့သော ကိုယ်သားကိုယ်ရည်နှင့် နတ်လုလင်ကဲ့သို့ လှပသော အသရေကို ဆောင်နေသည်။

သုစိလောမသည် အုံ့ဩဝမ်းမြောက်စွာပင် သူငယ်ချင်း ခရလောမကို ကြည့်မိလိုက်သည်။ သုစိလောမအတွက် အတိုင်း အထက်အလွန်ပို၍ အံ့ဩသွားသည်မှာ ခရာလောမသည်လည်း မိကျောင်းကဲ့သို့သော ကိုယ်သားကိုယ်ရည်များ ကွယ်ပျောက်၍ ထွန်းတောက်ဝင်းပစွာဖြင့် ဘုမ္မစိုးနတ်အသွင်သို့ ပြောင်းလဲနေ လေသည်။

ရောင်ခြည်တော်ခြောက်သွယ်ဖြင့် တင့်တယ်ဝန်းပသော မြတ်ဗုဒ္ဓ၏အသွင်သဏ္ဌာန်၊ ဗိမာန်များ၏သစ်လွင်တောက်ပသော အလှ၊ သုစိလောမ, ခရလောမတို့၏ ရွှန်းစိုနှစ်လိုသောအဆင်းတို့ ဖြင့် ထိုနေ့တွင် သူတို့၏ဘုံဌာနသည် အလွန်ပင်လှပနေဘိတော့ သည်။

သုစိလောမနှင့် ခရာလောမတို့၏ အားရရွှင်လန်းဝမ်း မြောက်သော ထက်သန်သောသာဓုခေါ်သံသည် ဂယာရွာကလေး ကို ကျော်လွန်၍ မိုးထက်ယံဘဝဂ်လျှံသည်အထိ ပျံ့နှံ့သွားလေ တော့သည်။

ဗုဒ္ဓသည် ဤသို့လျှင် မိမိအားအတိုက်အခံပြုလာသောသူ ပြဿနာရှာလာသူတို့အား လောကသဘာဝအမှန်တရားကို ဖော် ထုတ်ပြ၍ ဖြေရှင်းပေးခဲ့သည်သာ ဖြစ်ပါသည်။

**(ကျမ်းကိုး-ဇိနတ္ထပကာသနီ)**

**( အနော်မာမဂ္ဂဇင်း၊ အမှတ်-၇၈ )**

## ၁၀။ စွပ်စွဲလာသူ-မကျည်းပင်သနွေသူ

ဗုဒ္ဓဂေါတမသည် (၈)ဝါမြောက်တွင် တာဝတိံသာ၌ ဝါတွင်း(၃)ကာလပတ်လုံး ဟောကြားပြီးနောက် ဝါကျွတ်သောအခါ ရွှေ၊ ငွေ၊ ပတ္တမြား၊ စောင်းတန်းသုံးသွယ်ဖြင့် နတ်၊ ဗြဟ္မာများခြံရံလိုက်ပို့၍ သင်္ကဿနဂိုရ်မြို့၌ သက်ဆင်းလာတော်မူခဲ့သည်။

ထိုမြို့၏ မြို့တံခါးအရပ်၌ တရားတော်တို့ကို ဟောကြားခဲ့ရာ အရှင်သာရိပုတ္တရာ၏ တပည့်ငါးရာနှင့်တကွ ကုဋေသုံးဆယ်သော နတ်လူတို့အား သစ္စာလေးပါးတရားသိမြင် ကျွတ်တမ်းဝင်စေခဲ့ပါသည်။

ထိုမှတစ်ဖန် သာဝတ္ထိမြို့သို့ ပြန်လည်ကြွလာခဲ့ပြီး ဇေတဝန်ကျောင်း၌ သီတင်းသုံးနေထိုင်ကာ ဝေနေယျသတ္တဝါတို့အား တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးဝေငှတော်မူလေသည်။

ထိုအချိန်ကာလဝယ် တိတ္ထိတို့၏စည်းရုံးသိမ်းသွင်းမှုဖြင့် ပရဗိုဇ်မစိဥ္စမာဏဝိကာသည် ဗုဒ္ဓဂေါတမအပေါ်၌ မလျှော်မလျောက်ပတ်သော အကြံအစည်တစ်ခုကို စီမံချက်ချဆောင်ရွက်ပြီး စွပ်စွဲမှုတစ်ခုကို ပြုလုပ်လာခဲ့ပါသည်။

ထိုသို့ ဖြစ်ပေါ်လာရခြင်း၏အကြောင်းရင်းတွင် အဓိကတရားခံမှာ တိတ္ထိဆရာကြီးများ၏ အကြံအစည်ထိုးနှက်ချက်ပင် ဖြစ်ပါသည်။

ဗုဒ္ဓဂေါတမသည် ပဌမဗောဓိဟုခေါ်သော ဝါတော်(၂၀) ကာလအတွင်းဝယ် သူ၏တပည့်သား သာဝကများ ဒီရေအလား တစ်နေ့တစ်ခြားတိုးပွားဖြစ်ထွန်း၍ လာကြသည်။

ထိုသို့တိုးပွားဖြစ်ထွန်းလာသည့်အလျောက်ပင် မနိုင်းယှဉ် နိုင်လောက်အောင် မြားမြောက်လှစွာသော လူနတ်ဗြဟ္မာသတ္တဝါ တို့ အရိယာဖိုလ်လေးပါးသို့ မိမိတို့၏ဘဝဘဝ ပါရမီကုသိုလ် ကောင်းမှုကံအလျောက် ဆိုက်ရောက်ရရှိပြီး ခံစားကြရသည်။

ထိုအတွက် ဗုဒ္ဓဂေါတမ၏ အရဟံအစ ဘဂဝါအဆုံးရှိ သော ကျေးဇူးတော်ဂုဏ်များသည် ဘဝဂ်မဆံ့နှံ့၍တက်ပြီးလျှင် ဗုဒ္ဓဂေါတမနှင့်တပည့်သာဝက သံဃာတော်တို့မှာ ကြီးစွာသော လာဘ်ပူဇော်သက္ကာရတို့ဖြင့် ပေါ်ခဲ့သည်။

တိတ္ထိတို့သည်ကား နေဝန်းတက်၍ ထွန်းလင်းတောက်ပ လာသောအခါ ပိုးစုန်းကြီးများ၏ အရောင်ထွန်းပမှု အလိုလိုမှိန်း ပျောက်ရသလို တန်ခိုးအရှိန်အဝါနှင့် လာဘ်ပူဇော်သက္ကာရများ တစ်နေ့တစ်ခြားခေါင်းပါး ခေါင်းပါး၍လာလေသည်။

သို့အတွက် သူတို့သည်ပဌမမိမိတို့ထံ လူအများက လာဘ်ပူဇော်မှုရလာစေရန် ရည်သန်တောင့်တကြပြီး လမ်းခရီး ကြား၌ ရပ်တည်ကြကာ သွားလာလှုပ်ရှားကြသော လူအပေါင်း တို့ကို-

"ဒါယကာတို့ ရဟန်းဂေါတမသာ ဘုရားစင်စစ်ဖြစ်သလော၊

ငါတို့သည်လည်း ဘုရားစင်စစ်ဖြစ်ပါကုန်၏။ ရဟန်းဂေါတမအား လှူအပ်သော အလှူသည်သာ အကျိုးကြီးပါသလော၊ ငါတို့အား လှူအပ်သောအလှူသည်လည်း အကျိုးကြီးပါ၏။ ငါတို့အားလည်း လှူဒါန်းကြပါလော့၊ ကောင်းမှုပြုကြပါကုန်လော့"
ဟု တောင်းခံစကားပြောကြားကြသည်။

သို့သော် သာဝတ္ထိပြည်သူ-ပြည်သားတို့က ထိုစကားကို စိတ်မဝင်စားကြသလို လှူဒါန်းပူဇော်မှုလည်း မပြုလုပ်ကြပေ။ သို့အတွက်သူတို့သည် လျှို့ဝှက်သေနေရာ၌စုဝေး၍

"ငါတို့သည် အဘယ်သို့သော နည်းလမ်းဥပါယ်ဖြင့် လူသားတို့၏ အတွင်းစိတ်၌ရဟန်းဂေါတမ၏ မကောင်းသတင်းကို ဖြစ်စေကြ၍ ရဟန်းဂေါတမ၏လာဘ်ပူဇော်မှု သက္ကာရကိုပျက်ပြားအောင်ပြုလုပ်ကြရမည်နည်း"
ဟူ၍ ဆွေးနွေးတိုင်ပင်မှုပြုကြလေသည်။

ထိုအချိန်ဝယ် လူသား၏မိခင်ဝမ်း၌ သန္ဓေမယူ၊ မန်ကျည်းပင်၌ သန္ဓေယူမွေးလာပြီး ပုဏ္ဏားတစ်ယောက်၏မွေးစားခြင်းကို ခံခဲ့ရသော စိဉ္စမာဏဝိကာ(မန်ကျည်းပင်သန္ဓေသူမိန်းမပျို)သည် နတ်သမီးတမျှ မြတ်သောအဆင်းကိုဆောင်သည်။ တင့်တယ်ခြင်း ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသူဖြစ်သည်။ သူမ၏ကိုယ်မှ အရောင်များ ကဖျပ်ဖျပ်ထွက်ပေါ်ကွန့်မြူးသူဖြစ်သည်။

"စိဥ္စမာဏဝိကာပရိဗိုဇ်မကို စည်းရုံးသိမ်းသွင်းပြီး သူမကို အသုံးချကာ ရဟန်းဂေါတမ၏ မကောင်းသတင်းကို ဖြစ်ပေါ်အောင် ပြုလုပ်ပြီး ရဟန်းဂေါတမလာဘ်လာဘဆုတ်ယုတ်အောင် ပြုလုပ်ကြစို့။"

ဟု ရက်စက်ကြမ်းကြုတ်သော စိတ်အစဥ်ရှိသော တိတ္ထိတစ်ဦးက အကြံပြုတင်ပြလေသည်။

ထိုတင်ပြချက်ကို အစည်းအဝေးတက်လာကြသော တိတ္ထိဆရာအသင်းအပင်းတို့သည် အကြေအလည်ဆွေးနွေးကြပြီး

"ဤနည်းလမ်းဥပါယ်ကားရဟန်းဂေါတမ၏လာဘ်လာဘပျက်ပြားကြောင်း နည်းလမ်းဥပါယ်ကောင်းတစ်ရပ်ဖြစ်သည်"

ဟု တညီတညွတ်တည်း သဘောတူလက်ခံဆုံးဖြတ်ခဲ့ကြသည်။

စိဥ္စမာဏဝိကာပရိဗိုဇ်မသည် တစ်နေ့တစ်ကြိမ်တိတ္ထိဆရာတို့၏ အရာမ်သို့သွားရောက်ကာ အဆုံးအမခံယူလေ့ရှိရာ ထိုနေ့ စိဥ္စမာဏဝိကာလာရောက်၍ ရှိခိုးဝတ်ပြုရပ်တည်သော် တိတ္ထိဆရာတို့က စကားမပြောဘဲ နေကြလေသည်။

"ငါ့မှာ ဘယ်လိုအပြစ်များရှိပါလိမ့်"

စိဥ္စမာဏဝိကာသည် ဆရာများကို တစ်ယောက်စီငေးကာ လှည့်ယည်ကြည့်ရှုရင်း မိမိ၌အပြစ်ရှိ-မရှိကို ဝေဖန်သုံးသပ်နေမိသည်။ မိမိ၌ဆရာတို့အပေါ်ပြုအပ်သော မကောင်းမှုမရှိသဖြင့် သိလိုဇောဆန္ဒဖြစ်ပေါ်ကာ-

"အရှင်ကောင်းတို့ . . အရှင်တို့ကို ရိုသေမြတ်နိုးရှိခိုးပါ၏" ဟူ၍ သုံးကြိမ်ပြောဆိုသည်။

"အရှင်ကောင်းတို့ . . . တပည့်တော်မ,မှာ မည်သို့သော အပြစ်ရှိပါသနည်း။ မည်ကဲ့သို့သော အပြစ်ရှိနေ၍ တပည့်တော်မကို အရှင်ကောင်းတို့သည် စကားမပြောဘဲ နေကြပါသနည်း" ဟု စိဉ္စမာဏဝိကာက တိုက်ရိုက်ပင်မေးမြန်းလိုက်သည်။

"နှမ. . . စိဉ္စမာဏဝိကာ ငါတို့ကိုရဟန်းဂေါတမနှိပ်စက်ညှင်းပန်းကာ လာဘ်လာဘခါင်းပါးအောင် ပြုလုပ်ပြီးလျှင် လှည့်လည်ကျက်စား သွားလာနေသည်ကို သင်မသိလေသလော" ဟု တိတ္ထိဆရာတို့က စိဉ္စမာဏဝိကာအပေါ်၌ ပြစ်တင်စကားပြောကြားကြသည်။

"အရှင်ကောင်းတို့. . . ထိုအကြောင်းကို တပည့်တော်မ မသိရပါ။ ဤကိစ္စ၌ တပည့်တော်မသည် အဘယ်သို့သောအမှုကို ပါဝင်ဆောင်ရွက်ပြုလုပ်ပေးရပါမည်နည်း။"

"နှမ. . . စိဉ္စမာဏဝိကာ သင်သည်ငါတို့၏ ချမ်းသာရေးကို အလိုရှိပါလျှင် မိမိကိုယ်ကိုအရွဲ့ပြု၍ ရဟန်းဂေါတမ၏မကောင်းသတင်းဖြစ်အောင်ပြုလုပ်ပြီး သူ့ကိုလာဘ်လာဘပူဇော်သက္ကာရ နည်းအောင်ပြုလုပ်ပါလေ"

"ကောင်းပါပြီ. . . အရှင်ကောင်းတို့ ဤသို့ပြုလုပ်ရန်အတွက် တပည့်တော်မ၏ တာဝန်ထားလိုက်ပါ။ အရှင်ကောင်းတို့

ထွေရာလေးပါးအခြင်းများ၌ မနေကြပါကုန်လင့်။"
ဟု စိဋ္ဌမာဏဝိကာပရိဗိုဇ်မဟာ ရဲရဲတောက်တာဝန်ယူ ဂန်ခဲစကား ပြောဆိုကတိပေးလေသည်။

ထို့နောက် စိဋ္ဌမာဏဝိကာသည် ရုပ်ရည်ချောမောလှပ သလောက် မိန်းမတို့၏မာယာအတတ်၌ လိမ္မာပါးနပ်သူဖြစ်ရာကား မိမိ၏မာယာကို စတင်အကောင်အထည်ဖော် ဆောင်ရွက်လေ တော့သည်။

သူမသည် သာဝတ္ထိပြည်သူလူအပေါင်းတို့ တရားနာပြီး၍ ဇေတဝန်ကျောင်းမှ ထွက်လာသောအချိန်ကိုကိုက်၍ ပိုးပရဲသွေး နီထွေးသော အဆင်းရှိသောအဝတ်ကို ဝတ်ရုံကာလက်စွဲလျက် ဇေတဝန်ကျောင်းလမ်းမအတိုင်း ကျောင်းဘက်သို့သွားလေသည်။ လမ်း၌တွေ့သူများက-

"အိုစိဋ္ဌမာဏ. . . ယခုလိုမိုးချုပ်ကာနီးအချိန်၌ သင်သည် အဘယ်ကိုသွားမည်နည်း။"
ဟုမေးလျှင် စိဋ္ဌမာဏဝိကာက မူယာမာယာဖြင့်ပင်-

"ကျွန်တော်မသွားမည့်အရပ်ကို သိသဖြင့် သင်တို့အတွက် အဘယ်အကျိုးရှိမည်နည်း။"
ဟု ထင်မှားဖွယ်ရာစကားကို ပြောကြား၍ ဇေတဝန်ကျောင်းတိုက် အနီးတိတ္ထိတို့အရာမ်၌ ညအိပ်သည်။

နောက်တစ်နေ့စောစော ဗုဒ္ဓဂေါတမကို အလျှင်ထက်ဦး ဖူးမြင်ရန်လာသူတို့ သာဝတ္ထိမြို့ထဲမှ ထွက်လာချိန်တွင် ဇေတဝန် ကျောင်း၌ ညဉ့်အိပ်နေခဲ့သည့်ပုံဟာန်သဏ္ဌာန်ပြု၍ တိတ္ထိကျောင်း မှထွက်ကာ ဇေတဝန်နှင့်သာဝတ္ထိသွားလမ်းအတိုင်း ပြန်လာသည်။ လမ်း၌တွေ့သူတို့က-

"အို-စိဉ္စမာဏ. . . သင်သည် ဘယ်အရပ်၌ အိပ်ခဲ့၍ ယခုမှ ပြန်လာခဲ့ရပါသနည်း။"

ဟု မေးကြသော် မူယာမာယာ ညကအိပ်ရေးပျက်သောဟန်ဖြင့်

"ကျွန်မအိပ်ခဲ့သောနေရာကို သိသဖြင့် သင်တို့အား အဘယ်အကျိုးရှိမည်နည်း။ ကျွန်မအိပ်ခဲ့သော နေရာကိုသင်တို့ မသိချင်ကြစမ်းပါနှင့်။"

ဟု ထင်မှားဖွယ်ရာစကားကို အဖြေပေးလေ့ရှိသည်။

စိဉ္စမာဏဝိကာသည် ဤနည်းဤမာယာဖြင့် နေ့စဉ်သွား လာသူများကို-

"ကျွန်တော်မ. . . ဇေတဝန်ကျောင်းတိုက်အတွင်းဝယ် ရဟန်းဂေါတမနှင့် အတူတကွဂန္ဓကုဋီတိုက် ကျောင်းတိုက်ခန်း အတွင်း၌ နှစ်ယောက်အတူ ညအိပ်ပြီးပြန်လာခဲ့သည်။

ဟူ၍ ဗုဒ္ဓဂေါတမကို စတင်စွပ်စွဲပြောကြားမှုပြုခဲ့သည်။

စိဉ္စမာဏဝိကာက ဤသို့သောစကားကို ပြောဆိုလာ၍ ကြားရသူပုထုဇဉ် လူသာမာန်တို့၏စိတ်ဝယ်-

"ဤအကြောင်းသည် မှန်သလော၊ မဟုန်မှုများရှိလေသလော" ဟု ယုံမှားတွေးတောခြင်းကို ဖြစ်စေသည်။ တရားပြည့်ဝသူ ဗုဒ္ဓဂေါတမအကြောင်းကို ကောင်းစွာသိသူ သောတာပန်၊ သကဒါဂါမ် အရိယာဖြစ်သူတို့ကမူ ထိုစကားကိုအယုံအကြည်မရှိကြ။ စိဉ္စမာဏဝိကာအပေါ်၌သာ စိတ်မမှန်သူအဖြစ် သနားကရုဏာဖြစ်ကြသည်။

"ဤကလေးမ မိုက်လိုက်လေ။ စိတ်မှန့်ရဲ့လား။" စသည်ဖြင့် ကရုဏာဒေါသော ပြစ်တင်စကားပြောဆိုမှု ပြုကြသည်။

သုံးလေးလလွန်သောအခါဝယ် ပုဆိုးကြမ်း၊ အနှီးစတို့ဖြင့် ရင်ကိုရစ်ပတ်ကာ မိမိကိုယ်ကို ကိုယ်ဝန်ဆောင်သောမိန်းမအသွင်ကိုပြု၍ ကိုယ်ပေါ်၌နီမြန်းသောအဝတ်ကို ဝတ်ရုံကာ-

"ရဟန်းဂေါတမကို အစွဲပြု၍ ကျွန်တော်မသည် ကိုယ်ဝန်ရခဲ့ပါသည်။"

ဟူ၍ ဉာဏ်ပညာမဲ့သူ လူအပေါင်းကို ရှုပ်စွဲပြောကြားအယူမှားစေခဲ့သည်။

ဤနည်းဖြင့် ရှစ်လ၊ ကိုးလလွန်သောအခါဝယ် တကယ်ကိုယ်ဝန်အရင့်အမာတည်ဟန် ဘဲဥထက်ခြမ်းပုံ သစ်သားဝန်းကို ရင်၌ ဖွဲ့ချည်ပြီးလျှင် ထို၏အထက်၌ နီမြန်းသောဝတ်ရုံကို ဝတ်ဆင်သည်။

မိမိလက်ဖမိုး၊ ခြေဖမိုးတို့ကို နွား၏မေးရိုးဖြင့် တုန့်က်၍ ခြေလက်များမွေ့ဖွားကာနိုး၌ အမ်းယောင်နေသည့်ဟန်တူစွာ ဖန်တီးပြုလုပ်ပြီးလျှင် မျက်စိ, နား, နှာ, ကကြွေမျာနွမ်းနယ်မနေသည့် ဟန် မာယာအပြည့်ပြုလုပ်ထားသည်။

ဗုဒ္ဓသည် ညနေချမ်းအချိန်ဝယ် လူတို့အားတရားဟောနေကျဖြစ်ရာ ထိုအချိန်ကိုကိုက်၍ စိဥ္စမာဏဝိကာသည် ဗုဒ္ဓဝေါ တမတရားဟောရာ မမ္ပလ္လင်ရှေ့သို့ ကြောက်ရွံ့ကင်းစွာဖြင့် ဝင်သွားပြီး ဗုဒ္ဓရှေ့တွင်ရပ်လျက်-

"ရဟန်းကြီး. . . သင်သည် လူအပေါင်းကို တရားဟောကာနေဘိ၏။ သင်၏နှုတ်ခမ်းများကား စေ့စပ်လှဘိ၏။ ကျွန်တော်မ,မှာတော့ သင်ရဟန်းကြီးကိုစွဲ၍ ကိုယ်ဝန်ကိုရရှိကာ ယခုခါရင့်ကျက်သော ကိုယ်ဝန်ရှိသူဖြစ်ရလေပြီ။ သင်ရဟန်းကြီးကား ကျွန်တော်မအတွက်တာ သားဖွားရန်အိမ်မက်ကိုလည်းမစဉ်းစား ထေပတ်ဆီစသည်ကိုလည်း မစဉ်းစားနေနိုင်အံ့ ဘိ၏။"

ထိုကိစ္စများကို ကိုယ်တိုင်မပြုနိုင်လျှင်လဲ မိမိရဲ့အလုပ်အကျွေးဒါယကာ၊ ဒါယိကာမများအနက်ထဲက ကောသလမင်းကိုဖြစ်စေ၊ အနာထပိဏ်သူဌေးကိုဖြစ်စေ၊ ဝိသာခါကျောင်းအမကိုဖြစ်စေ၊ တစ်ဦးဦးကို ဤစိဥ္စမာဏဝိကာအတွက် ပြုလုပ်သင့်သည်ကို ပြုလုပ်ဆောင့်ရှောက်လိုက်ပါလို့ အပ်နှံပြောဆိုသင့်၏။ ယခုထိုသို့လည်း မပြောကြားဘဲ လျစ်လျူရှုထား၏။ သင်ရဟန်းကြီး

ကား မမွေ့လျော်ပျော်ပါးဖို့ရန်သာ စဉ်းစား၏။ ကိုယ်ဝန်သားကို စောင့်ရှောက်ရန်ကိုကား မစဉ်းစားသူဖြစ်၏။"

ဟူ၍ မစင်တုံးကိုစွဲကိုင်ကာ လဗိမာန်ဝန်းကို ဖျက်ဆီးရန်အား ထုတ်သော မိန်းမယုတ်ကဲ့သို့ ဗုဒ္ဓဂေါတမကို ပရိသတ်လေးပါး အလယ်၌ အကြီးအကျယ်စွပ်စွဲ ဆဲရေးစကားပြောကြားလေတော့ သည်။

ဗုဒ္ဓသည် ဟောနေရင်းစွဲတရားစကားကို ခေတ္တရပ်စဲကာ ခြင်္သေ့မင်းကဲ့သို့ ရဲရင့်သောအသံကို ဖြစ်စေပြီး-

"နှမ. . . စိဉ္စမာဏ သင်ယခုပြောကြားအပ်သော စကား ၏ မှန်သောအဖြစ်၊ မမှန်သောအဖြစ်ကို သင်နှင့်ငါတို့သာ သိကြ ကုန်၏။"

ဟု မိန့်ကြားသည်။

စိဉ္စမာဏဝိကာသည် ဗုဒ္ဓ၏ထိုစကားကို အရကောက်ကာ

"မှန်ပေသည်။ ရဟန်းကြီး. . . သင်နှင့်ငါတို့ နှစ်ဦးသာ သိကြသောကြောင့်ပင် ယခုလိုကိုယ်ဝန်ရင့်မာမှု ဖြစ်ရလေသည်။

ဟူ၍ အလျော့မပေး၊ ကြောက်ရွံ့မှုမရှိ၊ တစ်ဖန်ထပ်၍ စွပ်စွဲ စကားဆိုလိုက်ပြန်သည်။

ထိုခဏမှာပင် သိကြားမင်း၏နေရာ ပဏ္ဍုကမ္ဗလာမြ ကျောက်ဖျာသည် ပူနွေးသောအခြင်းအရာကို ပြလေသည်။ သိကြားမင်းသည် အကြောင်းရင်းကို ဆင်ခြင်ကြည့်သော်-

"စိဉ္စမာဏဝိကာ မိန်းမယုတ်သည် ဗုဒ္ဓကိုမဟုတ်မမှန်သော စကားဖြင့် စွပ်စွဲဆဲရေးဘိ၏။ ဤအကြောင်းကြောင့်ဝတ္ထုကို ပရိသတ်အလယ်၌ စင်ကြယ်အောင် ငါဖြေရှင်းပေးရမည်။"
ဟု ကြံစည်ဆင်ခြင်မိကာ နတ်သားလေးယောက်တို့နှင့် အတူတကွ ဗုဒ္ဓဟရားဟောရာဌာနသို့ လာရောက်ကြသည်။

နတ်သားလေးယောက်က ကြွက်ငယ်အယောင်ဆောင်ကြပြီး စိဉ္စမာဏဝိကာဖွဲ့ချည်ထားသော သစ်သားပန်း၏ကြိုးများကို တပြိုင်နက်ထဲ ကိုက်ဖြတ်လေသည်။

စိဉ္စမာဏဝိကာ ဝတ်ရုံထားသော အဝတ်ကိုလည်းလေသည်အထက်သို့ တိုက်လွှင့်လိုက်လေသည်။ သစ်သားဝန်းကို ဖွဲ့ချည်ထားသော ကြိုးများပြုပ်၍ ကျသောအခါ စိဉ္စမာဏဝိကာ၏ ခြေဖမိုးထက်သို့ကျသဖြင့် ခြေဖျားနှစ်ဖက်တို့သည် သွင်သွင်ကျိုးလေသည်။

ထိုမြင်ကွင်းကို အံ့ဩဘနန်းတွေ့မြင်သော တရားနာပရိတ်သတ်တို့သည် စိတ်မာန်ဆိုးကြကာ-

"ထွီ . ဟယ်အယုတ်တမာမ. . . နင်သည်ဗုဒ္ဓကိုမဟုတ်တရက်စွပ်စွဲဆဲရေးဘိ၏။"
ဟု ပြောဆိုဝိုင်းအုံလာကြကာ တံတွေးနှင့်ဝိုင်း၍ ထွေးကြသည်။ နီးရာတံမြက်စည်း၊ ဒုတ်တို့ကိုယူကာ ရိုက်ပုတ်ကြပြီး ဓမ္မသဘင်ခန်းမမှ ဆွဲထုတ်ကြသည်။

စိဉ္စမာဏဝိကာသည် ဇေတဝန်ကျောင်းအပြင်ရောက်၍ ဗုဒ္ဓ၏မြင်ကွင်းမှ လွန်မြောက်သော် မဟာပထဝီမြေကြီးမှကွဲ၍ အပေါက်ကိုပေးလာသည်။ ယင်းအပေါက်မှ အဝီစိငရဲမီးလျှံတို့သည် စိဉ္စမာဏဝိကာအား ဒွေဟမျိုးတို့က ကမ္ဗလာနီကို ခြုံရုံပေးလာသည့်အလား ဝန်းရံလာပြီးလျှင် ကြောက်မက်ဖွယ်ဆွဲယူကာ အဝီစိငရဲသို့ ပို့ဆောင်သွားလေတော့သည်။

* * * * *

ဗုဒ္ဓသည် နောက်တစ်နေ့မဏ္ဍပသဘင်တွင် တိတ္ထိတို့၏မကောင်းကြံမှုဖြင့် စိဉ္စမာဏဝိကာ ဗုဒ္ဓကိုမဟုတ်မမှန်စွပ်စွဲမှု၊ ဒိဋ္ဌမမ္ဗချက်ချင်းမြေမျိုခံသွားရမှုနှင့် စပ်သောစကားကိုပြောဆိုဆွေးနွေးနေကြရာမှ ဗုဒ္ဓက-

"စိဉ္စမာဏဝိကာသည် ယခုအခါမှသာမ ဟုတ်သေး။ ရှေးအခါကလည်း ငါ့ကိုမဟုတ်မမှန်သောစကားဖြင့် စွပ်စွဲဆဲရေးဆဲရေးသဖြင့် ပျက်စီးခြင်းသို့ ရောက်လေပြီ။"

ဟူ၍မိန့်ကြားကာ မဟာပဒုမဇာတ်ကို အကျယ်ဟောကြားတော်မူပါသည်။

ထိုဇာတ်ကိုအကျယ်ဟောပြောပြီး ဗုဒ္ဓက-

"ရဟန်းတို့. . . အမှန်စကားပြောကြားခြင်းတရားတစ်ခုကို ပယ်စွန့်၍မဟုတ်သောစကားပြောကြားခြင်း၌ တည်ကြလျက်တမလွန်လောက၌ ရရှိခံစားကြရမည့် လူ၊ နတ်၊ နိဗ္ဗာန်သုံးတန်

သောတရားကို ကျော်လွှားပယ်စွန့်ကြပြီးဖြစ်သော လိမ်ညာပြော ဆိုသူတို့အဖို့မှာ သူတို့မပြုဝံ့သော မကောင်းမှုဟူ၍ မရှိတော့ပြီ" ဟူ၍ ဟောကြားတော်မူရာ များစွာသောတရားနာ ပရိတ်သတ် တို့မှာ သောတာပတ္တိဖိုလ်၌ တည်ကြလေသည်။

ဗုဒ္ဓက ဆက်လက်၍မိမိအား ယခုစိဉ္စမာဏဝိကာက ဤကဲ့သို့စွပ်စွဲခံရခြင်းသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလ ၏ ဟိုမှာဘက်(နိယတဗျာဒိတ်မခံရမီ) တစ်ခုသောဘဝဝယ် ဗုဒ္ဓ လောင်းလျာသည် မကောင်းသောမိတ်ဆွေတစ်ယောက်နှင့် ပေါင်းသင်းဆက်ဆံမိကာ မသင့်မတင့်သောနှလုံးသွင်းမိ၍ ထို အချိန်ကာလ၌ ပွင့်တော်မူခဲ့သော သဗ္ဗာဘူဘိအမည်ရှိသော ဘုရားရှင်၏တပည့်သာဝက 'နန္ဒ' အမည်ရှိသော ရဟန္တာမထေရ် မြတ်ကို မာတုဂါမတစ်ဦးနှင့်မဟုတ်တရား စွပ်စွဲပြောဆိုမှုအရိ ယူပဝါဒကံကြီးကို ပြုလုပ်မှားမိခဲ့သည်။

ထိုအကုသိုလ်ကံကြောင့် ငရဲ၌နှစ်ပေါင်းများစွာရှည်ကြာ ဆင်းရဲခံစားခဲ့ရသည်။ လူ့ဘဝပေါင်းများစွာတို့၌လည်း မဟုတ် တရားအစွပ်အစွဲခံခဲ့ရသည်။ ယခုလိုအကုသိုလ်ကံကြွင်းက မိမိ အား ပရိတ်သတ်အလယ်၌ ရှက်ဖွယ်လိလိ စိဉ္စမာဏဝိကာ၏ မဟုတ်တရားစွပ်စွဲမှုကို ခံခဲ့ရသည်။
ဟူ၍ ထုတ်ဖော်ဟောကြားပေးတော်မူခဲ့ပါသည်။

* * * * *

ဗုဒ္ဓကို မကောင်းကြံသော တိတ္ထိတို့သည် ထိုအချိန်မှစ၍ လူအပေါင်းတို့က သူတို့၏မကောင်းကြံမှုကြားက အမိုက်မဲမ စိဥ္စမာဏဝိကာ မြေမျိုခံရမှုတို့ကို အကြောင်းပြု၍ တိတ္ထိများ အပေါ်၌ အယုံအကြည်ကင်းမဲ့ကြကာ တိတ္ထိတို့မှာ လာဘ်ပူဇော်မှု ရေးကထက်တိုး၍ အတိုင်းမသိပွားစီးပါတော့သည်။

ဗုဒ္ဓဂေါတမသည် မိမိနှင့်မိမိသာသနာတော်၌ တိုက်ရိုက်တိုက်ခိုက်ဆန့်ကျင်လာသော စိဥ္စမာဏဝိကာအမျိုးသမီးနှင့် နောက်ကကြိုးကိုင်စီမံပေးကြသော တိတ္ထိဆရာကြီးတို့၏ ကောက်ကျစ်သောအကြံကို မေတ္တာမာတ်ကိုရှေ့သွားပြု၍ ပရိတ်သတ်အလယ်၌ အမှန်တရားကို ဖော်ထုတ်၍ ဖြေရှင်းပေးခဲ့ပါသည်။

**ကျမ်းကိုး- (ဒွါဒသကနိပါတ၊ မဟာပဒုမဇာတကနှင့်**
**အပါဒါန်ပါဠိတော်(ပ)၊ အဝဋ္ဋဖလဝဂ်**
**ပုဗ္ဗကမ္မပိလောဟိတဗုဒ္ဓအပါဒါန်)**
**( အနော်မာမဂ္ဂဇင်း၊ အမှတ်-၇၄ )**

# ၁၁။ ဗုဒ္ဓကိုစွပ်စွဲဝံ့သည့် အလှသုန္ဒရီ

ဗုဒ္ဓဂေါတမသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေချိန်ဖြစ်သည်။

ဗုဒ္ဓဂေါတမနှင့် ရဟန်းသံဃာအပေါင်းမှာ လူ၊ နတ်တို့က အရိုအသေပြုအပ်၊ မြတ်နိုးပူဇော်အပ်ကြပြီး သင်္ကန်း, ဆွမ်း, ကျောင်း, ဆေးဟူသော ပစ္စည်းလေးပါးတို့ရလွယ်ကြသည်။

ဗုဒ္ဓဂေါတမနှင့် ဆန့်ကျင်ဘက်အသွင်ရှိနေကြသော တိတ္ထိတို့မှာ တစ်ဘက်သောချိန်ခွင်ကဲ့သို့ ပစ္စည်းလေးပါးခေါင်းပါးကြသည်။

ဤသို့ဖြစ်ရသည့် သဘာဝနိယာမတ်ထွာကို လေ့လာဆန်းစစ်ကြည့်လျှင် ဗုဒ္ဓဂေါတမနှင့် ရဟန်းသံဃာအပေါင်းတို့မှာ ရှေးကောင်းမှုအားကြီးလှသောကြောင့်လည်းကောင်း၊ ဤလက်ရှိပစ္စုပ္ပန်ဘဝ၌လည်း အစမ်းသပ်ခံ အကျင့်မှန်သောကြောင့်လည်းကောင်း၊ မြစ်ကြီးနှစ်သွယ်မှ စုပေါင်းစီးဆင်း၍ ကျလာသောရေအယဉ်ကြီးပမာ ပစ္စည်းလေးဖြာ လာဘ်လာဘမနိုင်းယှဉ်နိုင်လောက်အောင်ပင် ပေါများလှပါသည်။

တိတ္ထိတို့မှာကား ရှေးကုသိုလ်ကံကလည်းအားနည်း၊ ယခုပစ္စုပ္ပန်ဘဝ၌ အကျင့်မမှန်၊ အကျင့်ကလည်းသဘာဝမကျ၊ အစမ်းသပ်မခံနိုင်၍ လူအများ၏လေးစားကြည်ညိုမြတ်နိုးမှု အားနည်းပြီး လာဘ်ပူဇော်သက္ကာရနည်းပါး ခေါင်းပါးကြခြင်း ဖြစ်ပါသည်။

ထိုအချိန်ဝယ် သာဝတ္ထိမြို့၌ စိဉ္စမာဏဝိကာကလိုပင် အဆင်းပြည့်ကြွယ်၊ ရှုချင်စဖွယ် အဆစ်အချိုးပြေပြစ်သူဖြစ်လျက် အရွယ်အားဖြင့်လည်း လုပတင့်တယ်သော အရွယ်၌တည်ရှိသော သုန္ဒရီအမည်ရှိသော ပရိဗိုဇ်မငယ်တစ်ယောက်ရှိပါသည်။

သူမကို အဆင်း, အရွယ်တင့်တယ်၍ သုန္ဒရီ-ဟု ခေါ်ဆိုသော်လည်း စိတ်မာတ်အကျင့်ကမူ ကိုယ်နှုတ်နှလုံးမစောင့်စည်း မထိန်းချုပ်သူဖြစ်သည်။

တိတ္ထိတို့အတွင်းဝယ် ဗုဒ္ဓဂေါတမအပေါ် မကျေနပ်မှု ရန်လိုမှု၊ ဖျက်စီးစေမှု ဆန္ဒများသည် တဖွားဖွားဖြစ်ပေါ်နေကြပြီး တီးတိုးဆွေးနွေးမှုများ၊ အုပ်စုလိုက်၊ အဖွဲ့လိုက်တွေ့ဆုံဆွေးနွေးမှု များပြုလုပ်လာကြပြီး ဂေါတမဗုဒ္ဓအပြုတ်တိုက်ရေးကို ကြံစည် တွေးတောစဉ်းစားလာကြသည်။ ညှိနှိုင်းလာကြသည်။

"ငါတို့သည် ရဟန်းဂေါတမပေါ်ထွန်းလာသော အချိန်မှ စ၍ ပျက်စီးမလှပျက်စီးကြ၍ လာဘ်ပူဇော်သက္ကာရမှုတို့သည် လည်း တစ်နေ့ထက်တစ်နေ့ခေါင်းပါးလာကြနုံမက ငါတို့လိုရှိသေး ၏ဟုပင် တစ်ဦးတစ်ယောက်မကမျှ အသိအမှတ်မပြုကြတော့ပေ

အဘယ်ကိုအမှီပြု၍ လူအပေါင်းက ရဟန်းဂေါတမထံ၌ အလွန်အမင်းကြည်ညိုပြီးလျှင် အလွန်ကောင်းမြတ်သော ပူဇော် သက္ကာရကို ပြုနေကြဘိသနည်း"

ဟု ဗုဒ္ဓဂေါတမ၏ ပစ္စည်းလေးပါးလာဘ်လာဘများမှု၌ အခြေခံ အကြောင်းရင်းကို စဉ်းစားဆင်ခြင်တိုင်ပင် ဆွေးနွေးမိကြသည်။

တစ်နေ့သောတိတ္ထိဆရာကြီးများ၏ ဆွေးနွေးမှုသဘင်၌ တိတ္ထိဆရာတစ်ဦးက-

"အရှင်တို့. . . ရဟန်းဂေါတမသည် မဟာသမ္မတနွယ် မင်းဆက်မှ ဆင်းသက်တော်မူကာ အသမ္ဘိန္နခတ္တိယအနွယ်ရိုး-မြတ်သောသာကီဝင်မင်းမျိုးမှ ဖြစ်ပွားလာသူဖြစ်သည်။ ထို့ကြောင့် လူအပေါင်းက ဤမျှကြီးစွာပူဇော်သက္ကာရ ပြုကြခြင်းဖြစ်သည်" ဟု မိမိ၏အယူအဆကို တင်ပြပြောဆိုသည်။

"ရဟန်းဂေါတမ မွေးဖွားစဉ်ကလည်း များစွာသောအံ့ဘွယ်သရဲများ ထူးခြားစွာဖြစ်ပေါ်လာခြင်းကြောင့် လူအပေါင်းက ဤမျှကြီးစွာ ပူဇော်သက္ကာရပြုကြခြင်း ဖြစ်သည်။"
ဟု အခြားတိတ္ထိဆရာတစ်ဦးက မိမိ၏အမြင်အယူအဆကို တင်ပြသည်။

"ဖွားမြင်ပြီးစ ဒေဝီလရှင်ရသေ့ကို ရှိခိုးစေရန် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက လက်နှစ်ဘက်ကိုယှက်ကာ ဒေဝီကရသေ့ဘက်သို့ ဆောင်လတ်သည်၌ အံ့ဩဖွယ်ရာလိုလိုပင် ခြေတော်များက ပျံတက်ပြီးဒေဝီလ ရှင်ရသေ့၏ဦးခေါင်းဆံကျစ်တို့၌ တည်သောကြောင့်ဟူ၍လည်းကောင်း၊ "

"လယ်ထွန်မင်္ဂလာပြုသောအခါသပြေပင်ရိပ်၌ အလောင်းတော်သူမြတ်ကို သိပ်ထားရာအခြားသစ်ပင်များနေသွားအလိုက် အရိပ်ပြောင်းလဲသော်လည်း၊ အလောင်းတော်သူမြတ်ကို သိပ်

ထားရာ သပြေပင်ရိပ်မှာ မွန်းလွဲသော်လည်း မူလအတိုင်းအရိပ်မပြောင်းလဲတည်နေသောကြောင့်လည်းကောင်း၊

"အလွန်အမင်း အဆင်းလှသောကြောင့်လည်းကောင်း"

"နိမိတ်ကြီးလေးပါးကို တွေ့မြင်ကာသံဝေဂကြီးစွာ ရလျက်လက်တော်သို့ရောက်အံ့ဆဲဆဲသော စကြာမင်း၏စည်းစိမ်ကိုစွန့်၍ရဟန်းပြုသောကြောင့်လည်းကောင်း၊ လူအပေါင်းကကျွဲမျှကြီးစွာပူဇော်သက္ကာရမှုကို ပြုကြခြင်းဖြစ်သည်။"

ဤသို့လျှင် တိတ္ထိဆရာကြီးများ၏ ဆွေးနွေးပွဲတွင် ရဟန်းဂေါတမနှင့်ပတ်သက်၍ ရဟန်းဂေါတမ၌ သူမတူသော ပါရမီ၊ စာဂ၊ စရိယဂုဏ်ကျေးဇူးများကို မသိကြသဖြင့် မိမိတို့၏အပေါ်ယံအမြင်ကိုသာ တစ်ယောက်တစ်ပေါက်ပြောဆိုဆွေးနွေးကြသည်။

ရဟန်းဂေါတမအပေါ်၌ အကြည်ညိုမဲ့မည့်အကြောင်းအချက်များကိုစဉ်းစားရှာကြသောအခါ တစ်စုံတစ်ခုသောအကြောင်းအချက်များကို စဉ်းစားကြသောအခါ တစ်စုံတစ်ခုသောချွတ်ယွင်းချက်ကိုရှာမရဖြစ်နေကြရသည်။

"ငါတို့သည် အဘယ်သို့သောအကြောင်းအချက်များဖြင့်ရဟန်းဂေါတမ၏ ကျေးဇူးမဲ့မကောင်းသတင်းကို ဖြစ်စေပြီးလျှင်ထိုရဟန်းဂေါတမ၏ လာဘ်ပူဇော်သက္ကာရကို ဘယ်လိုနည်းဖြင့်ပျက်စီးစေရပါမည်နည်း"

ဟူ၍ အကြံယူတိုင်ပင်ဆွေးနွေးကြသည်။

ထိုအခါ ရက်စက်ကြမ်းကြုတ်ယုတ်ညစ်သော အကြံရှိသူ တိတ္ထိဆရာကြီးတစ်ဦးက-

"အရှင်တို့ . . . ဤလောက၌ မိန်းမနှင့်စပ်သောချမ်းသာ ဝယ် မငြိကွယ်၊ မတပ်မက်သောသူဟူ၍ တစ်ယောက်မျှမရှိ၊ ဤ ရဟန်းဂေါတမကား နုယ်နုယ်ဟမျှ ရုပ်အဆင်းလှသူ၊ ပျိုနုသူဖြစ် ချေသည်။ မိမိနှင့်အလှဂုဏ် တူညီသောရုပ်အဆင်းရှိသည့်မိန်းမ ပျိုကို ရရှိခဲ့သော် စကန်တပ်မက်ငြိတွယ်ပေလိမ့်မည်။ အကယ်၍ မတပ်မက်၊ မငြိတွယ်လျှင်လည်း၊ လူအပေါင်းကယုံမှားအပ်သူ ဖြစ်ပေလိမ့်မည်။ ငါတို့တွင်အလွန်တရာ ချောမောလှပပြီး နုပျို သော သုန္ဒရီအမည်ရှိ ပရိဗိုဇ်မယ်ရှိသည်။ ရဟန်းဂေါတမ၏ မကောင်းသတင်းမြေအဝှမ်းလုံးပျံ့နှံ့အောင် သူမကိုရဟန်းဂေါတမ ထံလွှတ်ပြီး ဖြားယောင်းသိမ်းသွင်းခိုင်းကြလျှင် ကောင်းပါလိမ့်မည်" ဟု အကြံပေးစကားပြောကြားလေသည်။

"သင်၏ကြံစည်စဉ်းစားမိသောအချက်သည် အလွန် ကောင်းလှပေသည်။ ဤအကြံပေးချက်အတိုင်းပြုလုပ်ဆောင် ရွက်ပါက ရဟန်းဂေါတမသည် ကျေးရွာမဲ့မကောင်းသတင်းဖြင့် နှိပ်စက်ခံရပြီး ဦးခေါင်းကိုပင်မထောင်နိုင်တော့ပဲ ဟူးဟူးပြားပြား ဦးတည်မိရာအရပ်တစ်ပါးသို့ တွက်ပြေးသွားလိမ့်မည်။ သူထွက် ပြေးသွားပါက တို့အတွက်တစ်ရန်အေး၍ လူအများကိုပြန်လည် စည်းရုံးသိမ်းသွင်းနိုင်ပါလိမ့်မည်။

ဟု ထိုတိတ္ထိဆရာ၏ အကြံပြုချက်ကို ဆွေးနွေးထောက်ခံပြီး အတည်ပြုလိုက်ကြသည်။

ထို့နောက်သူတို့သည် သုန္ဒရီပရိဗိုဇ်မရှိရာ ကျောင်းသို့ တစ်စုတစ်ရုံးတည်း သွားရောက်ကြလေသည်။

သုန္ဒရီပရိဗိုဇ်မငယ်သည် မိမိကျောင်းသို့ တစ်စုံတစ်ရုံး တည်းရောက်လာကြသော တိတ္ထိဆရာကြီးများကို တွေ့မြင်လတ် သော် အံ့သြသွားမိသည်။

"အရှင်တို့သည် အဘယ်အကြောင်းကြောင့် တပည့်တော် မထံသို့ တပေါင်းတည်းစုဝေးလာကြပါသနည်း။"

ဟု မေးမြန်းလေသည်။

တိတ္ထိဆရာတို့သည် သုန္ဒရီပရိဗိုဇ်မ၏အမေးကို တစ်ဦး တစ်ယောက်ကမျှ အဖြေမပေးဘဲ အရာမ်၌အစွန်အဖျား ဖုံးကွယ် ရာအရပ်၌ ဆန္ဒပြသကဲ့သို့ စုဝေးထိုင်နေကြသည်။

သုန္ဒရီပရိဗိုဇ်မငယ်သည် တိတ္ထိဆရာတို့ စုဝေးထိုင်နေရာ သို့ သွားရောက်၍အကြောင်းအခြင်းအရာကို အဖန်ဖန်အထပ်ထပ် မေးသည်။ တစ်ဦးတစ်ယောက်ကမျှ မဖြေကြပေ။

"အရှင်တို့. . . အရှင်တို့အပေါ်မှာ ကျွန်တော်မမှာ အဘယ်ကဲ့သို့အပြစ်ရှိ၍ အဘယ်ကြောင့်ကျွန်တော်မ,မေး သည်ကို မဖြေဆိုကြသနည်း။"

ဟု ထပ်မံမေးသည်။

ထိုအခါကျမှ ခေါင်းဆောင်တိတ္ထိဆရာက-

"ငါတို့ အနှိပ်အစက်ခံနေရသည်တို့ကို သင်ကလျစ်လျူရှု၍နေသောကြောင့် စကားပြန်မပြောနေကြခြင်း ဖြစ်ပေသည်" ဟု ပြောသည်။

"အဘယ်သူသည် အရှင်တို့ကို ညှင်းဆဲနှိပ်စက်နေပါသနည်း"

"ငါတို့ကို ညှင်းပန်းနှိပ်စက်၍ လာဘ်ပူဇော်သက္ကာရပျက်စီး၊ ခေါင်းပါးအောင်ပြုလုပ်လှည့်လည် ကျက်စားသွားလာနေသော ရဟန်းဂေါတမကို သင်မမြင်သလော"

ဟု ပြစ်တင်စကား အသလွတ်ကြိမ်း၍ ပြောလေသည်။

"ဤအရေး၌ ကျွန်တော်မ အဘယ်သို့ကူညီမှု ပြုရပါမည်နည်း၊ ပြောပြကြပါ။"

ဟု သုန္ဒရီက ပွင့်ပွင့်လင်းလင်းမေးမြန်းသည်။

"နှမငယ်. . . သင်သည် ဆွေမျိုးဖြစ်သော ငါတို့၏အကျိုးကို တကယ်သယ်ပိုးဆောင်ရွက်ပြုလုပ်ပေးနိုင်ပါမည်လော"

အိမ်ရာမထောင် ယှဉ်တောင်၌မနေခြင်းဟူသော ဆက်စပ်မှုဖြင့် ပရိဗိုဇ်မငယ်ကို မြှောက်ပင့်ကာ ဆွေမျိုးရင်းချာအနေဖြင့် ပြောဆိုကြခြင်းဖြစ်၍ အလွန်ကြောက်ဖွယ်ကောင်းသော မာယာစကားကိုပရိယာယ်ဖြင့် ပြောဆိုကာသုန္ဒရီပရိဗိုဇ်မငယ်ကို အခိုင်အမာ ဖွဲ့ချည်စကား ပြောကြားကြသည်။

"အရှင်တို့. . . ကျွန်တော်မသည် အဘယ်အမှုကို ပြုလုပ်ရပါမည်နည်း။ ဘယ်အမှုမဆို ကျွန်တော်မ, မပြုနိုင်စရာမရှိပါ။ ဆွေမျိုးဖြစ်သော အရှင်တို့အဘွက် အကျိုးဖြစ်စေမည့် အကျိုးရမည့်ကိစ္စဖြစ်ပါက ကျွန်တော်မျိုးမ အသက်ကိုပင်စွန့်၍ ဆောင်ရွက်ပေးပါမည်။"

ဟု သုန္ဒရီပရိဗိုဇ်မယ်သည် စိတ်အားတက်ကြွကာ ခြေ၌နွယ်ကြိုးငြိမိသော သမင်ကဲ့သို့ မိမိ၏ပြောစကားအရမည်သည့်နည်းနှင့်မျှ ရုန်းထွက်၍မရနိုင်သော အာမခံချက်စကားဖြင့် ဝန်ခံမှုစကား ပြန်ပြောအဖြေပေးလေသည်။

"နှမငယ်. . . သင်သည် အရှင်ဘုရားတို့အတွက် အကျိုးရမည့်အမှုဖြစ်ပါက ကျွန်တော်မ၏ အသက်ကိုစွန့်ထားဆောင်ရွက်ပါမည်ဟူ၍ ရဲရဲတောက် ငါတို့၏အကျိုးကိုလိုလားသည့်စကားကို ပြောကြားပါပေ၏။ သင်နှမငယ်သည်လည်း ပထမအရွယ်၌ တည်သူဖြစ်၍ အလွန်လှပတင့်တယ်ခြင်း ကျက်သရေအစုသို့ ရောက်နေချိန်ဖြစ်ပါ၏။ သို့ဖြစ်၍ သင့်ကိုအကြောင်းပြု၍ ရဟန်းဂေါတမ၏ဂုဏ်ကျေးဇူးမဲ့ဖြစ်အောင် သင်နှမငယ်တတ်နိုင်သလို တတ်နိုင်သောနည်း မာယာတို့ဖြင့်ကြံဆောင်ပြုလုပ်ပေးစေချင်ပါ၏။ သင်နှမငယ်သည် ရဟန်းဂေါတမရှိရာ ဇေတဝန်ကျောင်းသို့ မပြတ်ဝင်ထွက်သွားလာ၍ လူအပေါင်းတို့အထင်အမြင်လွဲမှားမှု ကြည်ညိုမှုပျက်ပြားသွားအောင် ဆောင်ရွက်ပေးပါ။"

ဟု မြှောက်ပင့်စကားပြောဆိုကြပြီး သုန္ဒရီပရိဗိုဇ်မယ်ကို နည်းပေးစကားပြောကြပြီးလျှင် စေလွှတ်ကြသည်။

သုန္ဒရီပရိဗိုဇ်မယ်သည် လွှသွားပေါ်၌ ပန်းကုံးကစားလိုသူကဲ့သို့လည်းကောင်း၊ အမှန်ယင်သောဆင်ကြမ်းကို နှာမောင်းမှ ဆုပ်ကိုင်ဖမ်းယူလိုသူကဲ့သို့လည်းကောင်း၊ သေမင်းကိုနဖူးဖြင့်ခံယူလိုသူကဲ့သို့လည်းကောင်း၊ တိတ္ထိတို့၏ပြောစကားကို အဟုတ်မှတ်ထင်ကာ မိုက်မဲစွာဝန်ခံစကားပြောကြားလေသည်။

သုန္ဒရီပရိဗိုဇ်မယ်သည် တိတ္ထိဆရာတို့ထံ ဤကဲ့သို့ဝန်ခံစကားပေးပြီးနောက် ကိုယ်ကိုပန်းနံ့သာလိမ်းကျံခြယ်လှယ်ကာ အာခံတွင်း၌ မွှေးကြိုင်စေမည့် ကွမ်းအထုံဆေးတို့ကိုဝါးပြီး သာဝတ္ထိပြည်သူ လူအများတို့ ဗုဒ္ဓဂေါတမထံမှ ညနေချမ်းတရားနာပြီးအပြန် အချိန်ကိုအခွင့်ကောင်းယူ၍ ဇေတဝန်ကျောင်းလမ်းသို့ ရှေ့ရှုထွက်လာခဲ့သည်။

လမ်းခရီးသိကျွမ်းတွေ့ကြုံသူတို့က သုန္ဒရီပရိဗိုဇ်မယ် ညချမ်းအချိန် ထွက်လာသည်ကို လမ်း၌တွေ့ဆုံမိကြ၍-

"အဘယ်အရပ်သို့ သွားမည်နည်း။"

ဟု မေးသည်ရှိသော် သူမကမူယာမာယာဖြင့်-

"ရဟန်းဂေါတမထံ သွားရပါမည်။ ငါသည် ရဟန်းဂေါတမနှင့်အတူ ဂန္ဓကုဋီတိုက်ခန်း၌ အတူနေသူဖြစ်ပါသည်။"

ဟု စွန်းငြိထိပါးသောစကားဖြင့် ပြောကြားလေသည်။

မိမိသည် ဇေတဝန်ကျောင်းအနီးသို့ ရောက်သောအခါ၌ ကျောင်းတိုက်အတွင်း မဝင်ဝံ့ဘဲ အခြားတစ်ပါးသော တိတ္ထိအရာမ၌သာ ညဉ့်အိပ်နေပြီး နံနက်စောစောထ,ကာ ဇေတဝန်ကျောင်းမှ ပြန်လာဟန်အသွင်ဖြင့် သာဝတ္ထိမြို့ဝင်လမ်းခရီးအတိုင်း ပြန်လာခဲ့သည်။

လမ်းတွင် တွေ့မြင်သူအသိအကျွမ်းတို့က-

"သုန္ဒရီပရိဗိုဇ်မလေး. . . ဘယ်ကပြန်လာတာလဲ"

ဟုမေးမြန်းကြလျှင် မုသာမာယာဖြင့်

"ကျွန်တော်မသည် ရဟန်းဂေါတမနှင့်အတူ ဂန္ဓကုဋိတိုက်၌ အတူနေပြီး။ ရဟန်းဂေါတမကို ကိလေသာအပျော်ထူးဖြင့် ပျော်မြူးမွေ့လျော်စေပြီး ပြန်လာခဲ့ပါသည်။"

ဟု တစ်ဘက်သူတို့အထင်မှား၊ အမြင်မှားစေရန် စွပ်စွဲပြောဆိုလေသည်။

တိတ္ထိတို့သည် သုန္ဒရီပရိဗိုဇ်မ ဇေတဝန်ကျောင်းသွားဟန်ပြုမူ၊ နှစ်ရက်သုံးရက်ရှိလာပြီး လူအများသံသယဝင် အထင်လွဲလောက်သောအခါဝယ် သေသောက်ကြူးအရက်သမားများကို ငွေပေးစည်းရုံးပြီး သုန္ဒရီပရိဗိုဇ်မယ်ကို သတ်ပြီးနောက် ရဟန်းဂေါတမ၏ ဂန္ဓကုဋီကျောင်းအနီး ပန်းပေါင်းအမှိုက်တို့စွန့်ရာ မြောင်းထဲ၌ ပန်းအမှိုက်တို့ကြား၌ စွန့်ပစ်ထားခဲ့ရန် မှာကြားစေခိုင်းကြသည်။

သေသောက်ကြူးအရက်သမားတို့သည် တိတ္ထိတို့ထံမှ အသပြာလာဘ်ကိုယူပြီး သုန္ဒရီပရိဗိုဇ်မယ်ကို တိတ်ကဆိတ်ဖမ်းယူသတ်ဖြတ်ကြကာ ဂန္ဓကုဋီတိုက်အမှိုက်စွန့်မြောင်း၌ အမှိုက်များဖုံးအုပ်ထားပြီး စွန့်ပစ်ထားကြလေသည်။

သေသောက်ကြူးအရက်သမားတို့က သုန္ဒရီပရိဗိုဇ်မကိစ္စဆောင်ရွက်ပြီးပြီဟု သတင်းလာပို့ကြသောအခါ တိတ္ထိဆရာတို့က

“ငါတို့၏ တပည့်မကလေး သုန္ဒရီမတွေ့ရ ပျောက်နေသည်” ဟု မြို့ထဲ၌ အုတ်အုဘ်ကျက်ကျက်ပြောဆိုပြုလုပ်ကြသည်။

ထို့နောက် ကောသလမင်းကြီးထံသို့ဝင်ကြကာ-

မိမိတို့၏တပည့်မ သုန္ဒရီပရိဗိုဇ်မကလေးပျောက်နေပါကြောင်း၊ ရှာပေးစေလိုကြောင်း သွားရောက်လျှောက်ထားတောင်းပန်ကြသည်။

“အဘယ်အရပ်၌ အသင်တို့ယုံမှားသံသယရှိကြပါသနည်း” ကောသလမင်းကြီးက မေးသည်။

“မြတ်သောမင်းကြီး. . . ရဟန်းဂေါတမ၏ ဇေတဝန်ကျောင်းတိုက်၌ ငါတို့သည် ယုံမှားသံသယရှိနေကြပါသည်။”

“ထိုသို့ဖြစ်လျှင် ဇေတဝန်ကျောင်းတိုက်အတွင်းဝင်ပြီး ရှာကြကုန်လော့”

ဟု မင်းကြီးသည် ခေါင်းစားဆင်ခြင်မဲ့ကာ ခွင့်ပြုစကား ပြောကြားလိုက်သည်။

ထိုအခါ တိတ္ထိဆရာတို့သည် မိမိတို့၏တပည့်အပေါင်းအသင်းလူများကို ခေါ်ဆောင်ကြပြီးလျှင် ဇေတဝန်ကျောင်းတိုက်သို့ သွားရောက်ကြပြီး သုန္ဒရီပရိဗိုဇ်မယ်ကို ရှာဖွေသည့်ဟန်ဖြင့် မြောင်းအမှိုက်များကို ဖယ်ရှားကာ သုန္ဒရီပရိဗိုဇ်မယ်၏ အလောင်းကို ထုတ်ယူကြသည်။

အလောင်းကို မြောင်းထဲမှ ထုတ်ယူပြီးကုတင်ညောင်စောင်းထက်၌တင်ကာ မြို့ထဲသို့သွင်းယူလာခဲ့ကြသည်။

"ရဟန်းဂေါတမ၏ တပည့်များသည် သူတို့ဆရာပြုသောမကောင်းမှုကို ဖုံးလွှမ်းကုန်အံ့-ဟု ကြံစည်ကာ သုန္ဒရီပရိဗိုဇ်မကလေးကို သတ်ပြီးလျှင် ပန်းအမှိုက်ပုံကြား၌ ပစ်ချထားကြကုန်သည်" ဟူ၍ ကောသလမင်းကြီး ယုံကြည်လောက်အောင် ပြောကြားကြကုန်သည်။

"ထိုသို့ဖြစ်လျှင် သွားကြတော့ တစ်မြို့လုံးအနှံ့ကြားအောင် လှည့်လည်ကြွေးကြော်ကြလော့"

ဟု မင်းကြီးကမဆင်ခြင် မစဉ်းစားဘဲ တစ်ချက်လွှတ်အမိန့်ထုတ်ပြန်ပေးလိုက်လေသည်။

တိတ္ထိတို့သည် မင်းကြီး၏မိုက်မဲသောအမိန့်ကို အားတက်ကြပြီးလျှင် သုန္ဒရီပရိဗိုဇ်မ၏အလောင်းကို ညောင်စောင်း၌ တင်ကြပြီးလျှင် သာဝတ္ထိပြည်လမ်းမကြီး လမ်းမယ်အသွယ်သွယ် လမ်းဆုံ-လမ်းခွမကျန် ထမ်းဆောင်ယူကြပြီးလျှင် လူအပေါင်းတို့ကို-

"အမောင်တို့ . . . အမိတို့ . . . သာကီဝင်မင်းရဟန်းများ၏ ပြုလုပ်ပုံကို ရှုကြည့်ကြပါလော့။ ဤသာကီဝင်မင်းသားရဟန်းတို့သည် အရှက်မရှိကြကုန်၊ သီလမရှိကြကုန်၊ ယုတ်မာသောသဘောရှိကုန်၏။ မဟုတ်မမှန်သော စကားကိုပြောကြားလေ့ရှိကုန်၏။ မမြတ်သောမေထုန်အကျင့်ကို ကျင့်လေ့ရှိကုန်၏။ သို့ပင်လျက် ဤရဟန်းများကား မိမိတို့ကိုယ်မိမိ သူတော်ကောင်းအယောင်ဆောင်ကြကာ ငါတို့အား တရားကျင့်ကြသူ၊ ကိုယ်ကျင့်ကောင်းကြသူ၊ မြတ်သောအကျင့်ကိုကျင့်ကြသူ၊ သစ္စာစကားပြောကြားကြသူ၊ သီလရှိသူ၊ ကောင်းသောသဘောရှိကြသူများဟူ၍ အရှက်မရှိဝန်ခံကုန်ဘိ၏။

ဤရဟန်းများအဖို့ရာ ရဟန်းအကျင့်သည်လုံးဝမရှိ မြတ်သောအကျင့်သည်လုံးဝမရှိ ဤရဟန်းများအဖို့မှာ ရဟန်းအကျင့်ကား ပျောက်ခဲ့လေပြီ၊ ဤရဟန်းတို့၏သန္တာန်မှာ ရဟန်းအကျင့်သည် အဘယ်မှာရှိပါအံ့နည်း။ မြတ်သောအကျင့်သည် အဘယ်မှာ ရှိပါအံ့နည်း။ ဤရဟန်းတို့သည် ရဟန်းအကျင့်မှကင်းကုန်၏။ အဘယ်ကြောင့်လျှင် ယောကျ်ားသည်ယောကျ်ားကိစ္စကိုပြုလုပ်ပြီးလျှင် အားနွဲ့သောမိန်းမသားကို သတ်ပစ်ရဘိသနည်း။ မတော်သောအလုပ်ဖြစ်ပေ၏။"

ဟူ၍ ကဲ့ရဲ့ရှုတ်ချစကား ကြွေးကြော်ပြောကြားကြလေသည်။

ထိုအခါ သာဝတ္ထိပြည်သား သာမာန်ပုဂ္ဂိုလ်များသည် တိတ္ထိတို့၏သုန္ဒရီပရိဗိုဇ်မအလောင်းကိုပြမှု၊ ကဲ့ရဲ့ရှုတ်ချစကား ပြောဆိုမှုတို့ကို ယုံကြည်ကြကာ၊ သူတော်ကောင်းတို့နားနှင့်လား လားမျှ မသင့်လျော်ကြမ်းတမ်းသောစကားတို့ဖြင့် ဆဲရေးရေရှုတ် ကြ၊ ချုပ်ချယ်ကြ၊ ညှဉ်းပန်းကြလေသည်။

ထိုအခါ များစွာသောရဟန်းတို့သည် သာဝတ္ထိပြည်အတွင်း ဆွမ်းခံရာမှအပြန် ဗုဒ္ဓထံမှောက်ဝင်ရောက်၍ တိတ္ထိတို့သုန္ဒရီ ပရိဗိုဇ်မအလောင်းပြ၍ ဂါဒဖြန့်ကြပုံ၊ လူအများကယုံကြည်ကြပြီး ဆဲရေးရှုတ်ချကြပုံအကြောင်းစုံကို လျှောက်ထားပြကြလေသည်။

ထိုအခါ ဗုဒ္ဓက-

"ရဟန်းတို့ . . . ယခုကြားကဲ့သို့သောအသံသည် ကြာမြင့်စွာ ဖြစ်လိမ့်မည်မဟုတ်။ ခုနစ်ရက်သာလျှင်ဖြစ်ပြီး နောက်ခုနစ် ရက်လွန်မြောက်သောအခါ၌ ကွယ်ပျောက်သွားလိမ့်မည်။"

ရဟန်းတို့ . . . ထိုသို့ဖြစ်လျှင် ရဟန်းတို့ကိုမြင်၍ သူတော်ကောင်းတို့၏အနားနှင့် လားလားမျှမသင့်လျော်။ ကြမ်းတမ်းသော စကားတို့ဖြင့် ဆဲရေးရှုတ်ချ ညှဉ်းပန်းလာကြသူများကို မိမိမမြင်, မကြား, မတွေ့မသိပါဘဲလျက် မြင်၏၊ ကြား၏၊ တွေ့၏၊ သိ၏ စသည်ဖြင့် မဟုတ်မမှန်ပြောလေ့ရှိသူသည် ငရဲသို့ကျရောက်ရာ၏။ မကောင်းမှုကို ပြုပြီးလျှင်ငါမပြုဟု ပြောဆိုသောသူသည်လည်း ငရဲသို့ကျရောက်ရ၏။ ယုတ်မာသောအမှုရှိကြသော ထိုသူနှစ်ဦး

သားတို့သည် ဤဘဝမှသေလွန်သော် တမလွန်လောက၌ ငရဲ၌ တူမျှစွာဖြစ်ကြကုန်၏။ ပြန်လည်ချေပပြောဆိုကြပါလေ" ဟူ၍ ဗုဒ္ဓကပြန်လည်ဖြေရှင်းပြောကြားနည်းကို မိန့်ကြားပေးတော်မူသည်။

ရဟန်းတို့သည် ဆွမ်းခံကြွ၍ စွပ်စွဲလာသူ ဆဲရေးလာသူ တို့ကို ဤစကားဖြင့်ပင် ပြန်လည်ချေပပြောဆိုကြသည်။

ရဟန်းတော်များက ဤသို့ပြန်လည်ချေပပြောဆိုကြ သောအခါ လူအများ၏စိတ်ထဲ၌-

"ဗုဒ္ဓဂေါတမ၏ သာသနာပြင်ပ အယူရှိကြသော တိတ္ထိ များဟစ်အော်ကြွေးကြော်ကြကာ တစ်မြို့လုံးအနှံ့လှည့်လည်ဝါဒ ဖြန့်ကြသည့် ထိုလူသတ်မှုကို သာကီဝင်မင်းသား ရဟန်းများသည် ကေန်ပင်မပြုအပ်ပေ။ အကြောင်းကိုသေချာစွာ စဉ်းစားကြည့်လျှင် ဤရဟန်းတော်များသည် ငါတို့ကသူတော်ကောင်းများ နားမချမ်း သာဖွယ် ကြမ်းတမ်းသောစကားတို့ဖြင့် စွပ်စွဲပြောကြားကြသော် လည်း တစ်စုံတစ်ခုဖောက်ပြန်မှုကို မပြုရုံသာမက မိမိတို့၏သည်း ခံခြင်း (ခန္တီဂုဏ်)၊ ကုသိုလ်ကောင်းမှု၌မွေ့လျော်ခြင်း(သောရစ္စဂုဏ်)၊ နှစ်ပါးကိုလုံးဝစွန့်ပယ်တော်မမူကြဘဲ သည်းခံတော်မူကြကုန်၏။ မိမိတို့ပြုကျင့်မြဲဖြစ်သည့် ကုသိုလ်မှု၌သာ မွေ့လျော်တော်မူကြကုန်၏။

အထူးအားဖြင့်ကား ဤသာကီဝင်မင်းသား ရဟန်းတော် များသည် မဂူးမစမ်းမဆင်ခြင်စွပ်စွဲကြသည်။ ငါတို့ကို မဟုတ်မမှန်

ပြောလေ့ရှိသူသည် ငရဲသို့ကျရောက်ရ၏ အစရှိသည်ဖြင့် တရားကိုသာ ပြောဆိုကြကာ ယုံပါစေလို ကျိန်စာဆိုကြကုန်၏။ မိမိတို့အပြစ်မရှိကြောင်း ငါတို့တစ်တွေကောင်းကောင်းသိကြရန်သာ မကောင်းမှုကိုပြုပြီးလျှင် ငါမပြုဟု ပြောဆိုကြသောသူသည်လည်း ငရဲသို့ကျရောက်ရ၏ဟု ပြောဆိုဟော်မူကြကာ ဤရဟန်းတော်များသည် ငါတို့ကိုယုံပါစေလို ကျိန်စာဆိုကြပေကုန်၏။"
ဟူ၍ အသိမှန်အမြင်မှန် ဆင်ခြင်ဉာဏ်တရား ဖြစ်ပွားလာကြလေသည်။

ဗုဒ္ဓ၏ထိုစွပ်စွဲချက် ပြဿနာအဖြေ တိုချေပချက်ကို ကြားလာကြရသောသူတို့ စိတ်သန္တာန်ဝယ်-

"ဤအမှုကို ငါတို့လည်း မျက်ဝါးထင်ထင်မမြင်အပ်ချေ။ ကြားအပ်သောအရာမည်သည် ကြားတိုင်းဟုတ်သည်လည်းရှိ၏၊ မဟုတ်သည်လည်းရှိ၏။ အထူးစဉ်းစားသင့်သည်မှာ ဤတိတ္ထိတို့သည် ရဟန်းတို့အပေါ်၌ အကျိုးမဲ့၊ အစီးအပွားမဲ့ကိုသာ လိုလားကြသူများဖြစ်ကြ၏။ သို့ဖြစ်၍ ထိုတိတ္ထိတို့၏စကားကို ယုံစား၍ ငါတို့သည် ဤအကြောင်းကိုတစ်ဘက်သတ်မပြောကြားသင့်ချေ။ ရဟန်းတို့သည် သိနိုင်ခဲကုန်၏"
ဟူ၍ ရှုရှုခြင်းသဘောသက်ဝင်လာကြသည်။ ထိတ်လန့်မှုသံဝေဂ ဖြစ်ပေါ်လာကြသည်။

ထို့ကြောင့် ကဲ့ရဲ့သံသည် ဗုဒ္ဓဂေါတမမိန့်ကြားသည့်အတိုင်း ကြာမြင့်စွာမဖြစ်ဘဲ ခုနစ်ရက်သာဖြစ်ပြီးနောက် ကွယ်ပျောက်သွားလေသည်။

* * * * *

ကောသလမင်းကြီးသည် သုန္ဒရီပရိဗိုဇ်မကို လုပ်ကြံသတ်ဖြတ်ကြသော လူသတ်သမားများကို ထင်ရှားပေါ်လွင်အောင် စုံစမ်းမေးမြန်းရန် မင်းချင်းစုံစမ်းသူများကို သာဝတ္ထိပြည်အနှံ့စေလွှတ်ထားသည်။

လူသတ်သမားသေသောက်ကြူးများသည် တိတ္ထိတို့ထံမှ လူသတ်ခအတွက် ရရှိသောအသပြာငွေများဖြင့် အရက်သောက်ကြလေသော် အရက်မူးလွန်ပြီး တစ်ဦးနှင့်တစ်ဦးခိုက်ရန် ဖြစ်ကြလေသည်။

သူတို့သည် ထန်းရေမူးသော် ကျွဲခိုးပေါ်ဟူသောစကားပုံကဲ့သို့ -

"မင်းကသုန္ဒရီပရိဗိုဇ်မပေါ်ကို တစ်ချက်တည်းအပြီးရိုက်သတ်ကာ ပန်းအမှိုက်ပုံကြား ပစ်ထားခဲ့ကာ လူသတ်ခရရှိသောငွေဖြင့် အရက်သောက်တာပ၊ ရှိစေဦး၊ ရှိစေဦး"

ဟူ၍ ခိုက်ရန်စကားပြောကြားလေသည်။

ထိုစကားကို မင်းချင်းစုံစမ်းသူတို့ကကြားလျှင် သေသောက်ကြူး လူသတ်သမားတို့ကိုဖမ်း၍ မင်းကြီးထံသို့ အပ်နှံပြုကြလေသည်။

မင်းကြီးက ထိုအမှုကိုသေသောက်ကြူးတို့အား စစ်ဆေးမေးမြန်းသော် သေသောက်ကြူးကို့သည် တိတ္ထိတို့သတ်ခိုင်းပုံ အကြောင်းစုံအမှန်ကို ဖွင့်ဟဝန်ခံလျှောက်ထားကြရတော့သည်။

ထိုအခါ မင်းကြီးသည်တိတ္ထိတို့ မိမိရှေ့မှောက်သို့ ခေါ်ယူပြီး စစ်ဆေးမေးမြန်းပြီး အကြောင်းမှန်ကို ဝန်ခံစေပြီးနောက်-

"သုန္ဒရီပရိဗိုဇ်မငယ်ကို ရဟန်းဂေါတမ၏ကျေးဇူးမဲ့အပြစ်ကိုတင်လိုသည်ဖြစ်၍ တမင်သက်သက်ငါတို့သည် လူသတ်သမားများကို အသတ်ခိုင်းအပ်ပါသည်။ ရဟန်းဂေါတမနှင့် တပည့်သားသံဃာများ၌ အပြစ်လုံးဝမရှိပါ။ ဤသုန္ဒရီပရိဗိုဇ်ကို သတ်ဖြတ်မှု၌ ငါတို့၌သာ လုံးဝအပြစ်ရှိပါသည်ဟု ပြောဆိုကြကာ အသင်တိတ္ထိတို့သည် မြို့တွင်းသို့လှည့်လည်ပြောကြားရမည်" ဟူ၍ ကောသလမင်းအမိန့်တော်သတ်မှတ်ပြဋ္ဌာန်းလေသည်။

တိတ္ထိတို့သည် မင်းကြီး၏အမိန့်အတိုင်းလိုက်နာ ဆောင်ရွက်ပြုလုပ်ကြရကုန်သည်။

ထိုအခါ လူများအပေါင်းသည် ရှေးကထက်ပို၍ ဗုဒ္ဓနှင့် တပည့်သံဃာများတို့အပေါ်၌ ယုံကြည်လာကြသည်။ ပူဇော်လာကြသည်။ တိတ္ထိတို့အပေါ်၌ စက်ဆုပ်ရွံရှာမှုတိုး၍ ပြုကြသည်။

တိတ္ထိဆရာတို့သည် လူသတ်မှုအပြစ်ဒဏ်ကို ခံကြရတော့သည်။

* * * * *

ထို့နောက် တစ်နေ့သောအချိန် ရဟန်းတော်များသည် ဗုဒ္ဓထံသို့ ရောက်လာကြပြီး ဗုဒ္ဓကို-

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား လက်ဖျစ်တီး၍ အံ့ချီးထိုက်ပါပေစွ။ အရှင်ဘုရားသည် ရဟန်းတို့ ဤအသံသည် ကြာမြင့်စွာဖြစ်လိမ့်မည်မဟုတ်။ ခုနှစ်ရက်သာဖြစ်လိမ့်မည်။ ခုနှစ်ရက်လွန်သော် ဤအသံသည် ပျောက်သွားလိမ့်မည်ဟူသော ဤစကားသည် အလွန်ပင်မှန်ကန်ကောင်းမွန်စွာ ဆိုအပ်ပါ၏။ ယခုအခါထိုအသံသည် ပျောက်ကွယ်သွားပါပြီဘုရား"

ဟူ၍ လျှောက်ထားသည်။

သည်းခံခြင်းခွန်အားနှင့် ပြည့်စုံသောပညာရှိသူတော်ကောင်းတို့အဖို့ လူမိုက်များအလွန့်အလွန် မခံသာအောင် စွပ်စွဲဆဲရေးစကားပြောကြားလာစေကာမူ သည်းခံနိုင် ခက်သောမည်သည်မရှိစွာတကား ဟူသောအကြောင်းကို ကောင်းစွာသိသော ဗုဒ္ဓသည် အလွန်နှစ်သက်ခြင်းတို့ ထပ်ကာထပ်ကာဖြစ်ပွားလာရကား

"စစ်မြေပြင်သို့ သက်ရောက်နေသော ပွဲတိုင်းအောင်စစ်ဆင်ကြီးကို တစ်ဘက်ရန်သူတို့က ဒေါသအမျက်ချောင်းချောင်းထွက်လျက် မြားတို့ဖြင့်ရွှတ်ရွှတ်ချွံချွံ ပစ်ခတ်ကုန်သကဲ့သို့ ကိုယ်နှုတ်, နှလုံးစောင့်သုံးထိန်းချုပ်ခြင်း၊ အလျဉ်းမရှိကုန်သော မလိမ္မာမယဉ်ကျေး၊ လူမှေးလူမွှားလူမိုက်များတို့သည် သံသရာဘေးတွေးတောဆင်ခြင်ပညာရှိသူတော်စင်ကို မဟုတ်မှန်လုပ်ကြံပြော

ကြားခြင်းဟူသော စကားလုံးတံဖြင့် အကျိုးမရထိုးဆွကြကုန်၏၊ ထိုလူမိုက်များသည် မဟုတ်တရားပြောကြားအပ်သော လွှသမား ကြမ်းတမ်းစွာသော တိုင်းထွာဆဲရေးသောစကားကို ကြားရသည် ရှိသော် ပညာရှိသူတော်ကောင်းသည် နှစ်ဖက်အရိုးတပ်သော လွှသွားပမာ အဆုံးအမကို အမြဲနှလုံးထား၍ ပြစ်မှားသောစိတ် ကင်းကွာဆိတ်လျက် သည်းခံနှလုံးကျင့်သုံးပွားများရာ၏။" ဥဒါန်းကျူးရင့် ဂါထာစကားကို နှုတ်မှမြွက်ဆိုကျူးရင့်တော်မူလေ သည်။

* * * * *

ဗုဒ္ဓဂေါတမသည် ဤကဲ့သို့ရက်စက်ကြမ်းကြုတ်သော စွပ်စွဲခံရမှုသည် ဘုရားလောင်းဘဝ ရှေးအတိတ်ဘဝတစ်ခု၌ မုနာဠိမည်သော သေသောက်ကြူးဖြစ်ခဲ့သည်။ လူယုတ်မာတို့နှင့် ပေါင်းသင်းဆက်ဆံပြီးလျှင် တစ်နေ့သောအချိန် မြို့တွင်းသို့ဆွမ်း ခံဝင်ရန် သင်္ကန်းရုံနေဆဲဖြစ်သော သုရဘိမည်သော ပစ္စေကဗုဒ္ဓါ ကိုမြင်သည်။ ထိုပစ္စေကဗုဒ္ဓါအနီးမှ မိန်းမတစ်ယောက်ဖြတ်သွား သည်ကိုမြင်သော မူးကြောင်ကြောင်ဖြင့် မသင့်မတင့်သောနှလုံး သွင်းဖြင့်-

"ဤရဟန်းသည် မမြတ်သောမေထုန်အကျင့်ကိုကျင့်သည်" ဟူ၍ မဟုတ်တရားစွပ်စွဲပြောဆိုခဲ့ဘူးလေသည်။

ဤမကောင်းမှုကံကြောင့် ငရဲ၌နှစ်ပေါင်းများစွာခံခဲ့ရသည်။ ယို၏အကျိုးဆက်အဖြစ် ယခုနောက်ဆုံးဘဝ၌ သုန္ဒရီပရိဗိုဇ်မယ်၏ အစွပ်စွဲကိုခံရခြင်း ဖြစ်ပါသည်။

ဤကဲ့သို့ ဝဋ်ကြွေးများပေးဆပ်ရမှုကို ကြွင်းတမ်းသော အကုသိုလ်ကံများ (ကမ္မပိလောတိက)ဟူ၍ ခေါ်ဆိုပါသည်။

ဗုဒ္ဓဝါဒမသည် ဤသို့အားဖြင့် ခန္တီစသောဂုဏ်တို့ဖြင့် လောကသဘာဝဖြစ်ပေါ်လာသော မိမိအားစွပ်စွဲမှုတို့ကို ဖြေရှင်းပေးနိုင်ခဲ့ပါသည်။

(ကျမ်းကိုး- ဥဒါန်းပါဠိတော်၊ မေဃိယဝဂ်၊ သုန္ဒရီသုတ်)
( အနော်မာမဂ္ဂဇင်း အမှတ်-၇၆ )

## ၁၂။ ကျွန်ုပ်ဝေရဉ္စာ အမြင်မှန်ရခဲ့ပါပြီ

ဗုဒ္ဓဂေါတမသည် (၁၁)ဝါမြောက်တွင် ဧကနာဠကရွာ၌ သီတင်းသုံးပြီး ကသိဘာရဒွါဇပုဏ္ဏားကို ချေချွတ်ပြီးနောက် ဝါကျွတ်သောအခါ ဒေသစာရီခရီးဆက်လက်ကြွတော်မူရာ ဝေရဉ္စာပြည်သို့ ဆိုက်ရောက်ခဲ့သည်။ ထိုပြည်၏အနီး နဠေရုအမည်ရှိသော ဘီလူးသိမ်းဆည်းထားသော တမာပင်ကြီး၏အနီးတွင် ရဟန္တာ (၅၀၀)ခြံရံလျက် သီတင်းသုံးနေလေသည်။

ထိုသတင်းကို ဝေရဉ္စာပုဏ္ဏားသည် သကျသာကီဝင်မင်းမျိုးမှ ရဟန်းပြုပြီး ဘုရားဖြစ်ခဲ့သော ရဟန်းဂေါတမသည် ငါတို့ဝေရဉ္စာပြည်ရောက်လာပြီး နဠေရုဘီလူးသိမ်းပိုက်ထားသော တမာပင်အနီး၌ ရဟန်းငါးရာခြံရံလျက် သီတင်းသုံးနေသည်။

ထိုရဟန်းဂေါတမသည် အရဟံအစ၊ ဘဂဝါအဆုံးရှိသော ဂုဏ်တော်(၉)ပါးနှင့် ပြည့်စုံသည်။ အစ, အလယ်, အဆုံးကောင်းခြင်းသုံးပါးနှင့် ပြည့်စုံ၊ သဒ္ဒါ၊ အနက်၊ အဓိပ္ပာယ်နှင့်ပြည့်စုံသောတရားမြတ်များကို ဟောကြားသည်ဟု သတင်းပျံ့နှံ့ကျော်စောကြောင်းကို ကြားသိထားသည်။

သို့အတွက် ဝေရဉ္စာပုဏ္ဏားသည် ဗုဒ္ဓထံသို့သွားရောက်တွေ့ဆုံပြီး ဗုဒ္ဓနှင့်ဝမ်းမြောက်ဝမ်းသာ စကားဆိုပြောဆိုနှုတ်ဆက်ပြီး သင့်ရာနေရာတစ်နေရာ၌ ထိုင်လေသည်။

ထိုနောက်ပုဏ္ဏားက ဗုဒ္ဓကို-

"အရှင်ဂေါတမ. . . ရှေးကကျွန်ုပ် ဤစကားကိုကြားခဲ့ဘူးပါသည်။ ရဟန်းဂေါတမသည် အိုးကုန်၊ ကြီးကုန်၊ ရင့်ကုန်၊ ရှေးမှီကုန်၊ အဆုံးအရွယ်သို့ရောက်ကုန်သော ပုဏ္ဏားတို့ကိုရှိလည်း မခိုး၊ ခရီးလည်းမကြို၊ ထိုင်နေရာဖြင့်လည်းမဖိတ်ဟု ကြားဖူးပါသည်။"

"အရှင်ဂေါတမ. . . ယခုကျွန်ုပ် ကြားဖူးသည့်စကားသည် ကြားဖူးသည်အတိုင်း မှန်နေပါသည်။ အရှင်ဂေါတမသည် အသက်အရွယ်ကြီးရင့် အိုမင်းသောကျွန်ုပ်လာသည်ကိုရှိလည်း မရှိခိုး၊ ခရီးလည်းမကြို၊ ထိုင်နေရာလည်းမဖိတ်ပါ။ အရှင်ဂေါတမ ထိုသို့ရှိခိုးမှုစသည်ကို မပြုခြင်းသည်လုံး၀မသင့်လျော်ပါ။"

ဟု ကဲ့ရဲ့ရှုတ်ချစကားပြောကြားလေသည်။

ထိုအခါ ဗုဒ္ဓသည်မိမိကိုယ်ကိုမြှောက်ပင့်ခြင်း၊ သူ့ကိုနှိမ့်ချခြင်း၊ အစွန်းဒေါသကို မရောက်စေဘဲ မဟာကရုဏာသီတာရေဖျန်း အေးချမ်းသောနှလုံးတော်ဖြင့် ဝေရဥ္စာပုဏ္ဏား၏ မသိခြင်း (မောဟ)ကိုပယ်ဖျောက်ရန် သင့်လျော်သည်အဖြစ်ကိုခံယူ၍-

"ပုဏ္ဏား. . . နတ်နှင့်မာရ်နတ်၊ ဗြဟ္မာနှင့်တကွသော ဩကာသလောက၌လည်းကောင်း၊ ရဟန်းပုဏ္ဏားနှင့်တကွ မင်းများ၊ လူများနှင့် တကွသောသတ္တလောက၌လည်းကောင်း၊ ငါဗုဒ္ဓက ရှိခိုးထိုက်သူ၊ ခရီးဦးကြိုထိုက်သူ နေရာဖြင့်ဖိတ်ထိုက်သူကို တစ်ဦးတစ်ယောက်မျှမမြင်ရချေ။"

“ပုဏ္ဏား. . . ဒီနေ့မှတ်မထင် အကြွင်သူကို ငါဗုဒ္ဓသည် ရှိခိုး မှုလည်းရှိခိုးဘြေးအံ့၊ ခရီးဦးကြိုမှုလည်း ကြိုဘြေးအံ့၊ နေရာဖြင့်မှုလည်းဖိတ်ကြားအံ့၊ ထိုသူ၏ဦးခေါင်းသည် ပြတ်ကြွေခြေသို့ကျရာ၏’ ဟူ၍ မိန့်ကြားသည်။

ဗုဒ္ဓကို ထိုသို့မိန့်ကြားသော်လည်း ဝေရဉ္ဇာပုဏ္ဏားသည် ပညာမဲ့သူဖြစ်သောကြောင့် ဗုဒ္ဓ၏လောကဥ္စအကြီးမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်ကြောင်းကို မရိပ်မိ မသိရှိနိုင်ဘဲ ဗုဒ္ဓကထိုက်ကဲ့သို့ အမှန်အတိုင်း မိန့်ကြားသောစကားကို မခံမရပ်နိုင်ဖြစ်ကာ-

“အရှင်ဂေါတမသည် အရသာကင်းသော သဘောရှိသူဖြစ်၏”

ဟုစွပ်စွဲပြောဆိုလာပြန်သည်။ ဤ၌ ပုဏ္ဏားကြီး၏ရည်ရွယ်ချက်မှာ လောကဥ္စရှိခိုးခြင်း၊ ခရီးဦးကြိုပြုခြင်း၊ အရိုအသေပြုခြင်း၊ လက်အုပ်ချီခြင်းများကိုသာ သာမဂ္ဂိရသ (တစ်ဦးနှင့်တစ်ဦးညီညွတ်အောင်ပြုသော)သာမဂ္ဂိအရသာဟူ၍ ခေါ်ဆိုခြင်းဖြစ်ပါသည်၊ ထိုသည်ကိုရည်၍ ပုဏ္ဏားက ဤသို့ပြောဆိုခြင်းဖြစ်ပါသည်။

ဗုဒ္ဓသည် ပုဏ္ဏား၏စိတ်နှလုံးနူးညံ့လာစေရန်အတွက် ဖြောင့်ဖြောင့် ဆန့်ကျင်ဖက်အဖြေကို မပေးဘဲ-

“ပုဏ္ဏား. . . ငါဗုဒ္ဓကို ရဟန်းဂေါတမသည် အရသာမဲ့ကင်းသော သဘောရှိသူဖြစ်၏ဟု ပြောဆိုနိုင်ရန်နည်းပရိယာယ်အကြောင်းရှိပါ၏။ ယင်းအကြောင်းကား အဆင်း, အသံ, အနံ့,

အရသာအတွေ့အထိတို့၌ သာယာခြင်း၊ အရသာတို့ကို ငါဗုဒ္ဓသည် ပယ်အပ်ကုန်ပြီ။ ဤနည်းပရိယာယ်အားဖြင့် ရဟန်းဂေါတမသည် အရသာကင်းသောသဘောရှိ၏။ ပြောဆိုမှုသည်မှန်၍ သင်ပြော လိုက ပြောနိုင်ပါ၏။ သို့သော် သင်ပုဏ္ဏား ရည်ရွယ်ပြောသော နည်းပရိယာယ်အကြောင်းမျိုးကား ငါဗုဒ္ဓထံ၌လုံးဝမရှိပါချေ။

ဗုဒ္ဓ၏ရည်ရွယ်ချက်မှာ လောက၌အဆင်း, အသံ,အနံ့, အရသာ, အတွေ့အထိတို့၌ သာယာခြင်း၊ (၅)မျိုးတို့ကို ဝတ္ထုအာရုံစသည်တို့၌ ပေါင်းဆုံညီညွတ်မှ ဖြစ်ပေါ်နိုင်သောကြောင့် သာမဂ္ဂီရသဟုခေါ်ဆိုပါသည်။ ယင်းသာမဂ္ဂီ(၅)မျိုးလုံး ဗုဒ္ဓသည် အမြစ်ပါပယ်အပ်ပြီး၍ ကင်းပြီဟု ဆိုခြင်းဖြစ်ပါသည်။

ပုဏ္ဏားသည် မိမိအလိုရှိသော သာမဂ္ဂီရသကင်းခြင်းအပြစ်ကို စွပ်စွဲတင်ခြင်းငှါ မတတ်နိုင်၍ တစ်နည်းတစ်ဖုံပြောင်း၍ အပြစ် တင်လိုပြန်သဖြင့်-

"အရှင်ဂေါတမသည် အသုံးမရှိသူဖြစ်၏"

ဟု ဆိုပြန်သည်။

ပုဏ္ဏား၏ရည်ရွယ်ချက်မှာ အသက်ကြီးခြင်းစသည့်တို့ကို လောက၌ညီညွတ်အောင် သုံးဆောင်ခြင်း(သာမဂ္ဂီပရိဘောဂ)ဟု အသိအမှတ်ပြုထားသဖြင့် ထိုအမှုကိုဗုဒ္ဓက မပြုသောကြောင့် ဗုဒ္ဓကိုအသုံးမရှိသူဟု ပြောဆိုခြင်းဖြစ်ပါသည်။

"ပုဏ္ဏား. . . သင်ဤကဲ့သို့ ပြောဆိုနိုင်ရန် နည်းပရိယာယ် အကြောင်းရှိပါ၏။ တပ်မက်နှစ်သက်မှုဖြင့် အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိတို့ကို သုံးဆောင်ခြင်းအမှုတို့ကို ငါဗုဒ္ဓသည် ပယ်အပ်ပြီးကုန်ပြီ။ အာရုံငါးပါးကို တပ်မက်မှုဖြင့်သုံးဆောင်ခြင်း မရှိခြင်းတည်းဟူသော ဤအကြောင်းနည်းပရိယာယ်ဖြင့် ငါဗုဒ္ဓ ကို ရဟန်းဂေါတမသည် အသုံးမရှိသူဖြစ်၏ဟု ပြောဆိုလိုကပြော ဆိုနိုင်ပါ၏။ သင်ပုဏ္ဏားရည်ရွယ်ပြောဆိုသော နည်းပရိယာယ် ကား ငါ့တွင်မရှိပါချေ။"

ဗုဒ္ဓသည် တပ်မက်မှုဖြင့် အာရုံငါးပါးသုံးစွဲခြင်းကင်းပြီး ဖြစ်၍ ဤပရိယာယ်ဖြင့် အသုံးမရှိသူဖြစ်၏ဟု ဆိုခြင်းဖြစ်ပါသည်။

* ပုဏ္ဏားသည် ဗုဒ္ဓကိုဤအပြစ်ဖြင့် တင်၍မရသောအခါ

"အရှင်ဂေါတမသည် မပြုထိုက်ဟူသော အယူဝါဒရှိသူ ဖြစ်ပါ၏"

ဟု အပြစ်တင်စွပ်စွဲပြန်သည်။

ဤ၌ ပုဏ္ဏားဆိုလိုသည်မှာ လောကီလူသားများအပေါင်း သည် အသက်ကြီးသူတို့အား ရှိခိုးခြင်းစသော အမျိုးကောင်းတို့၏ အကျင့်(ကုလစာရိတ္တ)ကို ကျင့်ကြလေ့ရှိသည်။ ဤအကျင့်ကို မကျင့်သောကြောင့် ဗုဒ္ဓကိုမပြုထိုက်ဟူသော အယူရှိသူဟု စွပ်စွဲ ခြင်းဖြစ်သည်။

"ပုဏ္ဏား. . . ငါဗုဒ္ဓသည် မပြုထိုက်ဟူသော အယူဝါဒရှိသူဟု ပြောဆိုနိုင်ရန် နည်းပရိယာယ်အကြောင်းရှိပါ၏။ ငါဗုဒ္ဓသည် ကာယဒုစရိုက်(၃)ပါး၊ ဝစီဒုစရိုက်(၄)ပါး၊ မနောဒုစရိုက်(၁)ပါး၊ အခြားမကောင်းမှုများကို မပြုထိုက်၊ မပြုကောင်းဟူ၍ဟောပေ၏။ ဤအကြောင်းပရိယာယ်အားဖြင့် မပြုထိုက်ဟုပြောဆိုလေ့ရှိသူဟု ပြောဆိုလိုမူ ပြောဆိုနိုင်၏။ အသင့်ပုဏ္ဏား ရည်ရွယ်ပြောဆိုသော နည်းပရိယာယ်အကြောင်းမျိုးကား ငါဗုဒ္ဓ၌လုံးဝမရှိချေ။

ဗုဒ္ဓ၏အလိုတော်မှာ ဒုစရိုက်(၁၀)ပါး၊ အကုသိုလ်တရားတို့ကို မပြုထိုက်၊ မပြုကောင်းဟု ဟောတော်မူခြင်းဖြစ်ပါသည်။

ပုဏ္ဏားသည် ဗုဒ္ဓကိုအပြစ်မတင်နိုင်ရကား အခြားတစ်နည်းဖြင့်-

"အရှင်ဂေါတမသည် ဖြတ်အပ်၏ဟူသော အယူဝါဒရှိသူဖြစ်၏။"

ဟု စွပ်စွဲပြန်လေသည်။

ပုဏ္ဏား၏အလိုမှာ ဗုဒ္ဓ၌အသက်ကြီးသူတို့အား ရှိခိုးခြင်းစသည်ပြုမှုကို မမြင်ရ၍ ဤရဟန်းဂေါတမကို အကြောင်းပြု၍ ရှိခိုးခြင်းအစရှိသော ဤလောကအစဉ်အလာ ဓမ္မတာစာရိတ္တကြီး ပြတ်တောက်သွားသည်ဟူ မှတ်ယူကာဗုဒ္ဓကို ဖြတ်တောက်ရန်ဝါဒ (ဥစ္ဆေဒဝါဒ) ရှိသူဟူ၍ စွပ်စွဲပြောဆိုခြင်းဖြစ်ပါသည်။

ဗုဒ္ဓက ပုဏ္ဏား၏စိတ်နှလုံးနူးညံ့စေရန် ရည်ရွယ်၍-

"ပုဏ္ဏား. . . ရဟန်းဂေါတမသည် ဖြတ်တောက်ရန် ပြောဟောလေ့ရှိသူဟု သင်ပြောဆိုနိုင်ရန် နည်းပရိယာယ် အကြောင်းရှိပါ၏။ ငါဗုဒ္ဓသည် ရာဂ, ဒေါသ, မောဟတို့ကို ဖြတ်တောက်ရန် ထိုမှတစ်ပါးအခြားမကောင်းမှုတို့ကို ဖြတ်တောက်ရန် တရားကိုဟောပါ၏။ ဤအကြောင်းပရိယာယ်ဖြင့် ရဟန်းဂေါတမ သည် ဖြတ်တောက်ရန်ဟောပြောသူဖြစ်၏ဟု ပရိယာယ်ဖြင့်ပြော ဆိုက ပြောဆိုနိုင်၏။ သင်ရည်ရွယ်ပြောသော နည်းပရိယာယ် အကြောင်းကား ငါဗုဒ္ဓ၌ လုံးဝမရှိပါချေ။

ဗုဒ္ဓဘုရားရှင်ကား လောဘ, ဒေါသ, မောဟတို့မှတစ်ပါး သော အကုသိုလ်များ၌ ဆိုင်ရာဆိုင်ရာမဂ်ဖြင့် ပယ်ဖြတ်ရန်တရား ကို ဟောခြင်းဖြစ်ပါသည်။

ပုဏ္ဏားသည် ဤနည်းဖြင့်လည်း ဗုဒ္ဓကိုအပြစ်မတင်နိုင်ရ ကား ထပ်မံ၍-

"အရှင်ဂေါတမသည် စက်ဆုပ်ခြင်းသဘောရှိပါ၏" ဟု ပြစ်တင်စွပ်စွဲပြောဆိုဖြစ်လေသည်။

ဤ၌ ပုဏ္ဏား၏အလိုမှာ ဗုဒ္ဓကအသက်ကြီးသူများအား ရှိခိုးခြင်းစသော အမျိုးကောင်း၏အကျင့် (ကုလစာရိတ္တ)ကို စက် ဆုပ်၍သာ မပြုခြင်းဖြစ်သည်ဟု မှတ်ထင်ကာ ဤသို့စွပ်စွဲပြောဆို ခြင်းဖြစ်ပါသည်။

ပုဏ္ဏား. . . ရဟန်းဂေါတမသည် စက်ဆုပ်တတ်သူ ဖြစ်၏ဟု ပြောဆိုနိုင်ရန် နည်းပရိယာယ်အကြောင်းရှိပါ၏၊ ငါ ဗုဒ္ဓသည် ဒုစရိုက်ဆယ်ပါးကို့နှင့်အခြားမကောင်းမှုများကို စက် ဆုပ်ခဲ့ရာ၏။

ဤအကြောင်းပရိယာယ်ဖြင့် စက်ဆုပ်တတ်သူဖြစ်၏ ဟု ပြောဆိုလိုက ပြောဆိုနိုင်ပါ၏၊ သင် ရည်ရွယ်ပြောဆိုသောနည်း ပရိယာယ်အကြောင်းမျိုးကား ငါဘုရား၌ လုံးဝမရှိပါ။

ပုဏ္ဏားသည် ဘုရားရှင်ကို အခြားတစ်နည်းဖြင့်ပြောင်း၍ အပြစ်တင်ပြန်သည်။

"အရှင်ဂေါတမသည် ဖျက်ဆီးတတ်သူ၊ အဖျက်သမား ကြီး ဖြစ်ပါ၏" ဟု စွပ်စွဲပြန်သည်။

ပုဏ္ဏား၏အလိုမှာ ဗုဒ္ဓက အသက်ကြီးသူတို့အား ရှိခိုး ခြင်းစသည်မပြုမှုကို မြင်ရ၍ ဤရဟန်းဂေါတမသည် လောက၌ အကြီးမြတ်ဆုံးသော (ဝုဍ္ဎါပစာယန)ကောင်းမှုကို ဖျက်ဆီးတတ်သူ အဖျက်သမားကြီး ဟုဆိုလိုရင်းဖြစ်သည်။

ပုဏ္ဏား. . . ရဟန်းဂေါတမသည် ဖျက်ဆီးတတ်သူ အဖျက် သမားဟု ပြောဆိုနိုင်ရန် နည်းပရိယာယ်အကြောင်းရှိပါ၏။ ငါဗုဒ္ဓ သည် ရာဂ, ဒေါသ, မောဟနှင့် အခြားအကုသိုလ်များကို ပယ် ပျောက်ဖျက်ဆီးရန် တရားကိုဟောပါ၏။

ဤအကြောင်းပရိယာယ်ဖြင့် ငါဗုဒ္ဓကို ဖျက်ဆီးသူ၊ အဖျက်သမားကြီးဟု ပြောဆိုလိုက ပြောနိုင်ပါ၏။ သင်ရည်ရွယ် ပြောသော နည်းပရိယာယ်ကား မရှိပါချေ။"

"အရှင်ဂေါတမသည် ပူပန်စေတတ်သူဖြစ်၏"

ဟူ၍ ထပ်မံစွပ်စွဲပြောဆိုပြန်သည်။

ပုဏ္ဏားတို့၏ဒလိုမှာ ရှိခိုးခြင်းအစရှိသော အရိုအသေမှုကို ပြုသူတို့သည် အသက်ကြီးသူတို့ကို နှစ်သက်ရွှင်လန်းဝမ်းမြောက် စေကုန်၏။ မပြုသောသူတို့သည်ကား အသက်ကြီးသူတို့အား စိတ်နှလုံးပူပန်စေကုန်၏။ ဗုဒ္ဓသည် အသက်ကြီးသူတို့ကို ရှိခိုးခြင်း စသော အရိုအသေမပြုသောကြောင့် ပူပန်စေတတ်သူဖြစ်သည် ဟူ၍ စွပ်စွဲခြင်းဖြစ်ပါသည်။

"ပုဏ္ဏား. . . ငါဗုဒ္ဓသည် တပမည်သောတရားကို ပယ် ရှားတတ်သောပုဂ္ဂိုလ်ဖြစ်၏-ဟု ပြောဆိုနိုင်ရန် နည်းပရိယာယ် အကြောင်းရှိပါ၏။ ဗုဒ္ဓသည် ဒုစရိုက်ဆယ်ပါး၊ ထိုမှတစ်ပါးအကု သိုလ်တရားများကို လူအပေါင်းသတ္တဝါအပေါင်းကို ပူပန်စေတတ် သောကြောင့် တပတရားဟူ၍ ဟောဆို၏။ ထိုတပမည်သော အကုသိုလ်တရားများကို ပယ်ရှားစွန့်လွှတ်ပြီးသောသူကို ဗုဒ္ဓ သည်ပူပန်စေတတ်သော အကုသိုလ်တရားများကို ပါယ်ရှားပြီး သော ပုဂ္ဂိုလ်ဟူ၍ ဟောဆိုပါ၏။

"ပုဏ္ဏား. . ရှေးဘုရားတို့အတူ လာခြင်းကောင်းတော်မူသော ဗုဒ္ဓသည်တပမည်သော အကုသိုလ်တရားများကို ပယ်ရှားစွန့်လွှတ်ပြီး ဖြစ်ပါသည်။ ဤအကြောင်း နည်းပရိယာယ်ဖြင့် ငါဗုဒ္ဓကိုတပမည်သော အကုသိုလ်တရားတို့ကို ပယ်ရှားစွန့်ပြီးသော ပုဂ္ဂိုလ်ဖြစ်၏ဟု ပြောဆိုလိုမူ ပြောဆိုနိုင်၏။ သင်ရည်ရွယ်ပြောဆိုသော နည်းပရိယာယ်အကြောင်းမျိုးကား ငါဘုရားတို့၌ လုံးဝမရှိပါချေ။"

ဗုဒ္ဓ၏အလိုမှာ အကုသိုလ်တရားများကို သတ္တလောကကို ပူပန်စေတတ်သောကြောင့် တပတရားများဟု ခေါ်ဆိုသည်။ ထိုတပတရားများကို ဗုဒ္ဓကပယ်ပြီးပြီဟု ဆိုလိုပါသည်။

"အရှင်ဂေါတမသည် နတ်ရွာပဋိသန္ဓေမှ ကင်းသူဖြစ်သည်" ဟု ထပ်မံစွပ်စွဲပြန်သည်။

ပုဏ္ဏား၏အလိုမှာ အသက်ကြီးသူတို့အား ရှိခိုးခြင်းစသည်ပြုမူသည် နတ်ပြည်လောကပဋိသန္ဓေကို ရနိုင်သောကောင်းမှုဖြစ်သည်ဟု ယုံကြည်စွဲမှတ်ထားက ဗုဒ္ဓကအသက်ကြီးသူများကို အရိုအသေပြုမူမရှိသည်ကို ဒိဋ္ဌကိုယ်တွေ့မြင်တွေ့ပြီ။ ဤကဲ့သို့ နတ်ရွာပဋိသန္ဓေမှကင်းသူဖြစ်၏ဟု စွပ်စွဲခြင်းဖြစ်သည်။

"ပုဏ္ဏား. . . ရဟန်းဂေါတမသည် ပဋိသန္ဓေနေခြင်းကင်းပြီးသော ပုဂ္ဂိုလ်ဖြစ်၏ဟု ပြောဆိုနိုင်ရန် နည်းပရိယာယ်အကြောင်းရှိပါ၏။ ဗုဒ္ဓသည် အနာဂါတ်ကာလဝယ် ပဋိသန္ဓေနေမှုကို ပယ်

ရှားပြီးသော ရဟန္တာပုဂ္ဂိုလ်ကို ပဋိသန္ဓေမှကင်းပြီးသောပုဂ္ဂိုလ်ဟု ဟောဆိုပါ၏။

ပုဏ္ဏား. . . ရှေးဘုရားနည်းတူ လာခြင်းကောင်းသော ဗုဒ္ဓသည်လည်း အနာဂါတ်ဝယ် ပဋိသန္ဓေနေခြင်းလုံးဝကင်းပြီး ဖြစ်၍ ငါဗုဒ္ဓကိုပဋိသန္ဓေနေခြင်းကင်းပြီးပြီဟူသော ပရိယာယ်ဖြင့် ပြောဆိုလိုက ပြောဆိုနိုင်ပါ၏။ သင့်ရည်ရွယ်ပြောသော နည်းပရိယာယ်အကြောင်းမျိုးကား ငါဘုရား၌ ယုံးဝမရှိပါ။

ဤသို့လျှင် ဝေရဉ္ဇာပုဏ္ဏားသည် ဗုဒ္ဓထံမှောက်သို့ ရောက်သောအချိန်မှစ၍ အသက်ကြီးသော မိမိကိုယ်ကိုအမျိုးမြတ်သည်ဟု ယူဆသောသူကို ဗုဒ္ဓကခရီးဦးကြိုမပြု၊ ရှိမခိုး၊ နေရာမပေးသဖြင့် ဤစွပ်စွဲဆဲရေးခြင်း ရှစ်မျိုးဖြင့်စွပ်စွဲခဲ့သည်။

ဗုဒ္ဓကမူ ပုဏ္ဏားအပေါ်၌ အလွန်သနားလှသဖြင့် တိမ်တိုက်ကင်းစင်သောလမင်း၊ သာရဒဥတုအခါ တက်ထွန်းသော နေမင်းကဲ့သို့ ပုဏ္ဏား၏စိတ်၌တည်သော မသိမှုအမိုက်တိုက်ကို ဖယ်ရှားလိုသည်ဖြစ်၍ ပုဏ္ဏားထံဆဲရေးစွပ်စွဲသော စကားများကို ထိုထိုနည်းပရိယာယ်အကြောင်းဖြင့် ဂုဏ်ပြုစကားဖြစ်အောင် ပြောဆိုမိန့်ကြားပေးခဲ့သည်။

"ဤပုဏ္ဏားသည်. . . စဉ်းစားစရာမဖက် လောကသင်္ကေတ တစ်သက်သက်ဖြင့် ဆံဖြူခြင်း၊ သွားကျိုးခြင်း၊ အတုတွန့်ခြင်း၊ စသည်တို့ဖြင့် မိမိကသာဗုဒ္ဓထက်ကြီးသည်ဟု မှတ်ထင်နေသည်။

မိမိကိုယ်ကို ဇာတိဘေးကပ်ျော့ကျလိုက်နေသည်ကိုလည်းကောင်း၊ ဇရာဘေးကဝိုင်းဝန်းထားသည်ကိုလည်းကောင်း၊ ဗျာဓိဘေးက လွှမ်းမိုးနှိပ်စက်အပ်သည်ကိုလည်းကောင်း၊ မရဏဘေးမှ ရှေ့ရှု နှိပ်စက်အပ်သည်ကိုလည်းကောင်း၊ သံသရာသစ်ငုတ်ကြီးဖြစ်လျက် ယနေ့သေပြီးလျှင် နက်ဖြန်ပက်လက်အိပ်ရသည့်သေမင်းတစ်ဖန် ကလေးသူငယ်အဖြစ်သို့ ရောက်ရမည့်အရေးကိုလည်းကောင်း၊ စိုးစဉ်းမျှမသိရှာပေ။

စင်စစ်သော်ကား ကြီးစွာသောလုံ့လဖြင့် ငါဗုဒ္ဓထံရောက် လာခြင်းဖြစ်၍ သူ၏ရောက်လာခြင်းသည် အကျိုးရှိသော ရောက် လာခြင်းဖြစ်ပါစေသတည်း"

ဟု ကြံစည်ဆင်ခြင်တော်မူ၍ တရားဒေသနာကို ဆက်လက်ဟော ကြားပေးတော်မူသည်။

"ပုဏ္ဏား. . . ဥပမာအားဖြင့် ကြက်မ၌ ဥ(၈)လုံး သို့မဟုတ်(၁၀)လုံး၊ သို့မဟုတ်(၁၂)လုံးရှိသည်ဆိုကြပါစို့။ ထိုဥများ ကို ကြက်မသည်ကောင်းစွာဝပ်ခြင်း၊ ကောင်းစွာအငွေ့ပေးခြင်း၊ ကောင်းစွာကြက်နံ့ထုံစေခြင်း၊ အလုပ်ကိစ္စသုံးမျိုးတို့ကို ပြုသည် ဆိုပါစို့။ ထိုသို့ပြုသဖြင့် ကြက်ဥအတွင်း၌ တည်ရှိသောကြက်ငယ် အပေါင်းတို့တွင် ခြေသည်းများ၊ နှုတ်သီးဖျားဖြင့် ဥခွံကိုရှေးဦးစွာ ဖော်ခွဲ၍ချမ်းချမ်းသာသာ ပေါက်ဖွားလာသော ထိုကြက်ငယ်ကို အဘယ်သို့ခေါ်ဆိုအပ်ပါသနည်း။ အကြီးဟူ၍ ခေါ်ဆိုအပ်ပါသ လော၊ အငယ်ဟူ၍ခေါ်ဆိုအပ်ပါသလော" ဟု ဗုဒ္ဓကမေးသည်။

"အရှင်ဂေါတမ. . . ဥခွံကိုဖောက်ခွဲ၍ ရှေးဦးစွာထွက်လာသောကြောင့် ထိုကြက်ငယ်ကိုအကြီးဟု ဆိုရပါမည်။"

"ပုဏ္ဏား. . . ဤအတူပင် အဝိဇ္ဇာတည်းဟူသော ဥခွံအတွင်း၌ ရောက်ရှိတည်နေကြသော အဝိဇ္ဇာဥခွံဖြင့် ထက်ဝန်းကျင်မြေးယှက်အပ်သော သတ္တဝါအပေါင်းတို့တွင် အဝိဇ္ဇာဥခွံကိုဖောက်ခွဲ၍ ငါတစ်ဦးတည်းသာ လောက၌အတုမရှိ မွန်မြတ်သောအရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်ကို ပထမဦးစွာသိမြင်ဆိုက်ရောက်ခဲ့ပြီ။ ပုဏ္ဏား. . . သို့ဖြစ်၍ငါဗုဒ္ဓသည် သတ္တလောကရှိသမျှအပေါင်းတို့ထက် အကြီးမြတ်ဆုံးဖြစ်ပေ၏။"

ဟူ၍ ဟောကြားပြီးနောက် ဗုဒ္ဓကမိမိတောထွက် တရားကျင့်၍ဘုရားဖြစ်ခဲ့ပုံတို့ကို ပုဏ္ဏားကြီးအားအကျယ်ဟောပြောပြတော်မူရာ ဗုဒ္ဓ၏တရားအဆုံးဝယ် ပုဏ္ဏားကြီးသည် ကိုယ်ရောစိတ်ပါပီတိတရားပျံ့နှံ့ပြည့်စုံကာ ဗုဒ္ဓ၏တရားအဆုံးဝယ် ဗုဒ္ဓသည်အရိယာဇာတ်အားဖြင့် အကြီးဆုံးဖြစ်ကြောင်း ကောင်းစွာသိရှိလက်ခံသွားလေသည်။

"ငါသည် ဤသို့စဉ် လူသူသုံးပါး၌ အကြီးမြတ်ဆုံးဖြစ်လျက် ခပ်သိမ်းသောဂုဏ်ကျေးဇူးနှင့် ပြည့်စုံသောဗုဒ္ဓကို အသက်ကြီးသူတို့အား ရှိခိုးခြင်းစသည်အမှုကို မပြုဘိ-ဟု ပြောမှားခဲ့လေပြီ။

အချင်းတို့. . . မသိခြင်း(မောဟ)တရားကား စက်ဆုပ်ဖွယ်ကောင်းလေစွတကား”
ဟု မိမိကိုယ်ကို ကဲ့ရဲ့ရှုတ်ချမိလေသည်။

ထို့နောက်ဗုဒ္ဓကို အရှင်ဂေါတမသည် ယခုအခါလောက၌ အရိယာဇာတ်အားဖြင့် ရှေးဦးစွာမွေးဖွားဖြစ်လာသူဖြစ်ကြောင်း အကြီးဆုံးလည်းဖြစ်၏။ ခပ်သိမ်းသောဂုဏ်တို့ဖြင့် အတုမရှိသောကြောင့် အမြတ်ဆုံးဖြစ်၏ဟူ၍ ယုံကြည်ဆုံးဖြတ်ချက်ချကာ ဗုဒ္ဓကို

“အရှင်ဂေါတမ. . အရှင်သည် ဤလောက၌အကြီးဆုံးဖြစ်ပါပေ၏။ အရှင်ဂေါတမ. . . အရှင်၏တရားသည် အလွန်နှစ်သက်ဖွယ်ရှိပေစွ။ လောကဥပမာအားဖြင့် မှောက်၍ထားအပ်သော ဝတ္ထုကိုလှန်ပြဘိသကဲ့သို့လည်းကောင်း၊ ဖုံးအုပ်ထားသောအရာဝတ္ထုကိုဖွင့်လှစ်ပြသကဲ့သို့လည်းကောင်း၊ မျက်စိလည်လမ်းမှားသူကို လမ်းမှန်ပြလိုက်သကဲ့သို့လည်းကောင်း၊ မျက်စိအမြင်ရှိသူတို့သည် အဆင်းအမျိုးမျိုးကို မြတ်နိုးကြလိမ့်မည်ဟု အမိုက်မှောင်၌ ဆီမီးကိုထွန်းပြသကဲ့သို့လည်းကောင်း၊ အရှင်ဂေါတမသည် ကျွန်ုပ်အားများစွာသောအကြောင်းဖြင့် တရားတော်ကိုထင်ရှားစွာ ဟောပြတော်မူအပ်ပေပြီ။

အရှင်ဂေါတမ. . . ကျွန်ုပ်သည် ဗုဒ္ဓ, ဓမ္မ, သံဃာဟူသောရတနာသုံးပါးတို့ကို ကိုးကွယ်ရာပုန်းအောင်းရာဟူ၍ ဆည်းကပ်

ပါ၏။ အသက်ထက်ဆုံး ကျွန်ုပ်ကိုအရှင်ဂေါတမသည် သရဏဂုံ တည်သော ဥပါသကာဟူ၍ မှတ်တော်မူပါလော့"
ဟု လျှောက်ထားပြီး ဗုဒ္ဓထံ၌ သရဏဂုံဆောက်တည်ပြီးလျှင် ဗုဒ္ဓနှင့်တကွ သံဃာငါးရာကို ဝေရဉ္ဇာ၌ဝါဆိုရန် တောင်းပန် လျှောက်ထားသည်။

ဗုဒ္ဓကဆိတ်ဆိတ်နေ၍ လက်ခံတော်မူသည်။ ဝေရဉ္ဇာ ပုဏ္ဏားသည် ဗုဒ္ဓလက်ခံသည်ကိုသိ၍ ဗုဒ္ဓကိုရိုသေစွာရှိခိုးပြီး နောက်ဆုတ်ပြန်လှည့်၍ အိမ်သို့ပြန်ခဲ့လေသည်။ ဗုဒ္ဓသည် (၁၂) ဝါမြောက်၌ ဝေရဉ္ဇာ၌ ဝါဆိုတော်မူသည်။

ဤနည်းအားဖြင့် ဗုဒ္ဓသည် မိမိအားပြဿနာရှာလာသော ဝေနေယျတို့အား မဟာကရုဏာတော်ဖြင့် အမှန်တရားကိုရရှိ အောင် ဖြေရှင်းပေးတော်မူခဲ့လေသည်။

ကျမ်းကိုး-ပါရာဇိကဏ်ပါဠိတော်၊ ဝေရဉ္ဇာဝတ္ထု
( အနော်မာမဂ္ဂဇင်း၊ အမှတ်-၆ဂ )

## ၁၃။ ဂေါတမသည် သတ်သူ၊ ဖြတ်သူ၊ ပြုပြင်စေသူ

သီဟာစစ်သူကြီးသည် လိစ္ဆဝီမင်းတို့၏ အားကိုးအားထား ပြုအပ်သော စစ်ဗိုလ်ချုပ်ကြီးတစ်ဦးဖြစ်သည်။ သူသည် နိဂဏ္ဌနာဋပုတ္တကို အသည်းကပ်ကိုးကွယ်ပြီး နိဂဏ္ဌနာဋပုတ္တနှင့် တပည့်တို့ကို ရေတွင်းရေကန်သဖွယ် အမြဲတစေပေးကမ်းလှူဒါန်းနေသူ တစ်ဦးဖြစ်သည်။

တစ်နေ့တွင် အလွန်ကျော်စောထင်ရှားသော လိစ္ဆဝီမင်းတို့သည် မင်းကွန်း၌သာအတူ အစည်းအဝေးထိုင်ကြစဉ် များစွာသော အကြောင်းဖြင့်ဂေါတမဗုဒ္ဓ၏ဂုဏ်ကျေးဇူးများကို ပြောဆိုဆွေးနွေးနေကြသည်ကို ထိုပရိတ်သတ်ထဲ၌ ရှိနေသော သီဟာစစ်သူကြီးသည် ကြားနေရ၍-

"ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံယူတော်မူထိုက်သော အလုံးစုံသောတရားတို့ကို ကိုယ်တိုင်မှန်စွာသိတော်မူသော ဘုရားဖြစ်လတ့်၊ ထို့ကြောင့်သာလျှင် အလွန်ကျော်စောထင်ရှားသော ဤလိစ္ဆဝီမင်းတို့သည် မင်းကွန်း၌အတူစည်းဝေးကုန်လျက် များစွာသောအကြောင်းတို့ဖြင့် ဘုရား၊ တရား၊ သံဃာ၏ဂုဏ်ကျေးဇူးများကို ပြောဆိုကုန်၏။ ငါသည် ထိုမြတ်စွာဘုရားကို ဖူးမြော်ရန် ချဉ်းကပ်ရမူကောင်း၏။"

ဟူ၍ အကြံဖြစ်ပေါ်လေသည်။

ထို့နောက်သီဟာစစ်သူကြီးသည် မိမိ၏ဆရာဖြစ်သော နိဂဏ္ဌထံချဉ်းကပ်၍-

"အရှင်ဘုရား. . . ကျွန်ုပ်သည် ရဟန်းဂေါတမကို ဖူးမျှော် ချဉ်းကပ်ရန် အလိုရှိပါ၏။"

ဟု ခွင့်ပန်လေသည်။

"သီဟာ. . . သင်သည် ပြုထိုက်၏ဟူသော (ကိရိယာဝါဒ) အယူရှိလျက် မပြုထိုက်ဟူသော (အကိရိယဝါဒ)အယူရှိသော ရဟန်းဂေါတမကို အဘယ်ကြောင့်ဖူးမြော်ရန် ချဉ်းကပ်လိုဘိသနည်း"

သီဟာ. . . ရဟန်းဂေါတမသည် မပြုထိုက်ဟူသော အယူဝါဒရှိ၏။ မပြုစိမ့်သောငှါတရားကို ဟောပါ၏။ ထိုဝါဒဖြင့် တပည့်တို့ကို ဆုံးမ၏"

ထိုသို့ မိမိတို့ဆရာနိဂဏ္ဌပြောဆိုသောအခါ သီဟာစစ်သူ ကြီးစိတ်ထဲဝယ် ရဟန်းဂေါတမကို ဖူးမြင်ချဉ်းကပ်လိုသောစိတ် သည် ငြိမ်းအေးသွားလေသည်။

တစ်ဖန်လိစ္ဆဝီတို့က မင်းကွန်း၌ဗုဒ္ဓ၊ ဓမ္မ၊ သံဃဂုဏ်များ ကို ချီးကျူးမှုကိုကြားရပြန်သောအခါ ဘုရားရှင်ထံသို့ သွားရောက် လိုသောဆန္ဒပြန်ပေါ်ပြန်၍ ဆရာနိဂဏ္ဌထံသွားရောက်ခွင့်ပန်ပြန် ရာ ဆရာကရှေးနည်းအတိုင်း ပြောပြန်၍ စိတ်ငြိမ်သွားပြန်သည်။

တစ်ဖန်တတိယအကြိမ် ဘုရားရှင်ထံသို့ သွားလိုသော စိတ်ဖြစ်ပေါ်ပြန်၍ ဆရာနိဂဏ္ဌထံသွားရောက် ခွင့်ပန်ကအပယ် ခံရမည်ကိုသိ၍-

"ငါသည် ဆရာနိဂဏ္ဍာတို့ကို ပန်ကြားသည်ဖြစ်စေ၊ မပန်ကြားသည်ဖြစ်စေ၊ ဤနိဂဏ္ဍာတို့သည် အသို့ပြုကုန်အံ့နည်း၊ ငါသည် နိဂဏ္ဍာတို့ကို မပန်ကြားမူ၍သာလျှင် ပူဇော်အထူးကိုခံထိုက်သော အလုံးစုံကိုသိတော်မူသော ထိုမြတ်စွာဘုရားကို ဖူးမြော်ချဉ်းကပ်ရန်ကောင်းရာ၏"

ဟု အကြံဖြစ်ပေါ်လေသည်။

ထို့နောက် သီဟစစ်သူကြီးသည် နေ့မွန်းလွဲသောအခါ ရထားငါးရာတို့ဖြင့် ဘုရားရှင်ကိုဖူးမြော်ရန် ဝေသာလီပြည်မှ ထွက်လာခဲ့သည်။ ယာဉ်ဖြင့်သွားလာရသောအရပ်တိုင်အောင် ယာဉ်ဖြင့်သွား၍ ယာဉ်မှဆင်းကာ ခြေလျင်သာလျှင် ဘုရားရှင်ထံသို့ ချဉ်းကပ်ပြီး ရှိခိုးကာသင့်ရာအရပ်ထိုင်သည်။

"အရှင်ဘုရား. . . ရဟန်းဂေါတမသည် မပြုထိုက်သော အယူဝါဒရှိ၏။ မပြုစိမ့်သောငှါတရားကို ဟော၏။ ထိုဝါဒဖြင့်လည်း တပည့်သားအားဆုံးမ၏ဟု ကျွန်ုပ်ကြားရပါသည်။

"အရှင်ဘုရား. . . အသို့ပါနည်း။ အရှင်ဘုရားမိန့်ကြားတော်မူသည့်အတိုင်းပင် ပြောဆိုကြသည် မဟုတ်ပါလော၊ မြတ်စွာဘုရားကို မဟုတ်မမှန်သောစကားဖြင့် စွပ်စွဲရာမရောက်ဘဲရှိပါကုန်လော။ မြတ်စွာဘုရားဟောသောတရားကိုပင် တစ်ဆင့်ဟောကြားကြသည်ဟုတ်ပါ၏လော၊ အရှင်ဘုရား၏ မူလရင်းစကားနှင့် ထိုသူတို့၏တဆင့်ပြောစကားသည် ကဲ့ရဲ့ဖွယ်အကြောင်းလုံးဝ

ကင်းပါ၏လော၊ ကျွန်ုပ်တို့သည်ကား မြတ်စွာဘုရားကို စွပ်စွဲရန် အလိုမရှိကြပါ"

ဟုလျှောက်ထားလေသည်။

"သီဟ. . . ငါသည် ကိုယ်ဖြင့်ပြုသော မကောင်းသော အကျင့်ကိုလည်းကောင်း၊ နှုတ်ဖြင့်ပြောသောမကောင်းသော အကျင့်ကိုလည်းကောင်း၊ စိတ်ဖြင့်ပြုသောမကောင်းသောအကျင့် ကိုလည်းကောင်း၊ မပြုထိုက်၏ဟုဟော၏။ များပြားသောယုတ် ညံ့သော အကုသိုလ်တရားတို့ကို မပြုထိုက်ဟုဟော၏"

"သီဟ. . . အကြင်သို့သော နည်းပရိယာယ်အားဖြင့် ရဟန်းဂေါတမသည် မပြုထိုက်ဟူသောအယူ(အကိရိယဝါဒ)ရှိ၏။ မပြုစိမ့်သောငှါတရားကို ဟော၏။ ထိုဝါဒဖြင့်လည်း တပည့်သား တို့ကို ဆုံးမ၏ဟု ငါကိုကောင်းစွာပြောဆိုသောသူသည် ပြောဆို နိုင်ရာ၏။ "

"သီဟ. . . ငါသည် ကိုယ်ဖြင့်ပြုသော ကောင်းသော အကျင့်ကိုလည်ကောင်း၊ နှုတ်ဖြင့်ပြောဆိုသောကောင်းသော အပြောအဆိုကိုလည်းကောင်း၊ စိတ်ဖြင့်ပြုအပ်သောအကြံကို လည်းကောင်း၊ ပြုထိုက်၏ဟုဟော၏။"

"သီဟ. . . ဤသို့သောနည်းပရိယာယ်အားဖြင့် ရဟန်း ဂေါတမသည် ပြုထိုက်၏ဟူသောအယူ ကိရိယဝါဒရှိ၏။ ပြု စိမ့်သောငှါတရားကိုဟော၏။ ထိုဝါဒဖြင့်လည်း တပည့်သံဃာတို့

ကို ဆုံးမ၏ဟု ငါ့ကိုကောင်းစွာပြောဆိုသောသူသည် ပြောဆိုနိုင်ရာ၏။”

“သီဟ. . . ငါသည် ရာဂ, ဒေါသ, မောဟတို့ကို ဖြတ်အပ်သည်ကိုဟော၏။ များပြားသောယုတ်ညံ့သော အကုသိုလ်တရားတို့ကို ဖြတ်အပ်သည်ကို ဟော၏။

သီဟ. . . ဤသို့သော နည်းပရိယာယ်အားဖြင့် ရဟန်းဂေါတမသည် ဖြတ်အပ်၏ဟူသော အယူ(ဥစ္ဆေဒဝါဒ)ရှိ၏။ ဖြတ်စိမ့်သောငှါ တရားကိုဟော၏။ ထိုဝါဒဖြင့်လည်း တပည့်သားတို့ကို ဆုံး၏ဟု ငါ့ကိုကောင်းစွာပြောဆိုသောသူသည် ပြောဆိုနိုင်ရာ၏။

“သီဟ. . . ငါသည် ကိုယ်, နှုတ်, စိတ် (ကာယ,ဝစီ,မနော) ဒုစရိုက်တို့ကို စက်ဆုပ်တော်မူ၏။ များပြားသောယုတ်ညံ့သော အကုသိုလ်တရားတို့ကိုရောက်ခြင်းကိုလည်းကောင်း စက်ဆုပ်တော်မူ၏။

“သီဟ. . . ဤသို့သော နည်းပရိယာယ်အားဖြင့် ရဟန်းဂေါတမသည် စက်ဆုပ်ခြင်းသဘောရှိ၏။ စက်ဆုပ်စိမ့်သောငှါ တရားကိုဟော၏။ ထိုဝါဒဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏ဟု ငါ့ကိုကောင်းစွာပြောဆိုသောသူသည် ပြောဆိုနိုင်ရာ၏။”

“သီဟ. . . ငါသည် ရာဂ, ဒေါသ, မောဟကိုဖျက်ဆီးခြင်းငှါတရားကိုဟော၏။ များပြားသော၊ ယုတ်ညံ့သော၊ အကုသိုလ်တရားတို့ကို ဖျက်ဆီးခြင်းငှာ တရားကိုဟော၏။”

သီဟ. . . ဤသို့သော နည်းပရိယာယ်အားဖြင့် ရဟန်းဂေါတမသည် ဖျက်ဆီးတတ်၏။ ဖျက်ဆီးခြင်းငှါ တရားကိုဟော၏။ ထိုဝါဒဖြင့် တပည့်သားတို့ကိုဆုံးမ၏ဟု ငါ့ကိုကောင်းစွာပြောဆိုသောသူသည် ပြောဆိုနိုင်ရာ၏။"

"သီဟ. . . ငါသည်ယုတ်ညံ့သောအကုသိုလ်တရားတို့ကို ပူပန်စေတတ်၏ဟုဟော၏။ ကိုယ်, နှုတ်, စိတ်တို့ဖြင့်ပြုသော မကောင်းသောအကျင့်တို့ကို ပူပန်စေတတ်၏ဟုဟော၏။

သီဟ. . . ပူပန်စေတတ်၍ ယုတ်ညံ့သောအကုသိုလ်တရားတို့ကို ပယ်ပြီးသော(အဝိဇ္ဇာ-တဏှာ)အမြစ်ကို အကြွင်းမဲ့ဖြစ်ပြီးသော နှုတ်ပြီးသောထန်းပင်ရာကဲ့သို့ ပြုပြီးသော အသစ်မဖြစ်ခြင်းကိုပြုပြီးသော နောင်အခါ၌ဖြစ်ခြင်း သဘောမရှိသူသောသူကို ပူပန်စေတတ်သော အကျင့်ရှိသူဟူ၍ ဟော၏။

သီဟ. . . ဤသို့သောနည်းပရိယာယ်အားဖြင့် ရဟန်းဂေါတမသည် ပူပန်စေတတ်သော သဘောရှိ၏။ ပူပန်စေမှုသောငှါ တရားကိုဟော၏။ ထိုဝါဒဖြင့်တပည့်သားတို့ကို ဆုံးမ၏ဟု ငါ့ကိုကောင်းစွာပြောဆိုနိုင်သောသူသည် ပြောဆိုနိုင်ရာ၏။

သီဟ. . . နောင်တစ်ဖန် ပဋိသန္ဓေနေခြင်း၊ ဘဝသစ်၌ဖြစ်ခြင်းကိုပယ်ပြီးသော အဝိဇ္ဇာတဏှာအမြစ်ကို အကြွင်းမဲ့ဖြတ်ပြီးသော၊ နှုတ်ပြီးသောထန်းပင်ရာကဲ့သို့ ပြုပြီးသော အသစ်မဖြစ်ခြင်းကိုပြုပြီးသော နောင်အခါ၌ဖြစ်ခြင်းသဘောရှိသောသူကို ပဋိသန္ဓေနေခြင်းမှကင်း၏ဟု ငါဟော၏။

သီဟ. . . ဤသို့သော နည်းပရိယာယ်အားဖြင့် ရဟန်းဂေါတမသည် နတ်ပြည်ရောက်ခြင်းငှါမထိုက်၊ နတ်ပြည်ရောက်ခြင်းမှကင်းစိမ့်သောငှါ တရားကိုဟော၏။ ထိုဝါဒဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏ဟု ငါ့ကိုကောင်းစွာပြောဆိုသောသူသည် ပြောဆိုနိုင်ရာ၏။

သီဟ. . . ငါသည်မြတ်သော မင်္ဂဖိုလ်ဟူသော သက်သာခြင်းဖြင့် သက်သာရာကိုရှာ၏။ သက်သာရာကိုရစိမ့်သောငှါလည်း တရားကိုဟော၏။ ထိုဝါဒဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏။

သီဟ. . . ဤသို့သော နည်းပရိယာယ်အားဖြင့်လည်း ရဟန်းဂေါတမသည် သက်သာရာကိုရှာ၏။ သက်သာရာကိုရစိမ့်သောငှါ တရားကိုဟော၏။ ထိုဝါဒဖြင့်လည်း တပည့်သားတို့ကို ဆိုဆုံးမ၏ဟု ငါ့ကိုကောင်းစွာပြောဆိုသောသူသည် ပြောဆိုနိုင်ရာ၏။"

ဟု ဗုဒ္ဓကသီဟစစ်သူကြီးကို စွပ်စွဲပြောဆိုမှုများနှင့်ဖက်သတ်၍ တစ်ချက်စီတစ်ချက်စီ ရှင်းလင်းပြတော်မူသည်။

"အရှင်ဘုရား. . . အရှင်၏တရားတော်သည် အလွန်နှစ်သက်ဖွယ်ရှိပါ၏။ လောကဥပမာအားဖြင့် မှောက်၍ထားအပ်သောအရာဝတ္ထုကို လှန်ပြဘိသကဲ့သို့လည်းကောင်း၊ ဖုံးအုပ်ထားသောအရာဝတ္ထုကို ဖွင့်လှစ်ပြသကဲ့သို့ လည်းကောင်း၊ မျက်စိလည်လမ်းမှားသူကို လမ်းမှန်ပြလိုက်သကဲ့သို့လည်းကောင်း၊ မျက်စိ

အမြင်ရှိသူတို့သည် အဆင်းအမျိုးမျိုးကိုမြင်နိုင်ကြပေလိမ့်မည်ဟု အမိုက်မှောင်၌ ဆီမီးကိုထွန်းပြသကဲ့သို့လည်းကောင်း၊ အရှင်ဂေါတမသည် ကျွန်ုပ်ကို များစွာသောအကြောင်းဖြင့် တရားတော်ကို ထင်ရှားစွာဟောပြတော်မူအပ်လေပြီ။

"အရှင်ဂေါတမ. . . ကျွန်ုပ်သည် ရတနာသုံးပါးကို ကိုးကွယ်ရာ၊ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏၊ ယနေ့မှစ၍ ကျွန်ုပ်သည် အသက်ထက်ဆုံး ရတနာသုံးပါးကို ဆည်းကပ်သော ဥပါသကာဟူ၍ မှတ်တော်မူပါဘုရား"

ဟု လျှောက်ထားကာ ဥပါသကာအဖြစ် ခံယူလေသည်။

"သီဟ. . . စူးစမ်းဆင်ခြင်၍ပြုလော့။ သင်ကဲ့သို့ ထင်ရှားကျော်စောသောသူတို့အား စူးစမ်းဆင်ခြင်၍ ပြုခြင်းသည် ကောင်း၏။"

ဟု ဘုရားရှင်က မိန့်ကြားသည်။

"အရှင်ဘုရား. . . မြတ်စွာဘုရားသည် ကျွန်ုပ်ကိုဤကဲ့သို့သောစကားကို မိန့်တော်မူခဲ့၏။ ဤစကားဖြင့်လည်း ကျွန်ုပ်သည်မြတ်စွာဘုရားအား အတိုင်းထက်အလွန် ဝမ်းမြောက်ပါ၏။ နှစ်သက်ပါ၏။

အရှင်ဘုရား. . . တစ်ပါးသောအယူရှိသော တိတ္ထိတို့သည် အကျွန်ုပ်ကဲ့သို့သော တပည့်ကိုရခဲ့ပါသော် သီဟမည်သော စစ်သူကြီးသည် ငါတို့၏တပည့်အဖြစ်ရောက်၏ဟု နာလုံးသွင်းကာ ဝေသာလီတစ်ပြည်လုံးကို တံခွန်အောင်လံစိုက်ထူရာ၏။

ထိုသို့ဖြစ်ပါလျက် မြတ်စွာဘုရားသည် ကျွန်ုပ်ကိုသီဟ စူးစမ်းဆင်ခြင်၍ပြုလော၊ သင်ကဲ့သို့ ထင်ရှားကျော်စောသော သူတို့ကား စူးစမ်းဆင်ခြင်၍ ပြုခြင်းသည်ကောင်း၏ဟု မိန့်တော် မူ၏။

အရှင်ဘုရား. . . ထိုအကျွန်ုပ်သည် နှစ်ကြိမ်မြောက်လည်း ဘုရား၊ တရား၊ သံဃာကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ ကျွန်ုပ်ကိုယနေ့မှစ၍ အသက်ထက်ဆုံး ရတနာသုံးပါးကို ဆည်း ကပ်သော ဥပါသကာဟူ၍ မှတ်တော်မူပါဘုရားဟု လျှောက်ထား ပြန်လေသည်။

“သီဟ. . . ရှည်စွာသောနေ့ညဉ့်ပတ်လုံး သင်၏အိမ်သည် နိဂဏ္ဌာတို့၏ ရေတွင်းသဖွယ်ဖြစ်ခဲ့သောကြောင့် ကပ်ရောက်လာ သော ထိုနိဂဏ္ဌာတို့အား ဆွမ်းကပ်လှူရမည်ကို အောက်မေ့ပါလော”

“အရှင်ဘုရား. . . မြတ်စွာဘုရားသည် ဤသို့သောစကား ဖြင့် မိန့်တော်မူပါ၏။ ဤစကားအားဖြင့်လည်း ကျွန်ုပ်၏ဘုရား ရှင်အား အတိုင်းထက်အလွန်ဝမ်းမြောက်ပါ၏။ နှစ်သက်ပါ၏”

“အရှင်ဘုရား. . . ကျွန်ုပ်သည် ဤစကားကို ကြားရဘူး ပါသည်။”

“ရဟန်းဂေါတမသည် ငါ့အားသာလျှင် အလှူကိုပေးလှူ အပ်၏။ တစ်ပါးသောသူတို့အား အလှူကိုမလှူအပ်။ ငါ၏တပည့် သားတို့အားသာလျှင် အလှူကိုပေးလှူအပ်၏။ တစ်ပါးသောသူတို့ ၏တပည့်သားများအား မပေးလှူအပ်၊ ငါ့အားလှူသော အလှူ

သည်သာလျှင် အကျိုးကြီး၏။ တစ်ပါးသောသူတို့၏တပည့်သား တို့အားလှူသောအလှူသည် အကျိုးမကြီးဟု ဟောတော်မူ၏ဟူ သောစကားကို ကြားဖူးပါသည်။”

ဤသို့ဖြစ်လျက်လည်း မြတ်စွာဘုရားသည် ကျွန်ုပ်ကို နိဂဏ္ဌတို့ကိုလည်း ပေးလှူခြင်း၌ ဆောက်တည်စေ၏။ အရှင်ဘုရား စင်စစ်သဘောကား ကျွန်ုပ်တို့သည် ထိုအလှူပေးခြင်း၌ အခါကာ လကိုသိပါကုန်အံ့။ အရှင်ဘုရား ထိုအကျွန်ုပ်သည် သုံးကြိမ်မြောက် လည်း ဘုရား၊ တရား၊ သံဃာတို့ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ် ပါ၏။ မြတ်စွာဘုရားသည် ယနေ့မှစ၍ အသက်ထက်ဆုံးရတနာ သုံးပါးကို ဆည်းကပ်သောဥပါသကာဟူ၍ မှတ်တော်မူပါဘုရား” ဟု လျှောက်ထားလေသည်။

ထိုအခါ မြတ်စွာဘုရားသည် သီဟစစ်သူကြီးအား အစဉ် အတိုင်းဖြစ်သော ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ ကာမာ နံ့အာဒိနဝကထာတို့ကို ဟောကြားပြီး သီလစစ်သူကြီးအား မြတ် စွာဘုရားသာသနာတော်၌ ရဲရင့်သည်၏အဖြစ်သို့ ရောက်သည် ဖြစ်၍ ဘုရားမှတစ်ပါး ကိုးစားထိုက်သူမရှိသည်အဖြစ်သို့ရောက် စေသည်။

“အရှင်ဘုရား. . . မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့် အတူတကွနက်ဖြန်ဆွမ်းအတွက် တပည့်တော်၏ဆွမ်းကို လက်ခံ ပေးတော်မူပါဘုရား”
ဟု လျှောက်ထားရာမြတ်စွာဘုရားသည် ဆိတ်ဆိတ်နေသဖြင့်

သီဟစစ်သူကြီး၏ဆွမ်းကို လက်ခံတော်မူလေသည်။ သီဟစစ်သူကြီးသည် ဘုရားရှင်ကဆွမ်းကို လက်ခံသည်ကို သိသောအခါ ဘုရားရှင်ကိုရှိခိုးပြီးလျှင် အရှိအသေပြုကာ ဖဲခွါလာခဲ့လေသည်။

သီဟစစ်သူကြီးသည် အိမ်သို့ရောက်သောအခါ ယောကျ်ားတစ်ယောက်ကို-

"အချင်းသွားချေ။ အလိုလိုဖြစ်သောအသားတို့ကို ဝယ်ယူခဲ့ပါလော"

ဟု စေခိုင်းလေသည်။

ထိုအခါ၌ သီဟစစ်သူကြီးသည် ထိုညဉ့်လွန်သောအခါ မွန်မြတ်သောခဲဘွယ်, ဘောဇဉ်တို့ကို စီရင်ပြီးလျှင် မြတ်စွာဘုရားအား-

"အရှင်ဘုရား. . . ဆွမ်းကိုဘုဉ်းပေးရန် အချိန်တန်ပါပြီ ဘုရား"

ဟု အချိန်တန်ကြောင်းကို လျှောက်ကြားလေသည်။

ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်သံဃာတော်များနှင့်တကွ သီဟစစ်သူကြီး၏အိမ်သို့ကြွ၍ ခင်းထားသောနေရာ၌ ထိုင်နေတော်မူသည်။

ထိုအခါ၌ များစွာသောနိဂဏ္ဌတို့သည် ဝေသာလီပြည်၌ ခရီးလမ်းမတစ်ခုမှ ခရီးလမ်းမတစ်ခုသို့လည်းကောင်း၊ လမ်းဆုံတစ်ခုမှလမ်းဆုံတစ်ခုသို့လည်းကောင်းသွား၍ လက်မောင်းတို့ကို ပြောက်ကုန်လျက်

"ယနေ့သီဟာစစ်သူကြီးသည် ဆူဖြိုးသော ကျွဲ, နွား, ဆိတ် ပက်အစရှိသော သတ္တဝါတို့ကိုသတ်၍ ရဟန်းဂေါတမအားဆွမ်း လုပ်ကျွေး၏။ ရဟန်းဂေါတမသည် သိလျက်ရည်၍သတ်သော အမဲသားကိုစား၏။ မိမိကိုစွဲ၍သတ်သော မကောင်းမှုကံကိုရ၏" ဟု ဟစ်အော်ကြွေးကြော်ကုန်၏။

ထိုအခါ ယောကျ်ားတစ်ယောက်သည် သီဟစစ်သူကြီး အိမ်သို့ချဉ်းကပ်ပြီးလျှင် သီဟစစ်သူကြီး၏နားရင်း၌ကပ်၍ နိဂဏ္ဌ တို့ကို လှည့်လည်သွားလာ အော်ဟစ်နေပုံအကြောင်းစုံကို ပြော ပြလေသည်။

"အမောင်. . . မသင့်တော်ချေ။ ထိုအရှင်နိဂဏ္ဌတို့သည် ရှည်စွာသောနေ့ညဉ့်ပတ်လုံး ဘုရား၊ တရား၊ သံဃာတို့၏ကျေး ဇူးမဲ့ကို အလိုရှိကုန်၏။ ထိုအရှင်နိဂဏ္ဌတို့သည် မြတ်စွာဘုရားကို ထင်ရှားမရှိဘဲ အချည်းနှီးမဟုတ်မမှန်သောစကားဖြင့် စွပ်စွဲကြ သည်ကား မစဲနိုင်ကြကုန်။ ငါတို့သည်ကား အသက်ဟူသော အကြောင်းကြောင့်လည်း သေစေလိုသောစေတနာဖြင့် သူ၏ အသက်ကိုမသတ်စေကုန်ရာ"
ဟုပြောဆို၏။

ထိုအခါ သီဟစစ်သူကြီးသည် ဘုရားအမျှူးရှိသော ရဟန်း သံဃာကိုမွန်မြတ်သော ဆွမ်း၊ ခဲဘွယ်၊ ဘောဇဉ်တို့ဖြင့် ရောင့်ရဲ သည်တိုင်အောင် တားမြစ်သည်တိုင်အောင် မိမိကိုယ်တိုင် လုပ် ကျွေးခဲ့သည်။

ဆွမ်းကိစ္စပြီးစီးသောအခါ သင့်ရာ်နေရာ၌ ထိုင်နေသော သီဟစစ်သူကြီးအား မြတ်စွာဘုရားသည် တရားစကားဖြင့် အကျိုးစီးပွားကိုသိစေလျက် တရားကိုဆောက်တည်စေကာ တရားကျင့်သုံးရန် ထက်သန်ရွှင်လန်းစေပြီးသော် နေရာမှထ,ကာ ဖဲခွါကြွတော်မူလေသည်။

ထို့နောက်ဘုရားရှင်သည် သီတင်းသုံးရာကျောင်းသို့ ရောက်သော်သံဃာတော်များကို စုဝေးစေ၍ နိဂဏ္ဌာတို့စွပ်စွဲသော အကြောင်းနှင့်ပတ်သက်၍ တရားစကားကို ဟောကြားပြီးလျှင်-

"ရဟန်းတို့. . . သိလျက်နှင့်ရည်ညွှန်း၍ သတ်အပ်သော အသားကို မစားအပ်။ စားသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်စေ၊

"ရဟန်းတို့ မမြင်သော၊ မကြားသောယုံမှားခြင်းမရှိသော အစွန်းသုံးပါးမှ စင်ကြယ်သောငါးအမဲကို ခွင့်ပြု၏"

ဟု မိန့်ကြားတော်မူလေသည်။

ဤသို့လျှင် မြတ်စွာဘုရားသည် နိဂဏ္ဌာဆရာကြီး စွပ်စွဲသော အကိရိယဝါဒအယူ သိလျက်နှင့်သတ်သောအသားကိုစားသူဟု စွပ်စွဲပုတ်ခတ်မှုအပေါ် ဤသို့သော လောကသဘာဝတရားစကားဖြင့် ဖြေရှင်းပြတော်မူသည်။

(ကျမ်းကိုး-မဟာဝဂ္ဂ(ဝိနည်း)
ဘေသဇ္ဇက္ခန္ဓက- သီဟစစ်သူကြီးဝတ္ထု)
( အနော်မာမဂ္ဂဇင်း၊ အမှတ်-၈၈ )

## ၁၄။ ဗုဒ္ဓဂေါတမနှင့် သိဟာစစ်သူကြီး ဆွမ်းကျွေးအသားစားမှု

ရဟန်းတို့သည် . . . နာဋ၏သားဖြစ်သောနိဂဏ္ဌသ၊ သည် ရဟန်းဂေါတမသည် သိလျက်ရည်၍ ပြုအပ်သောအသားကို စား၏ဟု ပရိတ်သတ်နှင့်တကွ ဆဲရေးလျက်လှည့်လည်သည် ဟူသောစကားကို ဖြစ်စေကုန်၏။ ထိုစကားကို ဘုရားရှင်သည် ကြား၍-

"ရဟန်းတို့ . . . နာဋ၏သားနိဂဏ္ဌသည် ယခုအခါ၌သာလျှင် ရည်၍ပြုအပ်သောအသားကို စားသောအားဖြင့် ငါ့ကို ကဲ့ရဲ့သည်မဟုတ်သေး။ ရှေးကလည်းကဲ့ရဲ့ဖူးသည်သာလျှင်တည်း"

"မြတ်စွာဘုရား . . . ထိုအကြောင်းကိုသိပါရစေဘုရား"

"ရဟန်းတို့လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ ဖြစ်၍ အရွယ်ရောက်သည်ရှိသော် ရသေ့ရဟန်းပြု၍နေသည်"

တစ်နေ့ ချဉ်ဆားကို မှီဝဲအံ့သောငှါ ဟိမဝန္တာမှနေ၍ ဗာရာဏသီသို့လာခဲ့ပြီး နောက်နေ့နံနက်ဆွမ်းအတွက် ဗာရာဏသီမြို့ထဲသို့ ဆွမ်းခံဝင်သည်။

ထိုအခါ သူကြွယ်တစ်ယောက်သည် ရသေ့ကိုညှင်းဆဲအံ့ဟုကြံ၍ ရသေ့ကိုအိမ်တွင်းသို့ပင့်ကာ ခင်းထားသောနေရာ၌ ထိုင်စေပြီးငါးအမဲတို့ဖြင့် ဆွမ်းကိုလုပ်ကျွေးသည်။

ဆွမ်းဘုဉ်းပေးကိစ္စပြီးသောအခါ သင့်ရာနေရာ၌နေပြီး-

"ရှင်ရသေ့. . . သင့်ကိုသာလျှင် သတ္တဝါတို့ကို သတ်၍ ဤအမဲကိုပြုအပ်၏။ ဤအကုသိုလ်သည် ငါတို့အားသာလျှင် မဖြစ်စေလင့်။ သင်တို့အားလည်း ဖြစ်စေသတည်း။"

"ရှင်ရသေ့. . . သီလမရှိသောသူသည် ပုတ်ခတ်၍ လည်းကောင်း၊ ဖြတ်၍လည်းကောင်း၊ သတ်၍လည်းကောင်း၊ အလှူကိုလှူ၏။ ဤသို့သဘောရှိသော ဆွမ်းကိုစားသောရဟန်းသည် မကောင်းမှုဖြင့် လိမ်းကျံ၏"

ဟူ၍ သူဌေးကဆိုလေသည်။

"ဒါယကာ. . . သီလမရှိသောသူသည် သားမယားကို သော်လည်းသတ်၍ အလှူကိုအကယ်၍လှူစေမူ ပညာရှိသော ပုဂ္ဂိုလ်သည် ထိုဆွမ်းကိုစားသော်လည်း မကောင်းမှုဖြင့် မလိမ်းကျံပါ"

ဟု ဘုရားလောင်းရသေ့က ဟောကြားပြီးနေရာမှထ၍ ပြန်ကြွလေသည်။

"ယခုခါ နာဋ္ဌ၏သား နိဂဏ္ဌသည် ထိုအခါသူကြွယ်ဖြစ်ခဲ့ပြီး ထိုအခါ ရသေ့သည်ယခုခါ ငါဘုရားဖြစ်ခဲ့ပြီ"

ဟု ဘုရားရှင်ကဇာတ်တော်ပေါင်း၍ ဟောကြားပြတော်မူသည်။

**(ကျမ်းကိုး-သီဂါလဝဂ်၊ တလောဝါဒ၊ ဇာတက)**

**( အနော်မာမဂ္ဂဇင်း၊ အမှတ်-၆၅ )**

## ၁၅။ ဂေါတမဗုဒ္ဓနှင့်သီဟသေနာပတိ

မြတ်စွာဘုရားသည် ဝေသာလီပြည်မဟာဝုန်တော၊ ပြသာဒ်ပေါက်သောကျောင်း၌ သီတင်းသုံးနေချိန်ဖြစ်သည်။

တစ်နေ့တွင် သီဟာစစ်သူကြီးသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ ဘုရားရှင်အားရှိခိုးကာ သင့်ရာနေရာ၌ထိုင်ရင်း-

"အရှင်ဘုရား. . . မြတ်စွာဘုရားသည် ကိုယ်တိုင်သိမြင်ရသောအလှူ၏အကျိုးကို ပညတ်ရန်တတ်နိုင်ပါသလော" ဟု မေးလျှောက်သည်။

"သီဟ. . . ဤသို့ဖြစ်လျှင် ဤအရာ၌သင့်ကိုပင် ပြန်မေးဦးမည်။ သင်နှစ်သက်သလို ဖြေကြားပါ။"

"ကောင်းပါပြီ. . . အရှင်ဘုရား"

"ဤအရာ၌ သင်မည်သို့မှတ်ထင်ပါသနည်း။ ဤလောက၌ ယောကျ်ားတစ်ယောက်သည် သဒ္ဓါတရားမရှိ။ ဝန်တိုမှုရှိ၏။ အလွန်ကပ်စေးနှဲ၏။ အလှူခံပုဂ္ဂိုလ်တို့အား ဆဲရေးတတ်၏။ တစ်ယောက်သောယောကျ်ားကား အလှူရှင်ဖြစ်၏။ အဖန်ဖန်ပေးလှူခြင်း၌ မွေ့လျော်၏။ ထိုယောကျ်ားနှစ်ယောက်တွင် ရဟန္တာပုဂ္ဂိုလ်သည် အဘယ်ပုဂ္ဂိုလ်ကိုရှေးဦးစွာ သနားစောင့်ရှောက်ကုန်ရာသနည်း။"

- အဘယ်သူထံသို့ ရှေးဦးစွာချဉ်းကပ်ကုန်ရာသနည်း။
- အဘယ်သူ၏ အလှူကိုရှေးဦးစွာ အလှူခံကုန်ရာသနည်း၊
- အဘယ်သူကို ရှေးဦးစွာတရားဟောပါမည်နည်း။
- အဘယ်သူသည် ကောင်းသောသတင်းကျော်စောသံ ပျံ့နှံ့တတ်ရာသနည်း၊
- အဘယ်သူသည် မင်း, ပုဏ္ဏား, သူကြွယ်, ရဟန်း, ပရိသတ်၌ ရဲရင့်စွာမျက်နှာရှင်လန်းလျက် ချဉ်းကပ်နိုင်မည်နည်း။
- အဘယ်သူသည် သေပြီးနောက်ကောင်းသောလားရာ နတ်ပြည်သို့ရောက်ပါမည်နည်း။

ဟု ဗုဒ္ဓဂေါတမက တစ်ချက်စီအသီးသီးမေးသည်။

တိုအခါ သီဟစစ်သူကြီးကလည်း-

"အရှင်ဘုရား. . . ရဟန္တာပုဂ္ဂိုလ်သည် သဒ္ဓါတရားမရှိ ငန်တိုကပ်စေးနည်း၊ အလှူခံကိုအား ဆဲရေးသောယောက်ျား၌ အဘယ်ကြောင့် ရှေးဦးစွာစောင့်ရှောက်မည်နည်း။ ရှေးဦးစွာချဉ်းကပ်ပါမည်နည်း။ ရှေးဦးစွာ အလှူခံကုန်ပါမည်နည်း၊ ရှေးဦးစွာ တရားဟောပါမည်နည်း။ ကောင်းသတင်းကျော်စောပါမည်နည်း။

သဒ္ဓါတရားရှိ အလှူရှင်ဖြစ်၊ အဖန်ဖန်ပေးလှူခြင်းရှိသော ယောက်ျားတို့ကိုသာလျှင် ရှေးဦးစွာ သနားစောင့်ရှောက်ပါမည်-

- ရှေးဦးစွာချဉ်းကပ်ပါမည်။

- ရှေးဦးစွာ အလှူခံပါမည်။
- ရှေးဦးစွာ တရားဟောပါမည်။
- ထိုသူသည်သာ ကောင်းသတင်းကျော်စောပါမည်။

ထိုသူသည် မင်း, ပုဏ္ဏား, သူကြွယ်, ရဟန်းပရိသတ်လေးပါး၌ ကြောက်ရွံကင်းစွာ ရှင်ပြသောမျက်နှာဖြင့် ဝင်နိုင်ပါသည်။

-ထိုသူသည်သာ သေသောအခါ ကောင်းသောလားရာ နတ်ပြည်သို့ရောက်ပါမည်ဟု တစ်ချက်စီပင် အသီးသီးပြန်ဖြေပါသည်။

(အင်္ဂုတ္တိုရ်၊ အဋ္ဌကတဝဂ်၊ သီဟသေနာပတိဝတ္ထု)

## ၁၆။ ဗုဒ္ဓဂေါတမနှင့် လိစ္ဆဝီသီဟစစ်သူကြီး (ကိုယ်တိုင်သိမြင်အပ်သော အလှူဒါနအကျိုး)

မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တောရှိ ပြဿာဒ်ပေါက်သောကျောင်း၌ သီတင်းသုံးနေချိန်ဖြစ်သည်။

တစ်နေ့သောအခါ ဗုဒ္ဓဘာသာဝင်ဖြစ်ပြီးသော သီဟစစ်သူကြီးသည် ဗုဒ္ဓထံချဉ်းကပ်၍ ရှိခိုးကာသင့်ရာနေရာ၌ ထိုင်ပြီးလျှင်-

"မြတ်စွာဘုရား. . . အရှင်သည် ကိုယ်တိုင်သိမြင်အပ်သော အလှူဒါန၏အကျိုးကို ပညတ်ရန်တတ်နိုင်ပါသလော" ဟု မေးလျှောက်သည်။

"သီဟ. . . တတ်နိုင်ပါ၏"

"အရှင်ဘုရား. . . သိလိုပါသည်ဘုရား။ မိန့်ကြားပေးတော်မူပါ"

"သီဟ. . . ပေးလှူတတ်သော အလှူရှင်သည် လူများစွာတို့ချစ်ခင်မြတ်နိုးကြ၏။

သီဟ. . . ပေးလှူတတ်သော အလှူရှင်ထံသို့ ငြိမ်သက်သော စိတ်နှလုံးရှိသောသူတို့သည် ချဉ်းကပ်ကြကုန်၏။"

"သီဟ. . . ပေးလှူတတ်သော အလှူရှင်၏ကောင်းသောကျော်စောသံသည် ပျံ့နှံ့၍တက်၏။"

"သီဟ. . . ပေးလှူတတ်သောအလှူရှင်သည် မင်း, ပုဏ္ဏား, သူကြွယ်, ရဟန်း, ဟူသော ပရိသတ်လေးပါးအလယ်သို့ ဝင်သောအခါ ရဲရဲဝံ့ဝံ့မျက်နှာရွှင်ပြစွာ ချဉ်းကပ်ရ၏။

"သီဟ. . . ပေးလှူတတ်သောအလှူရှင်သည် ကိုယ်ခန္ဓာဝမှ သေပြီးသော် ကောင်းသောလားရာ နတ်ပြည်သို့ရောက်ရ၏။

ဤအကျိုးများသည် ကိုယ်တိုင်သိမြင်အပ်သော အလှူ၏ အလှူ၏အကျိုးတည်း။"

"မြတ်စွာဘုရား. . . အရှင်ဘုရားဟောကြားအပ်သော ကိုယ်တိုင်သိမြင်အပ်သော အလှူ၏အကျိုးလေးပါးကို သိလို၍ အရှင်ဘုရားထံ ဆည်းကပ်သည်မဟုတ်ပါ။ ထိုရှေ့အကျိုးလေး ပါးကို တပည့်တော်သည် ပေးလှူသူဖြစ်၍ အလှူ၌မြတ်နိုးသူဖြစ် ၍ ကိုယ်ကိုင်လည်းသိ၊ ကိုယ်တိုင်လည်းခံစားရပါသည်။

ကျွန်ုပ်သည် ပေးလှူတတ်သူအလှူရှင်ဖြစ်၍ များစွာသော လူကိုချစ်မြတ်နိုးခံရပါ၏။ ကျွန်ုပ်ထံသို့ငြိမ်သက်သော စိတ်နှလုံး ရှိသော သူတော်ကောင်းကို ချဉ်းကပ်ကြပါ၏။ သီဟစစ်သူကြီး သည် ပေးလှူတတ်၏။ သံဃာအားကျေးဇူးပြု၏။ သံဃာ၏ အလုပ်အကျွေးဖြစ်၏ဟု ကျော်စောသတင်း ပျံ့နှံ့ထွက်ပါ၏။

နောက်ဆုံးအကျိုး သေပြီးနောက်နတ်ပြည်ရောက်သည် ဟူသော အကျိုးကိုကား ကျွန်ုပ်မသိပါ။ ဤအကျိုးကိုသိလို၍ ဘုရားရှင်ထံဆည်းကပ်ခြင်း ဖြစ်ပါ၏။"

"သီဟ. . . ဤအကျိုးသည် ဤအတိုင်းမှန်၏။ သေလျှင် နတ်ပြည်ရောက်ရ၏။ "

"ပေးလှူကတ်သူကို လူအများက ချစ်ခင်၏။ လူအပေါင်းတို့ ချဉ်းကပ်ကုန်၏။ ကျော်စောခြင်းသို့ရောက်၏။ အခြံအရံတိုးပွား၏။ နှမြောဝန်တိုမှကင်းသူသည် မျက်နှာသာယာ ရွှင်ပြသည်ဖြစ်၍ ရဲရဲဝံ့ဝံ့ပရိသတ်သို့ သက်ဝင်နိုင်၏။"

ယို့ကြောင့်ပင် ချမ်းသာမှုကိုရှာကြံလေ့ရှိသော ပညာရှိတို့သည် နှမြောဝန်တိုမှု အညစ်အကြေးကိုပယ်ဖျောက်၍ အလှူအတန်းကိုပေးလှူကြကုန်၏။ ထိုသူတို့သည် ကာလကြာမြင့်စွာ တာဝတိံသာနတ်တို့၏ အသင်းဝင်အဖြစ်သို့ရောက်၍ မွေ့လျော်ကြရကုန်၏။

"အခွင့်အရေးရပြီး၊ ကုသိုလ်ပြုပြီးသူတို့သည် ဤဘဝမှ ရွေ့လျောကုန်သည်ရှိသော် မိမိတို့ကိုယ်ကိုအရောင်အဝါဖြင့် လှည့်လည်သွားကြရကုန်၏။ ထိုသူတို့သည် နန္ဒဝန်နတ်ဥယျာဉ်၌ ကာမဂုဏ်ငါးပါးတို့ဖြင့် ပြည့်စုံကုန်လျက် နှစ်သက်ရကုန်၏။ မွေ့လျော်ရကုန်၏။ ဝမ်းမြောက်ရကုန်၏။"

တဏှာတောင်းတမှုကိုမမှီသော တာဒိဂုဏ်ရှိသောမြတ်စွာဘုရား၏ စကားတော်ကို တပည့်သာဝကတို့သည် လိုက်နာပြုကျင့်၍ နတ်ပြည်၌မွေ့လျော်ရလေကုန်၏။

**(အင်္ဂုတ္တိုရ်ပထမပဏ္ဏာသက၊ သုမနဝဂ်၊ သီဟသေနာပတိသုတ်)**

**( အနော်မာမဂ္ဂဇင်း အမှတ်-၆၇ )**

## ၁၇။ ရဟန်းတို့ရည်ညွှန်းသောအသားစား-မစား

အခါတစ်ပါး၌ ဂေါတမဗုဒ္ဓသည် ဇီဝက၏သရက်ဥယျာဉ်၌ သီတင်းသုံးနေချိန်ဖြစ်သည်။

တစ်နေ့တွင် အဘယမင်းသားမွေးစားထားသော ဇီဝကသည် ဗုဒ္ဓဂေါတမထံသို့ လာရောက်ချဉ်းကပ်၍ ရှိခိုးပြီးတစ်ခုသော သင့်ရာနေရာ၌ ထိုင်ပြီးသော် ဗုဒ္ဓအား-

"အရှင်ဘုရား . . . တပည့်တော်သည် ဤသို့သောစကားကို ကြားခဲ့ရပါ၏။"

ရဟန်းဂေါတမကို ရည်ညွှန်း၍ သတ္တဝါတို့ကို သတ်ကြကုန်၏။ ရည်ညွှန်း၍ပြုအပ်သော မိမိကိုစွဲ၍ပြုသော ထိုအသားကို ရဟန်းဂေါတမသည် သိလျက်သုံးဆောင်စားသောက်၏ဟု ကြားရပါသည်။ ဤပြောဆိုသောသူတို့သည် အရှင်ဘုရား၏စကားအရ ပြောဆိုကြသူများဖြစ်ကြပါကုန်သလော။ သို့မဟုတ် အရှင်ဘုရားကိုမဟုတ်မမှန်သောအားဖြင့် စွပ်စွဲကြသည်ဖြစ်ပါသလော"

"အကြောင်းမှန်ကို အကြောင်းမှန်အားလျော်စွာ ပြောကြားကြသည်ဖြစ်ပါသလား၊ အရှင်ဘုရား၏စကားကိုလိုက်၍ ပြောဆိုခြင်းသည် သူတစ်ပါးကဲ့ရဲ့အပ်သော အကြောင်းရှိသည်ဖြစ်၍ ကဲ့ရဲ့စရာအကြောင်းသည် အနည်းငယ်မျှမဖြစ်ပါသလော"

ဟု မေးလျှောက်လေသည်။

"ဇီဝက. . . ရဟန်းဂေါတမကို ရည်ညွှန်း၍သတ်သော အသားကိုရဟန်းဂေါတမသည် သိလျက်နှင့်သုံးဆောင်၏။ စားသောက်၏ဟု ပြောဆိုကြသောသူတို့သည် ငါ၏စကားကိုလိုက်၍ ပြောဆိုကြသူများ မဟုတ်ကြကုန်။ ငါ့ကိုမဟုတ်မှန်သောအားဖြင့် စွပ်စွဲကြခြင်းသာဖြစ်၏။

ဇီဝက. . . သုံးပါးသောအကြောင်းတို့ဖြင့် မသုံးဆောင်ကောင်းဟူ၍ ငါဟောကြား၏။ မြင်ခြင်း, ကြားခြင်း, ယုံမှားခြင်းဟူသော ဤသုံးပါးသောအကြောင်းတို့ဖြင့် အသားကိုမသုံးဆောင်ကောင်းဟူ၍ ငါဟောကြား၏။

ဇီဝက. . . သုံးပါးသောအကြောင်းတို့ဖြင့် အသားကိုသုံးဆောင်ကောင်း၏ဟူ၍ ငါဟောကြား၏။ မမြင်ခြင်း၊ မကြားခြင်း၊ ယုံမှားမရှိခြင်းဟူသော ဤသုံးပါးသောအကြောင်းတို့ဖြင့် အသားကို သုံးဆောင်ကောင်း၏ဟူ၍ ငါဟောကြား၏။

"ဇီဝက. . . ဤသာသနာတော်၌ ရဟန်းသည်တစ်ခုခုသော ရွာနိဂုံး၌ မှီတင်းနေ၏။ ထိုရဟန်းသည် အရပ်ဆယ်မျက်နှာကိုချစ်ခြင်းမေတ္တာဖြင့် သနားခြင်း ကရုဏာ၊ ဝမ်းမြောက်ခြင်း မုဒိတာ၊ လျစ်လျူရှုခြင်း ဥပေက္ခာဖြင့် ပျံ့နှံ့၍နေ၏။ အလုံးစုံသော သတ္တဝါတို့ကို မိမိနှင့်ထပ်တူစွာ ချစ်ခြင်းမေတ္တာကရုဏာ၊ မုဒိတာ ဥပေက္ခာထား၍ ပျံ့နှံ့စေ၍နေ၏။

ထိုရဟန်းကို သူကြွယ်(သို့မဟုတ်)သူကြွယ်သားသည် ထိုရဟန်းကို နောက်နေ့နံနက်အတွက် ဆွမ်းစားပင့်ဖိတ်၏။ ရဟန်း

သည် အလိုရှိသည်ဖြစ်၍ ထိုဆွမ်းကိုလက်ခံလိုက်၏။ နောက်နေ့ နံနက်တွင် ထိုပင့်ဖိတ်သော သူကြွယ်အိမ်သို့ဆွမ်းစားကြွသည်။ သူကြွယ်သည် ထိုရဟန်းကိုမွန်မြတ်သောဆွမ်းဖြင့် ပြုစုလုပ်ကျွေးသည်။

ထိုရဟန်းကား ငါ့အားဤသူကို့သည် မွန်မြတ်သောဆွမ်းဖြင့် လုပ်ကျွေးပါမူကောင်းလေစွ-ဟု ဤသို့သောအကြံသည်မဖြစ် ငါ့အားဤသူတို့သည် နောင်အခါ၌ဤသို့မွန်မြတ်သောဆွမ်းဖြင့် လုပ်ကျွေးပါမူ ကောင်းလေစွ-ဟု ဤသို့သောအကြံသည် ထိုရဟန်းအားမဖြစ်။ ထိုရဟန်းသည် ထိုဆွမ်းကိုမတပ်မက်မတွေ ဝေဘဲ မစွဲလမ်းဟူ၍ အပြစ်ကိုရှုလေ့ရှိသည်ဖြစ်၍ လွတ်မြောက်ကြောင်း အဆင်အခြင်ရှိသည်ဖြစ်၍ သုံးဆောင်၏။

ဇီဝက. . . ထိုစကားကို သင်အဘယ်သို့ မှတ်ထင်ပါသနည်း။ ထိုရဟန်းသည် ထိုအခါ၌ မိမိဆင်းရဲခြင်းငှါလည်း စေ့ဆော်သလော၊ သူတစ်ပါးဆင်းရဲခြင်းငှါလည်း စေ့ဆော်သလော၊ မိမိသူတစ်ပါးနှစ်ပါးလုံး ဆင်းရဲခြင်းငှါလည်း စေ့ဆော်ပါသလော"

"အရှင်ဘုရား. . . မစေ့ဆော်ပါ"

"ဇီဝက. . . ထိုရဟန်းသည် ထိုအခါ၌အပြစ်မရှိလျှင်ဖြစ်သောအာဟာရကို သုံးဆောင်အပ်သည်မဟုတ်ပါလော"

"အရှင်ဘုရား. . . မှန်ပါသည်။ အရှင်ဘုရား. . . ဗြဟ္မာသည် မေတ္တာဖြင့်နေလေ့ရှိ၏ဟူသော ဤစကားကိုတပည့်တော်ကြားဖူးပါသည်။ ထိုဗြဟ္မာကြီးဟူသည် ဤသည်ပင်တည်းဟု

မြတ်စွာဘုရားကို တပည့်တော်မျက်မြင်တွေ့ရပါသည် မြတ်စွာဘုရားသည် မေတ္တာဖြင့်နေလေ့ရှိတော်မူပါပေ၏။"

"ဇီဝက. . . အကြင်ရာဂ, ဒေါသ, မောဟကြောင့်ဆင်းရဲဖြစ်ရာ၏။ ငါဘုရားသည် ထိုရာဂ, ဒေါသ, မောဟတို့ကို ပယ်ပြီးအမြစ်ကို အကြွင်းမဲ့ဖြုတ်ပြီးလျှင် နှုတ်ပြီးသောထန်းပင်ရာကဲ့သို့ ပြုပြီးပြီ။ အသစ်မဖြစ်ခြင်းကို ပြုပြီးပြီ။ နောက်အခါဖြစ်ခြင်းသဘောမရှိတော့ချေ။

"ဇီဝက. . . သင်သည် ဤသဘောကို ရည်ရွယ်လျက်အကယ်၍ပြောဆိုသည်ဖြစ်အံ့။ ငါဘုရားသည် သင်၏ထိုစကားကို ခွင့်ပြု၏။"

"အရှင်ဘုရား. . . တပည့်တော်သည် ဤသဘောကိုသာလျှင် ရည်ရွယ်၍ပြောဆိုပါ၏။"

"ဇီဝက. . . မြတ်စွာဘုရားကိုလည်းကောင်း၊ မြတ်စွာဘုရား၏တပည့်သားကိုလည်းကောင်း ရည်ညွှန်း၍သတ္တဝါတို့ကိုသတ်ဖြတ်ညှင်းဆဲသော ထိုသူသည်ငါးပါးသောအကြောင်းတို့ဖြင့် များစွာသောမကောင်းမှုကို ဖြစ်ပွားစေ၏။ ထိုသူသည်-

- သွားကြလေကုန်။ ဤမည်သောသတ္တဝါတို့ကို ဆောင်ယူခဲ့ကြကုန်ဟု ဤသို့ပြောဆိုသော ရှေးဦးစွာသောအကြောင်းဖြင့် များစွာသောမကောင်းမှုကို ဖြစ်ပွားစေ၏

- ထိုသူသည် လည်ပင်း၌ဖွဲ့ချည်၍ အဆောင်းခံရသောသတ္တဝါ၏ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ခံစားရခြင်းဟူသော ဤနှစ်ခု

မြောက်သောအကြောင်းဖြင့် များစွာသောမကောင်းမှုများဖြစ်ပွား စေ၏။

- ထိုသူသည် သွားကြကုန်။ ဤသတ္တဝါတို့သတ်ခဲ့ကြလေ ကုန်ဟု ဤသို့ပြောဆိုသော ဤသုံးခုမြောက်သော အကြောင်းဖြင့် များစွာသောမကောင်းမှုကို ဖြစ်ပွားစေ၏။

- ထိုသူသည် အသတ်ခံရသောသတ္တဝါ၏ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲခံစားရခြင်းဟူသော ဤလေးခုမြောက်သော အကြောင်းဖြင့် များစွာသောမကောင်းမှုကို ဖြစ်ပွားစေ၏။

- ထိုသူသည် ဘုရားရှင်နှင့်ဘုရားရှင်၏တပည့်သံဃာကို မအပ်သောအသားမျိုးဖြင့် အရှိန်အစော်မဲ့စေခြင်း ဟူသော ဤငါးခုမြောက်သောအကြောင်းဖြင့် များစွာသောမကောင်းမှုကို ဖြစ်ပွားစေ၏။

ဇီဝက. . . ဘုရားရှင်နှင့်တပည့်သားသံဃာကို ရည်ညွှန်း၍ သတ္တဝါကိုသတ်ဖြတ်ညှင်းဆဲသောသူသည် ဤငါးပါးသော အကြောင်းဖြင့်များစွာသော မကောင်းမှုကို ဖြစ်ပွားစေ၏။

"အရှင်ဘုရား. . . အံ့ဖွယ်ရှိပါပေစွ။ မဖြစ်ဖူးမြဲဖြစ်ပေစွ၊ အရှင်ဘုရား ရဟန်းတို့သည် အပ်သောအာဟာရကိုသာ သုံးဆောင်ကြကုန်စွတကား။ အပြစ်မရှိသောအာဟာရကိုသာလျှင် ရဟန်းတို့သည် သုံးဆောင်ကြစွတကား။"

"အရှင်ဘုရား တရားတော်သည် အလွန်နှစ်သက်ဖွယ်ရှိ ပါပေစွ။ အရှင်ဘုရား. . . ဥပမာသော်ကား မှောက်ထားသော

ဝတ္ထုကိုလှန်ပြဘိသကဲ့သို့လည်းကောင်း၊ ဖုံးလွှမ်းထားသောဝတ္ထုကိုဖွင့်လှစ်ပြသကဲ့သို့လည်းကောင်း၊ မျက်စိလည်လမ်းမှားသူအား လမ်းမှန်ကိုပြောကြားဘိသကဲ့သို့လည်းကောင်း၊ မျက်စိကောင်းသောသူတို့သည် အဆင်းကိုမြင်ကြရလိမ့်မည်ဟု အမိုက်မှောင်၌ ဆီမီးကိုထွန်းပြသကဲ့သို့လည်းကောင်း၊ အရှင်ဘုရား ဤအတူသာလျှင် မြတ်စွာဘုရားသည် အကြောင်းအမျိုးမျိုးပြသ၍ တရားကိုဟောကြားပြသပြီး ပြဿနာကိုဖြေရှင်းပြသပေးခဲ့ပါ၏။

ကျွန်ုပ်သည် ယနေ့မှစ၍ အရှင်ဘုရားနှင့်တကွ တရားတပည့်သံဃာတို့ကို ကိုးကွယ်ဆည်းကပ်ပါ၏။ တပည့်တော်က အစဉ်ထာဝရ ရတနာသုံးပါးကို ဆည်းကပ်သောဥပါသကာဟူ၍ မှတ်တော်မူပါဘုရား၊"

ဟု လျှောက်ထားပြီး ဘုရားရှင်နှင့်သံဃာတော်များအပေါ်၌ ရည်ညွှန်းအသားစားမှုနှင့် ပတ်သက်စွပ်စွဲကြသူ၏ မဟုတ်မမှန်စွပ်စွဲမှုနှင့် ရဟန်းတို့၏အသားနှင့်ပတ်သက်သော ခံယူချက်၊ စားသောက်မှု ခံယူချက်တို့ကို ကောင်းစွာသိရှိသဘောပေါက်သွားလေပြီး ဥပါသကာအဖြစ်ခံယူသွားလေသည်။

(ကျမ်းကိုး-မဇ္ဈိမပဏ္ဏာသ၊ ဂဟပတိဝဂ်၊ ဇီဝကသုတ်)
( အင်္ဂုတ္တိုရ်-အဋ္ဌကနိပါတ်၊ အမှတ်-၈၂ )

၀ ၀ ၀ အပိုင်း(၁) ပြီး၏ ၀ ၀ ၀

ရန်ယောင်ဒေါမျက်
အခိုးထွက်သည်
ညှို့လက်ချချ
ယျော့ဘိကလျှင်
ရေစရောက်လေ
မီးသို့သေ၏။
မထေမဲ့မြင်
မြူမှုန်ထင်လည်း
ရေစင်သွန်းချိုး
ခန္တီမိုးဖြင့်
မျက်ငြိုးငြိမ်းစေ
သည်းသည်းစွေလျက်

ပါရမီတော်ခန်းပျို့ (၁၁၂)

ဤသူကိုသည် ငါ့ကိုဆဲရေးသည်
ငါ့ကိုညှင်းဆဲသည်
ငါ့ကိုအောင်နိုင်ခဲ့သည်
ငါ့ဥစ္စာကိုယူခဲ့သည်
ဟု ထိုသူအပေါ်၌ ရန်ငြိုးဖွဲ့ကုန်၏။
ထိုသူတို့အား ရန်တို့သည် မကင်းငြိမ်းနိုင်ကုန်။

ဓမ္မပဒ (၃)


ဗုဒ္ဓဂေါတမ၏
စွပ်စွဲလာသူများအပေါ်၌
ပြဿနာဖြေရှင်းနည်းများ
အပိုင်း (၁)
မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်သျှင်သီရိ
(ဓမ္မာစရိယ၊ ဘီအေ)
Art- Kyaw Zawe Lwin,Graphic Design- Mie Nyein Chan